တောင်တွင်းဆရာတော်

ခင်ကြီးဖျော်

၏

ပ ထ မ ဆ ရာ သင် လက် စွဲ

# ကဝေသာရကျမ်း။

(ပ)+(ဒု)တွဲ

ဦးဘဟန်-ဒေါ်သိန်း (တူ) မောင်ဘညွန့်

ကျားခေါင်းစာအုပ်ဆိုင်

နံပါတ် ၉၇-၉၉၊ (စီ-ရုံ) ဈေးချို

မန္တလေးမြို့။

Digitized by NLS © Cleantext Technology

မဟာရလော ပ အတုလနာမာ ညာဏာလင်္ကာရ
မဟာဓမ္မရာဇာဓိရာဇဂုရု သွန်းထုမင်းစံ
သံဃနာယက သံဃရာဇာ သာသနာ
ပိုင်ဆရာတော် တောင်တွင်း
ခင်ကြီးပျော်သည့် ရွှေမျှော်နိုင်းညှိ
လောကီအရာ အာသာတောင့်တ
မျိုးလေးဝတို့၏ ဆန္ဒပြည့်စေ ညာဏ်မိုးဖွေအပ်သော

# ပ ထ မ ဆ ရာ သင် လက် စွဲ

# ကဝေသာရကျမ်း။

## ပဉ္စမတွဲ

ဦးဘဟန်-ဒေါ်သိန်း (တူ) မောင်ဘညွန့်
ကျောင်းဒေါင်းစာအုပ်ဆိုင်
နံပါတ် ၉၈-၉၉၊ (ဇီ-ရုံ) ဈေးချို
မန္တလေးမြို့။

# နိဒါန်း

စကြာဝဠာ တမျက်နှာကို နံနက်စာခင်း အမှန်မရှေ့ ညာဏ်
ခေလှဖြင့် ဈာန်မွေ ၍ လင်းနိုင်သော မင်းမင်းမုနေ မှာဘက်ကမ်း
ခတ် စွမ်းကုန်တတ်သည့် မြတ်ပဟော့ိုသည် ရွှေရင်နှစ်တူ ပမာ
မခြား မျိုးလေးပါးတို့ကို သနားတော်မူသောကြောင့် ကူးယူ အကျွ
ရာ တန်းဆောင်ထိန်လင်း စိန်အဆင်းကဲ့သို ထင်းထင်းကြီးသာခဲ၍
မဟာနတ္တ (ကဝေသာရ)တနာမဖြင့် (လ)တ်ဆိပ်နှံ့သလို ဝေဘန်
မြွက်ဟ အမိန့်တော်သ–ခဲ့သော အကြောင်းအရာတို့ကား၊

ကျမ်းဦးအာဒိ အစချီ၍ နိဒါနဥယျော ပဲယေဇဂဆေး
ပြရေးအင်္ဂါ လက္ခဏာအပြား ဘမ်းစားနာမ ဝိမုံသအခမ်း စုံစမ်း
တချက် စက်နှင့်တမံ ဝံသံမျိုးရိုး တံခိုးအပြား မျိုးခြားဝေဘန်
ကဝေပုံ ၉–ပါး ဘုတ်သားနွယ်စုန်း ဂမုန်းအညွန့် ဖယ်တွန်းစတ်
ဖြတ် နတ်နိုင်အာဏာပြ ကိစ္စလဆေး လေးကျွန်းတနည်း ဆီမီး
ကွန်းလင်း မြစ်ခြင်းပြီး အ၁၀ ဩသခ ဆင်ကွန်း ဘော်ညွှန်း
အဖြာဖြာ ကုသလာအင္ဂ နပတာပ် အသွယ်သွယ် ကြီးငယ်ဘော်ထုတ်
ကာလသုတ် ကဝေမြောက် ငြမ်းဆောက်ပုံမှီး ရှစသီးနှင့် တနည်း
ဇော်ဂနီ နတ်မှီရှာသူ မှတ်ယူကွဲလွဲ အနဲနဲအခမ်းခမ်း စမ်းရန်သပ်
ရန် ဆောင်စေရန်နှင့် လွတ်ရန်တချက် စောင့်ဆေးဘက်၍ ယွင်း
ကွက်ဒါဏ်ပြန် လှန်ကာနှ်ရုပ်မြုပ် အပင်းထုတ်နှင့် နတ်ရုပ်မြင်သိ
စေဘိတမန် အန်စေအော့စေ ဆေးရွှေလေးကျော် မနော်ဟာရိ ဆေး
သိတခဲ့ အာဏာစွဲနှင့် လုပ်မြဲစေတီ ထိုပြီဘဝ ပဋ္ဌမသက္က ဒေဝရာဇာ
မဟာမြိုင်ဩဒိန္န သမားဂုဏ်ပြ အတန်တန် ဗူးခွဲရန်နှင့်ညာဏ်အတုလ
မီးထုန်းပြု၍ အာဝုဓမိုးကြိုး ဖြတ်ရိုးတထုံး ရုပ်လုံးလှဲနံနှိပ် ထိပ်ပိတ်
လောင်မီးစက် ဖြတ်ချက်နတ်ခေါ နတ်လုံမျှားနှင့် သီးခြားဘော်ပြ
ပီယအနု မီးထွန်းပြုလျက် ဆောင်မှုဂဝံ ညာဏ်တံခွန်ဟု မိုးစွန်မကာ
ဆယ်ပါးပြု၍ဇေယျပထဝီ ဩောင်းကိုးလီဖြင့် နည်းမှီအသင့် နတ်ပင့်

# နိဒါန်း

နတ်ကျေး ခေါ်ရေးလာသော ပြဟ္မာသိကြား အကြူးများနှင့် ၉-ပါးဒေဝီ ၁၂-လီနတ်ကြီး ပွားစီးရောက်ရန် မန္တာန်တံဆိပ် ခပ်နှိပ်မယှဉ်း နေမင်းဘ၀ လမင်းတဖြာ ယက္ခာ ၉-ပါး အကြူးများနှင့် ၇-ပါးသုံးဆယ် တွင်းငယ်ပြင်ပ ယက္ခထက်ယက္ခာ မဟာကျွန်းစောင့် မနှောင့်ဘေးရန် မန္တာန်အ၀၀ ကြူးနှိပ်ပြလျက် သတ္တဒေဝီ မဒီမယ်လျ စသည်အပြား နတ်အများနှင့် ဘုရားအမိန့်တော် ထုတ်ဘော်မကျန် မန္တာန်ခပင်း အင်းပေါင်းအချုပ် အဌမုက်နှင့် နောက်ဆုတ်တဖြာ ဖည်လာတခြား ခယားစောက်တတန် စမ္ပာန၀ ၀ဆူန အင်း ခပဘအင်းနှင့် ၉-အင်း ၁၂-အင်း ဗီရင်ခြင်း အဖြာဖြာ ဧသလာမရဏ ဒီပင်္ကလေးချက် ဂြိုဟ်သက်သွင်းရေး ၂၄-ပစ္စယ သုဝဏ္ဏဘုမ္မိ သုကိယ္ဘော်ပြ အဇ္ဈာဂေ့ သုံးထွေသရဏဂုံ အလုံးစုံ ရောစုံ အာယုသမိုက် ရှေ့လိုက်နောက်သွား ရထားခရု ပုံပြုသချာ အက္ခရာတို့နှင့် (တရာအလွန် ခုနစ်ဆယ်လောက် - ကျော်မြောက် ခြောက်ပါး)နည်းမျိုးခြား၍ ရေးသားထုံးဘွဲ့တော်မူခဲ့သော(ကဝေသာရကျမ်းရင်းကြီး ၉-တွဲ၏ ၂-ပိုင်းပဌမတွဲနှင့် ၄င်း ၃-တွဲ၏ ၄ ပိုင်း ဒုတိယအုပ်ပါ ဆက်လက်၍ မန္တလေးမြို့ ဈေးချိုတော် ၈၁-ရုံအတွင်း အလယ်တန်း၊ ဆိုင်နံပါတ်(၁၃၁) (၁၃၂)၊ မြန်မာသီရိန် ပိဋကတ် စာအုပ်တိုက်ဆိုင်ရှင် ကိုတုတ်က မူပိုင် ရေဇစ္စတြီပြုလုပ်၍ ပုံနှိပ်လုပ်ဆောင် ရောင်းချလျက်ရှိပါကြောင်း။

ဤကာဝေသာရကျမ်းနိုက် သိလွယ် မှတ်လွယ်စေရန်
အစဉ်အတိုင်း မာတိကာကို ဘော်ပြ
ထားပေအံ့။


| ဦးရေနံပါတ် | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၁ | နိဒါနဥဒယောဇဉ်ကိုပြခြင်း | ၁၁ |
| ၂ | ပယောဂဆေးတို့ကို သိရန်ပြခြင်း | ၁၁ |
| ၃ | သတ္တဒွါရ အစရှိသောဂါထာကိုပြခြင်း | ၁၄ |
| ၄ | ပယောဂတို့ အင်္ဂါလက္ခဏာကိုပြခြင်း | ၁၆ |
| ၅ | ပယောဂအပြားကိုပြခြင်း | ၁၇ |
| ၆ | ပယောဂတို့ ဘမ်းစားနိုင်ကြောင်း | ၁၈ |
| ၇ | စုန်းတို့၏ ခံစားသော အရသာကိုပြခြင်း | ၀၉ |
| ၈ | အမည်သမုတ်သည်ကိုပြခြင်း | ၂၂ |
| ၉ | ပယောဂစမ်းသပ်ရန်ကိုပြခြင်း | ၂၃ |
| ၁၀ | ပယောဂစက်တို့ကိုပြခြင်း | ၂၅ |
| ၁၁ | ပယောဂတို့၏ တမန်တို့ကိုပြခြင်း | ၂၆ |
| ၁၂ | ပယောဂဘမ်းစားကြောင်းပြခြင်း | ၂၇ |
| ၁၃ | ဘီလူးတို့ ဘမ်းစားကြောင်း | ၂၈ |
| ၁၄ | ဓမျဉ်းတိုင်စုန်းတို့ကိုပြခြင်း | ၃၁ |
| ၁၅ | စုန်းမျိုးတို့ပြခြင်း | ၃၁ |
| ၁၆ | တံခိုးရှိသော စုန်းတို့ကိုပြခြင်း | ၃၁ |
| ၁၇ | စုန်းတို့အပြားကိုပြခြင်း | ၃၂ |
| ၁၈ | ကဝေပျံ ၉ ပါးကိုပြခြင်း | ၃၃ |
| ၁၉ | တံခိုးရှိသော စုန်းတို့ကိုပြခြင်း | ၃၃ |
| ၂၀ | စုန်းဘုဘ်တို့ကို အရုပ်တို့၏လက္ခဏာကိုပြခြင်း | ၃၄ |
| ၂၁ | ဂမုန်းညွန့်တို့ကိုပြခြင်း | ၃၆ |
| ၂၂ | စုန်းနိုင်ဂမုန်းတို့ကိုပြခြင်း | ၄၂ |
| ၂၃ | နတ်နိုင်ဂမုန်းတို့ကိုပြခြင်း | ၄၄ |
| ၂၄ | စက်ဖြတ်ဆေးတို့ကိုပြခြင်း | ၄၈ |
| ၂၅ | သမခတို့ အာဏာပြခြင်း | ၄၉ |
| ၂၆ | ကိစ္စဿဓဆေးနည်းကိုပြခြင်း | ၄၉ |

| | | |
|---|---|---|
| ၂၇ | လေးကျွန်းဆေးကိုပြုခြင်း | ၅၀ |
| ၂၈ | ဆီမီးတွန်းကိုပြုခြင်း | ၅၁ |
| ၂၉ | မြစ်ခြင်းပြီးဆေးတို့ကိုပြုခြင်း | ၅၂ |
| ၃၀ | တနည်း မြစ်ခြင်းပြီးဆေး | ၅၃ |
| ၃၁ | မြစ်ခြင်းပြီး စုန်းနိုင်ဆေး | ၅၃ |
| ၃၂ | အရပ်ဘော်ဆေးတို့ကိုပြုခြင်း | ၅၃ |
| ၃၃ | ဆင်ကွန်းဆေးတို့ကိုပြုခြင်း | ၅၄ |
| ၃၄ | တနည်း ဆင်ကွန်းဆေး | ၅၄ |
| ၃၅ | တနည်း ဆင်ကွန်းဆေး | ၅၅ |
| ၃၆ | တနည်း ဆင်ကွန်းဆေး | ၅၅ |
| ၃၇ | ကုလအင်္ဂွာဆေးတို့ကိုပြုခြင်း | ၅၅ |
| ၃၈ | နပတာပ်ဆေးတို့ကိုပြုခြင်း | ၅၆ |
| ၃၉ | တနည်း နပတတ်ဆေး | ၅၆ |
| ၄၀ | တနည်း နပတတ်ဆေး | ၅၇ |
| ၄၁ | ကာလသုတ်ဆေး | ၅၇ |
| ၄၂ | ကဝေမြောက်စုန်းဆေး | ၅၈ |
| ၄၃ | တနည်း ကဝေမြောက်စုန်းဆေး | ၅၉ |
| ၄၄ | တနည်း ကဝေမြောက်စုန်းဆေး | ၅၉ |
| ၄၅ | ရွှာသွီးဆေးကိုပြုခြင်း | ၅၉ |
| ၄၆ | တနည်း ဂုဏ်းဆေးကိုပြုခြင်း | ၅၉ |
| ၄၇ | တနည်း ဂုဏ်းဆေးကိုပြုခြင်း | ၆၀ |
| ၄၈ | ဇော်ဂနီဆေးဘော်ခြင်း | ၆၀ |
| ၄၉ | တနည်း ဂုဏ်းဆေးကိုပြုခြင်း | ၆၀ |
| ၅၀ | တနည်း ဂုဏ်းဆေးကိုပြုခြင်း | ၆၀ |
| ၅၁ | ရွှာသူဆေးကိုပြုခြင်း | ၆၁ |
| ၅၂ | တနည်း ရွှာသူဆေးကိုပြုခြင်း | ၆၁ |
| ၅၃ | တနည်း ဂုဏ်း | ၆၂ |
| ၅၄ | တနည်း ဂုဏ်း | ၆၂ |
| ၅၅ | ဆောင်ဆေးကိုပြုခြင်း | ၆၃ |
| ၅၆ | ဆေး... သက်ဖွဲ့ကိုပြုခြင်း | ၆၃ |
| ၅၇ | ...ဘာဂသိရန်စမ်းနည်းကိုပြုခြင်း | ၆၃ |

| | | |
|---|---|---|
| ၅၈ | သူပြုဆေးကိုပြခြင်း | ၆၄ |
| ၅၉ | တနည်း သူပြုဆေးကိုပြခြင်း | ၆၄ |
| ၆၀ | ပယောဂလွှတ်ရန်ဆေးကိုပြခြင်း | ၆၅ |
| ၆၁ | ပယောဂဆောင်ဆေးကိုပြခြင်း | ၆၅ |
| ၆၂ | ပယောဂချစ်ဆေးကိုပြခြင်း | ၆၆ |
| ၆၃ | တနည်း ပယောဂဆောင်ဆေးကိုပြခြင်း | ၆၆ |
| ၆၄ | တနည်း ၊ ၎င်း | ၆၇ |
| ၆၅ | ပယောဂစမ်းဆေးကိုပြခြင်း | ၆၇ |
| ၆၆ | ပယောဂတို့ထိတ်လန့်သောဆေးကိုပြခြင်း | ၆၇ |
| ၆၇ | စောင့်ဆေးကိုပြခြင်း | ၆၈ |
| ၆၈ | ပယောဂမြေပျောက်ဆေးကိုပြခြင်း | ၆၈ |
| ၆၉ | ဆောင်ဆေးကိုပြခြင်း | ၆၉ |
| ၇၀ | ဒါတ်ပြန်ဆေးကိုပြခြင်း | ၇၀ |
| ၇၁ | ၎င်းတနည်း | ၇၁ |
| ၇၂ | ပယောဂမြင်ဆေးကိုပြခြင်း | ၇၁ |
| ၇၃ | တနည်း ၎င်းဆေး | ၇၁ |
| ၇၄ | အပင်ထုတ်ဆေးကိုပြခြင်း | ၇၁ |
| ၇၅ | အပင်သတ်ဆေးကိုပြခြင်း | ၇၂ |
| ၇၆ | ပယောဂဒါတ်ပြန်ဆေးကိုပြခြင်း | ၇၂ |
| ၇၇ | နတ်တိုက်ဒါတ်ပြန်ဆေးကိုပြခြင်း | ၇၂ |
| ၇၈ | ရုပ်မျှုပ်ဆေး | ၇၃ |
| ၇၉ | နတ်တိုက်ဒါတ်ပြန်တနည်း | ၇၃ |
| ၈၀ | ပယောဂနိုင်သောအစီအရင် | ၇၃ |
| ၈၁ | တနည်း ၎င်းအစီအရင် | ၇၄ |
| ၈၂ | ပယောဂစမ်းနည်းအစီအရင် | ၇၄ |
| ၈၃ | စုန်းနတ်သိရသောနည်း | ၇၄ |
| ၈၄ | စုန်းနတ်လိုကြည့်ရသောနည်း | ၇၅ |
| ၈၅ | စုန်းအန့်ဆေးကိုပြခြင်း | ၇၅ |
| ၈၆ | မနော်ဟာရီဆေးကိုပြခြင်း | ၇၅ |
| ၈၇ | သီဟဆေးကိုပြခြင်း | ၇၆ |
| ၈၈ | အာဏာစွဲဆေးကိုပြခြင်း | ၇၇ |

| | | |
|---|---|---|
| ၈၉ | ဆေးစေတီကိုပြခြင်း | ၇၉ |
| ၉၀ | ပဋ္ဌမအာဘာစွဲကိုပြခြင်း | ၈၀ |
| ၉၁ | ပဋ္ဌမသတ္တဒေဝရာဇာဆေးကြီးကိုပြခြင်း | ၈၁ |
| ၉၂ | နတ်ချစ်ဂန္ဓာရုံဆေးကိုပြခြင်း | ၈၂ |
| ၉၃ | မဟာမြိုင်နတ်ဆေးကိုပြခြင်း | ၈၃ |
| ၉၄ | ဂန္ဓာရုံနတ်ဆေးကိုပြခြင်း | ၈၄ |
| ၉၅ | မဟာညဒိန္နဆေးကိုပြခြင်း | ၈၅ |
| ၉၆ | အပင်းပရိယာယ်တို့ကိုပြခြင်း | ၈၇ |
| ၉၇ | ကြိမ်လုံးအစီအရင်ကိုပြခြင်း | ၈၈ |
| ၉၈ | သမားဂုဏ်ကိုပြခြင်း | ၈၉ |
| ၉၉ | ပယောဂမျက်စဉ်းကိုပြခြင်း | ၈၉ |
| ၁၀၀ | ဝယောဇဂန္ဓာကိုပြခြင်း | ၈၉ |
| ၁၀၁ | ဘူးအပြေးကိုပြခြင်း | ၉၀ |
| ၁၀၂ | ဘူးခွဲရန်ကိုပြခြင်း | ၉၀ |
| ၁၀၃ | ပယောဂမီးထွန်းကိုပြခြင်း | ၉၀ |
| ၁၀၄ | စတ်ဖြတ်နည်းကိုပြခြင်း | ၉၁ |
| ၁၀၅ | မိုးကြိုးစက်ဖြတ်ကိုပြခြင်း | ၉၁ |
| ၁၀၆ | နံ့နှိပ်ဆေးကိုပြခြင်း | ၉၁ |
| ၁၀၇ | ရုပ်လုံးလှဲ့ဆေးကိုပြခြင်း | ၉၁ |
| ၁၀၈ | လောင်မီးစက်ကိုဖြတ်နည်း | ၉၂ |
| ၀၀၉ | ရုပ်လုံးလှဲ့ဆေးနည်း | ၉၂ |
| ၁၁၀ | ဘုံဖြူစက်ဖြတ်ဆေး | ၉၂ |
| ၁၁၁ | ပယောဂမျက်စဉ်းကိုပြခြင်း | ၉၂ |
| ၁၁၂ | နတ်လှမ်ဆေးကိုပြခြင်း | ၉၃ |
| ၁၁၃ | အနုမုန်ကူဆေးကိုပြခြင်း | ၉၃ |
| ၁၁၄ | ရုက္ခစိုးစေနည်းကိုပြခြင်း | ၉၄ |
| ၁၁၅ | ပီယမီးထွန်းနည်းကိုပြခြင်း | ၉၄ |
| ၁၁၆ | ပီယဂဝံနည်းကိုပြခြင်း | ၉၄ |
| ၁၁၇ | ပီယ [illegible]တ်ရဲတိုက်နည်း | ၉၅ |
| ၁၁၈ | [illegible]ယောင်ယော်စီရင်နည်း | ၉၅ |
| ၁၁၉ | [illegible]ကြောင်းဧဇယပထဝီမန္တာန်ကိုပြခြင်း | ၉၇ |

| | | |
|---|---|---|
| ၁၂၀ | ဉာဏ်တော်ဆယ်ပါးမန္တာန်ကိုပြခြင်း | ၉၈ |
| ၁၂၁ | ရွေခြင်းကိုးတန်မန္တာန်ကိုပြခြင်း | ၉၉ |
| ၁၂၂ | နတ်ပင့်မန္တာန်ကိုပြခြင်း | ၁၀၀ |
| ၁၂၃ | နတ်စာကျွေးမန္တာန်ကိုပြခြင်း | ၁၀၀ |
| ၁၂၄ | လာဘ်ခေါ်မန္တာန်ကိုပြခြင်း | ၁၀၀ |
| ၁၂၅ | ဗြဟ္မာသိကြားအကြူးမန္တာန်ကိုပြခြင်း | ၁၀၁ |
| ၁၂၆ | ဒေဝီ ၉-ပါးအကြူးမန္တာန်ကိုပြခြင်း | ၁၀၁ |
| ၁၂၇ | နတ်ကြီး ၁၂-ပါးအကြူးမန္တာန်ကိုပြခြင်း | ၁၀၂ |
| ၁၂၈ | တံဆိပ်မန္တာန်ကိုပြခြင်း | ၁၀၃ |
| ၁၂၉ | နေမင်းလမင်းဘီလူး ၉-ပါးအကြူးမန္တာန်ကိုပြခြင်း | ၁၀၅ |
| ၁၃၀ | ၃၇-မင်းနတ်တို့၏အမည်ကိုပြခြင်း | ၁၀၆ |
| ၁၃၁ | ပြင် ၃၇-မင်းပင့်ရန်ကိုပြခြင်း | ၁၀၈ |
| ၁၃၂ | ကျွန်းစောင့်နတ်မင်းကြီးငါးပါးအကြူးမန္တာန်ကိုပြခြင်း | ၁၁၀ |
| ၁၃၃ | အတွင်း ၇-မင်းပင့်ရန်မန္တာန်ကိုပြခြင်း | ၁၁၁ |
| ၁၃၄ | မင်းဝန်မင်းကြူးရန်မန္တာန်ကိုပြခြင်း | ၁၁၂ |
| ၁၃၅ | ဒေဝီ ၇-ပါးပင့်ရန်မန္တာန်ကိုပြခြင်း | ၁၁၃ |
| ၁၃၆ | ဒေဝီ ၇-ပါးအကြူးမန္တာန်ကိုပြခြင်း | ၁၁၄ |
| ၁၃၇ | မန္တလေးမင်းကြူးရန်မန္တာန်ကိုပြခြင်း | ၁၁၆ |
| ၁၃၈ | မင်္ဂလာရေသွန်းကြူးရန်မန္တာန်ကိုပြခြင်း | ၁၁၆ |
| ၁၃၉ | ရွှေကြာင်မင်းကြူးရန်မန္တာန်ကိုပြခြင်း | ၁၁၇ |
| ၁၄၀ | ဝသုန္ဒြေ ၄-ပါးပင့်ရန်ကိုပြခြင်း | ၁၁၇ |
| ၁၄၁ | အာဋ္ဌာဝတ္ထုအစီအရင်ကိုပြခြင်း | ၁၁၈ |
| ၁၄၂ | ဘုမ္မာဒေဝနတ်ပင့်ရန်ကိုပြခြင်း | ၁၁၉ |
| ၁၄၃ | မြေဘုတ်တွင်းစားပေးမန္တာန်တို့ကိုပြခြင်း | ၁၂၀ |
| ၁၄၄ | ဘုမ္မာဒေဝနတ်မင်းကြီးအကြူးကိုပြခြင်း | ၁၂၀ |
| ၁၄၅ | ဆေးခွံထိမန်းရန်ကိုပြခြင်း | ၁၂၂ |
| ၁၄၆ | ဥပသမ္ပဒါမန္တာန်ကိုပြခြင်း | ၁၂၂ |
| ၁၄၇ | ပြန်တမ်းအမိန့်တော်ကိုပြခြင်း | ၁၂၂ |
| ၁၄၈ | ဘုရားဝါးဆူအမိန့်တော်ကိုပြခြင်း | ၁၂၃ |

| | | |
|---|---|---|
| ၁၄၉ | ရာဇမတ်အစီအရင်ကိုပြခြင်း၊ | ၁၂၄ |
| ၁၅၀ | အငွေမှတ်အင်း၊သဘောကိုပြခြင်း၊ | ၁၂၅ |
| ၁၅၁ | ၎င်း ၁၂–အင်း၏အဓိပ္ပာယ်ကိုပြခြင်း၊ | ၁၂၆ |
| ၁၅၂ | ၎င်းအင်းဖည်လာမှတ်အင်း၊ချရန်ကိုပြခြင်း၊ | ၁၂၆ |
| ၁၅၃ | ၎င်းအင်းခဃားစောက်ဖုံကိုပြခြင်း၊ | ၁၂၇ |
| ၁၅၄ | ဖည်လာမှတ်ချနည်းကိုပြခြင်း၊ | ၁၂၉ |
| ၁၅၅ | ရုပ်သွင်း–၁၂ အင်းချရန်ကိုပြခြင်း၊ | ၁၃၀ |
| ၁၅၆ | ၎င်းခဃားစောက်ပုံကိုပြခြင်း၊ | ၁၃၁ |
| ၁၅၇ | ဓမ္မာနဝနတ်ချစ်ကိုပြခြင်း၊ | ၁၃၃ |
| ၁၅၈ | ၎င်း ၉–အင်းကိုပြခြင်း၊ | ၁၃၃ |
| ၁၅၉ | ၎င်း ၂–အင်းတဲ့ကိုပြခြင်း၊ | ၁၃၅ |
| ၁၆၀ | ၎င်းအင်းအညွန်းကိုပြခြင်း၊ | ၁၃၅ |
| ၁၆၁ | ၎င်းအင်းအကျိုးကိုပြခြင်း၊ | ၁၃၇ |
| ၁၆၂ | ပေတကင်းသင်းကိုပြခြင်း၊ | ၁၃၈ |
| ၁၆၃ | ဓမ္မာနုပဝဆုနသွားခြင်း၊ | ၁၃၈ |
| ၁၆၄ | ယတြာလောင်တိုက်ကိုပြခြင်း၊ | ၁၃၈ |
| ၁၆၅ | ၎င်းဇယားပုံကိုပြခြင်း၊ | ၁၃၉ |
| ၁၆၆ | အငွေမှတ်ဂါထာကိုပြခြင်း၊ | ၁၄၁ |
| ၁၆၇ | စတုရင်္ဂပတ်ကိုပြခြင်း၊ | ၁၄၀ |
| ၁၆၈ | ၎င်းစီရင်နည်းကိုပြခြင်း၊ | ၁၄၂ |
| ၁၆၉ | မရဏသေလာကိုပြခြင်း၊ | ၁၄၄ |
| ၁၇၀ | ၎င်းခဃားစောက်ကိုပြခြင်း၊ | ၁၄၆ |
| ၁၇၁ | ဂြိုဟ်သက်အင်းကိုပြခြင်း၊ | ၁၄၇ |
| ၁၇၂ | ၄–ကျွန်းအင်းကိုပြခြင်း၊ | ၁၄၉ |
| ၁၇၃ | ၂၄–ပစ္စည်းအင်းကိုပြခြင်း၊ | ၁၅၂ |
| ၁၇၄ | မိတ်ဂြိုဟ်အင်းစီရင်နည်းကိုပြခြင်း၊ | ၁၅၂ |
| ၁၇၅ | သုဝဏ္ဏဘုမ္မိအင်းကိုပြခြင်း၊ | ၁၅၅ |
| ၁၇၆ | သုကိတ္တိမဓအင်းကိုပြခြင်း၊ | ၁၅၆ |
| ၁၇၇ | အဇ္ဈတဂ္ဂေအင်းပြခြင်း၊ | ၁၅၇ |
| ၁၇၈ | သရဏဂုဏ်အင်းပြခြင်း၊ | ၁၅၈ |
| ၁၇၉ | အဓယုသမိုက်အင်းပြခြင်း၊ | ၁၅၈ |

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

# ၁။ နိဒါနုဒ္ဒေသစဉ်

ကုဝေသာမရ အာဒိအတ္တော၊ သတ္တံဗတုလံဘဝေယျ၊ တံပယောဂံမရဏန္တိ၊ နဒ္ဓေတံသုဇလိတ္တာယ၊ ၊ကဝေသာရေ၊ ကာဝေသာရကျမ်း၌၊ အတ္တော၊ အနက်ကို၊ အာဒိ၊ အစမှ၍၊သတ္တံ၊ ခုနစ်ပါးသောပယောဂသည်၊ အတ္ထိ၊ ရှိ၏၊ တံပယောဂံ၊ ထိုခုနစ်ပါးသောပယောဂသည်၊ ဗဟုလံ၊ ဘန်ဆင်းခြင်းသဘောများ၏၊ သုဇလိတ္တာယ၊ လွန်မြောက်ခြင်းငှာ၊ ညာတဗ္ဗော၊ သိအပ်၏၊ တံ၊ ထိုခုနစ်ပါးသော ပယောဂကို၊ နဉ္စ၊ မသိမူကား၊ သောဇနာ၊ ဆိုသူနာသည်၊ မရဏံ၊ သေခြင်းသည်၊ ဘဝေရာ၊ ဖြစ်ရာ၏၊

## ၂။ ပယောဂဆေးတို့ကို သိမြင်ရန်ပြခြင်း

အနာရှိးနိဒါန်း ပယောဂနိဒါန်းကို မကျွမ်းကျင် မသိမမြင်ကြဘဲ စွပ်စွဲမိချလျှင် မကောင်းမှုဝသီဝိပါက်ကမှီသည်ဟု နို့သဏ်ခံတပည့် ပညာဝိဇ္ဇာဆရာနှင့် ဆရာဇီဝကတို့ မိန့်သောကြောင့် သမားတို့အား အနာရှိးနိဒါန်း ပယောဂနိဒါန်းကို ဆောင်အပ်၏၊ အနာရှိးနှင့် ပယောဂတို့ကို မသိဘဲလျက် အမည်မှည့်၍ လက်ဆေးစင်ပဏ္ဏာလာဘ်သပ္ပကာတို့ကို စားသောသူသည် နှစ်ဆယ့်ငါးပါးသောနိုးခြင်းတို့၌ ဝစီဘေဒခိုးခြင်းသို့ ရောက်၏ဟု နို့သက်ခံတပည့် ပညာဝိဇ္ဇ

ဆရာတို့ မိန့်ဆိုသောကြောင့် သမားတို့အား အသိအမြင်လိုချေသည်၊ ဆရာကိုသာမှီ၍လည်း သမားတို့ကျေးဇူးကို ခံသည်၊ ဤကျေးဇူးကိုသိမှ ပစ္စုပ္ပာန်သံသရာ နှစ်ဖြာသော အကျိုး ဖြစ်သည်ဟုနို့သက်ခံတပည့် ပညာဒီဗ္ဗဆရာတို့ မိန့်ဆိုသောကြောင့် ဆေးနှင့်အသက်ကို မွေးလိုသော သမားတို့သည် နှလုံးသွင်းထိုက်လှပေသည်၊

သမားတို့အား လောကဝတ်ပျူငှာ၊ဆရာတို့၏မျက်နှာပန်း၊ သွေးတိုးခန်းကို ပြဆိုအံ့သတည်း။ ။ယောက်ျား လက်ယာမိန်းမလက်ဝဲ သတိစွဲ၊ လက်မအရင်းအဆစ်တွင် ကြွပ်ကြွပ်ကိုင်၍ စမ်းသပ်က တွက်တွက်ဝေါ်ဝေါ် အတွင်းကတိုးလျှင် အနီးလူပြု ဖြစ်သည်၊ ပြင်ဘက်ကတိုးလျှင် အဝေးလူပြုဖြစ်သည်၊ အလယ်အဆစ်တွင် စမ်းသပ်မှု အတွင်းကတိုးလျှင် အတွင်းတိုက် ဖြစ်သည်၊ ပြင်ဘက်ကတိုးလျှင် အပြင်တိုက်ဖြစ်သည်၊ ၎င်း၏အဖျားအဆစ်ကို စမ်းသပ်မှု၊ အတွင်းကတိုးလျှင် တောသူတို့တိုက်သည်ဖြစ်ရာ၏၊ ပြင်ဘက်ကတိုးလျှင် အဝေးကတိုက်သည်ဖြစ်ရာ၏၊ လက်မထိပ်ဖျားတိုးလျှင်ဆေးမရှိ၊ မရှင်နိုင်ရာ၊ လက်မနှင့်လက်ညှိုးအကြားတွင် စမ်းကြည့်၊ အတွင်းကတိုးလျှင် စုန်းဘမ်းစားရာ၏၊ ပြင်ဘက်ကတိုးလျှင် ရွာသူတို့ဘမ်းစားရာ၏၊ အကြားအဖျားက တိုးလျှင် ဆင်ကွန်းဖြစ်ရာ၏၊ လက်ဝါးပြင်ကိုစမ်းသပ်၊ အတွင်းကတိုးလျှင် ဇော်ဂနီ စုန်းဘမ်းစားရာ၏၊ ပြင်ဘက်တိုးလျှင် ဇော်ဂနီ နတ်ဘမ်းစားရာ၏။ လက်ညှိုး၊ အရင်းအဆစ်ကိုစမ်းသပ်၊ အတွင်းကတိုးလျှင် အိမ်တွင်းနတ်ဘမ်းစားရာ၏၊ ပြင်ဘက်ကတိုးလျှင် ပြင်နတ်ဘမ်းစားရာ၏၊ အလယ်အဆစ်တွင် စမ်းသပ် အတွင်းကတိုးလျှင် ဘိုးဘွား၊မိဘတို့ရှိသေကိုင်းညွတ် ကိုးကွယ်သော နတ်ဘမ်းစားရာ၏၊ ပြင်ကတိုးသော် အပဖြစ်သော နတ်ဘမ်းစားရာ၏၊ အဖျားအဆစ်ကိုစမ်းသပ်၊ အတွင်းက တိုးလျှင် ရွာနတ် ဘမ်းစားရာ၏၊ ပြင်ဘက်ကတိုးလျှင် တောစောင့်နတ်ဘမ်းစားရာ၏၊ လက်ညှိုး ထိပ်ဖျားကိုစမ်းသပ်၊၎င်းထိပ်ဖျားကတိုးသော် သစ်ပင်စောင့်နတ် ဘမ်းစားရာ၏၊ လက်ဖျား၊လက်လည်အဖျားကအဆစ်ကိုစမ်းသပ်၊ အတွင်းကတိုးသော် ကဝေစုန်း ဘမ်းစားရာ၏၊ ပြင်ဘက်က တိုးသော် ကဝေနတ်ဘမ်းစားရာ၏၊ လက်လည် အလည်ဆစ်ကို စမ်းသပ်၊ အတွင်းက

တိုးလျှင် မိန်းမနပဒတ် ညိုးလေရာ၏၊ ပြင်ဘက်က တိုးလျှင် ယောက်ျားနပဒတ်ညိုးလေရာ၏၊ လက်လည် အရင်းဆစ်ကို စမ်းသပ်၊ အတွင်းက တိုးလျှင် အတွင်းနတ် အိမ်အိုးအဝတ် တန်ဆာကို လို၍ဖြစ်ရာ၏၊ ပြင်ဘက်က တိုးလျှင် ပြင်နတ်အိမ်အိုး အဝတ်ကန်းဆာကို လို၍ဖြစ်ရာ၏၊ အဖျားအဆစ်ကို စမ်းသပ် အတွင်းကတိုးလျှင် မိရိုးဖလာနတ် မိန်းမညိုးရာ၏၊ ပြင်ဘက်က တိုးလျှင် မိရိုးဖလာနတ် ယောက်ျား ညိုးရာ၏၊ လက်လည် ထိပ်ဖျားသာ တိုးလျှင် ဆေးကု၍မရ၊ သေတတ်ရာ၏၊ လက်သူကြွယ် အရင်းအဆစ်ကိုစမ်းသပ်၊အတွင်းကတိုးလျှင် ဝမ်းတည်းနှိုက် သွေးနာ သော်ဖြစ် တို့ရာ၏၊ ပြင်ဘက်က တိုးလျှင် အပေါ် သွေးနာသော် ဖြစ်တို့ရာ၏၊ အလည်အဆစ်ကို စမ်းသပ်၊ အတွင်းကတိုးလျှင် ဝမ်း တည်းနှိုက် သွေးပျက် အနာဖြစ်တို့ရာ၏၊ အဖျားအဆစ်ကိုစမ်းသပ်၊ အတွင်းက တိုးလျှင် အသွားအလာ အထိုင်မသင့်၍ အနာဖြစ်တို့ရာ၏၊ လက်သူကြွယ်ထိပ်ကတိုးလျှင် ဆေးကု၍မရရာသေတို့ရာ၏၊ လက်သန်း အရင်း အဆစ်ကိုစမ်းသပ်၊အတွင်းကတိုးလျှင် တစ္ဆေရှိတို့ရာ၏၊ပြင်က တိုးလျှင် ဖုတ်ပြိတ္တာ ဘီလူးတို့ဖြစ်တို့ရာ၏၊ အလည်ဆစ်ကို စမ်းသပ်၊ အတွင်းက တိုးလျှ ဂြိုဟ်စီးခြင်း ဖြစ်တို့ရာ၏၊ ပြင်ဘက်ကတိုးလျှင် နှလာ ပါဒရက်နာဖြစ်တို့ရာ၏၊အဖျားထိပ်ကိုစမ်းသပ်၊အတွင်းကတိုး သော် ကမ္မဇရုပ် ချုပ်ဘို့ရာ အနာ မဟုတ်ချေ၊ ပြင်ဘက်က တိုးလျှင် လွတ်လွယ်ခြင်း ဖြစ်တို့ရာ၏၊ လက်သန်းထိပ်ကတိုးလျှင် တာရှေမှ လွတ်လိမ့်မည်၊ သေစရာ အကြောင်းမဟုတ်၊ လက်သူကြွယ်နှင့် သက်သန်းအကြားကိုစမ်းသပ်၊ အတွင်းကတိုးလျှင် ဝမ်းတွင်းနာ သေစရာ အကြောင်းမမြင်၊ လက်ကောက်ဝတ် အဆစ်ကိုစမ်းသပ်၊ အတွင်းက ပြင်းပြစွာတိုးလျှင် ယတရာယာယ်ကို လိုသည်ထင်၏၊ ပြင်က ပြင်းပြစွာတိုးလျှင် အလှူကောင်းမှုများကို ပြုစုလို၏၊လက်ရုံး အလည်တွင်း ပြင်းပြစွာ တိုးလျှင် ပကတိနတ် ဘမ်းစားတို့ရာ၏၊ လက်မောင်းအလည်တွင် ပြင်းပြစွာတိုးလျှင် အနာရှိး သက်သက်ပင် ဖြစ်ရာ၏၊ လည်တိုင် လက်ယာဘက်က ပြင်းပြစွာခုန်၍ တလျှောက် တည်းနေခဲ့လျှင် ဆယ်ရက်အတွင်းသာ ခံရချေမည်၊ ကြာမှကြာမှ ခုန်ခဲ့လျှင် သုံးရက်အတွင်းသာ ခံရချေမည်၊ ပြင်းပြစွာ တန့်၍ ခုန်ခဲ့ သော် ခုနစ်ရက် အတွင်းသာ ခံရချေမည်၊ ပြင်းပြစွာ လက်ဝဲဘက်

က ခုန်လျှင် ရှည်ကြာစွာ အနာမဖြစ်နိုင်၊ တန့်၍ တန့်၍ခုန်လျှင် လရှည်မှပင် လွတ်လိမ့်မည် ထင်၏၊ ကြာမှကြာမှခုန်လျှင် ရက်ရှည်မှ ပင်လျှင် လွတ်တို့ရာ၏။

ပြင်းပြစွာ အနာဖြစ်သောအခါ၊ တက်၍နေသောအခါ၊ မှုန်းတည့်သောအခါ၊ နေဝင်ချိန်ခါ၊ နေဝင်ကျော်တခါ၊ သန်းခေါင်လေးခါ၊ နေထွက်ချိန်ခါ၊ သွေးကိုစမ်းသဖြင့် သမားတို့သည် မဟောအပ်ကုန်၊ ၊သွေးတိုးလက္ခဏာ၏ အခြင်းအရာကို မိစ္ဆာဒိဋ္ဌိရသေ့လေးသောင်း၊ သမာဒိဋ္ဌိရသေ့လေးသောင်း၊ ဒိသာပါမောက္ခဇီဝက ပညာဒိဗ္ဗရသေ့ ဇော်ဂီတို့သည် မသုံးဆောင်သည်ဟူ မယုံကြည် မရှိအပ်၊ သုံးဆောင်ကြောင်းကို နောက်နိုက် ထင်ရှားလတ္တံ့။

## ၃။ ကစ္စေသာရကျမ်းနိုက် သတ္တဒွယအစရှိသည် ဝါထာကိုပြခြင်း

သတ္တဒွယကစ္စေအာဒိ၊ ကမ္ဘာတို့၏တန်းဆာ ဖြစ်ကုန်သော ပယောဂအပြား ခုနစ်ပါးတို့ကို၊ သုဇာတာ-ဇော်ဂျီဆရာတို့သည် ပြအပ်ကုန်၏၊ ၊ပြခြင်းအကြောင်းကား၊ ကမ္ဘာတို့၏ တန်းဆာဖြစ်သော အဦးအစ ပဌမကပ်နိုက် စကြာဝဠာတံတိုင်းတွင် နွား မတန်းပမာဏရှိသော အက္ခရာတို့သည် ထင်ရှားစွာ တည်သည် ဖြစ်ကုန်၏၊ ထိုအက္ခရာတို့သည် ဟီန၊ မဇ္ဈိမ၊ ပဏီတဟူ၍ သုံးပါး အပြားရှိ၏၊ ထိုသုံးပါးပြားရာတို့ကို အသီးသီးစိတ်ယှဉ်၍ မိစ္ဆာဇီဝ၊ သမာဇီဝဟူ၍ အထူးထူးသော အခြင်းအရာနိုက် ရသေ့ပုံ၊ ဇော်ဂျီပုံ တို့သည် အထူးထူးသော အက္ခရာတို့တွင် အသီးသီး ယူခဲ့ပြီးလျှင် လိုရာလိုရာယှဉ်၍ အနာမှထွက်မြောက်ရာ ထွက်မြောက်ကြောင်းဖြစ်စေခြင်းငှာ သုဇာဝတာမည်သော ဇော်ဂျီပုံသည် သူနာတို့ကို ကရုဏာ မေတ္တာ ရှေ့ထားခြင်းစိတ်နှင့်ယှဉ်၍ ပညတ်လေသည်။

ပယောဂနှင့် ဆေးသမား နှစ်ပါးတူကြကုန်၏၊ တူဟန်ကား ဆေးသမားတို့ကို ပယောဂတို့ကစ၍ သေကြောင်းကြံသဖြင့် ဘမ်းစားတတ်[illegible]ည်း ရှိချေသည်၊ ပယောဂတို့ကို ဆေးသမားတို့က [illegible]၍ဘမ်းခြင်းလည်းရှိ၏၊ ထိုသို့ဖြစ်ကြသောအကြောင်း၊

အရာသည် ဖြစ်လျက်နှင့် တယောက်ကိုတယောက် မျက်နှာငဲ့သဖြင့် ဆေးသမားကြောင့် ပယောဂတို့ ကျေးဇူးခံစားရသည် ဖြစ်၏၊ ပယောဂကြောင့် ဆေးသမားတို့ ကျေးဇူးကို ခံစားရသည်ဖြစ်၏၊ အဘယ်ကြောင့် ကျေးဇူးကိုခံစားရပါဘိသနည်း ဟူမူကား နတ်ဆိပ်ချ၍ ဈေးကိုမြောက်စေခြင်း၊ လက်ဖွဲ့ဆွဲချည်ခြင်း၊ ကွမ်းမန်းတိုက်ခြင်း၊ ဆေးစက်သွင်းခြင်း၊ မီးထွန်းခြင်း၊ အစရှိသည်တို့ကို စီရင်၍ ပယောဂတို့ကို ခေါ်ဝေါ်လျက် အစာကျွေးမွေးခြင်း၊ တို့ကြောင့် ပယောဂတို့ကို အကျွမ်းဝင်၍ သူနာကို ချမ်းသာခြင်းလည်း ရှိ၏၊ မချမ်းသာခြင်းလည်းရှိ၏၊ ထိုသို့ တပေါင်းတရုက်တည်း ဖြစ်ခြင်းကြောင့် ပယောဂသည် ဆေးသမား၊ ဆေးသမားသည် ပယောဂ အညမညဟုဆိုအပ်သော စကားသည် မိစ္ဆာဇီဝစကားပင်တည်းဟု ညွှဲယံ၍ ကောင်းစွာထင်လျား သိနားလည်အပ်၏၊ မိစ္ဆာဇီဝသည်ကား ဆိုလျှင် သူတပါးတို့အသက်ကို အသက်ဟူမထင် အဆုံးစီရင်၍ အဆုပ်၊ နှလုံး၊ ကျောက်ကတ်၊ အသည်း၊ အအူ အစ ရှိသည်တို့ကို စားခြင်းကြောင့် မိစ္ဆာဇီဝတို့၏ စိတ်နှင့် သမာဆန္ဒ ညီမျှခြင်း မရှိဖြစ်သတည်း၊ သမာဇီဝ ဟူသည်တို့ကား သူနာတို့၌ ဆေးကုခြင်းဖြင့်လည်းကောင်း၊ ဆေးပေးသွင်းခြင်းဖြင့်၊ သူနာတို့၌ဆေးကုခြင်းဖြင့်လည်းကောင်း၊ ဆေးပေးသွင်းခြင်း၌၊ သူနာတို့နှိုက် ပယောဂအစရှိသည်တို့ကို ပျောက်ပလွင့်ပါးနိုင်သော ဆေးကိုသာ သုံးဆောင်စေကုန်၏၊ ဥပမာဆိုသည်ရှိသော် တတိုင်းပြည်လုံးကို အစိုးရသောမင်းသည် ခိုးသူမုဒိန်း၊ တန္တပြည့်သူပြည်သားတို့၏ ညောင့်သဘွယ်ဖြစ်သော သူတို့ကို တရားသဖြင့်စီရင်၍ သုတ်သင်သကဲ့သို့ များစွာသော သူတို့၏ စီးပွားချမ်းသာကို စွမ်းဆောင်အပ်၏၊ တယောက်တည်းသာ ပျက်စေ၍ အများသတ္တဝါတို့ မပျက်မစီးစေရာ မကောင်းသော အယူဝါဒကို ပယ်ဖြောက်၍ ကောင်းသော အယူဝါဒကို တည်စေရာ၏၊ မှုဆိုးကောင်းစုန်းနှင့် နတ်ကဝေမြောက်စုန်း၊ ပာင်ဒိမ့်တလိမ့်စုန်းနှင့် မကောင်းသောသူတို့ကို သတ္တဒွါယကဝေအာဒိစကားအစိပ္ပာယ်ဟူ၍ ညွှဲယံ၍ ကောင်းစွာထင်လျား မှတ်သားခြင်းပြုရာသတည်း။

---

## ၄။ ကဝေမြောက်သောပယောဂတို့၏အင်္ဂါ လက္ခဏာကိုပြခြင်း

သမင်မတို့၏ မျက်နှာမျက်စိနှင့်တူ၏၊ မျက်မိမျက်နှာ အလွန်ရှင်ခြင်းရှိ၏၊ ဦးခေါင်းလည်း မငြိမ်စသက်လှုပ်လဲသည်၊ အိပ်သည့်အခါ ကျောပွတ်သည်၊ မျက်နှာလည်း ရဲတင်းသည်၊ အမျက်ဒေါသထွက်ခြင်းမရှိ၊ မိမိသွားသောအခါ ကျော်မိနင်းမိသမျှကို မိမိအဆိပ်အတောက် လွှမ်းခဲ့မိ၍ ဥပါဒ်ဖြစ်တတ်ကုန်၏၊ လက်ညှိုးထိုးခြင်း၊ မျက်စောင်းထိုးခြင်း၊ မျက်တောင်မခတ်ကြည့်ခြင်းတို့ကို အလေ့အထပြုတတ်ကုန်၏၊ ထိုကဝေမြောက်မှတပါး ကြွင်းကုန်သောပယောဂတို့ကို အစဉ်မှတ်သားရာ၏၊ ကဝေမြောက် ပယောဂမျိုးတို့ကား အထူးထူးအပြားပြားသော ပညာတို့ကို တတ်ကုန်၏၊ တတ်ကြောင်းကား ဤသို့သိရာ၏၊ အိမ့်တလိမ့်စုန်းအတတ်၊ မောက်လုံးစုန်း၏အတတ်၊ ခေါင်းစုန်းအတတ်၊ ခြေစုန်းအတတ်၊ ဤငါးမျိုးသောအတတ်တို့နှင့်တကွ တောင်သူကြီးတို့အတတ်၊ မှဆိုးအတတ်၊ အိမ့်တလိမ့်စုန်း အတတ်၊ မောက်ပြားစုန်း အတတ်၊ မောက်လုံးစုန်းအတတ်၊ ခေါင်းစုန်းအတတ်၊ ခြေစုန်းအတတ်၊ ကိုယ်စုန်းအတတ်၊ ဤခြောက်မျိုးသော စုန်းတို့၏အတတ်၊ မုဆိုးတို့၏အတတ်၊ တံငါတို့၏အတတ် အစရှိသည်တို့ကို တတ်သောသူတို့၏ နှလုံးအစွမ်းကို သိတတ် မြင်တတ်၏၊

ပယောဂအမှောင့်တို့သည် ဇော်ဂနီသို့မှီရမှသာ ဖြစ်သည်၊ ဇော်ဂနီကို မမှီမပူးရသော် မဖြစ်နိုင်ကုန်၊ ဇော်ဂနီကိုမမှီမပူးရသော် သမ်းခြင်း၊ ဝေခြင်း၊ ငိုခြင်း၊ ရယ်ခြင်း အစရှိသော အထွေထွေသော အကြောင်းတို့ မရှိနိုင်ကုန်၊ မှီရမှသာလျှင် ဤအကြောင်းတို့ ရှိနိုင်ကုန်၏၊ ဤကား ဇော်ဂနီကို အမှီပြုနည်းတည်း၊

နတ်ကဝေမြောက်စုန်း၊ အိမ့်တလိမ့်စုန်း၊ မောက်ပြားစုန်း၊ မောက်လုံးစုန်း၊ ခေါင်းစုန်း၊ ခြေစုန်း ဤခုနစ်မျိုးကုန်သော စုန်းတို့သည် တယောက်၏ကျေးဇူးကို တယောက်လိုက်၍ခံစားကြကုန်သည်၊ တယောက်၏ ကျေးဇူးကို တယောက်လိုက်၍ ခံစားကြကုန်၏၊ ကျေးဇူးကို ခံ [illegible]ကြသည်ကိုကား ဤသို့သိအပ်၏၊ နတ်ကဝေမြောက်တို့၏ ကျေးဇူးကို အိမ့်တလိမ့်စုန်းက ခံစားသည်၊ အိမ့်တလိမ့်စုန်း

ကျေးဇူးကို မောက်ပြားစုန်း ခံစားသည်၊ မောက်ပြားစုန်းကျေးဇူးကို မောက်လုံးစုန်း ခံစားသည်၊ မောက်လုံးစုန်း ကျေးဇူးကို ခေါင်းစုန်းသာ ခံစားသည်၊ ခေါင်းစုန်း ကျေးဇူးကို ခြေစုန်းကခံစားသည်၊ ခြေစုန်းကျေးဇူးကို ကိုယ်စုန်းကခံစားသည်၊ ဤသို့လျှင် သုဇာတာ အမည်ရှိသော ဇော်ဂျီဆရာဆိုသောကြောင့် ၇-မျိုးသော စုန်းတို့ကို အကြီး အငယ် အရွယ် အလက် ဆင့်ကဲဆင့်ကဲ ခံစားကြကြောင်းကို သိအပ်၏၊

## ၅။ ပယောဂအပြား ခုနစ်ပါးတို့ကို ခွဲခြမ်း ဝေဘန်၍ပြခြင်း၊

ခြေစုန်းလည်းတပါး၊ ခေါင်းစုန်းလည်းတပါး၊ ကိုယ်စုန်းလည်း တပါး၊ မောက်လုံးစုန်းလည်းတပါး၊ မောက်ပြားစုန်းလည်းတပါး၊ အိမ့်တလိမ့်စုန်းလည်းတပါး၊ ကဝေမြော့က်စုန်းလည်းတပါး၊ အားဖြင့် စုန်းမျိုး ၇-မျိုး အပြားရှိသတည်း၊

ထိုစုန်းမျိုး ၇-ပါးတို့တွင် ခြေစုန်းသည် အသီးအပွင့်တို့ကို သာစားသည်၊ ကိုယ်စုန်းသည် မစင်ချေးချေးထိကိုသာ စားသည်၊ ခေါင်းစုန်းကား သစ်သီးမှည့် အချိုအချဉ်ကိုသာ စားသည်၊ မောက်လုံး စုန်းကား အသွေးအသား အရေကိုသာ စားသည်၊ မောက်ပြားစုန်းကား အသဲအမြစ် အူကိုသာစားသည်၊ အိမ့်တလိမ့် စုန်းကား အဆိမ့်အအိမ့် အကြော်အလှော်ကိုသာ စားသည်၊ ကဝေ မြော့က်စုန်းကား လူတို့၏ အသား အသွေး အရိုးကိုစားတတ်သည်၊ ခြေစုန်း၊ ကိုယ်စုန်း၊ ခေါင်းစုန်း ဤစုန်း သုံးဦးတို့ကား ရေကို မကြောက်တတ်၊ အမောက်မရှိခြင်းကြောင့် ငုပ်၍လည်းနေနိုင်၏၊ မောက်လုံးစုန်း၊ မောက်ပြားစုန်း၊ အိမ့်တလိမ့်စုန်း၊ ကဝေမြော့က် စုန်း ဤလေးဦးသော စုန်းတို့သည် ရေကို အလွန်တရာ ကြောက် တတ်၏၊ ငုပ်၍လည်းမနေနိုင်၊ ခြေစုန်း၊ ကိုယ်စုန်း၊ ခေါင်းစုန်း၊ မောက်လုံးစုန်း၊ မောက်ပြားစုန်း ဤငါးဦးသော စုန်းအမျိုးတို့အား ကိုးကွယ်ရာနတ် အထူးကို မရရှိခြင်းကြောင့် မိမိကိုယ်တိုင်ဘမ်းစား မှသာလျှင် ဖြစ်နိုင်ကုန်၏၊ အိမ့်တလိမ့်စုန်း၊ ကဝေမြော့က်စုန်း

တို့မှာကား မြောက်ဘက်ကတော်၊ ဦးရှုနတ်၊ ဇော်ဂနီနတ်အထူးကို ကိုးကွယ်ရရှိခြင်းကြောင့် ကိုယ်တိုင်မဘမ်းစား၊ မြောက်ဘက်ကတော်၊ ဦးရှုနတ်၊ ဇော်ဂနီနတ်တို့ကိုသာ စေလွှတ်ခြင်း ဖြစ်သည်၊ ခြေစုန်း၊ ခေါင်းစုန်း၊ ကိုယ်စုန်း ဤသုံးဦးသော စုန်းတို့မှာကား သေကြေအောင် မဘမ်းစားနိုင်ကုန်၊ မောက်လုံးစုန်း၊ မောက်ပြားစုန်း၊ အိမ်တလိမ့်စုန်း၊ ကဝေမြောက်စုန်း ဤလေးဦးသော စုန်းတို့သည် သူတပါးအသက်ကို လတ်ဘလော သေကြေပျက်စီးအောင် ကြံနိုင်ကုန်၏။

## ၆။ ပယောဂခုနစ်ပါးတို့သည် အမှီတကဲရှိမှ အမ်းစားနိုင်သည်ကို ပြခြင်း

ခြေစုန်းသည် ခြေကိုသော်၎င်း၊ ခြေရာကိုသော်၎င်း၊ တခုခု ကိုင်ရမှသာ ဘမ်းစားနိုင်၏၊ ကိုယ်စုန်းသည် ခြေရာ အရိပ်ကို၎င်း၊ ကိုယ်ကိုသော်၎င်း ကိုင်ရမှ ထိရမှသာ ဘမ်းစားနိုင်၏၊ ခေါင်းစုန်းသည် ခြေရာကို၎င်း၊ အရိပ်ကို၎င်း ထိရမှသာလျှင် ဘမ်းစားနိုင်၏၊ မောက်လုံးစုန်းနှင့်၊ မောက်ပြားစုန်းတို့သည်ကား၊ မြင်ရ၊ ထိရ၊ နမ်းရ၊ ရှုပ်ရမှသာလျှင် ဘမ်းစားနိုင်၏၊ အိမ်တလိမ့်စုန်း၊ ကဝေမြောက်စုန်းတို့သည် အမည်ကို သိမှသာ စေပါးခိုင်းခဲ့၍ ဘမ်းစားနိုင်၏။

ခြေစုန်း၊ ခေါင်းစုန်း၊ ကိုယ်စုန်း၊ မောက်လုံးစုန်း၊ မောက်ပြားစုန်း ဤငါးယောက်သော စုန်းတို့သည် ဝမ်းနာအောင်၊ ဝမ်းယောင်အောင်၊ ခေါင်းခဲအောင်၊ ခေါင်းကိုက်အောင်၊ ကိုယ်လက်ကိုက်ခဲအောင်၊ ပူလောင်အောင်၊ ချမ်းအေးအောင်၊ ထိတ်လန့်အောင်၊ အစာမစားရအောင်၊ ဝမ်းလုံးတက်အောင်၊ ခြေတဇတောက်အောင်၊ အသားအရေ ခန်းအောင်၊ တကျည်းထအောင်၊ ပန်းဟိုက်အောင်၊ တတွေတွေ တဝေဝေရှိအောင် တတ်နိုင်ကုန်၏။

အိမ်တလိမ့်စုန်းမှာကား ၎င်း ငါးယောက်သော စုန်းတို့၏ အတတ်နှင့်တကွသော တစ်ကိုယ်လုံး နတ်ဝင်သကဲ့သို့ တုန်ရည်အောင် တသမ်းသမ်း တဝေဝေ ရယ်လိုရယ်၊ ငိုလိုငို၊ ရှင်လိုရှင်၊ ညီုလိုညီု ရှိအောင်၊ ခြေလက်ကို တကျင်လျှိုသကဲ့သို့ရှိအောင်၊ သွေးယောင်

လေယောင် ကြို့ထိုးလေအောင်၊ လင်နှင့်မယား မသင့်မတင့်လေအောင်၊ စိတ်မာန်ဒေါသကြီးသဖြင့် ကွဲလေအောင်၊ ကိုယ်ကိုရိုက်ပုတ်လေအောင်၊ အပင်းကိုဝင်လေအောင် သွတ်နိုင်ကုန်၏၊ ကဝေမြောက်စုန်းသည်ကား ငါးယောက်သော စုန်းအမျိုး အတတ်တို့နှင့်တကွ အိမ့်တလိမ့်စုန်းအတတ်ပါ လိပ်ပျာကိုယ်ကကွာအောင်၊ ရူးသွပ်လေအောင်၊ ဟစ်အော်လေအောင်၊ မျက်စိတကြောင်ကြောင်နှင့် ခြေလက်အင်္ဂါတို့ သေလေအောင်၊ အထွေထွေ အပြားပြား များစွာဖြစ်လေအောင်၊ အစာထည့်ကျွေးမွေးသမျှကို စားလေတော့ဟုပေး၍ နွေး၊ ဝက်၊ ကြောင်၊ ငှက်၊ အိမ်ခြောင်၊ ခြင်၊ ကြွက်၊ ယင်၊ နကြယ်၊ ပိတုန်း၊ တောသူ၊ တစ္ဆေ၊ ဘုတ်၊ အနောက်ကတော်၊ မြောက်ဘက်ရှင်မ၊ ဇော်ဂနီ၊ ဦးရှုနတ်တို့ကို ကဝေမြောက်စုန်းတို့က စေခိုင်းခန့်ထားနိုင်သည်၊

ခြေစုန်း၊ ကိုယ်စုန်း၊ ခေါင်းစုန်း၊ မောက်လုံးစုန်း၊ မောက်ပြားစုန်း၊ ဤငါးဦးသော စုန်းတို့ကို ဆေးကောင်းက နိုင်လေ၏၊ ထိုငါးဦးသော စုန်းတို့သည်လည်း လူရိပ်ကိုနင်းမိမှ၊ သူနာကို ဆေးသမားက စကားပြောရမှသာလျှင် ဆေးကို ဖျက်ဆီးနိုင်လေတော့သည်၊

အိမ့်တလိမ့်စုန်း၊ ကဝေမြောက်စုန်း ဤနှစ်ဦးသော စုန်းတို့မှာကား ဆေးပင် ကောင်းငြားသော်လည်း တိုက်၍မလိုက်နိုင် မထိနိုင်၊ စေပါးခိုင်းခံ့သော သူတို့က ဖျက်ဆီးစေသည်၊ ထိုစေပါးခိုင်းခံ့သောသူတို့ ပြောဆိုလာလျှင်လည်း ထဘီကိုဖြန့်လျက်ဝတ်၍ ဦးရှုတိုင်မှ လက်ပြ၍ကလျှင်၊ ကြမ်းတွင်းပေါက်သို့ ခေါင်းစောက်ထိုးနေလျှင်၊ အိမ်ရိပ်ကိုနင်းလျှင် ဆေးပင် ကောင်းသော်လည်း ပျက်လေသည်၊

---

## ၇။ ခုနစ်ပါးသော စုန်းတို့၏ ခံစားသော အရသာကို ပြခြင်း၊

ဤစုန်းခုနစ်ပါးတို့တွင် ကဝေမြောက်စုန်းသည်ကား၊ လူတို့၏ အသားကိုစား၍ အမွှေးအကျိုင်ကို စားတတ်၏၊ ထိုအမွှေးအကျိုင်နှင့်

တူသော အာရုံကိုပြုလျက် ခံစား၊တတ်ချေသည်၊ မောင်းပြားစုန်း ကား အသည်း၊အူအကို စား၊တတ်သည်၊ မြေကလိုးစုန်းကား အရေ အသားကို စား၊တတ်ချေသည်၊ ခေါင်းစုန်းကား အုန်းသီး၊ ထန်းသီး နှင့်တူသောဦးခေါင်းနှိုက် အရေအသားရှိသမျှ ဦးနှောက်ကိုသာ စား တတ်သည်။ ကိုယ်စုန်းကား ခြေကစလျက် ဝမ်းပြင်နှိုက် တည်ရှိသော အဆီအခဲ သွေးသားတို့ကို စား၏၊ ခြေစုန်းမှာကား ပန်းပွင့်နှင့် တူသော အအူအသည်းလွှာကိုသာ စား၊တတ်ချေသည်။

ကဝေမြောက်သောစုန်းသည် ရှေးဦး၊အစပထမနှိုက် ဝက်၊ခွေး တို့ကို စေ၏၊ အပင်၊သွင်းခြင်း၊ သွေးကိုမြှောက်ခြင်း၊ လိပ်ပျာကို ယူခြင်း၊ အထွေထွေ အပြားပြား ဖြစ်စိမ့်သောငှာ လက်နက်ကို အပ်ခြင်းကြောင့် စက်အရှိန်နှင့်ပင် သွား၊ရချေသည်၊ ထို ဝက်၊ ခွေး တို့ကို စက်ရစ်ပတ်သဖြင့် မသွား၊တတ်ရှိ၏၊ စက်ရစ်ပတ်ရာ အနှာ ဖြစ်တတ်၏၊ ထိုခွေးဝက်တို့၏ နေရာကား လှေကားသုံးထစ်ခံအောက် တွင် အတွင်းသို့ ဦးခေါင်းပြု၏၊ ထို့ကြောင့် ပူခြင်း ချမ်းခြင်းရှိ၏၊ ထိတ်လန့်ခြင်း ပြင်းစွာရှိ၏၊ကိုတ်အခါ ရာဟုအခါတို့၌နှိုက်သာ စွဲခြင်း ကို ပြုနိုင်ကုန်၏၊ ဇော်ဂနီ၊မြောက်သော အိမ်စာလိမ့်စုန်းတို့ စေခိုင်း ခြင်းသည်ကား အများပင်ရှိ၏၊ မြောက်ခရီးနှိုက်သော်၎င်း၊ အနောက် ခရီးနှိုက်သော်၎င်း၊ နတ်သုံးပါးဟို့ လက်နက်အပ်သော စက်အရှိန်နှင့် ကျွန်ုပ်သွားရလေကုန်၏၊ ထိုနတ်သုံးပါးတို့သည် စက်ရစ်သဖြင့် စက်ရစ်ရာအရပ်သည် အိမ်အနောက်၊ အိမ်မြောက်၊ သူနှာ အိပ်ရာ အောက်နှိုက် စက်ကျ၏၊ကိုတ်အခါ ရာဟုအခါတို့၌နှိုက်သာ စွဲခြင်းကို ပြုနိုင်ကုန်၏။

ကဝေနတ်၊ ဇော်ဂနီနတ်တို့ ဘမ်း၊စား၊ဟန်ကား တကိုယ်လုံး တုံလှုပ်၏၊ ဇုန်းနတ်နှစ်ပါးတို့သည် ဘူးသွင်း၊တတ်၏၊ ဘူးသွင်းခြင်း လက္ခဏာကား ဤသို့ သိရာ၏၊ သွေး၊ရောင် တလိုက်တသန့်၊သန်း တစေ့စေ့ ရှိခြင်း၊ ကိုယ်တွင်းဘူး တည်သဖြင့် ငိုတုံရယ်တုံ ပြုလျက် ဦးလှည်မငြိမ်ရှိခြင်း၊ အချို့လည်း နတ်ယောင်ဖြစ်ခြင်း၊ စား၊သောက် မကောင်း နှံခေါင်းနှိုက် ပေါက်ဝဲဘိုးထိုးကဲ့ အပင်ကဲ့သို့ ထင်အောင် တည်စေခြင်း၊ အထက်သတ္တုမှ နှင်ပြည်သို့ ရင်းဆော၊သက္ကာန်ရှိခြင်း၊ ပူတုံ ချမ်းတုံ ရှိခြင်း၊ အဆင်၊မလှသော သူတို့၏ အရောင်ထင်ခြင်း၊ ဘောခွ အိမ်မှုကျူး လေခြင်း၊ ပန်းကိုတ်သို့၊နှမ်း ရှိခြင်း၊ ဦးရှော့တိုင်ရှာကား၊

အိမ်ခေါင်တိုင်၊ မဟာဂီရိအိုးအစရှိသည်တို့တွင် စက်ထားထတ်ချေသည်၊ ကဝေနတ် ဇော်ဂနီနတ်တို့၏ အတတ်တွ သိလင့်ကုနိုးရှုသတည်း၊

ယောကျ်ားစုန်းကားလက်ယာနှိုက်တည်၏၊မိန်းမစုန်းမှုကား လက်ဝဲနှိုက် တည်၏၊ အနီအဝါ အစရှိသည်တို့သည် များပြား၏၊ ဝင်းဝင်းရွှေရွှေ စိမ်းစိမ်းရွှေရွှေတို့၏ တည်ရာအရပ်၌ လှုပ်သဖြင့် ရှင်ပျော်ခြင်း၊ ဝမ်းမြောက် ဝမ်းသာ ရှိခြင်း၊ ညဥ့် အိပ်၍မပျော် တကြောင်ကြောင်ရှိခြင်း၊ ဤကား ကဝေနတ် ဇော်ဂနီနတ်တို့ကြောင့် ဖြစ်ခြင်းတည်း၊

ကဝေမြောက်စုန်း၊ အိမ့်ဘလိမ့်စုန်း ထိုနှစ်ပါးသော စုန်းတို့သည် ထဘီကို စောက်ထိုး ပြောင်းပြန်လှန်၍ ၃ ထပ် ဝတ်လျက် တဖန် ထောင်လိုက်ဝတ်ပြန်၏၊ ထိုသို့ ဝတ်ပြီးသည့်နောက်နှိုးဖီ ဆေးသမားကို မေးမြန်းဟန်၊ မီးယူဟန်ပြု၏၊ စကားဘက်ိသော် ဆေးပျက်၏၊ ဤနှစ်ယောက်သော စုန်းတို့သည်လည်း ကိုယ်တိုင် ဘမ်းစား၏၊ အထက်စတ် ၃၀ အောက် ၃၀ လွှတ်ခြင်းကြောင့် ဆေးပျက်ချေသည်၊ ဆေးပျက်သောကြောင့် ဆေးကို တိုက်လျက်နှင့် မသိနိုင်၊ တိုဖ်လျှင်လည်း နတ်တို့သည် ခုခံလေသောကြောင့် ဆေးမထိနိုင်၊ ၅ ယောက်သော စုန်းတို့သည် နှစ်ယောက်သော စုန်းတို့၏ အစေအပါးတည်း၊ ထိုနှစ်ယောက်သော စုန်းတို့သည် သခမည္ဍမဟုတ်ချေပါ၊ ဇော်ဂနီနတ်ကို သတ်နိုင်သော ဆေးမှ ဖြစ်၏၊ စထ်ချုပ်စော်ဖြတ် ဇော်ဂနီနတ်တို့ကို အချုပ်အသတ်ဆေးကို အထက် ဆိုခဲ့သော ၅ ယောက်သော စုန်းဟူသည်ကား မောက်ပြားစုန်း၊ မောဖီလုံးစုန်း၊ ခြေစုန်း၊ ကိုယ်စုန်း၊ ခေါင်းစုန်း ဤငါးယောက်တို့ပင်တည်း၊ ထိုစုန်းတို့သည်ကား ကိုယ်တိုင် ဘမ်းစားရ၏၊ လက္ခဏာသော်ကား ခေါင်းခဲခြင်း၊ ဝမ်းနာခြင်း၊ မလှုပ်ချင်ရှိခြင်း၊ နွမ်းနယ်ခြင်း၊ ပူဆောင့်လိုက်လှဲခြင်း၊ ခြေညောင်းခြင်း၊ လက်ခြေထုံခြင်း၊ ကိုက်ခဲခြင်း၊ ထွစ်ကိုယ်လုံးထိုးခြင်း၊ တထိတ်ထိတ် လန့်လန့်ရှိခြင်း၊ ငိုယောင် ရယ်ယောင်ရှိခြင်း၊ တခါတခါ ပျို့အန်ခြင်း၊ တခါတခါ ဝမ်းသက်ခြင်း၊ သွားပျက်ခြင်း၊ လေပျက်ခြင်း၊ မေ့သွားလွန်ခြင်း၊ ငယ်လှန်ခြင်း၊ မျက်စိပြူးတူး မျက်ဆံပြူးတူးရှိခြင်း၊ ကျောကော့ခြင်း၊ လျှာထုတ်ခြင်း၊ နတ်လိုစကားဆိုခြင်း၊ လက်နှင့်နှုတ်သီးကို အစားအစာမဝင်ရအောင် ဟန့်ဆီးထား၊

ခြင်း၊ မုန်းအောင်ပြုခြင်း၊ လင်မယားမကွာကွာအောင်ပြုခြင်း၊ စိတ်မာန်ဒေါသ ကြီးအောင်ပြုခြင်း၊ စိတ်လေလွင့်အောင်ပြုခြင်း၊ သတ်ပုတ် ခိုက်ရန် ဖြစ်အောင်ပြုခြင်း၊ အမိအမယ်-ဘုရအောင်ပြုခြင်း၊ လည်ကုတ်ကို ချိုးခြင်း၊ လျှာခိုင်အောင်ပြုခြင်း၊ သွေးကြောလေကြောကို ချိုးခြင်း၊ ပါဒရက်သဏ္ဍာန် အထွေထွေထင်အောင်ပြုခြင်း၊ သတိမေ့လျော့အောင် အစရှိသဖြင့် ဘမ်းဟတ်သည်၊ ဆေးတိုက်သော အခါ ၅-ပါးသောစုန်းတို့ ခုခံတိုက်ခိုက်လေသည်၊ ၅-ပါးသော စုန်းတို့၏လက္ခဏာကို ကောင်းစွာမှတ်အပ်၏၊

---

## ဂ။ ပယောဂတို့ကိုအသီးအသီးအမည်မည့်၍ သမုတ်သည်ကိုပြခြင်း

ပယောဂအပေါင်းတို့တွင် ခြေစုန်းကိုရွာသူဟု သမုတ်သည်၊ ကိုယ်စုန်းကား ဆင်ကွန်းဟု သမုတ်လေသည်၊ ခေါင်းစုန်းကား နပဒတ်ဟု သမုတ်လေသည်၊ မောက်လုံးကို ကိုယ်စုန်းဟု သမုတ်လေသည်၊ မောဏ်ပြားကို ရွာ၏သမီးဟု သမုတ်လေသည်၊ အိမ့်တလိမ့်ကို ဇော်ဂနီဟု သမုတ်လေသည်၊ ကဝေမြှောက်ကို ကဝေမြှောက်ပင်ဟု သမုတ်လေသည်၊ ဤသမုတ်ခေါ်ဝေါ်သော အပြား ခုနစ်ပါးကို ပယောဂဆရာတို့သိအောင် အားထုတ်ရာသတည်း။

သူ့ဝမ်းတွင်းကို မုဆိုးဟုသမုတ်လေသည်၊ မှော်ဝင်ကို တငေါ ဟု သမုတ်လေသည်၊ ဤသမုတ်သော အခြင်းအရာကိုလည်း သိမှ ပယောဂဆရာတို့နိုင်ရန် အကြောင်းထင်သည်၊

ဘီလူး၊ သဘက်၊ ဥပါကို တောသူဟု သမုတ်လေသည်၊ တစ္ဆေ၊ ပြိတ္တာကို ဘုတ်ဟုသမုတ်လေသည်၊ သူရဲအပေါင်းကို နတ်စိမ်း၊ နတ်ဝါးဟု သမုတ်လေသည်၊ ဤသမုတ်ခြင်းသုံးပါးကိုလည်း သိမှ ပယောဂဆေးကို သမားတို့နားလည်မည်၊ တပါးသောအတတ်ကို စုန်းမျိုး ၇-ပါးအတတ်မှာပင်သွင်း၍ ပြလေတော့သည်။ ပယောဂဆရာနိုက်၊ [illegible] အစဉ်အဆက် ဆောင်ရွက်ကြသည်မှာ ရွာသူဆေး၊ ဆင်ကွန်း[illegible]၊ [illegible]ပဒတ်ဆေး၊ စုန်းဆေး၊ ရွာသမီးဆေး၊ ဇော်ဂနီဆေး၊ ကဝေမြှောက်ဆေး၊ သူပြုဆေး၊ ဘုတ်ဆေး၊ နတ်စိမ်းဆေး၊

နတ်ဝါးဆေး ဂျီဆေးတဆဲ့တပါးသော ဆေးအပိုင်းအခြားရှိသည် များကို သမားတို့သိလေအပ်ကုန်၏၊ ၎င်းဆေးတဆဲ့တပါးတို့သည် နောက်နိုက်ထင်ရှားလတ္တံ့သတည်း။

## ၃။ ပယောဂတို့ကိုစမ်းသပ်ရန် နည်းကိုပြခြင်း

စထုံပတ္တ ကလျာဏီပင်ကိုဖြစ်စေ ပဥ္စပတ္တကလျာဏီပင်ကိုဖြစ် စေ ဇမ္ဗူဒိပ်ကျွန်းတွင် အရှင်ဆေးမင်းသည် တိတ်-နိမိတ်ကို ပြစေ သတည်းဟု ဆန်ပန်း၊ ကွမ်းဆေး၊ လဘက်တို့နှင့်ပူဇော်၍ယူ၊ သူနာ ကိုပေး၊ တစိမ့်စိမ့်ဝါးစေ၊ အနာရိုးသွေးနာဖြစ်ခဲ့လျှင် ဘယ်သို့မှ မရှိ၊ ပယောဂ သူတပါးတို့ပြုသည်မှန်လျှင် ချို၏၊ စုန်းဘမ်းစား လျှင်ခါး၏၊ နတ်ဘမ်းစားခဲ့လျှင်ဆိမ့်၏၊ တောသူ တစ္ဆေဘုတ်ငှက် ဘမ်းစားခဲ့လျှင်ချဉ်၏၊ ဂြိုဟ်မာတရာဘမ်းစားခဲ့လျှင်ဖန်၏၊ သေမည့် အနာမှန်ခဲ့လျှင်အေ့၏၊ ရှေးရှေးသော ဆရာသမား အစဉ်အဆက် တို့ လက်သုံးပြုတော်မူကြကြောင်းကို ယုံကြည်အပ်၏။

အရှိ၊ ကျွန်းကြီးလေးဖြာ ကျွန်းငယ် ၂ထောင်အလယ်ခေါင် ချက်မတိုင်ထိပ် သုဓာသည်းရင်း သိကြားမင်း၏ အာဏာကား၊ အရွှံ့ဇဂ္ဂ မမရက္ခန္တု၊ မစုတ်ဖရောင်းတကျပ်ကို ဆီမီးငါးတိုင်လုပ်၏၊ ယခင်ကမန္တာန်နှင့် နတ်မွှေ့မှာ တဆဲ့ငါးအုပ်စုတ်၊ မှန်လှအောင် စုတ်ရမည်၊ ကြေးစင်လင်ပန်းကိုဖြူစင်လှအောင် ပွတ်၊လင်ပန်းလေး မျက်နှာသည်၊ လှအောင်တတိုင်စီကပ် လင်ပန်းလည်ခေါင်တွင် စုံ စုံ ရှိအောင် ပြုပြီးလျှင် ဖယောင်းကိုကပ်၊ တင်းတိမ်ကို လေမဝင်နိုင် အောင်ကာ ဖြူစင်လှစွာသောပုဆိုးနှင့် အတန်တန်စစ်၍ လင်ပန်း ပြည့်အောင်ထည့် ကြက်မနက်မဥတင်းကို အစင်ဖြစ်အောင် တဘက် တချက် အကောင်လိုက် ဆီမီးတိုင်ဝင်ရုံဘောက်လျက်ထား၊ အလက် က ဖယောင်းမန္တရားကိုမန်း၍ ကြက်ဥကိုခွဲခွဲပွတ်၍သုတ်၊ အလည် ခေါင်ဆီမီးတိုင်ကို စွန်းလိုက်ပြီးလျှင် ဖယောင်းတိုင်ကိုမီးညှို့ အူအူ ဟောက်အောင်ညှိလေ၊ ရတနာသုံးပါးကြည်ညိုသော သူ သီလနှင့် ပြည့်စုံသောသူကို လေးမျက်နှာနိုက်နေ၍ ကြည့်စေရမည်၊ ဂျီမျှကို

မရခဲ့သော် ငြိမ်ဆိမ် မှုန်ကန်သောသူငယ်ကို ကြည့်စေ၊ ပကတိ အနာရိုး သွေးရိုးမှုန်သော် အထူးမထင်နိုင်ရာ၊ အရိုးပင်ရှိငြားသော်လည်း အခဲအပျင်မြင်လေရာ၏၊ ချွဲ၊ သွေး၊ ပြည်၊ သလိပ်နာ မှုန်ခဲ့လျှင် အပြင်အပြားကိုမြင်ရာ၏၊ ရုပ်ထား၊ နံထား၊ အင်းထားဖြစ်ခဲ့သော် ရှိရာအရုပ်ကိုမြင်ရာ၏၊ လူပြုဖြစ်ခဲ့လျှင် လူအဆင်းနှင့်တကွ နေရာအရုပ်ကိုမြင်နိုင်၏၊ စုန်းဘမ်းစားဖြစ်ခဲ့လျှင် စုန်းအဆင်းနှင့်တကွ နေရာအရုပ်ကိုမြင်နိုင်၏၊ နတ်ဘမ်းဖြစ်ခဲ့လျှင် နတ်အဆင်းနှင့် နတ်အိုး၊ နတ်ဝင်၊ နတ်ဆင်းတု၊ နတ်၏နေရာအရုပ်နှင့်တကွမြင်နိုင်၏၊ တောသူ၊ ဘီလူး၊ သဘက်၊ ဥပါဖြစ်ခဲ့လျှင် သူတို့၏အဆင်းနှင့်တကွ နေရာအရုပ်ကို မြင်နိုင်၏၊ ဘုတ်-အပ မြေဘမ်းဖြစ်ခဲ့လျှင် ခွေးဝက်တို့၏အဆင်းနှင့်တကွ နေရာအရုပ်ကိုမြင်နိုင်၏၊ ဆီမီးမထွန်းမည့်ခင် တတိုင် ငွေနှစ်မတ်စီတင်စေ၊ မရှိသောသူတို့ကို ဖယောင်းတတိုင် ငွေတမတ်စီ တင်စေရမည်၊ နဲနဲမှုမရှိသော သူတို့ကို ဆေးသမားက စိုက်၍တင်စေရမည်၊

တနည်းတုံ၊ ၊အိုဇမ္ဗူဒီပါ ကျယ်စွာပတ်ကုံး၊ တောလုံး နှံမျှ အနန္တတည်း၊ ရှိသည့်နတ်ဆောင်း ငြိုဟ်အပေါင်းတို့ ကောင်းသောမင်္ဂလာ ကောင်းချမ်းသာကို ရှာစေသတည်း၊ (အရှုံဟေိဟေိ ဘုဠ္ဌာဟိဘုဠ္ဌာဟိ) ကွမ်းခုနစ်ရာ လထ်ဘက်ခုနစ်ထျုပ်၊ ဆီ-ဆန် နှမ်းလှော်ပြုလျှော် ယခင်ရွာနတ်ခေါ် မန္တာန်ကို ခုနစ်အုပ်မန်း၊ ပျားသွန် ဖယောင်း ငါးမတ်စီချိန်၍ ဆီမီးလေးတိုင်ထွန်း၊ ယခင်မန္တာန်ကို လည်း ခုနစ်အုပ်မန်း လင်ပန်းတွင် ဆန်ကိုပုံလှအောင်ထည့်လျက် ဆန်ပေါ်တွင် လက်ဘက်ကိုထည့်၊ ကြက်မပြေဥတင်းကို စင်ကြယ်အောင်ဆေးဘောက်၍ အရေကိုသွန်ဘိ၊ မဆစ်ဆီကို ခုနစ်အုပ်မန်းလျက် ကြက်ဥကိုသုတ်၍ လက်ဘက်ပေါ်တွင်ထည့်၊ လင်ပန်းလေးမျက်နှာ ဆီမီးတိုင်ကိုစိုက်လျှော်မီးညှိ၊ ရှေးကအတိုင်း လူရှာ၍ကြည့်စေရာ၏ ဆိုခဲ့သည်မြင်တို့ရာ၏၊ ၊ဆီ-ဆန် လထ်ဘက်ကား၊ စီရင်သော သမားတို့၏ အဘိုးသဇဖြစ်လေသည်၊ လောဘကို လိုက်သဖြင့် သမားတို့က ကြေး တင်ဟူ၍ မဆိုကောင်းဟူပေ၊

ဘာပါးဟုံ၊ ၊အရှုံဘုမ္မဒေဝါ မုံ၊ ဖါရကူန္တု၊ အရှုံအာကာသဒေဝါ၊ မုံ၊ ပါရကူန္တု၊ အရှုံရုက္ခဒေဝါ၊ မုံ၊ ပါရကူန္တု၊

မဆစ်ဆိုင်ါ၊မတ်သား၊ကိုမန်းလျက် အိုးသိန်းလက်စက် ဆီမီးခွက်တွင်ထည့်ပြီးသော် အောင်ချည်ကိုမီးစာပြု၍ လင်ပန်းတွင် ဆန်ကိုမိုလှစွာထည့်၊ ဆန်ကို အထက်ကမန္တာန်ကိုမန်း၍ လက်ဘက်ကိုတင်လေ၊ လက်ဘက်ပေါ်တွင် ဆီခွက်တင်လျက် ဆီမီးညှိထွန်းရာ၏၊ ဆီမီးခွက်တွင် ဆီကိုလက်မသည်းတွင်ပွတ်၊ ရွှဲရွှဲလိမ်း၊ ဆီမီးတောက်ကို တည့်တည့် လက်မသည်းကို ထောင်ကြည့်ရမူ သူတပါးကိုအကြည့်ခိုင်းစေ၊ သွေးရိုးအနာရိုးမှန်ကဲ့လျှင် အထူးလက်သည် မှာမထင်နိုင်၊ ပယောဂဖြစ်ခဲ့သော် ဆိုအပ်ခဲ့သောနည်းအတိုင်းတို့သည် မချွတ်ထင်လေရာ၏၊

ဘီမီးထွန်းကြည့်၊ဆီမီးထွန်းကြွက်ဥကြည့်၊ ဆီမီးထွန်းလက်မသည်းကြည့်များကို မိစ္ဆာဒိဋ္ဌိရသေ့လေးသောင်း သမ္မာဒိဋ္ဌိရသေ့လေးသောင်းနှင့်တကွ ဒိသာပါမောက္ခ၊ ဇီဝက၊ ပညာဒိပ္ပ ရသေ့ဇော်ဂီတို့ကား မသုံးဆောင်သောကြောင့် မယုံကြည်အပ်သည်လည်း၊ တကြောင်း၊ ၊ထိုရသေ့ရှစ်သောင်း၊ ဒိသာပါမောက္ခ ဆရာဇီဝက၊ ပညာဒိပ္ပရသေ့ ဇော်ဂျီတို့သည်ကား သူနာကိုဖြစ်စေ၊ သူငယ်ကိုဖြစ်စေ၊ နတ်ဆိပ်ချ၍ နတ်မိစ္ဆာကို ပူးစေပြီးလျှင် မေးကိုလည်းခပ်၏၊ ပက်၍ယုံကြည်အပ်၏၊ ယုံကြည်အပ်သော်လည်း စမ်းဆေးမြစ်ကို တူးရခြင်းကြောင့် နတ်ဆိပ်ချ၍ မေးနည်းကို မပြလိုက်ပေ၊

---

## ၁၀။ ပယောဂတို့၏ အခိုးဖြစ်သော စက်ကိုပြခြင်း

လူတို့အမှတ်သကေ်တပြုအပ်သောလသည် တနှစ်လျှင် ၁၂ လရှိ၏၊ အစိပ်အားဖြင့် မာသတလတွင် အဘိတ်နေ့ လေးသီတင်းလပြည့်နေ့-လကွယ်နေ့နှိုက် အရောင်အဝါ ထွန်းတောက်သော အခိုးဖြင့်ဖြစ်စေသော စက်သည် ၂၀ တည်း၊ ရုပ်ကား ယခင်ပါသော အခိုးဖြစ်သော စက်ဟုဆိုသော ကာယလက္ခဏာနှင့်ပင် ထင်သော စက်သည် ခွေး- ကြောင်- ဝက်- ကြက်- ပင့်ကူ- အိမ်တတ်တူ- ယင်မဘဲရိုင်း- ယင်- နကြယ်- ယုန်ရုပ်- ကာယလက္ခဏာနှင့်တကွ ပါသော စက်ပင်တည်း၊ ထိုအခိုးဖြင့်ဖြစ်သော စက်သည်ကား မြေကြီးမှစ၍ သစ်မြစ်မျိုး၌လည်းကောင်း၊ သစ်ခေါက်မျိုး၌လည်းကောင်း၊ သစ်ရွက်

မျိုး၌ လည်းကောင်း၊ သစ်ညှို့မျိုး၌ လည်းကောင်း၊ သစ်သီးမျိုး၌ လည်းကောင်း၊ သစ်ဖုမျိုး၌လည်းကောင်း၊ သစ်ဥမျိုး၌လည်းကောင်း၊ ရေမြစ်သောင်မျိုး၌ လည်းကောင်း၊ ၎င်းစက်မျိုးကား နတ်ဇာဝေ မြောက်စုန်း၊ အိမ်ဘလိမ့်စုန်း၊ ကဝေနတ်၊ ဇော်ဂနီနတ်သည် နှစ်ပါးသောစုန်းတို့၏ တံခိုးဖြင့်သာလျှင် ဖြစ်သည်ဟူ၍ သုဇာတာဒေဝီ ပြန်ဆိုခြင်းကြောင့် ဤအရာတွင် အခိုးနှင့်သာဖြစ်သော စက် ၂၀ သည်ကား အဘယ်ကြောင့် အခိုးဖြစ်သည်ဟူ၍ သုဒိပ္ပရှင်ရသေ့က ငါ့အား ပြဦးလော့ဟု သုဇာတာဒေဝီပျံကို မေးသတည်း၊ ဤစက် ၂၀ တို့သည်ကား နတ်ကဝေမြောက်စုန်း၊ အိမ်ဘလိမ့်စုန်း၊ ကဝေနတ်၊ ဇော်ဂနီနတ်တို့သည် လပြည့်နေ့၊ လကွယ်နေ့၊ အဘိတ်နေ့တို့ဖြင့် သွားလာကြကုန်၏၊ သွားလာသော ခရီးနှိုက်လည်း မိမိတို့ နှင်းမိလေလျှင် နှင်းမိသမျှတို့သည် မိမိတို့ အခိုးအငွေ့ သင့်သဖြင့် အသီးအသီး စုန်း ဖြစ်ကြကုန်၏၊ ထို့ကြောင့် အခိုးဖြင့်ဖြစ်သော စက်ကို ဆိုလေသည်၊

---

## ၁၁။ ပယောဂတို့၏ တမာန် အပြားကိုခြင်း၊

ပယောဂတို့၏ တမာန်တို့သည် အဘယ်နည်းဟူမူကား နတ်ကဝေမြောက်သော စုန်း၊ အိမ်ဘလိမ့်စုန်းတို့သည် အထူးထူး အပြားပြားသော နတ်တို့ကိုပင် ကိုးကွယ်ရခြင်းသဘော လက္ခဏာရှိ၏၊ ကဝေနတ်၊ ဇော်ဂနီနတ်၊ နဲခရုနတ်၊ မြောက်ဘက်ကတော်၊အနောက်မိဖုရားတို့ကို အစိုးဖြင့်ဖြစ်သော နတ်တို့သည် ခစားကြကုန်၏၊ ။ တမာန်ဟူသည်ကား ဤသို့သိရာ၏၊ ၁၀ ါးစုန်း၊ သစ်စုန်း၊ ရေစုန်း၊ မြေစုန်း၊ တီစုန်း၊ သဘက်စုန်း၊ ဘီလူးစုန်း၊ တစ္ဆေစုန်း၊ တောသူစုန်း၊ နတ်စုန်းအားဖြင့် ဤဆယ်ပါးသော စုန်းတို့သည် နတ်ကဝေမြောက်စုန်း၊ ဇော်ဂနီစုန်း၊ အိမ်ဘလိမ့်စုန်းတို့၏ အခိုးတို့ကြောင့် ဖြစ်ကြကုန်၏၊ ထိုဆယ်ပါးသော စုန်းတို့ကား အပင်းသေ၊ အပင်းရှင်၊ အပင်းပျံ၊ အပင်းချောက်၊ အပင်းကတ်တို့ကိုသာ သွင်းဘတ်သော အလေ့အကျင့်ရှိ၏၊ ငါးယောက်သော စုန်းတို့နှင့် တူသောသဘော လက္ခဏာ ရှိကုန်၏၊ နတ်ပင်းတို့ သဘော လက္ခဏာကား၊ လပြည့်

လက္ခယ် အဘိတ်သတင်းနေ့ ခုနစ်ပါးသော စုန်းတို့၏ အနိုးဖြင့် ဖြစ်ကုန်သော နတ်ဝင်တို့သည် ငိုတုံရယ်တုံ ပြု၏၊ ရှင်မြူးကုန်၏၊ စုန်းဝင်ဖြစ်၏၊ ဤကား စုန်းဆယ်ပါး ဖြစ်သတည်း၊၊ ဘုတ်-တစ္ဆေ၊ နတ်စိမ်း ၎င်းသုံးပါးတို့ကား အမွေးအကျိုင် အညှော်အသင်း အနံ့ ကိုသာ ခံစားခြင်းအလေ့အမူ ရှိ၏၊ ဆေးကောင်းလျှင် ဆေး၏ အငွေ့ကို မခံ၊ ထွက်ပြေးတတ်၏၊ စုန်းသုတ်သည် နှစ်ပါးကား ဘု အောင် ဘမ်းခြင်းသဘောလက္ခဏာရှိ၏၊ ဆေးဝင်အောင်တိုက်သွင်း သော်လည်း မထွက်၊ ဘုတ်ရေနတ်ရေတို့ကို စွဲခစသော အလေ့အမူ အရာ ရှိခြင်းကြောင့် သေကြေနိုင်အောင် ဘမ်းစားနိုင်လေတော့ သည်၊ သွေးဘုတ်ငါးပါးတို့သည် အဘွင်းဘုတ်ဖြစ်သည်၊ သစ်သီးစုန်း၊ သစ်ရွက်စုန်း၊ ရေစုန်း၊ မြေစုန်းသည် ၄-ပါးသော စုန်းတို့သည် အနိုးဖြင့်ဖြစ်သောစက်ဟူ၍ သုဒိပ္ပရှင်ရသေ့၊ သုဇာတာဇော်ဂျီတို့ မိန့်ဆိုတော်မူလေ့သည်၊

---

## ၁၂။ ပယောဂနှင့်နတ်ပူးပေါင်း၍ ဘမ်းစားသည်ကိုပြခြင်း

တပါးသောသူ၏လိပ်ပြာကို ခွာစေသော် ထိတ်လန့်ခြင်း၊ ပူပန်မှတ်သိတ်ခြင်းဖြစ်၏၊ တနေ့တခြား သတိမေ့လျော့ခြင်း၊ ကျော ပူ၏၊ ခေါင်းချွေးထွက်၏၊ ခြေလက်ယောင်ဘော၏၊ ခေါင်းငိုက်စိုက် ပြုသဖြင့် မျက်စိခင်၏၊ ခြေဖျားလက်ဖျား ပူတုံတော့ရှိ၏၊ ပါဒရက် ယောင်ဆောင်၍ ဘမ်းတတ်လေ့ရှိ၏၊ ၊စုန်းနှင့်နတ် လိမ်လည် သဖြင့် အရှုးတိုက်ဟန်ကား၊ ဤသို့သိရာ၏၊ ၊နတ်စင်မှာ လိပ်ပျာ ကို ထားခြင်းကြောင့် ပန်းနံ့သာပန်၍ ရယ်တုံငိုတုံ ဟစ်အော် ရှင်ပြခြင်း၊၊ သီချင်းသီလျက် တခါတခါလျှာသေ၍ စကားမဆို မေ့ လျော့ခြင်းရှိ၏၊ နတ်ကဝေမြောက်စုန်း၊ ဇော်ဂနီနတ် နှစ်ပါးလည် ဆယ်၍ ဘမ်းဟန်ကား၊ ၊အိပ်ခိုက်နေခိုက်ကို ထိတ်လန့်တကြား ဖြစ်၍ လိပ်ပျာကိုယူ၍ ငါးယောက်သော စုန်းတို့ကို အပ်သော ကြောင့် ကိုယ်ပူသည်၊ နှလုံးပူသည်၊ နှလုံးတုသည်၊ နှလုံးခုံသည်၊ တုတုရည်ရည် အိပ်၍မပျော်၊ စားမသော်မကောင်း၊၊စိတ်ပျံ့လွင့်ခြင်း၊

ဆေးစားသောက်သော် ပျောက်တုံပေါ်တုံ ရှိ၏။ သိတင်းငွေမျှ၊ တွင် အော့အန်လေသည်။ ဦးရှုဘိုင်ကို ရှိခိုးလေသည်။ အထွေထွေ ပြုလေသည်။ ။ခေါင်းစုန်း တိုက်ဟန်ကား၊ နတ်စေနတ်တိုက်၊ ရုပ်ထား၊ နံ့ထား၊ ဆူးတိုက်၊ ညှော်င့်တိုက်၊ ခြေရာတိုက်၊ လက်နက်တိုက်၊ မြွေတိုက်၊ ကင်းတိုက်၊ ခွေးတိုက်၊ ကျွဲတိုက်၊ နွားတိုက်၊ နတ်စေနတ်တိုက်တို့ကို ပြုဘတ်လေသည်။

---

## ၁၃။ မြေဘုတ်ဘီလူးတို့ဖမ်းသော လက္ခဏာကိုပြခြင်း

ဘီလူးမသား၊ နှစ်ယောက်သည် သူငယ်တို့နှိုက်လည်း၊ ကောင်း၊ လူကြီး၊ တို့နှိုက်လည်းကောင်း၊ ဘီလူးမသည် ဘမ်းစားခြင်းအကြောင်းကား၊ ။ခါးစောင်နှစ်ဘက်ကို ခြေနှင့်ကန်ပြီးလျှင် ပါးချိပ်ကို တဘက်တချက် လက်နှင့်တွန်းလျက် လည်ချောင်းသွေးကို စုတ်တတ်လေသည်။ ဘီလူးမသား နှစ်ယောက်သည်ကား နောက်ဆက်တွင် နောက်ကျောသွေးကို စုတ်တတ်လေသည်။ လက္ခဏာသဘောကား၊ ကျောကော့သဖြင့် ငိုခြင်း၊ မျက်ဖြူလန်ခြင်း၊ မျက်ဖြူဆိုက်ခြင်း၊ လူးလဲခြင်း၊ ကိုယ်ပူသဖြင့် ရေငတ်သောကြောင့် ဘန်များခြင်း၊ ထိတ်လန့် တုန်လှုပ်ခြင်းပြင် တုံတုံ ရည်ရည် ရှိခြင်း၊ ထမင်းအဟာရ မစားနိုင်၊ နို့ကို မစို့နိုင်ခြင်း၊ ၎င်းဘီလူးမ အဘမ်းလွန်သော်၊ တကိုယ်လုံး ဖျော့တော့ရှိခြင်း၊ အချို့သောဆရာတို့သည် အသမုခိဟု ဆိုကြကုန်၏။ မြေဘီလူး ဘမ်းစားခြင်း လက္ခဏာ သဘောသည် အများပင်ရှိ၏။ အများရှိခြင်းကြောင့် ဘမ်းစားခြင်း အရပ်ကို ခွဲချမ်း၍ဝေဘန်၍ မထားပြီ။ ။အချို့ကား လီင်ကို စုတ်တတ်သည်။ အချို့ကား ခြေဘနောင့်သွေးကို စုတ်တတ်သည်။ အချို့ကား ခကောက်ကွေး သွေးကို စုတ်တတ်သည်။ အချို့ကား လက်ကောက်ဝတ်သွေးကို စုတ်တတ်ချေသည်။ အချို့ကား ချိုင်းကသွေးကို စုတ်တတ်ချေသည်။ ဤမျှသာ ကွဲလွဲ၏။ စုန်း ဆယ်ပါးတည်း ဟူ၍ သိအပ်ရာ၏။ ၎င်း၏လက္ခဏာကား၊ ။မုဆိုးရုပ်၊ မုဆိုးတို့၏ အဝတ်တန်ဆာဆင်လျက် စဉ်းသွားဘွင် ဆေးသုတ်လေ၏၊ လက်လှုပ်

တွင် ပအက္ခရာကိုထား၏၊ ဒူးတွင် ကအက္ခရာထားလေ၏၊ လေးညို့တွင် စန္ဒသုခိ အာဝရံဟုထား၏၊ အယောင်ကား၊ သူတော်ယောင်၊ အရောင်တထွေထွေနှင့် ကိတ်လက်တွင်ထားလေတော့သည်၊ အသမာသကြိမ်တွင် ထားလေတော့သည်၊ သာရိတအခါတွင် ထားလေတော့သည်၊ ရက္ခဘုတ်–၁၀ပါးတို့သည် အစဉ်လိုက်သဖြင့် သတ်၏၊ သစ်စုန်းနှင့် ဘုတ်နားပင်း၊ တိစုန်းမြေဘုတ်၊ မြေစုန်းနှင့် ဘုတ်သစ်ဘီလူး၊ ဘီလူးစုန်းနှင့်ဘုတ် နောက်လှန်၊ ရေစုန်းနှင့်ဘုတ်အော့၊ သဘက်စုန်းနှင့်ဘီလူး၊ တောသူနှင့်ဘုတ် အသည်းကြီးတစ္ဆေနှင့်ဘုတ်အပြင်ဘမ်း၊ နတ်စုန်းနှင့် ချတ်တက်၊ ဤစုန်းဘုတ်တို့ထားသောစတ်တို့ကား၊ ခြေမချားနိုက်ရင်း၊ ခြေမျက်စိခြေဖမိုးနိုက်ရင်း၊ ခြေဖနောင့်ကျော၊ ခြေသလုံးကျော၊ တင်သားတို့နိုက်ရင်း၊ ဒူးဆစ်–ပေါင်သား–မောင်းသားတို့နိုက်ရင်း၊ ခါး–နို့၊ ဆီးစ၊ ပေါင်ချုံ၊ ခေါင်းတွင်းနိုက်ရင်း၊ ဖရုံဆွဲတင်ပါးနိုက်ရင်း၊ ရင်ညွန့်မေးဖျားနိုက်ရင်း၊ ချိုင်းတွင်း၊ နို့အုံ၊ လက်ပြင်နိုက်ရင်း၊ ကုတ်ကျော၊ နောက်ဆက်၊ နဖူး၊ နားရင်းနိုက်ရင်း၊ လည်ချောင်း ညှပ်ရိုး နိုက် ရင်း၊ တထောင်ဆစ် လက်ဆစ်နိုက်ရင်း၊ အတွင်းမှာဖြစ်စေ ပြင်မှာဖြစ်စေ အပင်းရှိ၏၊ အပင်း၏သဏ္ဌာန်လည်းရှိ၏၊ အသံသြသြရှိ၏၊ မေးဆက်အောက်တွင်ရှိ၏၊ စကားမပြောဘဲ နေတတ်၏၊ ဘုတ်နားပင်းကား၊ ပါးစပ်ဟဟနှင့်နေတတ်၏၊ မြေဘုတ်ကား တဆွေ့ဆွေ့ခုန်ခြင်းပြုတတ်၏၊ ဝက်တို့စားသကဲ့သို့ စပ်စပ်မည်အောင် ပြုတတ်၏၊ ဘုတ်သစ်ဘီလူးကား၊ တချက်တည်းတက်သဖြင့် သေကြေတတ်၏၊ သေသောအခါနိုက်လည်း သူသေ၏အဆင်းမှာ ညိုညိုရှိ၏၊ ဘုတ်အော့ကား၊ အောက်သို့လေစုန်ခြင်းမရှိ၊ အထက်သို့သာ တအော့အော့ အန်တတ်ချေသည်၊ ဘုတ်သစ်ဘီလူးကား၊ ရင်ထည်းနိုက်ပြည့်၍ တချက်တည်းတက်သဖြင့် သေကြေတတ်သည်၊ နောက်သို့လန်သဖြင့်လည်း လဲတတ်ချေသည်၊ သစ်တိတို့ကား၊ တဘောင်ဘောင်နှင့် အသံမဆိပ်အောင် စကားပြောတတ်၏၊ တစာစာအိပ်ချင်ယောင်ပြု၏၊ ဘုတ်အပြင်ဘမ်းကား၊ အထက်ပြင်သို့ တက်သဖြင့်လည်းစေခြင်း၊ ဘုတ်အသည်းကြီးကား၊ လက်ခြေလှုပ်ခြင်း၊ တလှုပ်လှုပ်နှင့် နေ့ရက်ရှည်ကြာစွာနေတတ်ခြင်းရှိ၏၊ သစ်မြစ်တားကား၊ ခြေလက်ဆောင့်ခြင်း၊ ရယ်မောလျက်နေတတ်ခြင်းရှိ၏၊ ဤဆယ်ပါးသည်

ကား။ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ ဤ ၃-လများနိုက်သာ စွဲတတ်၏၊ ။ဤစကားနိုက် အချို့ကုန်သော ဆရာတို့သည် စုန်းဘုတ်ဟု အမည်မှည့်ဆိုကြကုန်၏။ ။သစ်ပင် နိမ့်မြင့်သစ်ရွက်ဆင့်ဟူ၊ သုဒ္ဓိဗ္ဗရှင်ရသေ့ ဆိုတော်မူ၏။ ဤအရာကို သုဇာတာ ဇော်ဂျီပြသေး၏။ ပြခြင်းအကြောင်းကား။ သစ်ပင်၏အရင်းနိုက် မြေဘီလူးနေခြင်းပြ၏။ သစ်ပင်၏အလည်နိုက်ကား ရုက္ခစိုးဘီလူးတို့နေခြင်းပြ၏။ သစ်ပင်၏အရွက်နိုက်ကား၊ သာခပတ္တနတ်ဘီလူးတို့ နေခြင်းပြ၏။ ဘမ်းစားခြင်းလက္ခဏာ သဘောကား၊ ခေါင်းကိုက်ခြင်း၊ ဦးလည်မထူနိုင်ခြင်းရှိ၏။ မျက်လုံးနီ၏၊ အပူပြင်းပြစွာပူ၏၊ ရေကိုအဘန်ဘန်သောက်၏၊ အော့အန်ခြင်းများ၏၊ မျက်စိမဖွင့် တမှေးမှေးနေတတ်၏၊ အသားအရေတို့သည် အလွန်နာကျင်ခြင်းရှိတတ်၍ အထွေထွေ ပြောဆိုရရှိတတ်၏၊ အဖုတ်အကင်ကိုစားလို၏၊ စားပြီးလျှင် ငါသွားတော့အံ့ဟူ၍ဆိုတတ်၏။ ဤအရာတွင် ဆေးပင်ဆောင်ငြားသော်လည်း၊ သတ်ခြင်းငှာမတတ်နိုင်ဟူ၊ သုဒ္ဓိဗ္ဗရှင်ရသေ့ ဆိုတော်မူ၏။ အချို့တို့ကား သစ်ဘီလူးဟူ၍ဆိုကြကုန်၏။ ။အာကာသစိုးနတ်သည် နေနှင့် တပြိုင်နက်ထွက်၏။ သူရောင်အဆင်းနှင့် တူ၏၊ သန့်ရှင်းစင်ကြယ်စွာ၏ဟူ၊ သုဇာတာ ဇော်ဂျီဆိုသော်ကြောင့်၊ အာကာသစိုးနတ် အဘယ်ကဲ့သို့ နေကြောင်းကိုဟော်၍ ပြဆိုဦးလောဟု သုဒ္ဓိဗ္ဗရှင်ရသေ့ ဆိုတော်မူခြင်းကြောင့် နေကြောင်းအား၊ နေမင်းကရှေ့သို့ လွန်သဖြင့်သွား၏။ အာကာသစိုးနတ်သည် နေနောက်က သူရောင်အဆင်းနှင့်တကွပါ၏၊ သန့်ရှင်း စင်ကြယ်စွာသော အဆင်းအင်္ဂါနှင့်ရှိ၏၊ ဤကာလကား၊ ဝသန္တဥတုဟူ၍ဆိုလေသည်၊ ။လက္ခဏာ သဘောကား။ အနုပ်ခဲကျောက်ခဲပစ် မိုးကျိုးလောင်မီးပစ် သစ်ငုတ်ဝါးငုတ်တို့သည် အလိုလိုသွားကြကုန်၏၊ သစ်ခွန်ဝါးခွန်တို့သည်လည်း အလိုလိုဖြင့်သာလျှင် သွားကြကုန်၏၊ သူရောင် ပုဏ္ဏကတို့သည်လည်း သွားခြင်းပြုကြကုန်၏၊ စုန်းမျိုး ၇-ပါးတို့သည်လည်း၊ ပျော်ရွှင်းမြူးထူး၍ကခုန်ကြကုန်၏၊ ။ဤအရာနိုက် သုဇာတာဇော်ဂျီသည်ကား၊ အာကာသစိုးနတ်ဟူ၍ဆိုသတည်း။ သုဒ္ဓိဗ္ဗ ရှင်ရသေ့သည်ကား၊ ကဝေမြောက်နတ်ဟူ ဆို၏၊ စက်မျိုး-၇ ပါးကို ဆိုခဲ့လေပြီ။

## ၁၄။ ကဝေမြောက်စုန်းအိမ့်တလိမ့်စုန်းမျိုးတို့တွင် စမည်းတိုင်စုန်း ၆ မျိုးကို ညွှန်ကြားပြဆိုခြင်း

၁။ မြေချဉ်ကိုစားသောစုန်း၊ ၂။ မြေစပ်ကိုစားသောစုန်း၊ ၃။ မြေပုပ်ကိုစားသော စုန်း၊ ၄။ မြေအဖန်ကို စားသော စုန်း၊ ၅။ မြေအညိုကို စားသော စုန်း၊ ၆။ မြေအခါးကိုစားသောစုန်း၊ ဤစုန်း၊ ၆–မျိုးတို့သည် အမောက်ရှိသည်ဟူ၍ မဆိုကုန်၏။ ထို့ကြောင့် စမျည်းတိုင်စုန်း ၆–မျိုးဟူ၍ မှတ်လင့်ကုန်၏။

---

## ၁၅။ စုန်းမျိုး ခြောက်ပါ၊ ဆယ်ပါ၊ စသည်တို့ကိုပြုခြင်း

စုန်းနားပင်း၊ စုန်းကျောက်ခဲ၊ စုန်းလေပွေ၊ စုန်းဥတစ်လုံး၊ စုန်းဘီလူး၊ စုန်းနဂါးစက်၊ ဤစုန်းမျိုး ၆ မျိုးတို့သည် အလွန်တန်ခိုးကြီးကြကုန်၏။ အမောက် သုံးဆယ်စီရှိကြကုန်၏၊ နားနားရှပ်ကိုလည်း သုံးဆယ်စီ ဘန်ဆင်း နိုင်ကြကုန်၏။ ထိပ်လယ်နှိုက် အမောတ်ရှိသော သူကြွယ်စုန်း၊ နားလယ်၌ အမောက်ရှိသော စုန်းသူကောင်း၊ ရင်နှိုက် အမောက်ရှိသော စုန်းဖုတ်၊ နံစောင်နှိုက် အမောက်ရှိသော စုန်းမာတယာ၊ နှာဖျားနှိုတ် အမောက်ရှိသော စုန်းတွတ်သို၊ ခြေဖျားနှိုက် အမောက်ရှိသော စုန်းကြက်တက်၊ မီးညောင်း၌ အမောက်ရှိသော စုန်းသိုးစုတ်၊ ချက်နှိုက် အမောက်ရှိသော စုန်းခအာင်း၊ ဝမ်းနှိုက်အမောက်ရှိသော စုန်းပန်းဝါပျောက်၊ ဘလုံးသားတွင် အမောက်ရှိသော စုန်းသမယ၊ ထိပ်လယ်၌ အမောက်ရှိသော စုန်းကဝေ၊ မေးဖျား၌အမောက်ရှိသော စုန်းညီနောင်၊ ဤဆယ်ပါးတို့သည် အသီးအသီး မိမိစွမ်းနိုင်သလောက် တန်ခိုန်းရှိကြကုန်သတည်း။

---

## ၁၆။ ကမ္ဘဇိဒ္ဓိတန်ခိုးရှိသောစုန်းမျိုးကိုကိုပြခြင်း

အမောက်ကားမရှိ၍ စက်ဝင်းလေးခုစီရှိသော ကဝေမည်သော စုန်းမျိုး၊ ရနီမည်သော စုန်းမျိုး၊ ရဝါမည်သော စုန်းမျိုး၊ ပိတ်တုမည်သော စုန်းမျိုး၊ ဤလေးပါးသော စုန်းမျိုးတို့သည်

တန်ခိုးကြွယ်ဝ အလွန်ကြီးကုန်၏၊ ထို့ကြောင့် ထိုလေးမျိုးသော စုန်းအမည်တို့ကို ပယောဂဆရာ သိမှသာလျှင် ကုသရန် လွယ်လင့်တကူ ပျောလ်နိုင် ကင်းနိုင်ကြမည်ဖြစ်၍ အလေးဂရုအမှတ်ပြုရာသတည်း။

---

## ၁၇၊ စုန်းမျိုးတို့အပြားကိုပြခြင်း

မှော်ဝင်စုန်း၊ ၊စုန်းမှော်စုန်။ ၊နတ်စုန်း ၊မှော်စုံစုန်း၊ ၊ဘီလူးစုန်း၊ ၊သိုးမှော်စုန်း၊ ၊မှော်ပါစုန်း၊ ၊မှော်သိမ်းစုန်း၊ ၊မှော်စင်စုန်း၊ ၊ဤစုန်းမျိုး ကိုးပါး တို့သည် နာနာရုပ်ကို အရာအသောင် အသိမ်းအသန်းမက ဘန်ဆင်းနိုင်ကြကုန်၏။

တနည်းကား၊ ၊သွေးစုန်း၊ လေစုန်း၊ ဆေးစုန်း၊ မိလာတလာစုန်း၊ ၊လက်တောက်သော်လက်စုန်း၊ ခြေတောက်သော် ခြေစုန်း၊ အမောက် သုံးဆင့်ရှိသော စုန်းဟူ၍ စုန်းမျိုး ခုနစ်ပါးတည်း၊ ၊ကဝေစုန်း၊ ခြေစုန်း၊ လက်စုန်း၊ မှော်ဝင်စုန်း၊ အိမ့်တလိမ့်စုန်း၊ ဇော်ဂနီစုန်း၊ သားတားစုန်း ဟူ၍လည်း၊ စုန်းမျိုးခုနစ်ပါး ပြားသတည်း။ ၊အစုစုပေါင်း စုန်းမျိုး ခြောက်ဆယ့်ခြောက်ပါးကို သေချာစွာ မှတ်သားပြီးမှ အချုပ်စကားအားဖြင့် မြေခြောက်ပါးကို စွဲ၍ဖြစ်သော စုန်းခြောက်ပါး၊ ၊အမောက် သုံးဆယ်ရှိသည်ဖြစ်၍ နာနာရုပ် သုံးဆယ်စီ ဘန်ဆင်းနိုင်သော တန်းခိုးကြီးသော စုန်းမျိုးခြောက်ပါး၊ နားလယ်နှိုက် အမောက်ရောက်သောစုန်း၊ နှာဖျားနှိုက် အမောက်ရောက်သောစုန်း၊ မေးဖျားနှိုက် အမောက် ရောက်သောစုန်း၊ ဦးခေါင်းနှိုက် အမောက်ရောက်သောစုန်း၊ နံတောင်နှိုက် အမောက်ရောက်သောစုန်း၊ ဝမ်းနှိုက် အမောက်ရောက်သောစုန်း၊ ချက်နှိုက် အမောက် ရောက်သောစုန်း၊ ရင်နှိုက် အမောက်ရောက်သောစုန်း၊ မီးညောင်းနှိုက်အမောက်ရောက်သောစုန်း၊ ခြေခေါင်းနှိုက် အမောက်ရောက်သောစုန်း၊ ခြေဖျားနှိုက် အမောက် ရောက်သောစုန်း၊ သလုံးသားနှိုက် အမောက်

ရောဏီသောစုန်း ဟူ၍ စုန်းမျိုး တဆယ့်နှစ်ပါး အပြားရှိ၏။ ။ အမောက်ကားမရှိ၊ စက်ဝန်းလေးခုစီရှိသော စုန်းမျိုးလေးပါး။ ။ အမောဏ် စက်ဝန်းကားမရှိ၍ နာနာရုပ် အရာအထောင်အသောင်းကို ဘန်ဆင်းနိုင်သော စုန်းမျိုးကိုးပါး။ ။ခါးနှိက် ရဲဘန်ရဲဘန် အမောက်ရောက်သောစုန်း ကဝေမျိုးကိုးပါး။ ။လက်ဝဲ နားနှိက် အမောက် စီရရီရှိသော အခြားသော စုန်းတို့ထက် တန်းခိုးကြီးသော စုန်းမျိုးခြောက်ပါး။ ။ကဝေ အိမ်တလိမ့်စသော စုန်းမျိုး ၇-ပါး၊ ပေါင်း ခြောက်ဆယ့်ခြောက်ပါးတည်း။ ။ဤစုန်းအပြားတို့ကို ပယောဂဆရာ ပြုလုပ်လိုသူတို့သည် နားလည်စေရမည်၊ ဆရာအထံ၌ အာဏာယူပြီးလျှင် သီလဖြူစင်စေ၊ သစ္စာလည်းရှိစေ၊ သို့မှ မိမိအာဏာ တည်ကြည်လိမ့်သတည်း၊

---

## ၁၈။ ကဝေပျ ကိုးပါး တို့ကိုပြခြင်း

မြင်းကဝေ၊ ။နတ်ကဝေ၊ ။ရက္ခိုက်ကဝေ၊ ။နရကဝေ၊ ။ဘီလူးကဝေ၊ ။နဂါးကဝေ၊ ။ဂန္ဓုန်ကဝေ၊ ။ဆင်ကဝေတို့သည် ရဲဘန်ရဲဘန် ခါးနှိတ် အမောက် ရှိကြကုန်၏၊ ထို့ကြောင့် ဤကဝေပျကိုးပါးကိုလည်း ပယောဂဆရာ၊ ဆေးဆရာတို့သည် နားလည်စိမ့်သောငှာ သေချာစွာ ဘော်ပြလိုက်သည်။

---

## ၁၉။ တန်းခိုးဣဒ္ဓိကြီးသော စုန်းတို့ကိုပြခြင်း

ဟဲဘူးစုန်း။ ။စုန်းဘီလူး။ ။မှော်နှာခေါင်းစုန်း။ ။ပြန်ဟာစုန်း။ ။နောဏ်သိုးစုန်း။ ။ကျားစုန်းတို့သည် လက်ဝဲနားနှိက် စီရရီအမောဏ်ရှိသောကြောင့် အခြားသောစုန်းတို့ထက် ထက်မြက်၏၊ ။ဤစုန်းမျိုးတို့ကို ကျွမ်းကျင်လိမ့်မှာအောင် အဘန်ဘန် ကြည့်ရှုမှတ်သားလင့်ကုန်၊

---

## ၂၉။ ၁၀-ပါးသော စုန်းဘုတ်တို့၏ အရှုးတိုက်ဟန် လက္ခဏာကိုပြခြင်း

စုန်းဆယ်ပါး၊ ဘုတ်ဆယ်ပါးတို့၏ အရှုးတိုက်ဟန်လက္ခဏာသဘောတို့တွင် သစ်စုန်းနှင့် ဘုတ်အရှူးတိုက်ခြင်း လက္ခဏာကား၊ သစ်ပင်ရိတ်တွင် နတ်စက်ထားတတ်ချေသည်၊ တောသို့သွားသဖြင့် သစ်ခက်သစ်ညွန့် သစ်သီး သစ်ပင်ယော်တို့ကို တောတည်းနိုက် စားလေဟန် အမူအရာ၊ ဆွတ်သဖြင့် ယူလေဟန် အမူအရာ၊ ပရပ်မနေသွားတတ်၏၊ တငါစုန်းနှင့် နားပင်းအရှူးတိုက်ဟန်ကား တောင်ပို့တွင် စက်ကို ထားတတ်ချေသည်၊ ခေါ်ယောင်၊ စကားပြောယောင်၊ ဆိုမြည်တမ်းယောင်သော၍ လိုက်အံ့လောဟူ၍မေး၏၊ နားမကြားချင်ယောင်ပြုတတ်ချေ၏၊ အသံလည်း အယောင်ပြုကတတ်၏၊ တီစုန်းနှင့်မြေဘုတ် အရှူးတိုက်လက္ခဏာသဘောကား၊ သစ်မြစ်အကျားတို့တွင် စက်ကို ထားတတ်ချေသည်၊မြေတွင် လူးလဲတတ်၏၊ မြောက်နှင့်တူစွာ အထအကိုင်အမူအရာပြုတတ်၏။ မရပ်မနေသွားလာတတ်၏၊ လက် ပန်း ပေါက်ခတ်ခြင်းကို ပြုတတ်၏၊ တသွင်သွင်ရယ်မောခြင်းကို ပြုတတ်၏။ မြေစုန်းနှင့်ဘုတ်ဘီလူး အရှူးတိုက်ဟန် သဘောလက္ခဏာကား၊ သစ်ပင်တွင် စက်ကို ထားတတ်ချေ၏၊ ဆွမ်းသင်ပုတ် တင်ယောင်ပြုတတ်၏၊ လူတို့ကိုမြင်သည်ရှိသော် ရှိခိုးတတ်၏၊ မြေကိုလည်း ကြွက်တို့ကဲ့သို့ ရက်ခြင်းပြုတတ်၏၊ ရေစုန်းနှင့် ဘုတ်အစေ့အရှူးတိုက်ဟန် သဘောလက္ခဏာ၊ တွင်းဆိုးကျင်းဆိုးတို့နိုက် စက်ကိုထားခြင်း ပြုတတ်ချေ၏။ တောင်ချောင်းကမ်းနားသို့ လှည့်လည်သွားလာချေတတ်၏၊ ခြေဆစ်-ဒူးဆစ်တို့နိုက်လည်း ဘောဘောယောင်ယောင် ရှိတတ်၏၊ ယောင်သောအခါလည်း ခရီးကို မသွားမလာရှိတတ်၏၊ အထွေထွေသောစကားကို ပြောဆိုတတ်၏၊ လက်ကိုရှက်လျက်(က)တတ်၏၊ တပျို့ပျို့ အော့အံတတ်၏၊ ဘီလူးစုန်းနှင့် ဘုတ်နောက်လှန် အရှူးတိုက်ဟန်သဘောလက္ခဏာကား၊ နတ်ကြီးဦးရှူးတွင် စက်ကို ထားတတ်ချေသည်၊ သစ်ပင်ကို ရှိခိုးတတ်၏၊ အစားအစာကို မစားမသောက်ဘဲ နေတတ်၏၊ မိမိသွားနှင့်အံစောင်ကို ကြိတ်ခဲတတ်၏၊ လက်ကိုရှက်လျက်၊(က)တတ်၏၊ ပန်းနံ့သာကို ပန်လျက် ပြေးတတ်ချေ၏၊သဘက် စုန်းနှင့် မြေဘုတ်တီတို့ အရှူး

တိုက်ဟန်ကား၊ သဘော လက္ခဏာ သစ်ရွက်တွင် စက်ကို ထားတတ်ချေ၏၊ အတွေ့ထွေ့သောစကားကို ဆိုတတ်၏၊ တီးတိုးတီးတိုး ဆိုတတ်၏၊ ဆုတ်ဘိဆုတ်ဘိဆိုတတ်၏။ လာလာသွားကြစို့ဟူ၍ ဆိုမည်ကန်းတတ်၏။ တစ္ဆေစုန်းနှင့် ဘုတ်အပြင်းဘမ်း အရှုးတိုက်ဟန်သဘောလက္ခဏာကား၊ လမ်းဆုံးတွင် စက်ကိုထားတတ်၏၊ ခေါင်းကိုက်ခဲတတ်၏၊ ခွေးကို ခေါ်သောအဟန်ကို ပြုတတ်၏၊ ထိုင်ချည်ထချည် ငုံ့ချည်လျှိုးချည် ပြုတတ်ချေ၏။ တောင်ကြည့်မြောက်ကြည့် လူကို ကြောက်ရွံ့သောတောခွေးကဲ့သို့ ရှိတတ်၏၊ ။ဒေတာသူစုန်းနှင့် ဘုတ်အသည်းကြီး အရူးတိုက်ဟန်သဘောလက္ခဏာကား၊ သစ်ပင်ရင်းတွင် စက်ကို ထားတတ်ချေသည်။ သစ်ငုတ်နှိုက်လည်း စက်ကိုထားတတ်ချေ၏၊ ထို့ကြောင့်ရကား အတွေ့ထွေ့ လှေလှော်ဟန်၊ ထင်းခွေဟန်၊ တောသွားဟန် ပြုတတ်ချေ၏။ တမှေးမှေး အိပ်ပျော်လေဟန်ပြုတတ်၏၊ နတ်စုန်းနှင့် ဘုတ်ပျက်တို့ အရူးတိုက်ဟန် လက္ခဏာသဘောကား၊ တောနက်ကြီးအိုးတွင် ၎င်း၊ နတ်အိမ်တွင် ၎င်း စက်ကို ထားတတ်ချေသည်၊ ရယ်ဒမာလျက်၊ ပန်းနံ့သာပန်လျက် (က)တတ်၏၊ ရင်တီးလက်ခတ်ပြုတတ်ချေ၏၊ လူကိုမြင်လျှင် တံတွေးနှင့်ထွေးတတ်၏၊ ဆံပင်ကိုလည်း မိမိလက်နှင့်နှုတ်တတ်၏၊ ရုံခါရုံခါ သူရောင်အဆင်းကဲ့သို ခေါ်လာသည်ဟူ၍လည်း ပြောဆိုတတ်၏၊ ။ ဤကား–စုန်း ဆယ်ပါး၊ ဘုတ်ဆယ်ပါး၊ တို့၏ အရူးတိုက်ခြင်း အကြောင်းတည်း။

၎င်းအရူးတိုက်ခြင်း၊အကြောင်းသည်၊ ဝသန္တဥတုနှိုက်စွဲသော သူတို့ကို အတတ်ကျူ ယူမှတ်ရာ၏၊

ဤဘွင် ပဒယာဂတို့ကို အသီးသီးခွဲခြမ်း၍

ဖြစ်ရာဖြစ်သော၊ ကဝေသာရကျမ်းရင်းကြီး

၉–တွဲ ပဌမပိုင်းပြီး၏။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၂၁။ ဂမုန်းညွန့်တို့ကို ပြခြင်း

၁။ ဂမုန်းနီသည်ကား ဆိပ်ဖူးရွက်ကဲ့သို့ ပြာလဲ့လဲ့နှင့် ပင်ရင်းနီ၏၊ နန္ဒင်းတက်၊ နန္ဒင်းတောင့်ကဲ့သို့ရှိခြင်း၊ ထုံးရေစင်သော် နီ၏၊ သို့မှ ဂမုန်းနီ မှန်၏၊ ဟင်းသပတားကဲ့သို့ နီမြန်းမှသာ စစ်သည်၊ သုံးလိုသော် သဗ္ဗရောဂ အစိမ်းဘုတ်ဘဲ့ွေ-ဘီလူးတို့ကို နိုင်နင်း၏၊ ဂဝံရုပ်ထု၍ဆောင်၊ ရှိန်းဆာယာမြောက်၏၊

၂။ ဂမုန်းဖြူ စစ်မစစ် သိလိုမူ ၎င်းအရွက်ကား နန္ဒင်းရွက်ကဲ့သို့ရှိ၏၊ အမြစ်သည် ဖြူ၏၊ တနှစ်တခါ တခြားနေရာသို့ ရွေ့ပြောင်း၍ ပေါက်တတ်၏၊ ထိုဂမုန်းကို ဂမုန်းလည် ဟူ၍လည်း ခေါ်ကြကုန်၏၊ အဖြူစစ်လျှင် နေရာမမြဲ၊ ရွေ့မြဲမမွှာ ဖြစ်၏၊

၃။ ဂမုန်းနက်သည်ကား နန္ဒင်းဥ-နန္ဒင်းရွက်ကဲ့သို့ နက်၏၊ ကျောက်မီးသွေးကဲ့သို့ ရှိတတ်၏၊ သို့မှသာလျှင် စစ်သည်။ ကိုယ်တွင် လိမ်းကျံသော် ရှိန်းဆာယာပြီးစီး၏၊ ဂဝံထု၍ဆောင်မူ ရှိန်းဆာယာ အောင်မြင်၏၊ ကျား-မိကျောင်း-ခွေး-ဝက်-ဘင်း မြွေတို့ မကိုက်ဝံ့ကုန်၊ အမှုံ့ပြုလျက် ကြေးခပ်ပြာကို ထိပ်လင်းအောင် တို့၍ခပ်၊ ရေနံတွင် ၇-မီးသွန်း၊ သုဝဏ္ဏခမ္မအစစ် ဖြစ်၏၊

၄။ ဂမုန်း ခတ္တာသည်ကား ဂမုန်း ကတိုးရွက်ကဲ့သို့ အရွက်အနား လဏီတလုံးလုံးရေးရေးနီ၏၊ မြေမြင့်ပြာသာဒ် ရောက်တတ်၏။ ကျောက်လည်း ပေါက်တတ်၏၊ ခေါင်းကြက်ဥခန့် ပမာဏ ရှိ၏၊

၅။ ဂမုန်းကတိုး၏ အဆင်းသဏ္ဌာန်ကား အရွက်လဏီဝါး ပမာဏခန့် ရှည်ရှည်ဝန်းဝန်း ရှိ၏၊ မြေနှင့် တထွာ တမိုက်ခန့် ပေါက်တတ်သည်၊ အသုံးပြုရန်ကား ငွေတ္တီသျှိုတွင် ဆောင်၊ အောင်မြင်တတ်၏၊

၆။ ဂမုန်းဝတ်လာသည်ကား ဝမ်းနီ၍ ကျောကမဲ၏၊ ဝက်တို့ ချစ်ခင်တတ်၏။

၇။ ဂမုန်းခွေးလာသည်ကား အရွက် လက်မပမာဏခန့် ရှိ၏။ မြေတွင် ပြာသာဒ်ရောက်၏၊ ဆိပ်ဖူးရွက်ကဲ့သို့ အသွင် ပြာပြာ စိမ်းစိမ်းညိုညိုလည်း ရှိ၏၊ ခွေးတို့သည် ချစ်ခင်တတ်ကုန်၏။

၈။ ဂမုန်းနွားလာသည်ကား ဝမ်းနီလျက် အကြောကညို၏။ ညိုမောင်းတွင်လည်း အဖြူပြောက်ပေါ်၍ ထင်၏၊ ဂ-ပါးခဲသော ဂမုန်းတို့သည် ဆိပ်ဖူးရွက်သဏ္ဌာန်တူ၏၊ အဥသာ ကွဲလွဲကြကုန်၏။

၉။ ဂမုန်းကြက်လာသည်ကား ဆိပ်ဖူးရွက်ကဲ့သို့ သဏ္ဌာန်တူ၏။ ပြာပြာစိမ်းစိမ်း အရောင်ရှိ၏၊ ပြာလွှဲလွဲလည်း စာတစောင်က ဆိုလေသည်၊ ကြက်တို့ ချစ်ခင်တတ်ကုန်၏။

၁၀။ ဂမုန်းပြောက်ငယ်သည်ကား ဆိပ်ဖူးရွက်ကဲ့သို့ သဏ္ဌာန်တူ၏၊ မြေတွင် ပြာသာဒ်ရောက်၏၊ အရွက်မှာလည်း ညွှင်းပြောက်ကဲ့သို့ ရှိလေ၏။

၁၁။ ဂမုန်းပြောက်ကြီးသည်ကား နနွင်းပင်သဏ္ဌာန် တူ၏။ ညိုမောင်းတွင်လည်း အဖြူညွှင်းပြောက် ရှိလေ၏။

၁၂။ ဂမုန်းရှင် သူငယ်သည်ကား ဆေးတလုံးပင်ကဲ့သို့ ပမာတူ၏။ ငှက်ပျောရွက်ကဲ့သို့ အဖျားက တိတိဝန်းဝန်းရှိ၏၊ အရွက်နီမြန်း၏၊ ခေါင်းမှာ ငှက်ပျောခေါင်း–ပိန်းခေါင်းကဲ့သို့ ရှိမှ ဂမုန်းရှင်သူငယ်စစ်သည်။ အမှုန့်ပြုလျက် ဘင်ကိုဖြူး၍ထိုး၊ နွားချေး ရေမှာ ဆယ်မီးစွေအောင် သွန်၊ ဘင်ဖြူ၏၊ ဒါန်ကိုဖြူး၍ထိုး၊ ဒါန် သေရာ၏။

၁၃။ ဂမုန်းရစ်သည်ကား နနွင်းပင်သဏ္ဌာန် အရွက်နီမြန်း၏၊ ပြာပြာစိမ်းစိမ်း ညွှင်းပျောက် သေးသေးလည်းရှိ၏၊ အရွက်လည်း ထူ၏။ အရွက်ဖျားမှာလည်း စိမ်း၏၊ အသုံးပြုရန်မှာ ဣတ္ထိသဗ္ဗညျု ပြီး၏၊ ဆောင်သောအခါ စားသောဒဏ်ပြန်၊ ထမင်းဟင်းလျာတွင် သူ တထူး မကောင်းဆေးခပ်လျက်ပေးလျှင် ၎င်းဂမုန်းရစ် အမှုန့်ကို ထည့်၊ ၎င်းထမင်းဟင်းလျာကို နနွင်းသားကဲ့သို့ဝါမှစားလေ၊ မသေ နိုင်ပြီ၊ မသေစေသောဆေးဟူသမျှကို နိုင်နင်းနိုင်၏၊ ကျွားမြွေများ လည်း မကိုက်ဝံ့ပြီ။

၁၄။ ဂမုန်းလိပ်မွေ့သည်ကား၊ ဇရစ်မဟောရာ ပိန်းတို့နှင့်တူ၏၊ အပင်ခတ်သေးသေး၊ အရွက်မှာတချစ်တည်းရှိ၏၊ အမြစ်မှာ တလုံးတည်းရှိ၏၊ အရိုးကိုဆိပ်၍ကြည့်လျှင် နို့ရေကဲ့သို့ ထွက်လာ၏၊

၁၅။ ဂမုန်းလိပ်မထွားသည်ကား၊ ဆိပ်ဖူးရွက် သဏ္ဌာန်ကဲ့သို့ သဏ္ဌာန်တူ၏၊ ကုက္ကုလည်းရှိ၏၊ အရွက်ရော်၍ကျလျှင် အညွန့်အပင်ပါရော်၍ကျသည်၊ အမြစ်ခေါ်သည်၊ ထမင်းဟင်းယှဉ်တွင် အမှုန့်ပြု၍ကျွေးလေ၊ စားမိလျှင် ကျွန်မပြေးနိုင်ပြီ၊ ဣတ္ထိသျှိုလည်းကောင်းလှ၏။

၁၆၊ ဂမုန်းဆိပ်နာသည်ကား၊ ခတ္တာရွက် ကဲ့သို့ ကျောခုံကျော့၊ အမြစ်မှာ တမာမြစ်နှင့် သဏ္ဌာန်တူ၏၊

၁၇၊ ဂမုန်းသဃ်ာဇင်သည်ကား၊ ဇလတ္တာပင်ပုံသဏ္ဌာန်ကဲ့သို့ အမြစ် လုံးလုံး နေ၏၊

၁၈၊ ဂမုန်းလိပ်လာသည်ကား၊ ဆိပ်ဖူးရွက်ကဲ့သို့ အတွင်း၊ ဝမ်းက အပြောက်ရှိ၏။ အမြစ်တွင်လည်း အပေါက် အပေါက်ရှိ၏၊

၁၉၊ ဂမုန်းဝေါသဇင်သည်ကား၊သူတထူးတို့နှိုတ် ဒဏ်ပြန်ကောင်းလှ၏၊

ဆိုခဲ့ပြီးသည့် ဂမုန်းမျိုးတို့ကို အစဉ်မှန်အောင် စုယူပြီးလျှင် သုံးရသောအကျိုးမှာ၊ ရာဇသဗ္ဗသျှို၊ ပြီးနိုင်သည်၊ ခြသေ့်-သစ်ကျား-ဆင်-မြင်း-ကျွဲ-နွား-မိကျောင်း-ဝံ-ဘီလူး-ဘစ္ဆေ- ရွက္ခဘုမ္မဋ္ဌစသော-နတ်ပြိတ္တာ-စုန်းပြိတ္တာ-တို့ကို နိုင်ရန် အကြောင်းရှိ၏၊

၂၀။ ဂမုန်းဆင်ကာလကဏ္ဍိသည်ကား၊ ဆေးဘလုံး ရွက်သဏ္ဌာန်ကဲ့သို့ အရွက်နီမြန်း၏၊ အရွက်ကျောမှာ စိမ်း၏၊ ဘဲစးကဲ့သို့ခေါင်းတွင် အထက်က သရက်ကင်းနှင့် တူ၏၊

၂၁၊ ဂမုန်းလူ ကာလ ကဏ္ဍိသည်ကား၊ အရွက်မှာ ကြက်သွန်ဖြူရွက်ကဲ့သို့ရှိ၏၊ ခေါင်းတွင် လုံ့ရာကဲ့သို့ ကြက်ခြေအရာလည်းရှိ၏၊

၂၂၊ ဂမုန်းမြင်းကာလ ကဏ္ဍိသည်ကား၊ အရိုးအရွက်အကျော နီးမြန်း၏၊ အရွက်မှာ တဘက်တစိမ်း၏၊ တဘက်ကား

သရက်ကင်းနှင့် ပုံသဏ္ဍာန်တူ၏။ ဤဂမုန်းတို့သည် ရာဇဝတ္ထုသို့ ဓနကိုလည်း ဖြူစေခြင်းအကြောင်းရှိ၏။

၂၃။ ဂမုန်းမသည်ကား၊ ရွှေသား၏သဏ္ဍာန်ရှိ၏၊ ကြောင်ပန်း ရှားဇောင်းပင်တွင် ရောက်တတ်၏။

၂၄။ ဂမုန်းကြက်တောင်ဇင်သည်ကား၊ ကြက်ကဲ့သို့ အရင်းစိစိ အဖျားဖွားဖွားရှိ၏၊ အရွက်မှာ စိမ်းပြာပြာ စုစုရှိတတ်၏၊ အမြစ်ခြေခေါင်းကဲ့သို့ ပုံသဏ္ဍာန်ရှိ၏၊ အရွက်အဖျားက ခတ်ချွန်ချွန်ရှိ၏။

၂၅။ ဂမုန်းသဘော်ဇင်သည်ကား၊ ဆေးတလုံးပင်နှင့် တူ၏၊ တပင်လုံးအရိုးကို ဆိပ်သည်ရှိသော် နို့ရေကဲ့သို့ အဖြူအနီ ရှိ၏၊

၂၆။ ဂမုန်းစမ္ဗာဥသည်ကား၊ နွားမျက်ရင်းရွက် ကဲ့သို့ အစေးတို့ထွက်၏၊ သဏ္ဍာန်တူ၏၊ အရွက်ခတ်ထူထူ အရိုးစိမ်းစိမ်းနှင့် အမြစ်စုစုလုံးလုံး နေတတ်၏၊

၂၇။ ဂမုန်းကြက်တောင်သည်ကား၊ ကြက်တောင်နှင့် တသဝေမကွာ အရွက်ချွန်းချွန်းရှိ၏၊ ခေါင်းတလုံးတည်း၊ ရှစ်ရှားသီး ငွေသီးကဲ့သို့ ရှိ၏၊

၂၈။ ဂမုန်းကြက်ခေါင်းကား၊ အရွက်ကြက်တောင်သဏ္ဍာန် ကြက်တောင်စည်ကဲ့သို့ သွယ်သွယ် နီကျင်ကျင် ရှိ၏၊

၂၉။ ဂမုန်းလက်ညှိုး သည်ကား လက်ညှိုး၊ ပုံသဏ္ဍာန်၊ သွယ်သွယ်သပ်သပ်ရှိ၏၊ အရွက်ကားမရှိ၊ ကျောက်သစ်ပင်တို့တွင် ပေါက်ရောက်တတ်၏၊

၃၀။ ဂမုန်းကြက်မီးသည်ကား ကြက်မီးနှင့်ပုံသဏ္ဍာန်တူ၏၊ သွယ်သွယ်သပ်သပ်လည်းရှိ၏၊ အရွက်ကားမရှိ၊ ကျောက်သစ်ပင်တို့တွင် ပေါက်ရောက်တတ်၏၊

၃၁။ ဂမုန်းကျီးခြေသည်ကား အပင်ခပ်သေးသေး ကျီးတို့၏ ခြေသဏ္ဍာန် အခက်နှစ်ခုရှိ၏၊ အပင်စောက်မှာ တမိုက်ဘည်သြူသာ ရှိ၏၊ အင်တိုင်းတောတို့တွင် ပေါက်ရောက်တတ်၏၊

၃၂။ ဂမုန်းကျေးခြေသည်ကား ကျေးတို့၏ ခြေသဏ္ဍာန် ရှိ၏၊ သွယ်သွယ်လည်း ရှိ၏၊ ကျောက်များတွင် ပေါက်ရောက်တတ်၏၊

၃၃၊ ဂမုန်းသံဆက် သည်ကား လက်ဆက်လည်း ဆိုကြကုန်၏၊ သံဆက်နှင့် တသဝေမကွာတူ၏၊ အမြစ်ထွေးထွေး ရှုပ်ရှုပ်ရှိ၏၊ အရွက်ကားမရှိ၊ အရွက်ခံပင်ကဲ့သို့ အဖြူအနီနှစ်ပါးရှိ၏၊

၃၄၊ ဂမုန်းကျောက်ငို သည်ကား ကြောင်သို ဟူ၍လည်း တချို့ဆိုကြကုန်၏၊

၃၅၊ ဂမုန်းကိုယ်ရံကြီး သည်ကား ခတ္တာပင်နှင့် သဏ္ဍာန်တူ၏၊ အရွက်မှာ ဆပ်သွားရွက်ကဲ့သို့ကြီး၏၊ ခေါင်းကြက်သွန်ဖြူခန့် ပမာဏရှိ၏၊ ။သည်အစင်ဂမုန်း၊ ဂမုန်းကျောက်ငို၊ ဂမုန်းကျောက်မီး၊ ဂမုန်းကိုယ်ရံကြီး၊ ဂမုန်းခတ္တာ၊ ဂမုန်းကျောက်ထိပ်၊ ဂမုန်းမြွေ၊ ဂမုန်းဆိပ်နို့၊ ၎င်းဂမုန်းမျိုးတို့သည်ကား ဒန်ကိုဖြူစေနိုင်၏၊

၃၆၊ ဂမုန်းရန်မီးသည်ကား ခတ္တာရွက်နှယ်တွင် သေးသေး မြှင်မြှင်ရှိ၏၊ အပင်မကိုလည်း အပင်ငယ်များက ဝတ်ရံကြကုန်၏၊ တခါတခါနိုက် တချို့သာပတ်ကြကုန်၏၊

၃၇၊ ဂမုန်းရန်လွှတ်သည်ကား ရန်းမီးနှင့် ပုံသဏ္ဍာန်တူ၏၊ တချို့တဝက်သာရံသည်၊ တချို့တဝက်ကြွင်းသည်၊ တရံတခါလည်းရှိ၏၊ ရန်လွှတ်ကိုသိလိုမူ သစ်သားကို ဝန်းခြံပတ်လည် စိုက်၍ထား၊ တနှစ်လည်လျှင် ပြင်ဘက်မှာသာ ပေါက်ကုန်၏၊ သို့မှ စစ်သည်၊ သုံးလတကြိမ်၊ ခုနစ်လတကြိမ်လည်း၍ ပေါက်၏၊ ရန်လွှတ်စစ်လှ ချေသော် ရန်သူဝိုင်းမိသော်လည်း ထောင်သောင်းဗိုယ်ပါ စစ်သည် တို့လက်တွင်းက လွှတ်ထွက်နိုင်၏၊

၃၈၊ ဂမုန်းခတ္တာဖြူမှာ ခတ္တာပင်ကိုဆိုလိုသည်၊

၃၉၊ ဂမုန်းခတ္တာရွှေ သည်ကား ခတ္တာပင်နှယ်တွင် နနွင်းသားသို့တူ၏၊ နာကိုဖြူစေနိုင်၏၊ ကန့်ချုပ်နီ၊ စွန်နီလက်သဲ၊ ဆိပ်ချေး၊ သရက်ကောင်းနှင့် ခုနစ်ရက်စိမ်၊ စိမ်ပြီးမှ အမှုန့်ပြုလျက် အရောင်အောင် ထိုးရမူ ၎င်းအထက်က စိမ်ရေတွင် အဘန်များစွာသွန်လျှင် နာကိုသိစေနိုင်၏၊

၄၀၊ ဂမုန်းခတ္တာကြောင်သည်ကား ပင်ရင်းက နီမြန်းခြင်းရှိ၏၊

၄၁၊ ဂမုန်းခတ္တာနီသည်ကား အပင်က အပွင့်မှာ ဟင်းသပဒါးကဲ့သို့ နီခြင်းရှိသည်တွင် ကျမ်းတစောင်တွင်ဆိုလေသည်၊ အမြစ်

ကား ဖြူ၏၊ စမ်း၍ကြည့်လိုမူ ကြိတ်ပြီးလျှင် သစ္စေးတွင်ခပ်၊ ငှင်းခါစွေးဖြူ၏၊ ဂမုန်းအဘော်ရှိမှသာနေ၏၊ တပါးတည်းရှိခဲ့မူ မနေဟူ၍ ဆိုကြကုန်၏၊ ကျမ်းတစောင်က ခိုသည်မှာကား အမှုန့်ပြုပြီးလျှင် ဒန်တွင် ဖြူးကာဖြူးကာထိုး၊ ငွေမစစ်ငွေ ဖြစ်သည်ဟု ဆို၏၊ နာကို ငြုတ်ပျံတလုံးနှင့်ကြိတ်၍ လိမ်းရမူ ထွက်၍လာရ၏၊ ဦးရည်သွေးနာနှင့် ဆိုင်သမျှကို အတုမရှိကောင်းလှ၏ဟု ဆရာမြတ်တို့ မိန့်ဆိုတော် မူကြကုန်၏၊

၄၂၊ ဂမုန်းနကျေးမီး သည်ကား ကျေးတို့၏ သဏ္ဌာန်နှင့် အရွက်ထူ၏၊ ခေါင်းကြက်သွန်ဖြူကဲ့သို့လည်းရှိ၏၊ ဆင်သမား၊ နွားသမား၊ မြင်းသမာတို့ကို တံထွေးနှင့်တင်ရမူ လွတ်ကင်း နိုင်၏ဟု ဆရာတို့ဆိုကြကုန်၏၊

၄၃၊ ဂမုန်းလဝန်း သည်ကား အပင်ရင်း နီကျုံကျုံရှိ၏၊ အရွက်မှာကား ခတ္တာရွက်ကဲ့သို့ရှိ၏၊ ခေါင်း ကြက်သွန်ဖြူ ကဲ့သို့လည်း ရှိ၏၊ လေ့ခါးရင်းတွင် စိုက်ထားရမူ၊ လာဘ်သပ္ပာယ တိုးတတ်ဝင်ရောက်တက်၏၊ ဘုတ်ပြင်းဘမ်းဌားမူ နိုင်စေနိုင်၏၊ မြွေကိုက်ခဲ့မူ တံထွေးထွေးပြီးလျှင်ပွတ် လွတ်ကင်း၏၊ ဤဆွဲသျှိုပြမှာလည်း ပြီးစီးနိုင်၏၊ လဝန်းရုန်မီးကြက်သွတ်တို့သည်ကား၊ စုန်းတို့ကို ဒဏ်မြန်ရ၏၊

၄၄၊ ဂမုန်းလဝန်းသည် ခေါင်းကြက်သွန်ဖြူကဲ့သို့ရှိ၏၊ အရွက်ကား ဟန်ကော်ပိတ်တောက်ရွက်ပုံသဏ္ဌာန် အချို့ကလည်း ခတ္တာခတောက်ရွက် ပုံသဏ္ဌာန်ရှိ၏ဟုဆိုကြကုန်၏၊ တမိုက်တညှိုသခုရှိ၏၊ အမြစ်သည် အဥလုံးရှားရှားရှိ၏၊ အညွန့်ထွက်တိုင်း အဆစ်တွင် အမြစ်ရောက်၏၊ အပင်အညွန့်တိုင်းသွက်၏၊ အညွန့်ထွက်တိုင်းလည်း အမြစ်ရောက်၏၊

၄၅၊ ဂမုန်းနီ၊ ဂမုန်းရစ်၊ ဂမုန်းကဘိုး၊ ဂမုန်းသိပ်မှထွား၊ ဂမုန်းလဝန်း၊ ဂမုန်းပြာသာဒ်၊ ဤဂမုန်းတို့သည် ပီယသိဒ္ဓိပြီး၏၊

၄၆၊ ဂမုန်းသဘော်ကာလကဏ္ဍိ၊ ဂမုန်းလူကာလကဏ္ဍိ၊ မြင်းကာလကဏ္ဍိ၊ ဆင်ကာလကဏ္ဍိ၊ ဤဂမုန်းမျိုးတို့သည် သဗ္ဗရာဇဘုတ္တသျှိုသုံးပါးပြီးဆုံးတိုင်ရောက်၏၊

၄၇၊ ဂမုန်းခတ္တာ ရွှေသည်ကား၊ မိကျောင်းသည်းခြေ၊ စပါးကြီးသည်းခြေ၊ ကြောင်လျှာမြစ်၊ ဤဆေးသုံးပါးနှင့် ကြိတ်

ပြီးလျှင် ကြေးနီတွင်ပစ်၊ ရေနံနှင့်ဆေးတို့ဖျော်ပြီးလျှင်သွန်၊ သုဝဏ္ဏ အစစ်ဖြစ်၏။ ဂန္ဓမာလာကရှိပြီး၏။

၄၈၊ သစ်တက်လင်းနေသော်ကား နားပင်းလျှင် သွေး၍ ဝါဂွမ်းနှင့်ညှစ်ချ၍ ကြပ်ရမူကောင်းစွာ ပျောက်ကင်းနိုင်၏။ နွားနက်မှာတွယ်သည့်မွှား၊ ရှဉ့်သွေးကြက်နက်သွေးနှင့်ကြိတ်၊ တစ်တီတူးဟောင်ကို စုတီတန်ကိုလုပ်လျက် နွားနက်မွေးကို စုက်သွားလုပ်ပြီးလျှင် ခြေမကြိုးနှင့်စည်း၊ အမည်ကို နတ်အိုးတွင်ရေးရမည်၊

---

## ၂၂။ စုန်းပယောဂတို့ကိုနိုင်ရာသော ဂမုန်းတို့ကိုပြခြင်း

၄၉၊ ဂမုန်းသူတော် ရောင်သည် စမျဉ်၊ တိုင့်စုန်းတို့ကို ကောင်းစွာနိုင်နင်းနှိုင်၏။

၅၀၊ ဂမုန်းနီသည်ကား စုန်းနားပင်းကို နှိပ်နင်းနှိုင်၏။

၅၁၊ ဂမုန်းနက်သည်ကား စုန်းဥတလုံးကို ကောင်းစွာ နှိပ်နင်းနှိုင်ခြင်း အကြောင်းရှိ၏။

၅၂။ ဂမုန်းကတိုးသည်ကား စုန်းလေပွေကိုနှိပ်နင်းနိုင်ခြင်း အဖြစ်သို့ရောက်၏။

၅၃၊ ဂမုန်းခတ္တာသည်ကား စုန်းဘီလူးကို ကောင်းစွာ နှိပ်ကွပ်နှိုင်ခြင်းသို့ ရောက်၏၊

၅၄၊ ဂမုန်းခတက်သည်ကား စုန်းနဂါးကို နှိပ်နင်းနှိုင်ခြင်း၊ အကြောင်းရှိ၏။

၅၅၊ ဂမုန်းခွေးလာသည်ကား စုန်းသူကောင်းကို နှိပ်ကွပ် နှိုင်ခြင်းအဖြစ်သို့ ရောက်၏၊

၅၆၊ ဂမုန်းနွားလာသည်ကား၊ စုန်းသူကြွယ်ကိုကောင်းစွာ နိုင်ခြင်းအကြောင်းသို့ရောက်၏။

၅၇၊ ဂမုန်းပြာသာဒ်သည်ကား စုန်းဘုတ်ကို ကောင်းစွာ နိုင်ခြင်းအဖြစ်သို့ ရောက်နှိုင်၏။

၅၈၊ ဂမုန်းပြောက်ကြီးသည်ကား စုန်းမစ္ဆာယာကို နှိပ် ကွပ်နိုင်ခြင်း၊ အကြောင်းရှိ၏။

၅၉။ ဂမုန်းပြောက်ငယ်သည်ကား၊ စုန်းဘွတ်သိုကိုကောင်းစွာ နိုင်ခြင်းအဖြစ်သို့ ရောက်၏။

၆၀။ ဂမုန်းရစ်သည်ကား စုန်းသိုးစုတ်ကို ကောင်းစွာ နှိပ်နင်းနိုင်ခြင်းအဖြစ်သို့ ရောက်၏။

၆၁။ ဂမုန်းလိပ်မထွားသည်ကား စုန်းညီနောင်ကို နှိပ်ကွပ်နိုင်ခြင်းအဖြစ်သို့ ရောက်၏။

၆၂။ ဂမုန်းလိပ်မေ့သည်ကား စုန်းအောင်ကို ကောင်းစွာ နိုင်ခြင်းအဖြစ်သို့ ရောက်၏။

၆၃။ ဂမုန်းဆိပ်နွားသည်ကား စုန်းပုဝါပျောက်ကို ကြပ်ကြပ်တည်းတည်း နှိပ်စက်ခြင်းအဖြစ်သို့ ရောက်၏။

၆၄။ ဂမုန်းသိဒ္ဓါသည်ကား စုန်းပုဝါနီကို ကောင်းစွာ နှိပ်စက်နိုင်ခြင်းအဖြစ်သို့ ရောက်၏။

၆၅။ ဂမုန်းသဃ်ာဇင်သည်ကား၊ စုန်းပဝေဏီကိုကောင်းစွာ နိုင်နင်းခြင်းရှိ၏။

၆၆။ ဂမုန်းကြက်ငိုသည်ကား စုန်းပုဝါပြိတ္တာကို မပြတ် နှိပ်စက်နိုင်ခြင်းအဖြစ်သို့ ရောက်၏။

၆၇။ ဂမုန်းရန်မီးသည်ကား မှော်စုန်းများကို ကောင်းစွာ နှိပ်စက်နိုင်၏။

၆၈။ ဂမုန်းရန်လွှတ်သည်ကား မှော်ဝင်စုန်းကိုကောင်းစွာ မပြတ် နှိပ်စက်နိုင်ခြင်းသို့ ရောက်၏။

၆၉။ ဂမုန်းကိုရန်ကြီးသည်ကား မှော်ဘီလူးစုန်းတို့ကို နှိပ်ကွပ်နိုင်ခြင်းအဖြစ်သို့ ရောက်၏။

၇၀။ ဂမုန်းခတ္တာဖြူသည်ကား စုန်းမှော်သိန်ကိုကောင်းစွာ နိုင်ခြင်းအဖြစ်သို့ရောက်၏။

၇၁။ ဂမုန်းခတ္တာရွှေသည်ကား ပြင်ကဝေကို ကောင်းစွာ နိုင်ခြင်းအဖြစ်သို့ ရောက်၏။

၇၂။ ဂမုန်းဆိပ်နို့သည်ကား အိမ့်တလိမ့်စုန်းကိုကောင်းစွာ နိုင်ခြင်းအဖြစ်သို့ ရောက်၏။

၇၃။ ဂမုန်းလဝန်းသည်ကား ဘီလူးကဝေကို ကောင်းစွာ နိုင်ခြင်းအဖြစ်သို့ ရောက်၏။

၇၄၊ ဂမုန်းကြက်သွေးသည်ကား နဂါးဇွာဝေကိုကောင်းစွာ နိုင်ခြင်းအဖြစ်သို့ ရောက်၏၊

၇၅၊ ဂမုန်းညွှေ့လာ သည်ကား ကဝေမြောက် စုန်းကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏၊

ဤသို့လျှင် စုန်းပယောဂတို့အား နိုင်နင်းနိုင်သော ဂမုန်းတို့ကို ရှာဖွေစည်းပေါင်း၍ ပယောဂဟူသမျှကို ကုသကြကုန်၊

---

## ၂၃။ နတ်တို့ကို နိုင်ရသော ဂမုန်းတို့ကိုပြခြင်း

၇၆၊ ဂမုန်းသဇင်သည်ကား မှော်နတ်ကို ကောင်းစွာနိုင် ခြင်းအဖြစ်သို့ ရောက်၏၊

၇၇၊ ဂမုန်းရွှေရောင်သည်ကား ကျွားနတ်ကို ကောင်းစွာ နိုင်ခြင်းအဖြစ်သို့ ရောက်၏၊

၇၈၊ ဂမုန်းဇီဝါသည်ကား ဖုတ်နတ်ကို ကောင်းစွာနိုင်ခြင်း အဖြစ်သို့ ရောက်၏၊

၇၉၊ ဂမုန်းသောဝသည်ကား ငန်းနတ်ကိုကောင်းစွာနိုင်ခြင်း အဖြစ်သို့ ရောက်၏၊

၈၀၊ ဂမုန်းနဂါးသည်ကား သိုးနတ်ကိုကောင်းစွာနိုင်ခြင်း အဖြစ်သို့ ရောက်၏၊

၈၁၊ ဂမုန်းဆင်စွယ်သည်ကား သိုးမွှန်နတ်ကို ကောင်းစွာ နိုင်ခြင်းအဖြစ်သို့ ရောက်၏၊

၈၂၊ ဂမုန်းမြင်းသာသည်ကား မိုးနတ်ကို ကောင်းစွာနိုင် ခြင်းအဖြစ်သို့ ရောက်၏၊

၈၃၊ ဂမုန်း အင်ကြင်းသည်ကား မြောက်ဘက် ရှင်မကို ကောင်းစွာ နိုင်ခြင်းအဖြစ်သို့ ရောက်၏၊

၈၄၊ ဂမုန်း လက်ဆက်သည်ကား အနောက် မိဖုရားကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏၊

၈၅၊ ဂမုန်းဘယောင်းပန်းသည်ကား မိုးညှင်း မိဖုရားကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏၊

၈၆။ ဂမုန်းဖြူသည်ကား စလေမိဖုရားကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏။

၈၇။ ဂမုန်းနက်သည်ကား၊ တောင်အုမင်းကြီး နတ်ကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏။

၈၈။ ဂမုန်းကတိုးသည်ကား၊ ရခိုင်မိဖုရားကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏။

၈၉။ ဂမုန်းရစ်သည်ကား၊ ထီးဖြူဆောင်းနတ်ကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏။

၉၀။ ဂမုန်းပြောက်သည်ကား၊ တောင်မကြီးနတ်ကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏။

၉၁။ ဂမုန်း ကျီးခြေသည်ကား၊ မင်းကျော်စွာ နတ်ကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏။

၉၂။ ဂမုန်းသဃ်ဇင်သည်ကား၊ မင်းစစ်သည်ကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏။

၉၃။ ဂမုန်းပြသာဒ်သည်ကား၊ ရှင်မင်းခေါင်ကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏။

၉၄။ ဂမုန်းသိကြား သည်ကား၊ ကိုးမြို့သခင်ကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏။

၉၅။ ဂမုန်းကာလ ကဏ္ဍ သည်ကား၊ ရွှေလင်ပန်းနတ်ကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏။

၉၆။ ဂမုန်းရန်လွတ်သည်ကား၊ တောင်တော်ရှင်မနတ်ကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏။

၉၇။ ဂမုန်းလဝန်းသည်ကား၊ ဇလွန်မှော်နတ်ကိုကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏။

၉၈။ ဂမုန်းကြက်ညွန်းသည်ကား၊ မဟာဂီရိနတ်ကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏။

၉၉။ ဂမုန်းနာဂထာသည်ကား၊ အနောက်မိဖုရားနတ်ကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏။

၁၀၀။ ဂမုန်း နာဂနီသည်ကား၊ အောင်စွာမကြီး နတ်ကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏။

၁၀၁။ ဂမုန်း နာဂရွှေသည်ကား၊ စလေမိဖုရား နတ်ကို ကောင်းစွာ နိုင်ခြင်းသို့ ရောက်၏။

၁၀၂။ ဂမုန်းနာဂသိန်သည်ကား၊ ကျူစွာနတ်ကို ကောင်းစွာ နိုင်ခြင်းသို့ ရောက်၏။

၁၀၃။ ဂမုန်း နာဂမသည်ကား၊ မေခ်ဘုင် မိဖုရားနတ်ကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏။

၁၀၄။ ဂမုန်းနာဂမှိုင်းသည်ကား၊ ပုပ္ပါးမောင်တော်-နှမ တော်ကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏။

၁၀၅။ ဂမုန်းနာဂနက် သည်ကား၊ မြင်းဖြူရှင် နတ်ကို ကောင်းစွာ နိုင်ခြင်းအဖြစ်သို့ ရောက်၏။

၁၀၆။ ဂမုန်း နာဂမှိုင်းသည်ကား၊ ရှင်မင်းခေါင် နတ်ကို ကောင်းစွာနိုင်ခြင်းသို့ ရောက်၏။

၁၀၇။ ဂမုန်း နာဂထေ သည်ကား၊ ရှင်တော်မ နတ်ကို ကောင်းစွာနိုင်ခြင်းသို့ ရောက်၏။

၁၀၈။ ဂမုန်းကြက်သူငယ်သည်ကား၊ အတွင်းဦးရှ ပြင်ဦးရှ ကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏။

၁၀၉။ ဂမုန်းညှော်လာ သည်ကား မဟာဂီရိ ဘိုးတော်နတ် ကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏။

၁၁၀။ ဂမုန်းကတိုးသည်ကား၊ နဂါးနတ်ကို ကောင်းစွာ နိုင်ခြင်းအဖြစ်သို့ ရောက်၏။

၁၁၁။ ဂမုန်းလိပ်လာသည်ကား၊ ငါးစီးရှင်နတ်ကို ကောင်း စွာ နိုင်ခြင်းအဖြစ်သို့ ရောက်၏။

၁၁၂။ ဂမုန်းဆိပ်နို့သည်ကား၊ ဂဠုန်နတ်ကို ကောင်းစွာ နိုင်ခြင်းအဖြစ်သို့ ရောက်၏။

၁၁၃။ ဂမုန်းခြံထွက်သည်ကား၊ တစီးရှင်နတ်ကို ကောင်းစွာ နိုင်ခြင်းအဖြစ်သို့ ရောက်၏။

၁၁၄။ ဂမုန်းတောင်စွန်ဖြူသည်ကား၊ ဆယ်စီးရှင် နတ်ကို ကောင်းစွာနိုင်ခြင်းအဖြစ်သို့ ရောက်၏။

၁၁၅။ ဂမုန်းဘီလူးသည်ကား မာတာရာနတ်ကို ကောင်းစွာ နိုင်ခြင်းအဖြစ်သို့ရောက်၏။

၁၁၆၊ ဂမုန်းဥတလုံးသည်ကား နတ်နှားပင်းကို ကောင်းစွာ နိုင်ခြင်းအဖြစ်သို့ရောက်၏၊

၁၁၇၊ ဂမုန်းတင်သည်ကား ဥဘူလုံးနတ်ကို ကောင်းစွာ နိုင်ခြင်းအဖြစ်သို့ရောက်၏၊

ဤနတ်နိုင်ဂမုန်းတို့ကို ပေါင်း၍ကြိတ်ပြီးလျှင် တဝက်ခွဲလျက် တဝက်တွင် ဆေးဒန်း၊ ကန့်၊ လင်းနေ၊ ဆိပ်ဖူး၊ စစ်တိုးနှော၊ သာသနာငါးထောင်ဆေးနှော၊ အမတေပေါင်း၊ စွယ်ပေါင်း ရွှေဆိုင်းနှောလျက်ကြိတ်၊ နံ့သာမျိုးငါးပါး၊ ကတိုးစွက်၍ နံ့သာဆီတို့နှင့် ဖုန်းပြီးလျှင် ကြိတ်ပြီးသည်ကာလ ဆေးကိုတောင့်လျက်တား၊ စုန်းဘမ်းနတ်ဘမ်းရှိခဲ့မူငင်းဆေးကိုထိပ်တွင်စေ-တဘက်တချက်ပိတ်၍ ထိုး၊ သည်-၃ လုံးစီထိုးလေ၊ စုန်းမျိုး နတ်မျိုးတို့ကို နိုင်ခြင်းအကြောင်းရှိ၏၊

ဤဆေးထိုးမိလျှင် စုန်းတိုက်၊ နတ်တိုက်၊ သူပြု-လူပြု-တစ္ဆေတိုက်၊ အင်းတိုက်၊ ရုပ်ထား၊ နံ့ထား၊ ခရုပိတ်၊ ကြိတ်လိပ်သော၊ ခြေရာကောက် အစရှိသော အပြုပြဟူသမျှ မကပ်မရှောက်နိုင်ပြီ၊

ဤသည်လျှင် စုန်းနိုင်သောဂမုန်း၊ နတ်နိုင်သောဂမုန်းတို့ကို ပြရာပြကြောင်းဖြစ်သော ကဝေသာရကျမ်းရင်းကြီး ၉-တွဲ၊ ဒုတိယကဏ္ဍသည် နိဋ္ဌိတံ ပြီးပြီ။

ကဝေသာရကျမ်းရင်းကြီး ၉-တွဲ။

နမောတဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

## ၂၄။ ပဓယောဂစက်ပြုတ်ဆေးစသည် ကိုပြခြင်း

ဒဟာသကိုင်းပျံ၊ ကျုတ်ပျံ၊ ရှားစောင်းကြီးပျံ ဤဆေး၃-ပါးကို ပွဲနှတ်ယကာတင်လျက် တူးပြီးလျှင် ထည့်ရမည်။ ယူသော်အခါ လှူနည်းကို နောက်ထင်ရှားစွာဖြစ်လတ္တံ့။ သမ္ဗာရာစေ့၊ လင်းလေးဆုံတွင်းကစင်၍ ကျသည့်ဆန် ၇-စေ့၊ ဆီးဖြူစေ့၊ ရှိန္နီးနို၊ ပိတ်ချင်း၊ နွားမြေရင်း၊ ငရုပ်၊ ပိုဏ်ဆိုး၊ ကွန်ဆိုး၊ ဝက်ချေး၊ ဆင်ချေး၊ ဝဏ်မုံညှင်း၊ ပကိုင်း ၇-ကျော၊ ဣဿရမူလီ၊ ဖြောက်ဆိပ် ၇-ရွက်၊ ဆိတ်ဖူးရွက် ၇-ရွက်၊ အုပ်သျှစ်ရွက် ၇-ရွက်၊ နှတ်ချို့ရွက် ၇-ရွက်၊ သဏ်ရင်းကြီးရွက် ၇-ရွက်၊ တောရှောက်မြစ်၊ သင်းဝင်မြစ်၊ ပြေရှင်၊ ငစိုင်ရှင်၊ ဆင်စွယ်ပြာ၊ ကျွဲချိုပြာ၊ နနွင်း၃၊ ဒေါင်းဦးစွန်း၊ ကြွက်ဆူရိုးနီစေ့၊ ယမ်း၊ လက်ထုပ်ကြီးမြစ်၊ ခပေါင်းရေကြည်၊ တပဆေးပို၊ ဇော်ဂျီအုပ်ထုပ်၊ ရိုးတုံချောင်းချား၊ ခြောက်လှဲ၊ သမင်စာနီဖြူ၊ ဆင်သမန္နယ်၊ ကြာဘက်ကြီး၊ ကြာဘက်ငယ်၊ ဆေးပုလဲ၊ ပညာလကာ၊ ဆိတ်နံကြီး၊ ဆိတ်နံငယ်၊ အောင်မဲဖြူ၊ မြန်ပေါင်း-၃၀၊ ကျီးပေါင်း ၃၀ ဖရုံပွင့်ဝက်ဆန် ၇-ချောင်း။ ဤဆေးအားလုံးကိုပေါင်းလျက် အိုးတွင်ထည့်။ အန္တာပိတ်၊ ၇-ရက်စေ့အောင် ဝင်းကာပြီးလျှင်ထားဝင်းတိုင်တို့ကား တစ္ဆူးဝါး ၄-တိုင်၊ ထဘီရပ်စောက်တာ၍ ၇-ရက်စေ့သောအခါ ပွဲနှတ်ယကာ ကြက်ဖိုမ သေဖိုသေမနှင့် ဝင်းကာလျက်၊ နတ်ခေါ်မန္တာန်နှင့် ၃ခေါက်ကျူး၍ယူလေ။ ကိုယ်ဝန်ဆောင်မိမ္မခတ်သော်ရေနှင့် ကြိတ်အတောင့်ပြု၍ထား။ အဝကိုးပါးကို သိမ်း၍ ချုပ်ပြီးလျှင် ၎င်းဆေးပေါင်းကိုကျင်ငယ်ရေ၊ ရွှံ့အိုင်ရေ၊ ဝတ်စားကျ[illegible]းရေ၊ အရက်ရေ၊ ၎င်းရေလေးပါးနှင့်ဖျော်၊ လင်းတဦးခေါင်း[illegible]ကိုက်၍ မျက်စင်းလည်းပြု၍ခပ်၊ ဆေးတောင့်ကိုပင် နှ[illegible]နှပ်အာပင်းရှိပြ[illegible]သော်လည်း ဤဆေးတောင့်တွင် ဆေး

ဒါန်း တန္ဒနိုထည့်ပြီးလျှင်တိုက်၊ စုန်းဗူးတုတ်သောဆေးသည်ကား ဗူးခါးသီးတကျပ်၊ ကျက်ဆူရိုးနီစေ့ကို အညက်ကြိတ်၍တိုက်။ ဆေးအမည်ကား လောင်တိုက်စကော်ချုပ်ဆေးတည်း။ မှိုင်းခံလျက် ချုပ်လျှင်လည်း ပြီးတို့ရာ၏။

ဥုံထိခဲထဲအဲသီရိသွားဟ၊ ဂျဗော်ဂနီ စက်ချုပ်မန္တာန်ကို ပေါင်း နေချည်ကို အတွင်းကြိုးကျစ်လျက် ၂၅-အုပ်စုတ်လေ။ လည်တွင် ခိမ္မချည် ချည်လေပြီးမှ လောင်တိုက်စက်ချုပ်ဆေးကို မျက်စဉ်းခပ်၊ အကုန်ပျောထိလိုသော် အိုမ်လုံးရဲဆေးကိုခပ်၊ ၎င်းဆေး ရှေ့နှိုက်ထင်ရှားလတ္တံ့ ။

## ၂၅။ သွားတို့အာဏာပြဆေးကိုပြခြင်း

ဘီလူးတံ့ထွေး၊ မိန်းမဥတုသွေး၊ ၎င်း ၂-ပါးကိုပေါင်း၍ ကြိတ်၊ သွားနှဖူးတွင်ကွက်လေ။ သူနာ၏လက်ကို ကိုင်လျက်မေး၊ ပယောဂမှန်က ခိုက်ခိုက်တုံလာလိမ့်မည်၊ သည်ဆေးကို မျက်စဉ်း ပြု၍ခပ်၊ ပြီးမှ စက်ဖြတ်ရမည့်ဆေးကား သစ်ခေါင်းခွပျံ၊ဆေးပဲဆိပ်၊ ဟင်းသပဒါး၊ ၎င်းအမျှစီစု၊ ညက်စွာကြိတ်ပြီးလျှင်တိုက်၊ စက်ဖြတ် ဆေးသွားတို့အနား မကူသဆောင်အပ်ရာ၏၊

### တနည်းစက်ဖြတ်ဆေးကား

| | |
|---|---|
| ခွေးချေးဆန်၊ | လင်းလောစုန်း၊ |
| ဠဿရမူလီ၊ | ဇလပ်နီ၊ |
| ဗူးခါးမြစ်၊ | တဇွက်မြစ်၊ |

၎င်းအားလုံးကို ၅ လီမူးပျံ၍စု။ အယက်နှင့်ကြိတ်၊ ငါးမူး မှန်လှအောင်ချိန်လျက် တခါတည်းအကုန်ဘိုက်လေကုန်။

## ၂၆။ ကွိစ္စလဆေးဘော်နည်းစသည်ကိုပြခြင်း

ပံသုကူလိပ်သည်းခြေ၊ မြွေဟောက်သည်းခြေ၊ လင်းတသည်းခြေ၊ သင်းချိုင်းကလူရိုး၊ ဠဿရမူလီရွက် ၇-ရွက်၊ ထခင်း ၇-ခစေ့၊ မြင်း

ကစော့ညွန့် ၇-ညွန့်၊ ၎င်းတို့ကိုညက်စွာကြိတ်။ အခဘောင့်ပြုလုပ်၍ ထား။ ၊မျက်စဉ်းကြိတ်သည့်အရေကား၊ ကိုယ်ဝန်ရေနှင့်ကြိတ်၊ ပံသုကူလင်းတန္နတ်သီး၊ လင်းတအနီပါးပျဉ်း၊ လင်းမွေ့ခေါင်း ငရုပ်စေ့၊ တောနတ်ပန်း၊ တောနတ်အိုး၊ အိမ်နတ်အိုး၊ လမ်းဆုံမြေ ပွဲလည်မြေ၊ ရေအိမ်အိုးအခွန်၊ ရေလုံအိုးကွဲ၊ ၎င်းဆေးအားလုံးကို အမျှစီရု။ ညက်စွာကြိတ်၍ဖြူး။ ဘားပြုတ်ဝမ်းတွင်းသို့သွတ်၊ ဘားပြုတ်ကိုခြေမကြိုး လက်မကြိုးနှင့်ချည်၊ တစပုဆိုးခင်းလျက် ၃ တံစည်းတား၊ တလားသင်းချိုင်းပဥ္စမြည်းတိုင်၊ မြင်းစဂုံနီ၊ ထင်းကာ။ ဆီးသား၊ ဘိတုန်းကြွက်ဆူရိုးနီ၊ စည်း ၃-တန့်သား၍သဂြိုဟ်ကြိတ်သောအခါ ထားလေးစင်းဝင်းလေးထပ်၊ နှီးခေါက်ဖြာခင်း၊ ဖြင်အပေါ်တွင် ကျောက်ပြင်ခင်း၊ ကျောက်ပြင်ပေါ်ရွှေငွေ ကွမ်းလဘ်ဘက် လေးယောင့် ဆန်ပန်းလေးခုတွင် ကျောက်ပြင်ဦးက ထမင်းတပွဲ၊ မုန့်ကြော်၊ ငါးကြော်နှင့် တင်လျက်ကြိတ်၊ အယက်လည်းကောင်းစေ၊ နှစ်ရွှေးတိုက်၊ တရွှေးတိုက်၊ ငါးရွှေးတိုက်၊ ခွက်တား သီသခွန်နှင့်တိုက်တို့ရာ၏။

## ၂၇။ လေးကျွန်းဆေး စသည်တို့ကိုပြခြင်း

မြင့်မိုရ်ထိပ်မှန်ကင်းကိုအစ လေးရွှေးတည်၍ ခုံလောက်ကိုင်လေ၊ကျွန်းဦးသစ်ထိပ်ကို လေးရွှေးစိ တိုက်လေ၊ လေးကျွန်းဆုံသည့်မြေ၊ ခရီးဆုံသည့်မြေ လေးရွှေးစီ၊ မြင်းမိုရ်အောက် ငရဲအိုးအသည်မြေပျာမီးသွေး လေးရွှေးစီ၊ ငရဲထိမ်းကိုင်သည့် ခရင်း၊ တစူးဝါးလေးရွှေး၊ စတုစစ်ခွေးရှာမှျ ၄ ရွှေး၊ ငုရုပ်ပျံလေးရွှေး၊ နရွဲပျံ လေးရွှေး၊ နတ်အိုးကွဲ လေးရွှေး၊ ဆိပ်ဖလူးလေးရွှေး၊ ဆိပ်ဖူးလေးရွှေး၊ ဆိပ်နကြီးလေးရွှေး၊ ကြွက်မွေးပျံ လေးရွှေး၊ ၎င်းနူတ်သီးလေးရွှေး၊ ခွေးနက်ခြေသီးဖြား ၄ ရွှေး၊ တောကြွက်တက် လေးရွှေး၊ မြင်းရူးစွယ် လေးရွှေး၊ ဝက်သူငယ်ခွာတက် လေးရွှေး၊ လိပ်ကျောက်ဆူး လေးရွှေး။ မိကျောင်းလက်သီး လေးရွှေး၊ ကျားလက်သီး လေးရွှေး၊ ၎င်း ၃၂ ပါးသောဆေးကို သန်းခေါင်အခါတွင် စုပြီးမှ ငရဲအိုးအလည်တွင် ကျောက်ပြင်တင်၍ ဆန်ပန်းကွမ်း လတ်ဘက်တင်လျက်

ဆီးမီးထွန်း၍ရှု၊ ဆီမီးထွန်း၍ကြိုတ်၊ ဆီမီးကို ၇ ထပ်သစ်ရမည်၊ ညခြင်းပြီးစေ၊ အာရုံမကူးစေနှင့်၊ ငင်းဆေးအကျိုးကား၊ တငါ အတတ်၊ တောင်သူကြီးအတတ်၊ စုန်းမျိုး ၇ မျိုးအတတ်၊ ရုပ်ထား နံ့ထား၊ သူရောင်သေ၊ ဆံချ-ခြေရာနှက် ခြေရာဖြတ်၊ သံဘမ်းရိတ် ဘမ်း၊ သစ်တက်အတိုက်မျိုးကိုပင် လျက်စေ နမ်းစေ၊ အရေးကြီး လျှင် အရက်နှင့် တခွေးတိုက် ၂ ခွေးတိုက်၊ သုံးခါစေ အောင် တိုက်ပြီးလျှင်ကျွေး၊ လေးလုံး အလေးတိုက်လေ၊ လေးကျွန်းမထကို တိုက်သောအခါ ဆီမီးထွန်း၍တိုက်၊ သေစေလိုသော် သန်းခေါင် အခါတွင်တိုက်၊ တမျိုးလုံး ပျက်စီးသေးပျောက်စေလိုသော် ကိတ် အခါ ရာဟုအခါတွင်တိုက်။ သိကြားမင်းအုပ်ဆောင်းကို ခွဲပြု လေ၊ စုန်းမျိုး ၇ ပါးတို့နှင့် စုန်းမျိုး ၇ ပါးတို့စက်၊ စုန်းနှင့်နတ် လိမ်လည်၍ထားသောစက် ဤစက်လက္ခဏာ သဘောကို ဆိုခဲ့ပြီး သော နည်းအတိုင်းပင်၊

## ၂၈။ စက်ငါးပါးကို ဆီမီးထွန်းသည်ကို ပြခြင်း၊

ဥုံသဗ္ဗမမ္မပါလသာရအဇသော၊ ၊အသတ်ဂါထာ၊

ဥုံသဗ္ဗမမ္မပါလသာရဂေါနယေစပေသ၊ ၊အတတ်ဂါထာ၊

ကျီးမနားထမ်းရွက်အတွင်း သည်ဂါထာ အသတ်အတတ်ကို မှန်အောင် စနေနေ့တွင်ရေး၊ လိုသောအခါ သူနာသက်စေ့ ချည် မျှင်ကို မီးစာပြုလုပ်၍ နာသူတလံပြည့် ချည်မျှင်သက်စေ့ အဖုံး ထည့်လေ၊ ဘယောင်းနှစ်ကျပ်နှစ်မတ်ဖြစ်စေ၊ ငါးကျပ်ဖြစ်စေ ဆီမီး ခွက်ကား ရေလုံအိုးကွဲတွင် ဇော်ဂနီရုပ်ဦးချဟန် စနေမီးသွေးနှင့် ရေး၊ မီးပေါ်တွင် တောနှမ်း ငါ့မှဲ့ကြီးပင်ကို လက်ပြန်နှုတ်လျက် အရုပ်ပေါ်တွင် ထပ်၍ရေး၊ ထိုအရုပ်ပေါ်တွင် ဘယောင်းနှစ်ကျပ် နှစ်မတ်ကို မြဲလှအောင် စိုက်၍ထွန်းပြီးလျှင် သူနာကို သုံးပတ်လှည့် လည်၍ ထပ်ထပ်ကြည့်စေ၊ ပြီးမှ ခေါင်းရင်းတွင် ထွန်းလျက်ထားရ မည်၊ ထွန်းပြီးမှ ခြေရင်းကထွန်းရမည်၊ အားလုံးပြီးသည်နှင့် တပြိုင် နက် ပြေးစေလိုလျှင် တနင်္ဂနွေနံ၊ ဗုဒ္ဓဟူးနံ၊ စနေနံ ဘုရားသုံးဆူ

ခြေတော်ကို ရေဆေး၍ထည့်၊ စက်ရှိသည်မှန်က ကျွန်း၏၊ မရှိလျှင် မကျွန်း၊ ၊စက်ဖြတ် ဆီမီးတွန်းကာလသုတ်ဆေး ဘော်နည်းကား နဂါးမောက်တရွေး၊ နဂါးချက်လေးရွေး၊ ကြာဘက်ကြီးလေးရွေး၊ ကြာဘက်ငယ်လေးရွေး၊ ဘက်ယားကြီးလေးရွေး၊ ဘက်ယားငယ် လေးရွေး၊ မဟာဂီရိအို ကွဲလေးရွေး၊ မဟာဘိန်မြစ်လေးရွေး၊ မဟာ ဂီရိနတ်အိုးတိုင်ရှင် ၄ ရွေး၊ အစိမ်းသေခေါင်၊ ခုံ ၄ ရွေး၊ ရှိ ပျံ ၄ ရွေး၊ ဘုရားပိန်းနဲတိုင် ၄ ရွေး၊ ရေလုံအိုးကွဲ ၄ ရွေး၊ ပိတောက်မှို ၄ ရွေး၊ ပုံနရိပ်ကြာ ၄ ရွေး၊ ရှူးပျံ ၄ ရွေး၊ ကြက်ဆူရိုးနီမြစ် ၄ ရွေး၊ တံခွန်-ကြက်လျှာ ၄ ရွေးစီ၊ တံဆောင်မှန်းတိုင်ပြာ ၄ ရွေး၊ သယ်ကြမ်း မြေလေးရွေး၊ ညောင်ပျံလေးရွေး၊ ကျုပ်ပျံလေးရွေးစီ၊ ရှိန်းခို လေးရွေး၊ နရွဲပျံလေးရွေး၊ သူရဲပြူယောင်းမ-လေးရွေး၊ တောင် ဇလပ်နီလေးရွေး၊ ဘုမ္မရာဇာလေးရွေး၊ ဥပသကာလေးရွေး၊ ပညာ လက်ာ လေးရွေး၊ တောင်ပွိုည့်န် လေးရွေး၊ လက်ကတုံးချေး လေးရွေး၊ လှေခါးချေးလေးရွေး၊ ဆုံချေးလေးရွေး၊ ကျည်ပွေ့ချေး လေးရွေး၊ လက်သည်းဆေးမင်း၊ တပူခုနစ်ချောင်း၊ ၊ ရင်းနောက် ဆေးမှာ နှစ်မတ်စီကာလသုတ် ဆေးမှာနေခြင်းဖြိုးစေ၊ မြေသန့်ပြန့် ရာမှာ ကြိတ်လေး ရသေ့လေးယောက် လေးထောင့် စောင့်စေ၊ ရသေ့ဦးခေါင်းပေါ် ဆီမီး ထွန်းလေ၊ ကွမ်း လက်ဘက် အမွှေး အကြိုင် ပူဇော်လေ၊ တိုက်သောအခါ နဂါးဦးခေါင်း ခွက်နှင့် တိုက်၊ ခြောက်ရွေးကစလျက် ဆယ်ရွေးတိုင်အောင် တိုက်ရမည်၊ စုန်းမျိုးခုနစ်မျိုးအတတ်၊ ကဝေမြှောက်သောစုန်း၊ မုဆိုးအတတ် ခေါင်းစုန်းနှင့်၊ ကဝေအတတ် အိမ့်တလိမ့်စုန်းနှင့်၊ တောင်သူကြီး အတတ် အတိုက်မျိုးဟူသမျှကို နိုင်၏။

## ၂၉။ ဂယော့ဂတို့ကိုနိုင်သော ဆေး-မြစ်ခြင်း ဖြိုးကိုပြခြင်း

ပြဿဒါးလကွယ်နေ့ ကြုံသောနေ့တွင် မယားသိန်ကို ဆီမီး လေးတိုင်၊ ပန်းလေးခက်၊ ကွမ်းလေးရာ၊ လက်ဘက်လေးထုပ်၊ ရွှေ

ငွေတင်၍တူး၊ ငရုပ်-ခုနစ်လုံး၊ ဆေးငါးမူး၊ အရက်နှင့် ကြိတ်၊ အကုန်တိုက်လေ။ ထိုနည်းတော်၍ တနေ့သုံး၊ကြိမ်စေ့အောင်တိုက်၊ စုန်းဆေးမြစ်ခြင်းပြီး၏။

---

## ၃၀။ တနည်း မြစ်ခြင်းပြီးစုန်းနိုင် ဆေးကိုပြခြင်း

ရှမ်းရက်ပြဿဒါး ကြုံသောနေ့တွင် ကြာပုတ္တရိတ်ကို ရွှေငွေကျောက်သံပတ္တမြားတင်လျက်တူး၊ ငရုတ်ခုနစ်လုံး၊ ဆေးငါးမူး၊ အယက်၊ ရေနွေး ရရာနှင့်ကြိတ်၊ သူနာကို လူကောင် ကျောက်ဘက်လျက်နေစေ၍ လူကောင်းကို အကုန်တိုက်၊ ထိုနည်းအတူ ၃-ကြိမ်စေ့အောင်တိုက်ရမူ စုန်းဆေးမြစ်ခြင်းပြီး၏။

---

## ၃၁။ တနည်း မြစ်ခြင်းပြီးစုန်းနိုင်သောဆေးကိုပြခြင်း

ပြဿဒါး သမားဖြူကြုံသော လက္ခယ်နေ့တွင် စောင်ခြမ်းပျံကို ရွှေ ငွေ ကျောက်သံပတ္တမြား တင်လျက် နေဝင်သောအခါ တူးရမည်။ ငရုပ်ခုနစ်လုံး၊ ဆေးငါးမူး၊ ရေကျက်၊ အယက်၊ တစက်လက်ပြန်ရေ ၎င်းရေသုံးပါးကို ရရာနှင့်ကြိတ်ရမည်။ သူနာကို ရင်ခွင်တွင်ထား၍ လူကောင်းကိုတိုက်၊ ခွက်ကို နောက်လှန်လျက်ချလိုက်ရမည်။ ဆေးကူးမြစ်ခြင်းပြီး၏။ ဆောင်ဆေးလက်ဖွဲ့မှာ ရှေ့ရှာသူပိုင်းနှိုက် ထင်ရှားစွာ ဖြစ်လိမ့်သတည်း။

---

## ၃၂။ အရုပ်ဘော်ဆေးစသည်ပြခြင်း

ရေနုတ်မျက်လုံး၊ နဂါးပါးပျည်း၊ နတ်ကျားကြီးမျက်လုံး၊ အာဠာဝကမျက်လုံး၊ တံငါးကြမ်းစင်၊ မုဆိုးကြမ်းစင်၊ တောင်သူကြမ်းစင်၊ ရေထဲတွင် ထောင်လျက်မျောသည့် သစ်သား၊ စုန်းမျိုးခုနစ်မျိုးဟူ၍ ယမုတ်လျက်ယူ၊ ၎င်းအားလုံးကို သုံးပဲစီ၊ ပေါင်း-အားလုံး အလေး။ ခုနစ်ရက်သားသမီးတို့ ကိုယ်ဝန်ဆောင် မစင်၊ ကိုယ်ဝန်ရေနှင့် ခုနစ်ထပ်ကြိတ်လျက် အမှုန့်ပြု၊ ခြေကစ၍ ခေါင်း

တိုင်အောင်မှုတ်၊ သင်းတို့ အရုပ်နှင့်တကွကြ၍၊ သုံးနှစ်မြုပ်သော အရုပ်ဖြစ်စေကာမူ ပေါ်ရသည်ဟူ၍ သုဒ္ဓိဗ္ဗျင်ရသေ့ဆို၏၊ အရုပ်ဖော်ဆေး၊

ထိုတွင်တိုက်ဆေးပြုလိုလျှင် ငုင်းတွင် ပျံ့ပေါင်၊ ၃၀-ထည့်လျှက်တိုက်၊ တိုက်ဆေးပြုသည်တွင် မဟာဂါနက်ထည့်၊ မာလိကာလည်းထည့်၍ ဝမ်းနှုတ်ဆေးပြု၊ မျက်စင်းဆေးပြုလိုသော် မာလိကာကိုယပ်၍ ထိုအရာကို လင်းတစားကျွင်း၊ အရက်နှင့် ကြိတ်လျက်မျက်စင်းခပ်၊ စုန်းမျက်လုံးကန်း၏၊ မယုံသော် စုန်းစာကျွေးသည့်ခွေးကိုဘမ်း၍ခပ်၊ စုန်းမျက်လုံးကန်း၏ အိပ်ဘင်ပါက အဖန်တလဲလဲကြည့်လေမူ သူနာသည်ဆေးကို ဖျက်တတ်သည်၊ ဖျက်ကြောင်းကား၊ လက်ဝါးခြင်း ပွတ်သည်၊ စဖိုလယ်ပျာကိုယူ၍ လတ်ဝါးတွင်ပွက်လျက် မီးသွေးနှင့် ကျောက်ပြင်တွင် အရုပ်ရေးသည်၊မိမိဝတ်သော ခါးကျိုးကိုလှည့်သည်၊ဆံထုံးဖြေသည်၊မိမိအစ်ါဇာတ်ကို လက်ဝါးနှင့်ပွတ်သည်၊ ဤသို့ပြုခြင်းသည် ဆေးပျက်ခြင်းအကြောင်းတည်း၊

## ၃၃၊ ဆင်ကွန်းဆေးစသည်တို့ကိုပြခြင်း

ပြဿဒါးရက်ဖြစ်စေ၊ ရှမ်းရက်ဖြစ်စေ၊ တရက်ရက်ကြုံလျှင်ကုန့်ချုပ်ဖြူကို ဆန်ဘလင်ပန်း၊ ငါးပိငါးကျပ်၊ ဆားငါးကျပ်၊ ဆီငါးကျပ်နှင့်ပူဖော်၍ တူးရမည်၊ ဆေးမြစ်ကိုယူပြီးလျှင် ဆန် ဆား၊ ငါးပိကိုတွင်းထဲကိုထည့်၊ မဖို့နှင့်ထားကဲ့၊ ငရုပ်နိုင်းခြင်း၊ အရက်နှင့် ကြိတ်ရမည်၊ တမတ်သားချိန်၍တိုက်၊ မြစ်ခြင်းပြီး၏၊

## ၃၄၊ တနည်းဆင်ကွန်းဆေးကိုပြခြင်း

ပြဿဒါးရက်၊ ရှမ်းရက်၊ သမားညီရက်၊ တရက်ရက်ကြုံလျှင် ရွှေငွေ လက်စွပ် ပုတီး လေးမျက်နှာတင်၍ သံသပ်ပင်ကိုတူးအတက်မပေါ် ်နိုင်အောင်ယူ၊ ဆေးတမတ်၊ ငရုပ်ခုနစ်လုံး၊အယက်ရရာနှင့်ကြိတ်၊ သူနာကို လူကောင်းကျောဆာ ကြပ်ကြပ်တည်းတည်း၊

ဘက်လျက်နေစေ၊ ကြိတ်သရွေ့ ဆေးကုန်အောင် လူကောင်းကို တိုက်၊ ၎င်းအတိုင်း သုံးကြိမ်တိုင်အောင်တိုက်၊ နေ့ခြင်းတိုက်လေ၊ မညန့်လျှင် ဆင်ကွန်းကို မရိုးပေနှင့်၊ ဆေးကူးမြစ်ခြင်းပြီး၏။

## ၃၅။ တနည်းလည်း ဆင်ကွန်းဆေးကိုပြခြင်း

သမားဖြူရက်၊ သမားညိုရက်၊ စနေ-အင်္ဂါလကွယ်နေ့တွင် တောမဲပင်ကို ရွှေငွေပုံတီးလက်စွပ် လေးမျက်နှာ ဆန်ပန်းကွမ်း ဆေးလက်ဘက်တင်၍ တူးရမည်၊ ငရုပ်တလုံး ဆေးတမတ်၊ သူနာကို ရင်ခွင်နှိုက်ပိုက်လျက် လေးစုတစု လူကောင်းကိုတိုက်၊ ၎င်းနည်းတူ နေ့ခြင်းကုန်အောင် တိုက်လေ၊ မညန့်လျှင် ဆင်ကွန်းကို မရိုးလေနှင့် ဆေးကူးမြစ်ခြင်းပြီး၏။

## ၃၆။ တနည်းတုံ ၎င်းဆင်ကွန်းဆေးကိုပြခြင်း

သမားဖြူရက်၊ သမားညိုရက်၊ရက်ကာန်းကြုံသောလကွယ် နေ့တွင် ကွမ်းဆေး လက်ဘက် ဆီမီးပူဇော်၍ လက်ပြန်နေလျက် တအောင့်တည်းပါအောင် ရွှေတံတိုင်းပင်ကို နှုတ်ရမည်၊ ငရုပ်တလုံး ဆေးတလုံးတမတ်၊ တစက်ရေနှင့်ကြိတ်၊ ထက်ဝက်မှန်လှအောင်ခွဲ၊ တဝက်ကို သူနာအားတိုက်၊ တဝက်ကို တိုက်သူကသောက်ရမည်၊ ဆေးကူခွက်လှည့်လျက်သောက်၊ မြစ်ခြင်းပြီး၏၊ ဆောင်လက်ဖွဲ့မှာ နောက်၌ ထင်ရှားစွာ ဖြစ်လတ္တံ့သတည်း။

## ၃၇။ ကုလအဋ္ဌာမည်သောဆေးဖော်နည်းကိုပြခြင်း

သမန်းကျားနက်၊ ကန့်ကျုပ်နက်၊ မဟာဂါနက်၊ကျွန်းနက် ကန့်ကူဆံနက်၊ သန္တာန်နက်၊ ပျံပေါင်းသုံးဆယ်၊ တိုက်ပေါင်း၊ သုံးဆယ်၊ခုနစ်ရွာ သင်းချိုင်းကလူရိုး၊ ရွာလယ်အမဲရိုး၊ ရွာလယ်ကျီပွေ့၊ တံဘားဦးမြေ၊ သုံးရွေးစီပေါင်း၍ ညက်စွာကြိတ်၊ ဘီလူးမဝမ်းတွင်းသို့သွတ်၊ စနေသမီး သဂြိုဟ်သည့် ထင်းကုလားနှင့်

သင်္ဂြိုဟ်သည့်အတိုင်း မပျက်မကွက်ရအောင် အားလုံးရစေရမည်။ ၎င်းကို ညက်စွာကြိတ်၊ အရက်ကောင်းဖောင်းနှင့်တိုက်၊ ခွက်မှာ ဘီလူးမဦးခေါင်းကို ခွက်ပြု၍ ကျားမုတ်ဆိတ် တပင်အလေးတိုက်၊ နတ်ကဝေမြောက်စုန်းနှင့် မုဆိုးအတတ်၊ ခေါင်းစုန်းနှင့် တငါ အတတ်၊ အိမ့်တလှိမ့် စုန်းနှင့် တောင်သူအတတ်၊ ၎င်းမှတပါး အတိုက်မျိုးဟူသမျှကိုပင် နိုင်၏။

ဆိုခဲ့ပြီးသော စက်ဖြတ်ဆေးစုတွင် ကြိုက်နှစ်သက်ရာကောက် ၍ မီးထွန်းလျက် တိုက်လေ၊ ၎င်းနှင့်မှ မချမ်းသာသော် လေးကျွန်း ဆေးကို ဆီမီးထွန်းလျက် တိုက်၊ ထိုမှတပါး ဆိုခဲ့ပြီးသော စက် ဖြတ် မျက်စဉ်းကို ကြိုက်နှစ်သက်ရာ ကောက်၍ မျက်စဉ်းခပ်လေ၊ ပြီးမှ ကာလသုတ်ဆေးကို တိုက်ရမည်။

## ၃၀။ နပတပ် ဆေးဘော်နည်းကို ပြခြင်း

တနင်္ဂနွေ- အင်္ဂါရက်ကာန်း ကြုံသောနေ့တွင် ရွှေငွေပုတီး၊ လက်ဝပ်လက်စား၊တင်၍ ဆီမီးပန်းပေါက်ပေါက်တို့ ပူဇော်ပြီးလျှင် မျက်နှာပန်းပင်ကို တူး၊ ဆေးမြစ် တချမ်းကို ဆေးမြစ်ယူရာတွင် ဆက်ခဲ့လေ၊ တချမ်းကိုယူခဲ့၍ ဆေးတမတ်၊ ငရုပ်တလုံး အရက်နှင့် ကြိတ်၊ သုံးစုမှန်လှမအောင်ချိန်၊ တစုကိုတိုက်၊ ထိုနည်းနှင်နှင် နေ့ခြင်း ကုန်အောင် တိုက်စေလ၊ နပတပ်ဆေးမြစ်ခြင်း ပြီး၏။

## ၃၉။ တနည်း-နပတပ် ဆေးဘော်နည်းကို ပြခြင်း

တနင်္ဂနွေနေ့ ရက်ကာန်း ကြုံသော လကွယ်နေ့နိုက် ရွှေငွေ လက်စွပ် ထေးမျက်နှာတင်၍ ဆန်ပန်းလက်ဘက်တင်လျက် ပူဇော် ပြီးလျှင် သစွာပန်းဥကို တူး၊ ငရုပ်တလုံး ဆေးတမတ် အယက် တစက် လင်းနို့ရေ တခုခု ရရာရေနှင့်ကြိတ်၊ အကုန်ဖျော်၊ သူနာ ကို လူကောင်းကျောကဖက်လျက် နေစေပြီးလျှင် လူကောင်းကို လက်ပြန်ကိုင်စေလ၊ ဆေးကူးမြစ်ခြင်း ပြီး၏။

## ၄၀။ တနည်းလည်း နပတပ်ဆေးဘော်နည်းကို ပြခြင်း၊

တနင်္ဂနွေ ရက်ကာန်း ကြုံသော လက္ခယ်နေ့နိုက် ဆီမီး လေးတိုင်၊ ပန်းလေးခက်၊ ကွမ်းလေးရာ၊ လက်ဘက်လေးထုပ်၊ ရွှေငွေပုတီးတင်၍ မွန်းတဲ့မတ်မတ်တွင်စ၍ ရှင့်မတက်ကြီး၊ကို တူး ရမည်၊ ငရုပ်တလုံး ဆေးဘမတ် အယက်နှင့်ကြိတ်၊ လေးစုမှန်အောင် ခွဲ၍ထား၊ ဘုန္နာကို ရင်ခွင်ယက်ပိုက်လျက် လူကောင်းကို အယတီ နှင့် ခွက်ချင်းပြီးအောင်တိုက်၊ ဆေးကူးမြစ်ခြင်း ပြီး၏၊ ၊ဆောင် ဆေးလက်ဖွဲ့မှာ နောက်နိုက် ထင်ရှားလတ္တံ့သတည်း၊

---

## ၄၁။ ကာလသုတ် ဆေးဘော်နည်းကို ပြခြင်း ,

နဂါးပါးမျဉ်းလေးရွေး၊ နဂါးမြီးဖျားလျှော့ရွေး၊နဂါးချက် လေးရွေး၊ ရှားပင်ပျိုမြစ် လေးရွေး၊ တောင်သူကြီးစပါး လေးရွေး၊ လယ်စပါးအလိုကျွေခလေးပါး၊ ယာသူတို့ကြဲသည့် နထိစပါး လေး ရွေး၊ ကျူဘ်ပျံ၊ ရှားပျံ၊ လက်ပံပျံ၊ နတ်ယကာပွဲနှင့် ယူရမည်၊ အိမ်မခေါင်ချေးလေးရွေး၊ လှေခါးသုံးထစ် အောက်ကမြေ လေး ရွေး၊ အစိမ်းသေ ခေါင်းခွံ လေးရွေး၊ လေးကျွန်းခမြ လေးရွေး၊ အထိဘရှိသည့်မြေ လေးရွေး၊ အထိကရ တောင်ဘို့မြေ လေးရွေး၊ အထိဘရနတ်ကြီးအောက်က မြေလေးရွေး၊ အထိကရ လယ်ကြမ်း မြေလေးရွေး၊ ခနောက်စိမ်းလေးရွေး၊ ရှိန်းခိုလေးရွေး၊ ဆေးဖါနို့ လေးရွေး၊ အထိကရသစ်ငုတ်ကြီးမြစ်လေးရွေး၊ တံတားဦးမြေ လေး ရွေး၊ လမ်းဆုံမြေ လေးရွေး၊ ကန့်လေးရွေး၊ ကြက်ဥတစ်လစ်သေ လေးရွေး၊ ခွေးချေးလေးရွေး၊ ရထားဝင်ရိုးတစ်လစ်ကြိုးလေးရွေး၊ စမြင်းတိုင်လေးရွေး၊ ခုနစ်ရွာက သင်းချိုင်းလူရိုးလေးရွေး၊ ခုနစ် ရွာ သိမ်မြေ လေးရွေးစီ၊ ခုနစ်ရက်သား ကျင်ငယ်စွန့်ရာမြေ လေး ရွေး၊ ခုနစ်ရက်သားစီးသည့် ဘိနပ်စုတ် လေးရွေး၊ ခုနစ်ရက်သား ဆောင်းသော ခမောက်စုတ်လေးရွေးစီ၊ ခုနစ်ရက်သား စားသည့် တပူဖတ် လေးရွေးစီ၊ မီးနေ့ထမီ လေးရွေး၊ ကျွားခေါင်းလေးရွေး၊ နွားတင်ကျ လေးရွေး၊ နွားတင်အုံချေး လေးရွေး၊ နွားမြီးသုတ် လေးရွေး၊ ကုန္နီသည်အိပ်စုတ်လေးရွေး၊ မုဆိုး လေးဒူးမြား လေး

ရွှေ၊ မုဆိုးလေးဖြား လေးရွှေ၊ လေးနောက်ဖြား၊ လွှေးရွှေ၊ ဇလပ်နီလေးရွှေ၊ ပုဏ္ဏာရိပ်လေးရွှေ၊ တံဆောင်းတိုင်ဖြားလေးရွှေ၊ မိုးကြိုးပစ်သစ်သား လေးရွှေ၊ ခေါ်ဆိုးလေးရွှေ၊ ရေလုံအိုး လေးရွှေ၊ ခုံပင်လယ်တိုင်ဖြား လေးရွှေ၊ ကုန်သည်တူကွဲ လေးရွှေ၊ ပိုက်စုတ်ကွန်စုတ် လေးရွှေစီ၊ စမုံနက်၊ သူငယ်ချက်တပဲ၊ ဤဆေးအားလုံးကိုပေါင်း၍ ဆယ်စုပြု၊ တစုအလေး တောင်ပို့မြေ၊ တစုအလေး ငရုပ်ပျ၊ တစုအလေး ကန္တာခိုမြစ်၊ တစုအလေး ကျွဲကိုက်ခဲလျက် ကျွဲစားသည့်အမဲ၊ တစုအလေး ကြောင်စားသည့်ထမင်း၊ တစုအလေး စုန်းစားသည့်ထမင်း ထည့်လေ၊ ဤကာလသုတ်ဆေးကို မှန်အောင်စု၊ အသက်မရှိသော ရေသေ့လေးပါး အလည်တွင်ကြိတ်၊ ကွမ်း လက်ဘက် ပန်းပွေါက်ပေါက် တံဆောင်ထီး ပူဇော်လေ၊ နဂါးဦးခေါင်းခွက်နှင့်တိုက်၊ ခြောက်ရွှေးတစ၍ ဆယ်ရွှေးတိုင်အောင် တိုက်လေ၊ စုန်းမျိုးခုနစ်မျိုး အတတ်၊ နတ်ကဝေမြောက်သော စုန်းနှင့် မုဆိုးအတတ်၊ ခေါင်းစုန်းနှင့် တငါအတတ်၊ အိမ့်တလိမ့်စုန်းနှင့် တောင်သူကြီးအတတ်၊ နတ်စုန်းတိုက် တောင်သူတိုက်၊ ကုန်သည်တိုက်၊ ရွာသူတိုက်၊ ကျွဲတိုက်၊ သစ်တိုက်၊ ကြောင်တိုက်၊ ခွေးတိုက်၊ မြွေတိုက်၊ ကင်းတိုက်၊ တောင်တက်တိုက်၊ အတိုက်မျိုး၊ အဖျက်မျိုး၊ အာယုစန်းလွန် ဂြိုဟ်မကောင်းနှင့် စက်ထိသမျှတို့ ခံနိုင် ပြေပျောက်သတည်း၊

---

## ၄၂။ ကဝေမြောက်စုန်းဆေး ဘော်နည်းကိုပြခြင်း

မိုးနို့ပျံကို တနင်းလာနေ့က လေးထောင့် တာဝ္ဝါးစိုဖြ၍ ဝင်းသုံးထပ်ကာ၊ ဆီမီးလေးတိုင်၊ ပန်းလေးခက်၊ ရွှေရည်ငွေရည် ပူဇော်ခဲ့၍ အင်္ဂါနေ့ နေဝန်းပေါ်မှ တူးရမည်၊ တူးရာကို ရွှေရည်ငွေရည် သွန်းလောင်းခဲ့၊ ငရုပ်တလုံး၊ ဆေး ၅-မူး၊ အယက်နှင့်ကြိတ်၊ အကုန်တိုက်လေ၊ မြစ်ခြင်းပြီး၏။

---

ခြင်းနှင့်တိုက်လေ၊ သူနာကို လူကောင်းကျောက ဘက်၍နေစေရမည်၊ ငါးမူးချိန်ပြီးလျှင် လူကောင်းကိုတိုက်၊ ဆေးကူးမြစ်ခြင်းပြီး၏၊

---

## ၄၇။ တနည်းလည်း ရှာသမီးဆေးဖော်နည်းကိုပြခြင်း

တနင်္ဂနွေပြဿဒါးကြုံသောနေ့တွင် ခင်ပုတ်ချည်မင်ကို နုပ်နုပ်စင်း၍ မီးနှင့်တိုက်၊ တနင်္ဂနွေပြဿဒါးကြုံသောနေ့မှ ရွှေငွေကျောက်သံ၂တွင်မြားထားလုံ့တို့ကို လေးမျက်နှာတင်လျှက် ကွမ်းလေးရာ၊ လက်ဘက်လေးထုပ်၊ ငှက်ပျောလေးဘီးစီတင်၍ နေဝင်ကိုတူး၊ ရေပ်နိုင်းခြင်း၊ အယက်နှင့်ကြိတ်၊ သူနာကို ရင်ခွင်ထက်ထားပြီးလျှင် ငါးမူးချိန်၍ လူကောင်းကိုတိုက်၊ ဆေးကူးမြစ်ခြင်းပြီး၏၊

---

## ၄၈။ ဇော်ဂနီဆေးဖော်နည်းကိုပြခြင်း

တနင်္ဂနွေ အင်္ဂါလကွယ်ကြုံသောနေ့တို့တွင် ကုံကြိုပင်ကြီးအောက် ပေါက်ရောက်သော ကုက္ကိုပြင်ငယ်ကို ရေလုံအိုးကွဲစွပ်၍ထား၊ တစပုဆိုး အပေါ်တာမိုးလော်၊ ပြဿဒါးကြုံသောနေ့မှ ထမင်း၊ မုန့်ကြော်၊ ငါးကြော်၊ ကွမ်းလက်ဘက်၊ ငွေတင်၍ ဖင်းရေနှင့်ပင် တိုက်လေ၊ မြစ်ခြင်းပြီး၏၊

---

## ၄၉။ တနည်းဇော်ဂနီဆေးဖော်နည်းကိုပြခြင်း

အင်္ဂါ စနေလကွယ်နေ့ကြုံသောနေ့တွင် ရှာ၊ပျံကို မီးလေးတိုင်၊ ပန်းလေးခက်၊ ကွမ်းလေးရာ၊ လက်ဘက်လေးထုပ်၊ ထဘီပုဆိုး ကောင်းစွာဘင်၍တူး၊ ရေပ်နိုင်းခြင်း၊ အယက်တောင်းနှင့်ကြိတ်၊ အယက်နှင့်ပင်တိုက်၊ သူနာကို ရင်ခွင်ထက်တင်ထား၍ ငါးမူးချိန် မှန်မှန်တိုက်၊ ဆေးကူးမြစ်ခြင်းပြီး၏၊

## ၄၃၊ တနည်း ကဇဝမြောက်စုန်းဆေး ဘော်နည်းကို ပြခြင်း

ကလိမ်ပင်ကို ဖြတ်လျက် ရေလုံအိုး လည်ပင်းနှင့်စွပ်၊ ရပ်စောက်ထဘီ အုပ်လျက်ထား၊ အင်္ဂါနေ့နေဝန်းပေါ်လျှင် ရွှေရည် ငွေရည် ပန်းပေါက်ပေါက် ကွမ်း ဆေး လက်ဘက်တင်၍ တူးရမည်၊ ရှေပ်ခုနစ်လုံး၊ ဆေးငါးမူးကို အယက်နှင့် ကြိတ်ပြီးလျှင် တိုက်၊ သူနာကို လူကောင်း ကျောက ဘက်လျက် နေစေရမည်၊ လူကောင်းကို ရင်၊ဆေးအကုန်တိုက်၊ ဆေးကူးမြစ်ခြင်းပြီး၏၊

## ၄၄။ တနည်းလည်း ကဝေမြောက်စုန်းဆေး ဘော်နည်းကိုပြခြင်း

တနင်းလာနေ့က စစ်သိန်ပြန်ကို မိန်းမ ဝတ်စားတန်ဆာ စုံလင်အောင် ဝတ်စား၍ထား၊ ချည်ဝင်နှင့် ၃-ထပ်ရံ၊ ရွှေရည် ငွေရည် ပူဇော်ခဲ့ရမည်၊ အင်္ဂါနေ့ နေထွက်မှ တူးရမည်၊ နေဝန်း ပေါ်မှ ဖြတ်၍ယူ၊ ရှေပ် ၇-လုံး၊ ဆေးငါးမူး၊ အယက်နှင့် ကြိတ် ပြီးလျှင် တိုက်၊ သူနာကို ရင်ခွင်ထက်ထား၍ ခွက်ကိုနောက်လှန်၍ ချ၊ ဆေးကူးမြစ်ခြင်းပြီး၏၊ ၊ဆောင်ဆေးလက်ဖွဲ့မှာ နောက်နိုက် ထင်ရှားစွာ ဖြစ်လတ္တံ့ သတည်း၊

## ၄၅။ ရှာသမီးဆေးဘော်နည်းကိုပြခြင်း

ပြဿဒါးကြုံသောနေ့ရက်တွင်၊ ပြည့်ဇင်ပျံကို ဆန်တခွက် ချက်သည့်ထမင်း၊ မုန့်ဆဲ့ငါးရှက်၊ တွမ်းဆဲ့ငါးရှာ၊ ရွှေငွေထားလှုံ တင်၍ နေဝန်းပေါ်လျှင်တူး။ ရှေပ်နိုင်းခြင်း အယက်နှင့်ကြိတ် ငါးမူးစီအယက်နှင့်ကြိတ်ပြီးလျှင်တိုက်။ ရှာသမီးဆေးမြစ်ခြင်း၊

## ၄၆။ တနည်းရှာသမီးဆေးဘော်နည်းကိုပြခြင်း၊

ပြဿဒါးကြုံသော လကွယ်နေ့တွင် ခံစပ်ပင်ကိုစီး၍ မီးတိုက်၊ ပြဿဒါးကြုံသေစနေ့မှ ရွှေငွေထားလှုံတင်၍ တူးရမည်၊ ရှေပ်နိုင်း

## ၅၀။ တနည်းလည်း ဇော်ဂနီဆေးဘော်နည်းကိုပြခြင်း

စနေ လက္ခယ်ကြုံသောနေ့တွင်မရိုးပုံကို လက်ဘက်ဟင်၍တူးရမည်၊ ငရုပ်နိုင်းခြင်း အယက်ကောင်းနှင့်ကြိတ်၊ လူနာကို လူကောင်းကျောက ဘက်လျက်နေစေ၊ ငါးမူးချိန်မှနှီမှန်နှင့် လူကောင်းကိုတိုက်၊ ဆေးကူးမြစ်ခြင်းပြီး၏၊

---

## ၅၁။ ရွာသူဆေးဘော်နည်းကိုပြခြင်း

စနေအင်္ဂါ လက္ခယ်ကြုံသောနေ့၌ နေဝန်းပေါ်လျှင် တချက်တည်းနှင့် ပြတ်အောင် ခရမ်းကစော့ပင်ကိုမှန်း၊ မတ်မတ်တည့်သောအခါမှ ကွမ်းလက်ဘက်၊ မုန့်ဖြူ၊ ထမင်းဖြူ ပူဇော်လျက်တူး၊ အမြစ်တချောင်းကို မပြတ်စေနှင့်ဦး၊ နေဝင်လျှင် ချီပင့်ပါမည်ဟူ၍ ဆိုလျက် ပြန်လာကဲ့ရမည်၊ နေဝင်သောအခါ တအောင့်တည်းနှုတ်လေ၊ မြေဝင်ဟူသမျှကိုဖြတ်လျက် ယူခဲ့ရမည်၊ အရေးကြီးလှမှ သဒ္ဒ လတ်တဆစ်လောက်ကို ငရုပ်နိုင်းခြင်းနှင့် အယက်ဘက်စပ်ကြိတ်၊ သုံးစုစုလျက် တစုကို အယက်ကောင်းနှင့်တိုက်လေ၊ မည့်သော် တစုကိုထပ်၍တိုက်၊ ဤသို့မည့်သော် တစုကိုထပ်၍တိုက်၊ မည့်သော် ရွာသူကို မရိုးသေနှင့်၊ ကိုယ်မှုဖြစ်မှ တခါတည်း တိုက်ရာ၏၊ ဆေးမြစ်ခြင်းပြီးသတည်း၊

---

## ၅၂။ တနည်း ရွာသူဆေးဘော်နည်းကိုပြခြင်း

ပြဿဒါး၊စနေ လက္ခယ်နေ့ ကြုံသောနေ့တွင် အောင်မဲ့ဖြူပင်ကို နေဝန်းပေါ်သည်နှင့် တပြိုင်နက် တချက်တည်း ပြတ်အောင်ဖြတ်၊ ရပ်စောင့် ထဘီအုပ်လျက် ထားခဲ့လေ၊ နေ့ဆီတရက်နေဝန်းပေါ်မှ ကွမ်း ၁၇–ရာ၊ပန်း ၁၇–ညွန့်၊ပေါက်ပေါက် ၁၇ပွင့်၊ မုန့် ၁၇–ရှဘ်ပူဇော်ပြီးမှတူးလေ၊ တချက်တည်းပါအောင် နေ့ဆီပြန်နှုတ်၊ ပူဇော်သည့် ကွမ်း ပန်း၊ မုန့်ပေါက်ပေါက်တို့ကို တွင်းထဲသို့

သွတ်၍ ဖိုကဲ့ရမည်။ တနင်္ဂနွေနေ့ကို လက်တဆစ်၊ တနင်းလာနေ့ကို လက်နှစ်ဆစ်၊ အင်္ဂါနေ့ကို လက်သုံးဆစ်၊ ဗုဒ္ဓဟူးနေ့ကို လက်လေးဆစ်၊ ကြာသပတေးနေ့ကို လက်ငါးဆစ်၊ သောက်ကြာနေ့ကို လက်ခြောက်ဆစ်၊ စနေနေ့ကို လက်ခုနစ်ဆစ်၊ ဗုဒ္ဓဟူးနေ့မွန်းလွဲကို လက်ရှစ်ဆစ်၊ ငရုပ်တလုံး အယက်နှင့်ဖြစ်စေ၊ ရေနွေးနှင့်ဖြစ်စေ တခုခု ရောနှင့် ကြိတ်၊ သူနာကို လူကောင်း ကျောကဘက်လျက် နေစေရမည်၊ လူကောင်းကိုတိုက်၊ ခွက်ကိုနောက်လှံ၍ လူနာပေါ် သို့ချပစ်ရမည်၊ မည်လျှင် ရွာသူကို မရှိးလေနှင့်၊ ဆေးကူးမြစ်ခြင်း ပြီး၏၊

## ၅၃။ တနည်းဟုံရွာသူဆေးဘော်နည်းကို ပြခြင်း

စနေအင်္ဂါလကွယ်ကြုံသောနေ့တွင် နွားငုတ်ပင်ကို တလှုင်း တပျက် လှည်းပြီးလျှင် ဆေးမှန်ကို ၁ ရက်နေ့ နေ့ဝန်းပေါ်လျှင် ချီပင့်ပါမည်ဆိုကဲ့၍ ဘိတ်မန်ပြီးမှ ဆေးပင်ခလေးထောင့် လူနေသာ အောင် တဂုံးဝါးစိုက်လျက် ချည်မြှင်နှင့် ရင်းအပင်ကိုကာ၍ထားကဲ့ ရမည်၊ မိုးသောက်ရောက်သောအခါတွင် ဆန်တခွက်ချက် ထမင်း၊ ဆီဆမ်း နှမ်းဆားလှော်ဖြူး၍ ပူဇော်ပြီးလျှင် တပင်လုံး ကုန်အောင် တူးရမည်၊ ဆေးဒါန်း၊ ငရုပ် ၇ လုံး၊ အယက်ရေနွေး၊ တစက် လက်ပြန်ရေ တခုခု ရောရေနှင့်ကြိတ်၊ သူနာကို ရင်ခွင်ထက်တင်၍ ထား၊ လူကောင်းကို ကြိတ်သမျှ ကုန်စင်အောင်တိုက်၊ ရင်ခွင်ပိုက် ဆေးမြစ်ခြင်း ပြီးသတည်း၊

## ၅၄။ တနည်းတုံရွာသူဆေးဘော်နည်းကို ပြခြင်း

စနေအင်္ဂါလမကွယ်မီ ညည့်ဦးက ဇင်ရွှေးဖြူကို အပင်ရင်းက ကြပ်ကြပ်ဖြတ်၊ ဆေးမွှန်းကို နက်ဖြန် နေမွန်းတည့်မှ ချီပင့်ပါမည် ဟူ၍ဆိုလျက် နွားစငုတ်ပင်နည်း တူစွာပူဇော်၍ ကျွဲအချိန် ပူဇော် ပါမည်၊ ... ဘပါး မကြွပါနှင့်ဟု ပန်းပေါက်ပေါက်ကတော့ပြီးမှ ... ... ထောင့်တွင် အပ်တစင်းစီ နှက်ခဲ့ပြီးလျှင် လကွယ်နေ့

မွန်းဘည့်မှာ နွားစငုတ်ပင်နည်းအတိုင်း တူး၊ ပူဇော်ပြီးလျှင် တူး ဖော်လေး ဆေးတကျပ်၊ ငရုပ်တလုံး ရရာရေနှင့်ကြိတ်၊ ၄ စုမှန်လှ အောင်စု၊ တစုကို အမှန်ချိန်လျက် သူနာကိုတိုက်၊ တစုကိုတိုက်သူပင် သောက်ရာ၏ ထိုနည်းတူစွာ ဆေးလေးစုကုန်အောင်တိုက်၊ ခွက် လှည့်သောက်စေ မြစ်ခြင်းပြီးသတည်း။

## ၅၅။ ဆောင်ဆေးဖော်နည်းကို ပြခြင်း

စနေအင်္ဂါ လကွယ် ပြဿဒါးနေ့တွင် ထိကရုံးပင်ကို ကွမ်း၊ လက်ဘက် ဆန်ပန်းပူဇော်ပြီ လျှင်တူး၊ ယောက်ျားကို လက်ယာ လက်ညှိုးနှင့် တိုင်း၍ (၇) ဆစ်ဆောင် မိန်းမကို လက်ဝဲလက်ညှိုး နှင့်တိုင်းပြီးလျှင် (၇)ဆစ်ဆောင်၊ လူကြီးလူငယ်တို့ ကိုယ်နှင့်မြဲစေ၊ ရှာသူအဖရှိသော စုန်းမျိုးတို့သည်မတာမ်းဝံ့ကုန်၊ ။ဤကားဆောင် ဆေးမြစ်ခြင်းပြီး၏။

## ၅၆။ ပယောဂ ဆောင်လက်ဖွဲ့ကို ပြခြင်း

အရှိဇေယျတု၊ ဇေယျတု၊ ဗုဒ္ဓေ၊ ဓမ္မေ၊ သံဃေ၊အဟံ၀န္ဒာမိ၊ ငွေပြားတွင် ဤဂါထာကို(၃)ကြောင်းစေ အောင် ပြီးသစွာ ရေး၍ လက်ဖွဲ့လုပ်လျက်ဆောင်၊ ပယောဂဟူသမျှတို့ မတတ်နိုင်ကုန်၊ အိမ်အောက် ကြိုးတမ်းအောက်ကိုရှောင်၊ လက်ဖွဲ့အကျိုး (၁၀၀၀) ပြီး၏။

## ၅၇။ ပယောဂ မှန်မမှန်ကို သိရာသည်ကိုပြခြင်း

သူနာတို့၌ကိုတ် မီးညောင်းခါးဆစ် မခနမသာ တရှိန်ရှိန် ပူသော် ရှာသူဟူ၍ သိရာ၏၊ မီးညောင်းခါးကျိုးပူလျက် ချွေးတပြိုက် ပြိုက်ထွက်လျှင် ဆင်ကွန်းဟူ၍ သိရာ၏။ မီးညောင်းဆီးစ နှစ်ချက်

ပူလျှင် နပတပ်ဟူ၍ သိရာ၏၊ မီးညောင်းဆီးစ နှစ်ချက်ပူ၍ ချွေး၊ တပြိုက်ပြိုက်ထွက်လျှင် စုန်းဟူ၍ သိရာ၏၊ ဆီးစ ရင်ပတ် ပူလျက် ကိုယ်လုံးလျှော် ရှာသမီး ဟူ၍ သိရာ၏၊ ဆီးစ ရင်ပတ် ပူလျက် ကိုယ်၌ ချွေးတပြိုက်ပြိုက် ထွက်လျှင် ဇော်ဂနီ ဟူ၍ သိရာ၏၊ မီးညောင်း ရင်ပတ်ခါးချိုးနဖူး လေးချက် ချွေးမထွက်ဘဲ ပူလျှင် အရေလှုပ်လျှင် ကဝေမြောက်စုန်း ဟူ၍ သိရာ၏၊ ဤအပိုင်းအခြား လေးပါးကို သမားတို့ မှတ်ကုန်ရာ၏။

---

## ၅၈။ သူပြုဆေးဘော်နည်းကိုပြခြင်း

သုံးပန်လှကို အင်္ဂါလပြည့်နေ့ကြုံမူ၊ တနင်းလာနေ့ကဆိုခဲ့ပြီး သော အတိုင်းဆေးပင်ကို ပူဇော်ဘိတ်မန္တ၍ထား၊ အင်္ဂါနေ့ နေ ဝန်းပေါ်မှ ဆိုခဲ့ပြီးသောအတိုင်း ဆေးပင်ကိုမြောက်က နေလျက် တူးလှော၊ ဆိုခဲ့ပြီးသော အတိုင်းပင် ဆေးမြစ်ကိုဖြတ်၊ ရွှေးနည်း မြေဘို့လေ၊ ရွှေးနည်း ရေပ် (၇) လုံး ဆေးတမူးသား၊ ရရာရေနှင့် ကြိတ်၊ သူနာကို လူကောင်းကျောက ကြပ်ကြပ်ဘက်လျက် နေ စေ၊ တစူးဝါးကျည်တောက်ပျံခွက်နှင့် လူကောင်းကိုတိုက်လေ၊ ခွက်ကို နောက်လှန်၍ချလိုက်၊ သူနာက အောင်စေ၊ ဆေးတိုက် သူက ဟိန်းချစေ၊ ဆေးမတိုက်မီက သင်၍ထား၊ သူပြုဆေးမြစ်ခြင်း ပြီး၏။

---

## ၅၉။ တနည်းသူပြုဆေးဘော်နည်းကိုပြခြင်း

နရွဲပင်ပျိုကို စနေပြဿဒါး လပြည့်ကြုံသောနေ့ကို သောက် ကြာနေ့က ဆိုခဲ့ပြီးသောနည်းအတိုင်း ဆေးပင်ကို ပူဇော်ပြီးလျှင် ထား၊ စနေနေ့ နေဝန်းပေါ်မှ ဆိုခဲ့ပြီးသည့်အတိုင်း၊ မြောက် အရပ်က နေစေ၍ တူးရမည်၊ ဆိုခဲ့ပြီးသည့် နည်းအတိုင်း ဖြတ်၊ ဆက်၍ မြေဘို့မြဲဘို့လေ၊ ရေပ် (၇) လုံး၊ ဆေးတမူး၊ ရွှေးစီရင်

သည့်အတိုင်း စီရင်ပြီးလျှင် ကြိတ်လေ၊ သူနာကို ရင်ခွင်ထက်တင်၍ တိုက်မြဲခွက်နှင့်တိုက်၊ ရှေးနည်းပင် နှစ်ယောက်တူဆိုလေ၊ သူပြု ဆေးမြစ်ခြင်းပြီး၏။

## ၆၀။ ပယောဂဟူသမျှလွှတ်ကင်းရန် အစီရင်ကိုပြခြင်း

ပျံပေါင်း (၃၀)ပြည့်အောင်စု၊ ကြိတ်ပေါင်း (၃၀) ပြည့်အောင်စု၊ လင်းလေ၊ သစ်တက်လင်းလေ၊ လင်းလေစုန်း၊ တစပျဉ်၊ ဆယ်ရွာမြေနှိုက်တောင်ပို့ညွန့် ဆယ်ရွာလယ်မြေနှိုက် စိုက်သောပုပ္ဖကြယ်တိုင်၊ ဆယ်ရွာမြေနှိုက်ရှိသော တောနတ်စင် အနီးလမ်း၊ ဆယ်ရွာမြေနှိုက် စိုက်သောတစူးဝါး၊ ဆယ်ရွာမြေနှိုက် ရှိသော သင်းချိုင်းက လူဦးခေါင်းခွန်ငါးမူ စီးပေါင်း၊ သဘောစေ့ပျက်၊ ပုံးရည်နှင့်ကြိတ်၊ အညက်ပြု၍လှမ်း၊ သကြံတက်သည့်နေ့ လူကြီး လူငယ် ခေါင်းဆေးလေ၊ ပယောဂ ဟူသမျှတို့ရှင်း၏။ စန်းလွန်း မခိုင်၍ယိုင်သော်၊ ဇာတာယိုယွင်းသော်၊ ရွှေရည်ငွေရည်နှင့် ဂဟပတိအရပ်မှာ နေဝင်ယိဘရောတွင် ခေါင်းဆေးရာ၏။ မကောင်းဟူသမျှ ပျောက်ပရာ၏။

## ၆၁။ တနည်းပယောဂဆောင်ဆေးကိုပြခြင်း

လူဆွဲကြိုးချ၍ သေသောသစ်ပင်ကို လူကောင် ရှိခိုက်တွင် လူသေးစားကြူး၊ သစ်ဘီလူး၊ လူနှင့်ပူဇော်လေပြီ၊ ကြောက်မက် ဘွယ်လီ ဘေးအတိ၊ အရှိလိုက်၍ခွင်း၊ ဆေးမင်း ကြူးစေ သတည်း ဟူ၍ လူမရှိလျှင် နှုတ်မြွက်လျက်ဆို၊ လူရှိက စိတ်ကာ အောက်မေ့လေ၊ အသက်အောင့်လျက်ယူ၊ ၎င်းကို အသက်အောင့် လျက်ဖြတ်၊ ယူကောင် မရှိလျှင် မယူနှင့်၊ ပယောဂ ဟူသမျှကို ယောကျ်ားသော် လကျ်ာ၊ မိန်းမသော် လက်ဝဲ လက်တဆစ်တိုင်း၍ ငရုပ်တလုံးနှင့် သာဆောင်၊ ပယောဂနှင့်တကွ၊ အပင်းဟူသမျှကို အောင်လိုလျှင် လက်တဆစ်တွင် အရင်းက စူးနှင့်ပွတ်၍ ငရုပ်

(၇) လုံး သွတ်၍ ဆောင်လေ၊ ဆေးကိုမဆောင်မိ၍ ပယောဂကို ကုတ္တုစ္ဆရှိသော် ဆေးမြစ်ကို ဆိတ်၍ သွားကြားထိုးလေ၊ မထိုးလျှင်လည်း ငရုပ် တခြမ်းနှင့် သွေးလျက် တိုက်လေ၊ သူတပါး ပယောဂအဘမ်းကို ကုသလိုလျှင် ငရုပ်နိုင်းခြင်းနှင့် တပဲသား တိုက်လေ၊ အပင်းကို တိုက်လို ကုလိုသော် တိုက်ဆေးတွင် ဝဿဝရော နိုင်းခြင်းထည့်၍ တိုက်ရာ၏။

---

## ၆၂။ ပယောဂတို့ ချစ်စေတတ်သောဆေးကိုပြခြင်း

ဘယောင်းမှာစစ်လှစေ၊ နကြယ်အိမ်မြေစစ်လှစေ၊ လေးကျွန်းလုံးမြေစစ်လှစေ၊ စမုံမျိုးငါးပါးစုံစေ၊ နံ့သာမျိုးငါးပါးစုံစေ၊ ဆေးအားလုံးအမျှ မှုန်မှုန်ချိန်၊ နံ့သာရေသွတ်လျက်ကြိတ်၊ မြတ်စွာဘုရားရှေ့တော်တွင် ဂုဏ်တော် ၉-ပါးကို သုံးခေါက်စုတ်၊ သမ္ဗုဒ္ဓေကို ဂ-ခေါက်စုတ်၊ ဘမူးမှုန်မှုန်ဆောင်၊ မြင်လေသမျှ ပယောဂတို့ ဝုံမတ်ချစ်ခင်လေရာ၏။

ပီယသိဒ္ဓိအခက်းဖြစ်သော ဆဋ္ဌမဏ္ဍကျ္ဘ ရင်းအဆက် ဒုတိယ တွဲတွင် ထင်ရှားစွာပါလိမ့်မည်။

---

## ၆၃။ တနည်း ပယောဂဆေးကို ပြခြင်း

ကြုတ်မြစ်ကို ခွေးသေကောင်တွင်သွတ်လျက် တလလှောက်ထားပြီးမှယူ၍ အငွေ့အနံ့ မပြယ်ရအောင် လုံစွာထားရမည်။ ပယောဂမျိုးပင်မတတ်နိုင်၊ ကျင်ငယ်ရေနှင့် သွေး၍ မျက်နှာကို တောက်၊ ငရုပ်ဘတ်၍ကြိတ်၊ သူငယ်တွင် ပုဆိုးစနှင့်ထုတ်လျက်ဆောင်စေရမူ ပယောဂဟူသမျှကိုပင် မဖြစ်နိုင်၊ လူကြီးလူငယ် ငရုပ်နိုင်းခြင်းနှင့်ကြိတ်၍ နေသွေ့စွာလှမ်း၊ တမူးမှုန်မှုန်ဆောင်၊ ပယောဂဟူသမျှပင်မတတ်နိုင်။ သူတပါးအား ကုသလိုလျှင် ငရုပ် ၇-လုံး၊ ဆေးတမူးအယက်နှင့်တိုက်၊ ရင်းမဆ နှင့်ပင် ဝဿဝရော အတောင်တတ်လျက် ဝမ်းနှုတ်ရာ၏။

---

## ၆၄။ **တနည်း ပယောဂတို့ ဆောင်ဆေးကို ပြခြင်း**

အလုံထားသော လူကောင်တွင် တပျက်မြစ်ကို ၁၂-သစ် မှန်မှန်ဖြတ်လျက် အပုတ်ရေ ဝင်အောင်ထည့်လိုက်၊ သင်္ဂြိုဟ်သော အခါမှ နုတ်၍ယူ၊ ရေပ်နိုင်းခြင်းနှင့်ကြိတ်၊ အမြဲဆောင်လေ၊ ပယောဂ အပင်းကုက္ကုဋ္ဌ မရှိလေနှင့်၊ အပင်းဟူသမျှကိုပင် ဝဿဝရောနိုင်းခြင်းနှင့် တိုက်ရာ၏၊ အမှောင့်ပယောဂ ဟူသမျှကိုပင် ရေပ် ၇-လုံး၊ ထွန်ခို ၃-ပိုင်၊ တပိုင်း၊ ဆေးတမတ်၊ အယက်နှင့်ကြိတ်လျက် တိုက်ရာ၏၊

## ၆၅။ **ပယောဂ စမ်းဆေးကိုပြခြင်း**

ဒဟတ်သကိုင်းမြစ်ကို နွားနက်သေးနှင့် ကြိတ်လျက်ထား၊ သွေ့မှအမှုန့်ပြု၊ ဟစ္စုဝါးကြုတ်နှင့် ထည့်၊ ကုက္ကုဋ္ဌရှိသော အစာ ဟူသမျှကို လက်သုံးချောင်းနှင့် အသက်အောင့်လျက်ဖြူး၊ ကွမ်းတရာညက်ကြာ၍ အထူးဖြစ်၍ သိသာလိမ့်မည်၊ ဖြူး၍စစ်ဆေးနည်းကို သမားကောင်းပြုလိုသော သူတို့သည် သေချာစွာ မချွတ်မလွဲ စီရင်ရာ၏၊

## ၆၆။ **ပယောဂတို့ ထိတ်လန့်မစတတ်သော အစီရင်ကို ပြခြင်း**

ဥုံ ဗုဒ္ဓစိတ္တ၊ သုညံသတ္တြုံ သွား၊ဟ၊ ၊သေသေချာချာ မမှားမလွဲရအောင် ဆိတ်ညိမ်သောအရပ်နှိုက်သွား၊ ကိုမွေးနေ့တွင်ရေးစေ၊ ရေးသောသူကိုလည်း ဆုလာတ် ပေးရမည်၊ နေ့ရက် သန့်လှစေ၊ မရေးမီကာလလည်း ရတနာသုံးပါးကို ကြည်ညိုစွာ ပူဇော်လေ၊ ပယောဂဟူသမျှသည် အသံကြားကာမျှနှင့်လည်း ထိတ်လန့်ကြောက်ရွံ့၏။ အိမ်အောက် ကြိုးတမ်း လက်ကသုံး လှေခါးတံတား အောက်ကို ရှောင်ကြဉ်ရမည်၊ စုန်းပယောဂတို့ အလိုလို ထိတ်လန့်ရ၏၊

## ၆၇။ သူတပါးအပြုကို မစောင့်တတ်သော ဆေးကိုပြခြင်း

တနင်္ဂနွေနေ့တွင် လူချမ်းသာကို ရှာပေဘူးသည့် ကျေးဇူးအရှင် မွေးကြိုင်ပျံ့စွာ ပန်းနံ့သာနှင့် ပူဇော်ပါ၏၊ ပြောင်ပြောင်တောက်ပြီး ဆီမီးနှင့်ပူဇော်ပါ၏၊ လင်ပန်းဖြူစင် မှုံကြော်တင်လျက် လတ်ဘက်ဆီဆမ်း နှမ်းဖြူနှမ်းလှော် ပူဇော်ပါ၏။ ရတနာရွှေငွေ လက်စွပ်တန်းဆာ ပူဇော်ပါ၏။ လေညှီးဆေးမွှန် လျှင်လျှင်ဧး ညောင်းလည်းဆေးမွှန် လျှင်လျှင်ညောင်း။ ။ဤသို့ ဘိတ်မာန်ပြီး ထားရမည်၊ တနင်းလာနေ့ နေဝန်းပေါ်လျှင် ဆေးပင်မြောက်က နေလျက် သံသတ်ပင်ပျိုက်တူး၊ အရှေ့အရပ်သို့သွားသော အမြစ်ကို တစူးဝါး တဆဲ့နှစ်သစ်တိုင်း၍ အစာမထွက်ရအောင် ဆောက်နှင့် တည့်တည့်ဖြတ်၊ တစူးဝါးကို ဆက်ပြီးလျှင် ထားခဲ့ရမည်၊ အပေါ်မြေကို အထဲ၊ အယဲမြေကို အပေါ်တို့၍ယူ၊ ငရုပ်တစ်လုံး၊ ဆေးတမူးသားနှင့် ကြိတ်၊ ရောရေနှင့်တိုက်၊ ငရုပ်ငါးလုံးငါးမူး အယက်နှင့်ကြိတ်၊ ကျောက်ပြင် လေးထောင့်တင်၊ လှမ်းရာမှာဆန်ပန်းတင်၊ ရတနာသုံးပါးကို ရှိခိုးပူဇော်ပြီးမှ ခါးတောင်းကြိုက်လျက် ဆောင့်ကြောင့် ထိုင်၍ကြိတ်၊ ဆေးမညက်သရွေ့ကို ထလျက်မနေနှင့်၊ ညတ်လျှင် ငါးလုံးညီမျှအောင်လုံး၊ ညီညာစွာချိန်၍ ခွဲထားလေ၊ ချိန်၍မှန်လျှင် တစ်လုံးစီလှမ်း၊ လှမ်းသောအခါ ဆေးလုံးပေါ်တွင် ဆီးခက်အုပ်၊ ဆီးခက်ပေါ်တွင် ကွန်အုပ်၊ သွေ့လှအောင်လှမ်း၊ သွေ့လှမှ ကိုယ်တွင်ဆောင်၊ သူစမ်း၍ထိသော် တလုံးကိုမျိုလေ၊ မမျိုနိုင်သော် လက်မှာ ကြပ်ကြပ်ဆုပ်မိစေ၊ ပြေးသွားလေ၏။ ။ဤအစီရင်ကို ကောင်းစွာစီရင်ရာ၏။

---

## ၆၈။ ပယောဂပြေပျောက်နိုင်သော ဆေးကိုပြခြင်း

ဘယောင်းမွဲ၊ လင်းတမစင်၊ ကျီးမစင်၊ ကြက်မနတ်မမစင်၊ ခွေးမစင်၊ တောက်တဲ့မစင်၊ လင်းနို့မစင်၊ ပိုးဟပ်မစင်၊ တစပုဆိုး၊ လင်းလပ်ပုဆိုး၊ မီးနေထဘီ၊ ခြေမကြိုး၊ လက်မကြိုး၊ ဆွဲကြိုး၊ ဆွဲရိုး၊ လင်းတတောင်၊ ကြက်တောင်၊ ငှက်ကြီးတောင်၊ လူအချင်း၊

ရှောမွေးအသား၊ စုတုပေါင်းရှုလှော်၊ တဝက်ခန့် ကန့်တိုက်၊ ကန့်တိုက်တဝက်ကို ဆေးဒန်း၊ ဆေးဒန်းတဝက်ကို ယမ်း၊ ယမ်းတဝက်ကို ပွဲရက်။ ပွဲရက်တဝက်ကို လင်းလေ၊ လင်းလေတဝက် ကြက်သွန်ဖြူ။ ကြက်သွန်ဖြူတဝက် ကြက်သွန်နီ၊ ကြက်သွန်နီတဝက် ရှိန်းခို၊ ရှိန်းခိုတဝက် ဆိပ်ဖူး၊ ဆိပ်ဖူးတဝက် ပြင်နတ်ဖူး၊ အတွင်းနတ်ဖူး ရေနှင့်ကြိတ်၊ အသေ့လှမ်း၍ထား၊ သေ့မှ ပုန်းရည်နှင့် ဖျော်၍ ယံဒုန္ဒိမိတ္တံ အဝမဂ်ကလဉ္စလးဝိနာသမေန္တု။ ဟူ၍ ဂုဏ်ဂါထာနှင့် ဘုရားရှေ့တော်တွင် ၃၇-အုပ်စုပ်၊ ကျိုးငှက် ဘုတ် အစရှိသော ပဓယာဂဟူသမျှပင် ဆေးအငွေ့သင့်မခံနိုင် ပြေပျောက်၏၊ ကုလားကုာကာ၊ ပုံးရည်နှင့်ဖျော်၍ တစပုဆိုးနှင့်နယ်၍ နေသေ့စွာလှမ်း၊ ၃-လုံးတင် ကြိုးကျစ်လျက် မီးညှိ၊ သူနာကို သုံးပါတ်လှည့် မခံနိုင်၊ ပဓယာဂဟူ သိအပ်ရာ၏၊ သာမညပဓယာဂ မဆိုထား၊ အခေါင့်ထားသော ဥစ္စာစောင့်မျှမခံနိုင်၊ ပြေပျောက်ရ လေတော့သည်၊

---

## ၆၉။ ဆောင်ဆေးစသည်ကိုပြခြင်း

| | |
|---|---|
| ထီး ၄-စင်း၊ | အိုး ၄-လုံး၊ |
| တိုင် ၄-တိုင်၊ | စွယ် ၄-ချောင်း၊ |
| ကြိုး ၄-စင်း၊ | ပွံ့ ၄-ပါး၊ |
| တံခွန် ၄-ဆူ၊ | |

ထီးလေးစင်း ဟူသည်ကား၊ ကျုပ်မိုး၊ ပျဉ်းမိုး၊ ရွှားမိုး၊ ပိတ်တောက်မိုးကို ဆိုသည်၊ ၊တိုင်လေးတိုင် ဟူသည်ကား ငှက်ချေးခံတိုင်၊ စမြင်းတိုင်၊ ဘုရားပိန်းနဲတိုင်၊ သိမ်သမုတ်သည့် ပံနက်သဲတိုင်ကို ဆိုသည်၊ ၊တံခွန်းလေးဆူ ဟူသည်ကား ဘုရားတံခွန်၊ ရထားတံခွန်၊ သိမ်တံခွန်၊ သင်းချိုင်းတံခွန်ကို ဆိုသည်၊ ၊အိုးလေးလုံး ဟူသည်ကား အတွင်းနတ်အိုး၊ ပြင်နတ်အိုး၊ ရေလုံအိုး၊ ပဉ္စင်းခံသည့် ပရိတ်တော်အိုးကို ဆိုသည်၊ ၊ကြိုးလေးစင်း ဟူသည်ကား ခြေမကြိုး၊ လက်မကြိုး၊ သေဘွဲ့မှုကြိုး၊ ငှက်ချေးခံကြိုးကို ဆိုသည်၊

စွယ်လေးချောင်း ဟူသည်ကား ဆင်စွယ်၊ ကျားစွယ်၊ မိကျောင်းစွယ်၊ ဝက်စွယ်ကို ဆိုသည်။ ။ပျံလေးပါး ဟူသည်ကား မိုးနံပျံ၊ ကြွေပ်ပျံ၊ ရှားပျံ နရွဲပျံကို ဆိုသည်။ ။ဤဆေးအားလုံး လေးရွေးစီ အမျှချိန်လျက် အားလုံး အလေးရေပ်ကောင်း၊ အယက်ကောင်းကောင်းနှင့် ကြိတ်ပြီးလျှင် ဆေးကို ဆီးကင်းခန့်မျှ လုံး၍ထား၊ ကောင်းစွာ ကြေပ်တွင်းသို့ သွင်းရမည်။ ရန်သူရှိလျှင် ဆေးသုံးလုံးကို တစ္ဈဝါးကျည်တောက်နှင့်ထား၊ ရန်သူရှိသည်မှန်လျှင် ဆေးနှစ်လုံးကို လက်ဝါးတွင်ထား၊ ဆေးတလုံးကို ခံတွင်းတွင် ကိုက်၍ထား၊ ဆေးလုံးကွဲမှု ရန်သူသည် လည်း၏၊ ဝါး၍မျိုမှု တအိမ်လုံး သေကြေပျက်စီး၏၊ မသေစေလိုသော် ဆန်ဆေးရေနှင့် သွေး၍ စွန့်ပါလေ၊ ရုပ်လုံးလှဲ ဆေးနည်းတည်း၊ အသက်ရှည်သမျှ ကာလပတ်လုံး ဝိဇ္ဇာ စရဏကို ဆင်ခြင်၍ သုံးဆောင်တော်မူကြပါ။ ။ရင်းဆေးကို နေသွေ့အောင် သုံးရက်လှမ်းပါ။

ဆေးကြိတ်သောအခါတွင် ပွဲနတ်ရကာစုံစေ၊ ရေလည်တွင် စဉ်ဆောက်၍ ကြိတ်ရမည်။ ပွဲလေးယောင့်မှာ တကျပ်စီဘင်၊ ပွဲမမှာ သုံးကျပ်တင်၊ ပွဲမစုံခဲ့လျှင် ဆရာကို ထိဘတ်၏၊ မထိဘူးဟူ၍လည်း မထင်မမှတ်လေနှင့်၊ သတိသမ္ပဇဉ် အမြဲယှဉ်စေရန် သတိဆောင်ထိုက်သည်။

---

## ၇၀။ စုန့်၊နှစ်ဝက်ပြန်ရေချိုးဆေးကို ပြုခြင်း

အတွင်းနတ်ပန်း၊ ပြင်နတ်ပန်း၊ အတွင်းနတ်အိုး၊ ပြင်နတ်အိုး၊ သေဆွဲသစ်ပင်၊ ရေလုံအိုး၊ စမြည်းတိုင်၊ ခေါစုတ်၊ ဘုရားအင်္ဂတေ၊ ဥနဲရွက်၊ ဖျောက်ဆိတ်ရွက်၊ ခုနစ်ရက်သားနံ့ ရေး၍ ထည့်လေ၊ သူပြုရေချိုး၊ ခေါင်းလျှော်ဆေး နတ်ဘမ်း၊ စုန်းဘမ်းပြုမှု၊ သားရေ ခံလျက်ရေချိုးရာ၏၊ ချိုးပြီးသည့် ရေကို ၇ ရက်တည့်တည့်၊ ထပ်ခါထပ်ခါ ပြန်၍ချိုး၊ လမ်းဆုံတွင် ဆီး သား၊ထင်းနှင့် မီးတိုက်ရာ၏၊ နတ်စုန်းတို့ ..နိုင် မယှိုင်နိုင် ဖြစ်၏။

---

## ၇၀။ စုန်းဖွက်ပြန်ဆေးကို ပြခြင်း

မြွေဟောက်ခေါင်း ခုနစ်လွှာ၊ လုလင်ကျော် ခုနစ်လွှာ၊ သိမ်သခွန် ခုနစ်လွှာ၊ ငရုပ်စေ့ ခုနစ်စေ့၊ ၎င်းတို့ကို အယက်နှင့် ကြိတ်လေ၊ အယက်နှင့်ပင်တိုက်၊ ထို၏ လည်း၏၊ စုန်းတို့ မနေနိုင်ခြင်း ဖြစ်လေကုန်၏။

---

## ၇၂။ စုန်းပယောဂတို့ကို မြင်နိုင်သည့် ဆေးကို ပြခြင်း

ဒဟာသကိုင်းမြစ်ကို နွားနက် ကျင်ငယ်ရေနှင့် သွေးပြီးလျှင် ကွင်းကြည့်၊ အမှောက်ကို မြင်နိုင်၏။ စမ်းလိုသောအခါ သမ္ဘာရာ ရေနှင့်သွေးလျက် ပွိလာသည်ကိုလူး၊ သင်းပွိလာသည့်အရာ မူလ မမှန်မူ အထူးထူး အထွေထွေ လုပ်သည့်အတိုင်း ဖြစ်တတ်ကုန်၏။

---

## ၇၃။ တနည်း စုန်းပယောဂတို့ကို မြင်နိုင်သည့်ဆေးကို ပြခြင်း

ဇလပ်နီ၊ လင်းတမျက်စိတဘက်၊ ခွေးလည်စုပ်အိုး၊ ခြမ်း၊ ခဝါ ဖွတ်သည့်ပျဉ်တွင် အမျှပြု၍ကြိတ်၊ ကျောက်ပြင်ထည့် ဆေးကို အလယ်တွင်ဝိုင်း၍သွေး၊ လက်နှင့် မျက်စိတဘက်ကို လက်ပြန်ကွက် ၍ကြည့် မြင်၏။

---

## ၇၄။ စုန်းပယောဂတို့၏ အပင်းထုတ်ဆေးကိုပြခြင်း

သံသတ် ပင်ပျိုကို နှစ်သစ်အပြောင်းတွင် အကျနေ့ အကြပ် နေ့ အတက်နေ့များကိုတူး၍ထား၊ အကျနေ့ ဆေးပင်ကို မီးပုံပြီး လျှင် တိုက်၊ အတက်နေ့အကြပ်နေ့ သူနာဘို့ဆို၍ ရေချမ်းတအိုးသွန်း၊ သူပြုအိုးဆိုလျက် ရေနွေးတအိုးသွန်း၊ တချက်တည်းပြတ်အောင် ဖြတ် လျက် ငရုပ်နိုင်းခြင်း၊ ကနစိုတခြမ်း ထည့်၍ အယက်နှင့်တိုက်၊ အပင်းဟူသမျှ ကျ၏။ ၊၃၂ ထိန်ထိန်ဝါဝါ ညည့်အခါလာသည့်

ခေါ်ဖြာငါသို့ချင်း၊ ခေါ်ဖြာငါသို့ကပ်။ ။ဤဂါထာကို စုန်၊ ပယောဂလာအံ့ဟု သက်ာမကင်းရှိခဲ့သော်၊ စုန်းမကိုကြည့်ပြီးလျှင် ခုနစ်ကြိမ်ရွတ်၊ ချစ်သနား၏။ ဥုံ ကျားကျား လာလာ၊ ညောင် ညောင်သွားဟ။ ။ဤဂါထာသည် ပယောဂဆေးဟူသမျှ ကြိတ် သောအခါတွင် တရံမပြတ်၊ မန်းရသောဂါထာဖြစ်သည်၊ သို့ဖြစ်၍ ပယောဂဆရာတို့ သတိပြု ဆောင်ရွက်ရာ၏၊

## ၇၅။ တန်ညံ၊ စုန်းပယောဂတို့၏ အပင်းသတ်ဆေးကို ပြခြင်း

သံသတ်ပင်ပျိုကို မိန်းမတို့ ခုနစ်ရက်စေ့အောင် ကျင်ငယ်ရေနှင့် စွန့်စေရမည်။ ခုနစ်ရက်စေ လျှင် ဆန့် ပန်း ကွမ်း လက်ဘက်နှင့် ပူဇော်၍ယူ၊ ရေနွေးနှင့်သွေး၍ အပင်းရှိရာတွင် လိမ်း၊ လေ၊ အပင်း ရှိရာအရပ်ကိုမသိလျှင် တကိုယ်လုံးလိမ်းရမည်။ ။ခွဲပင်၊ ပြင်ပင်း၊ အသားပင်း၊ သွေးပင်း၊ ဤအပင်းလေးပါးမှ ကြွင်းသောအပင်းတို့ကို သတ်ရာ၏၊ အသဏ်ထက်ဆုံးသတ်၍ ထားပြားသော် အပင်းကြောင့် လူမသေနိုင်ပြီ။

## ၇၆။ စုန်းပယောဂတို့ ဒဏ်ပြန်ဆေးကိုပြခြင်း

လိပ်တိုက်ခေါင်း၊ ဖက်ရားကြီး၊ ပိတောက်မှို၊ ငါးရွေးစီဟင် ကနခိုလေးစိတ်တစိတ်ထည့်၊ အယက်နှင့်ညက်စွာကြိတ်၊ ၎င်းအယက် နှင့်ပင် တိုက်လေ၊ စုန်းပယောဂတို့ မနေနိုင်ကြပြီ၊ ပြေးကုန်ရာ၏။

## ၇၇။ နတ်တိုက်ဒဏ်ပြန်ဆေးကိုပြခြင်း

ရေလုံအိုးကွဲ၊ မဟာတာ၊ ဥပါသကာ၊ မဟာဂီရိအိုးကွဲ၊ မဟာဂီရိတိုင် အထွတ်ဖျား၊ တောင်မင်းကြီးဂူးကွဲ၊ ပြင်နတ်ဗူးကွဲ၊ ကျားခြေးတွင် ပါသည့်အရိုး၊ လိပ်တိုက်ခေါင်း၊ ငရုပ်နိုင်းခြင်းနှင့် ကြိတ်၊ အယက်နှင့်တိုက်လေ၊ နတ်တိုက်ဒဏ်ပြန်ဆေး။

## ၇၈။ စုန်းပယောဂတို့၏ ရုပ်မြှုပ်ဆေး စသည်တို့ကိုပြခြင်း

ရန်သူ၏ခြေရာကို ယူပြီးလျှင် မြေဘယောင်းနှင့်ရော၍ အရုပ်လုပ်၊ ဆူးခုနှစ်မည်ထိုး၊ ကြက်ကြောက်ကိုခွဲ၍ အောင်ချည်ခုနှစ်ပတ်ရစ် တစူးဝါးတစို့ ကိုပြုလျက် ထိပ်တိုင်အောင်ထိုး၊ လမ်းဆုံမှာဖြစ်စေ သစ်ပင်ကြီးရင်းတွင်ဖြစ်စေ တွင်းတူး၍မြှုပ်၊ ဖွဲ့တဆုပ် ဝါခေ တဆုပ် အောက်မှာခံ၍ ရေတမှုတ်သွန်၊ ပြန်၍မကြည့်ပါလေနှင့်၊ ရုပ်မြှုပ်စီရင်နည်းတည်း။

## ၇၉။ တနည်း နတ်တိုက်ဒဏ်ပြန်ဆေးကိုပြခြင်း

ဥပါသကာ၊ ကန့်ချုပ်နီ၊ ပိတောက်မှို၊ ပိတ်ချင်း၊ ရေလုံအိုးကွဲ၊ ငရုပ်တရွေးစီဘော်၍ မဟာကာတလှာ၊ ထည့်၊ ညက်လှအောင်ကြိတ်၊ အယက်နှင့်တိုက်လေ၊ နတ်တိုက်ဒဏ်ပြန်ဆေးတည်း။

## ၈၀။ စုန်းပယောဂတို့ကိုနိုင်နင်းသော အစီရင်ကိုပြခြင်း

ဉုံစကြာဝဋ္ဋာ သဗ္ဗာပတ်ကုံး ကျွန်းလုံးနှံ့မျှ အနန္တတည်း၊ အုမ္မရက္ခာ အာကာသစိုး တံခိုးကြီးစွာ စန္ဒာပရမီသွာ မဟာပိန်းနဲ ခပဲရက္ခ ဂုမ္ဘာန်စသား နတ်များအပေါင်း နတ်ထောင်သောင်းတို့ ကောင်းသောမင်္ဂလာ ကောင်းသော စည်းစိမ်းချမ်းသာ ပေးစိမ့်သောငှာ ခိပ္ပ သာဓုတိခိပ္ပ သာဓုတိ ဇေဟိဘုဉ္ဇာဟိ အလောင်းငှာရှင်စားစေချင်၏၊ ၊ကွမ်းလက်ဘက် ခုနစ်အုပ်မန်း၍တင်ရမည်၊ ၊စခဲ၊ တော်ခေါ်ပြီးလျှင် မိမိတို့လိုရာအကြောင်းကို ပြောကြားလေကုန်၊

## ၇၁။ စုန်းပယောဂတို့နိုင်သော အစီရင်ကိုပြခြင်း၊

ကြက်မောက်မြစ်၊ ဖရုံခါးမြစ်၊ သဖန်းမြစ် ဤသုံးပါးကို တပဲစီစု၊ ထိုသုံးပါးအလေး ငရုပ်၊အယက်ကောင်းကောင်းနှင့်ကြိတ်၊ ၎င်းအယက်နှင့်ပင်တိုက်၊ စုန်းလာ၍ တောင်းပန်ခယပြောဆိုလိမ့်မည်၊ ။ဤနည်းအစီအရင်ကိုလည်း ပယောဂဆရာတို့သည် ကောင်းစွာ ဆောင်အပ်ရာသတည်း။

ဤပယောဂနှင့်စပ်သော အကြောင်းတို့သည် သတ္တမကဏ္ဍ ဖြစ်သော ၎င်းအဆက် ဒုတိယတွဲနှိုက်ထင်ရှားလတ္တံ့။

---

## ၇၂။ စုန်းပယောဂတို့ဖမ်းနည်း အစီအရင်ကိုပြခြင်း

ဥုံပုဒ္ဓဝုတ်၊ ဓမ္မဝုတ်၊ သံဃဝုတ်၊ ချုပ်ဆရာချုပ်၊ ထိုနနှင့်ကို ခုနစ်အုပ်မန်း၍ လျက်စေရမည်၊ စုန်းဖြစ်လျှင်ခါး၏၊ နတ်ဖြစ်လျှင် ချို၏၊ ။ဤအစီအရင်ကိုလည်း ပယောဂဆရာပြုလုပ်သူတို့သည် စုန်းနှင့်နတ်ခွဲခြမ်း၍ သိရာသောအကြောင်းကို နည်းနှစကျကျ မှတ်သားလေ့လာရာ၏။

---

## ၇၃။ တနည်း စုန်းတို့ကိုသိရာသော အစီရင်ကိုပြခြင်း

ထိုလေးကျွန်း အင်းတို့၏ အကျိုးအစီအရင်ကား ရွှေပြား ငွေပြားတို့နှိုက် စီရင်ပြီးလျှင် အရှေ့ အနောက် မြောက် တောင် အစဉ်အတိုင်း ထပ်လျက်လိပ်၍ ဆောင်ကြကုန်၊ စုန်း ဘုတ် ဘီလူးကို နိုင်လိုလျှင် လက်ျာခါးတွင်ဆောင်၊ ရန်သူအောင်စေလိုလျှင် လက်ျာ လက်မောင်းတွင် ဆောင်၊ ရင်းအင်းနှင့် သစ်ပင်အောက်သို့ ဝင်မူ နတ်တို့ မနေနိုင်၊ ဆင်း၍ပြေးရလေ၏၊ သဗ္ဗကာရကာ အမှုခပ်သိမ်း တို့နှင့် လျော်ရာမှာ ပင့်ဆောင်ကြပါကုန်၊ အကျိုးအနန္တပြီး၏။

## ၁၇၃၊ နှစ်ဆဲ့လေးပစ္စည်းကို ပြခြင်း

| | | | | |
|---|---|---|---|---|
| ၁ | ၁၄ | ၉ | ၂၀ | ၃ |
| ၂၄ | ၁၉ | ၂ | ၁၅ | ၁၆ |
| ၁၃ | ၈ | ၈ | ၄ | ၂၁ |
| ၁၈ | ၂၃ | ၆ | ၁၀ | ၀၆ |
| ၇ | ၁၂ | ၁၇ | ၂၂ | ၅ |

ရင်းနှစ်ဆဲ့လေး ပစ္စည်းအင်းကို စုန်း ပယောဂ ဘီလူးရဲ့နတ်ရဲ့သစ်ပင်၊ အိမ်ပျက် ရာပျက်ကျောင်းကန်ပျက်အချောက်အလှန့် ရှိသောနေရာ၊ စုန်းပယောဂတို့ ဝင်ရောက် ကပ်သောအခါတို့၌ စီရင်ရာ၏။

## ၁၇၄။ မိတ်ဂြိုဟ်အင်း၏ အစီအရင်ကို ပြခြင်း

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၁၅ | ၂၄ | ၃၆ | ၀၈ | ၃၆ | ၄ | ၁[illegible] | |
| ၁[illegible] | ၂၄ | ၃၆ | ၀၈ | ၁၅ | ၀၈ | ၃၆ | ၂၄ | ၁၅ |
| ၂၄ | ၃၆ | ၁၈ | ၃၆ | ၂၄ | ၃၆ | ၀၈ | ၃၆ | ၂၄ |
| ၃၆ | ၀၈ | ၃၆ | ၂၄ | ၃၆ | ၂၄ | ၃၆ | ၀၈ | ၃၆ |
| ၀၈ | ၁၅ | ၂၄ | ၃၆ | နံ | ၁၅ | ၂၄ | ၃၆ | ၁၈ |
| ၃၆ | ၁၈ | ၃၆ | ၂၄ | ၁၅ | ၂၄ | ၃၆ | ၀၈ | ၃၆ |
| ၂၀ | ၃၆ | ၀၈ | ၃၆ | ၂၄ | ၃၆ | ၁၈ | ၃၆ | ၂၄ |
| ၁၅ | ၂၀ | ၁၆ | ၀၈ | ၃၆ | ၀၈ | ၃၆ | ၄ | ၁၅ |
| | ၁[illegible] | ၂၄ | ၃၆ | ၀[illegible] | ၃၆ | ၂၄ | ၁၅ | |

အဋ္ဌမုက်အင်း သိခြင်းအစ ပဌမကာ၊ ဤသို့တည်း၊ အဋ္ဌမုက်မှတ်၊ အင်းမြွက်သိခြင်း၊ ထင်လင်းအစ၊ စတုအဋ္ဌ၊ လောင်းဆဲ့တခါ၊ မှန်စွာအင်းမူလ၊ ၊မူလတည်ခါ၊ အင်းမှာလောင်းပါဒွါဒသ၊ ၊တစ်ဆုစီသာ၊ ရှုတ်ဘို့ပါ၊ သုံးပါးအင်းဇီဝ၊ ၊အင်းသုံးကာ၊ ၊သိခြင်းအစ၊ ပဌမကား၊ တေဇဂုဏ်ရည် ပွားစည်ချွေရံ၊ သုဝဏ္ဏနှင့်၊ ပုတ္တံမီဘရ၊ ပြည့်စုံလှလျက်၊ ဓနကြွယ်ဖြိုး၊ ရွှေတိုင်းတိုး၍ လာဘ်မျိုးရောက်လာ၊ မိုးသို့ရွာသည်၊ ၊ကောအင်းအကျိုးတည်း၊

ဒုတိယအင်း အကျိုးကား၊ ၊များခြင်းရွှေငွေ ဥစ္စာတော်နှင့်၊ ဆန်ရေစပါး၊ ကျွန်ကျွဲနွားလည်း၊ တိုးပွားသည်သာ၊ အင်းတေဇာကြောင့်၊ စိုးမနှောင့်လည်၊ စောင့်၏စည်းစိမ်မပြတ်တည်း၊

တထွေထိုမှ၊ တတိယမူ၊ သုခချမ်းသာ၊ ကြီးကျယ်စွာလျက်၊ ဥစ္စာကျေးငွေ၊ ရွှေငွေပွားစည်၊ စည်းစိမ်တည်သည်၊ ၊သက်ရှည်မမှားကြွယ်ရာတည်း၊

လေးမည်စယ၊ စတုတ္ထ၏၊ တေဇလျှံမြူး၊ ဂုဏ်ကျေးဇူးနိုက်၊ ညွှန်နုပုံသွန်၊ ဘယောင်းမှန်ကို၊ ကြိမ်ဘန်များစွာ စစ်ပြီးခါမှ၊ ဖြူစွာနုထွား၊ လေးထောင့်ပျားလျက်၊ ရေးထားသောချာ၊ အင်းချီပါ၍၊ ဘယောင်းချက်မှ၊ မုဒ္ဒသီးသီး၊ ရှေ့ဆီးနောက်ပင့်၊ ဆောင်သဖြင့်လျှင်၊ လိုပုံယင်တို့၊ မြင်ခါခဏ၊ သိန္ဒေဟနှင့်၊ ပီယမေတ္တာ၊ ကရုဏာလျှင်၊ လိုရာမတ၊ တက်ဖြိုးကြွလိမ့်၊ ဓနရွှေငွေ၊ မိုးသို့ရွေသည်၊ ထင်လေလာဘ်မျိုးများထွန်းတည်း၊

ကြာသပတေးပဥ္စ အင်းလှတေဇာ၊ အကျိုးမှာလည်း၊ တရာအကျယ်၊ နံ့ငယ်အများ၊ အကျိုးများ၏၊ တိုးငြားကြွက်သရေ၊ ဆံရေစပါး၊ အကျိုးများသည်၊ ၊စီးပွားကြီးကျယ် တိုး၏တည်း၊

ခြောက်ပါးအင်းမှာ၊ မဟာသာနှင့်၊ ဂေါဏခြံတွင်း၊ ထောချင်းကျာ၊ များဖြင်စီးပွား၊ စည်ပင်များသည်၊ ကြွယ်ငြစေတည်း၊

ထိုပြီးသတ္တ၊ အင်းတော်ဇကား၊ စိတ်ကအကြံ၊ ပြီးစီးမှန်လျှင်၊ ဓနံလာဘ၊ ပြည့်စုံကြ၏၊

အဋ္ဌရှစ်အင်း အကျိုးတွင်လည်း၊ ထိန်လွင်လျှံပြောင်၊ ကြယ်များဘောင်တွင်၊ လရောင်ပစ္စန်း၊ သော်ဘာထွန်းသို့၊ ရံဝန်းခြွေရွေ၊ များဗိုလ်ခြေနှင့်၊ ပေါ်ထွေစည်ပင်၊ ကျော်ဇောထင်သည်၊ ၊ဂုဏ်အင်အတိုင်းမသိတည်း။

ထိုမှတခါ၊ ကိုးအင်းမှာကား၊ အိမ်ရာကျောင်းကန်၊ ဌာနမှန်တွင်၊ ထားရံသေချာ၊ လေးမျက်နှာကို၊ နှံ့ပါလေးထောင့်၊ အမြဲစောင့်ကာ၊ မမှောင့်ရောဂါ နတ်မိစ္ဆာနှင့်၊ ပြိတ္တာတစ္ဆေ၊ ကဝေမြောက်စုန်း၊ ပြောက်ပျက်ပြုံး၍၊ အိမ်လုံးချမ်းသာ၊ ဘေးမျိုးကွာသည်၊ ၊ချမ်းသာသုခ၊ ဆရာတည်း။

ဆယ်ဖြာမရှင်း၊ ဒသအင်းကား၊ ကြီးခြင်းတော်ဇာ၊ အကျိုးမှာမူ ချမ်းသာစည်းစိမ်၊ ရိပ်ငြိမ်ခွေ့ရံ၊ ပြည့်ကုန်တာ်လျက်၊ သုခံလာဘ လွန်ကြွယ်ဝလိမ့်၊

ဒသကော၊ ဆဲ့တဖြာ၏၊ တေဇာတန်ခိုး၊ အင်းအကျိုးကား၊ အားမျိုးပြည့်ဝ၊ ဣတ္ထိယသို့၊ ပုတ္တရတနာ၊ ခ်ိတရာကို၊ မှန်စွာမုချ၊ ဘေနက္ကလျှင်၊ ၊ရတု မချွတ်မယွင်းတည်း။

ဆဲ့နှစ်လုံးအင်း၊ လျှံဝင်းတေဇာ၊ အကျိုးမှာကား၊ ဝေရာပဋ္ဌ၊ သောဋ္ဌသနှင့်၊ ဒသဗ္ဗာ၊ ဘေးဘယာလျှင်၊ စင်ကွာသန့်ရှင်း၊ ဥပါဒ်ကင်းသည်၊ ၊အင်းမြတ်တန်ခိုးတေဇဂတည်း၊ ၊ဤသည်ကား မိဘ်ဂိုဟ်အင်း အစီအရင်ဖြစ်သောနည်းတည်း၊

## ၁၇၅။ သုဝဏ္ဏဘုမ္မိအင်းကို ပြခြင်း

ဝင်အင်း

| | | | | | |
|---|---|---|---|---|---|
| | သု | နု | ဒ္ဒိ | လ | |
| သ | ဟိ | ဇာ | ဝ | သော | ကာ |
| နိ | န္တာ | ယျံ | နု | မ | ဏ္ဏ |
| မ | ဓေ | ဒ္ဓ | ဟ္မ | ပိ | နု |
| ဂ | စေ | ရာ | တ္တာ | ဘု | ပြ |
| | ပိ | မ္မိ | သာ | ဏ္ဏ | |

ထွက်အင်း

| | | | | | |
|---|---|---|---|---|---|
| | ယျံ | ပြ | သာ | ဒ္ဓိ | |
| ဝ | စေ | ဂ | သ | နု | ပိ |
| မ | ဟ္မ | သု | ဘု | သော | ဓေ |
| နိ | ဏ္ဏ | ရာ | န္တာ | ကာ | တ္တာ |
| ဇာ | ဟိ | ဒ္ဓ | နု | တ | နု |
| | ဏ္ဏ | လ | ဒ္ဒိ | မိ | |

၎င်း ဝင်အင်း ထွက်အင်းတို့၏ အင်းဆန် ဂါထာကား သုဝဏ္ဏဘုမ္မိဂန္တာန၊ သောစနုတ္တရမဟိဒ္ဒိကာ၊ ပိသာစေနိဒ္ဓါ၊ မိတ္တာန ပြဟ္မဇာလမဓေယျံ။ ၎င်းဂါထာအတိုင်းအင်းဆန်ပြု၍ အထွက် အဝင်ကို ဆင်ခြင်၍သင်ရာ၏။

## ၁၇၆။ သုကိတ္တိမာအင်း အစီအရင်ကို ပြခြင်း

ဝင်အင်းပုံ

| | | | | | |
|---|---|---|---|---|---|
| | သု | ဇရာ | ဂ | ဝါ | |
| မ္ဘိ | ဘာ | ရော | ကိ | သု | တော |
| မာ | ဂ | တော | အ | ရော | တ္တိ |
| သုံ | သ | ဝ | သ | ယ | သိ |
| ဘာ | သိ | ဂါ | မိ | မာ | ကေ |
| | စေ | သု | သ | လ | |

ထွက်အင်းပုံ

| | | | | | |
|---|---|---|---|---|---|
| | တော | ဖကာ | သ | သု | |
| ကိ | သိ | ဘ | မ္ဘိ | ရော | ယ |
| သုံ | သ | သု | မာ | သုံ | သ |
| မာ | တ္တိ | ဝါ | စာ | တော | ရော |
| ရော | ဘာ | ပ | သိ | အ | မိ |
| | လ | ဝါ | ဂ | စေ | |

ဇင်းသုကိတ္တိမာ ထွက်အင်း-ဝင်အင်းတို့၏ဂါထာကား။ ။ သုကိတ္တိမာ သုဘာစာဇရော၊ သုသီလဝါသုဘာဂတော၊ ယသသိ မာဝစေမိရော၊ ကေသရောဝါအသမ္ဘိတော။ ဤဂါထာအတိုင်း

ထွက်အင်း၊ ဝင်အင်း၊ အင်းဆံပြုလျက် ထွက်ဝင်ကို ဆင်ခြင်၍ သွတ်သွင်းရာ၏။

ထိုထွက်အင်းဝင်အင်းလေးပါးတို့ကို မှော်သွင်း နတ်ထိန်း ပြုလုပ်သောအခါ တစ္ဆေမြေဘုတ်မွေးသောအခါ ပယောဂတို့ကို နိုင်နင်းလိုသောအခါ အစရှိသော လက်ဝဲအစီအရင်တို့နှိုက် ရဲရင့်တည်ကြည်စေရန်ဆေး မကျောက်ပျဉ်တို့နှိုက်ချ၍ သုံးအပ်ကုန်၏၊ အစီအရင်လည်းမြဲစွဲ၏။

မြို့ရွာလေးထောင့်တို့နှိုက် မြှုပ်သဖြင့် အန္တရာယ်ကင်းခြင်း၊ ဘေးရှင်းခြင်း၊ ကပ်သုံးပါးငြိမ်ခြင်းစသော အကျိုးတို့ကိုပြီးစေနိုင်တတ်၏ဟူ ရှေးရသေ့ ရှစ်သောင်း ဆရာတောင်းတို့ ချီးမွမ်းတော်မူကြကုန်၏။

## ၁၇၇။ အဋ္ဌတဂ္ဂေအင်းစီရင်နည်းကိုပြခြင်း

ငရင်းအင်း၏အင်းဆံဂါထာကား အဋ္ဌဘဂ္ဂေပါနုဒပတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သံဃံဘည့်၍ အစကအဆုံးတိုင်အောင် အင်းဆံ သွတ်သွင်းရာ၏။ ဤအင်းအကျိုးကို ဆိုသည့်ရှိသော် ပယောဂနှင့် စပ်ဆိုင်သော အရောဂါနတို့နှိုက် အတိုင်းမသိ အဆုံးပြုနိုင်သည်၊ ပယောဂအရာပြုလုပ်သူတို့သည် မိမိတို့ဉာဏ်စွမ်းရှိသလောက် ဆင်ခြင်၍ စီရင်ရာ၏၊ ဤဒွိ ၇-ကွက်အင်းချ၍ မြင်းသွားလေ၊

## ၁၇၈။ သရဏဂုံအင်း၏အစီအရင်ကိုကိုပြခြင်း

ငရင်းအင်းဆံကား၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံသံဃံထည့်၍ဆို၊ ငရင်းအင်းကို မြင်းသွားသွတ်၍စီရင်ရာ၏။ အကျိုးကိုမဆိုပြီ အနန္တညီး၊ အင်းကား ၅-ကွက်ချရမည်၊

## ၁၇၉။ အာယုသမိုက်အင်း အစီအရင်ကိုပြခြင်း

ပ-က-ဝ-ဘ-တာ-ကာ၊ ပိပိ-ပိပိ-ထ-ကာ-ဓမ္မံဟူသော ဂါထာနှင့်ငရင်း၄-ကွက်တွင် ပေါင်းလဲ့စောင်ပြီးလျှင် ဂ-ခုက စ၍ချ၊ အစဉ်အတိုင်း ချသွားလေ၊ ဂ-ခုအကျိုးကား လယ်ယာတွင် ထားသော် ရေမခမ်းနိုင်၊ ကိုယ်တွင်ငရင်း၊ ဥစ္စာတွင်ငရင်း၊ ဆောင်ရသော် ချပ်သိမ်းသော ... ပြည့်စုံ၏၊ ...

အကျိုးကား၊ ဥယျာဉ်၊ လယ်ယာနိုက်ထားလျှင် အသီးအနှံကောင်း၏၊ ၁၀-ခု၏အကျိုးသည် ကား ဘဏ္ဍာတော် ကျီကျတွင်ထားသော် ကြွက်မစားနိုင်၊ နို့မတွက်သောမိန်းမကို နို့ထွက်ရ၏၊ ၁၁-ခု၏ အကျိုးကား လယ်ယာတွင်ထားမူ သူခိုးမခိုးနိုင်ပြီ၊ ၁၂-ခု၏အကျိုးကား အိမ်တွင်းထားမူ စပါးဆန်ရေ ပေါ်များ၏၊ လမ်းမှာထားမူ ဆင်၊ မြင်း၊ ကျွဲ၊ နွားတို့ လမ်းလွဲရ၏၊ ကိုယ်တွင် ဆောင်မူ သျှုံပြီး၏၊ ၁၃-ခု၏အကျိုးကား၊ ကုန်စွန်တတ်၏၊ အိမ်တွင်ထားမူ စပါးဆန်ရေ ရွှေ ငွေ ဥစ္စာပေါများ၏၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား လမ်းလွဲရ၏၊ ၁၄-ခုအကျိုးကား ခြေမြောက်၏၊ ခရီးသွားမူ မပင်ပန်းနိုင်၏၊ ၁၆ ခုအကျိုးကား ကိုယ်တွင်ဆောင်မူ ဈေးရှုန်းဆင်း၏၊ ၁၇ ခု၏အကျိုးကား ဘောင်းထုပ်တွင်ဆောင်မူ အလိုရှိရာ ဆုတောင်းပြည့်စုံ၏၊ စည်းစိမ်းချမ်းသာများ၏၊ သားမရသော မိန်းမတို့ဆောင်မူ သစူးရလွယ်၏၊ ၁၈ ခု၏အကျိုး၊ ၁၉ ခု၏ အကျိုးတို့ကား ကိုယ်တွင်ဆောင်မူ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံ၏၊ လယ်ယာတွင်ထားမူ အသီးအနှံကောင်း၏၊ သူတထူးတို့ ဖျက်၍ မပျက်နိုင်၊ အဖျက်မျိုးဟူသမျှကိုနိုင်၏၊ ၂၀ အကျိုးကား သားမရသောသူဝတ်သော် သားရ၏၊ စိတ်နှလုံးသာယာ၏၊ ၂၁ ခု၏ အကျိုးကား စပါးပိုတွင်ထားမူ ကြွက်မစားဝံ့၊ ရေတွင်စိမ်လျက် သောက်ရမူ သားဖွား၏၊ ၂၂ ခု၏အကျိုးကား အားရှိသော မိန်းမကို ဆီစိမ်၍ လိမ်းရမူ ဘေးအန္တရာယ်ကင်း၏၊ ၂၃ ခု၏ အကျိုးကား၊ အိမ်မိုးခေါင်တွင် ချုပ်၍ထားမူ ရန်ကင်း၏၊ ခဲမကြေး နီတို့နိုက်ချ၊ ဘောင်းထုပ်တွင်ထားလျက် ဆောင်မူ ရန်သမျှတို့ မချဉ်းမကပ်ဝံ့ကုန်၊ ၂၄-ခု၏အကျိုးကား ကိုယ်တွင်ဆောင်မူ ရန် ခပ်သိမ်းတို့ကိုအောင်၏၊ ၂၅-ခု၏ အကျိုးကား ဘောင်းထုပ်တွင် ဆောင်၊ သူခပ်သိမ်းကိုနိုင်၏၊ စုန်းပယောဂတို့ မကပ်မချဉ်းဝံ့၊ ၂၆-ခု၏ အကျိုးကား လည်တွင် ဆောင်သော် အသံသာယာ၏၊ ၂၇-ခု၏အကျိုးကား ဆီဆုံတွင်ထားမူ ဆီမထွက်နိုင်၊ ၂၈-ခု၏ အကျိုးကား၊ ကိုယ်တွင်ထားမူ အများချစ်၏၊ အိမ်တွင်ထားမူ အနာ အဖျားကင်း၏၊ ၂၉-ခု၏အကျိုးကား ကိုက်တွင်ထားမူ အနှောင် အဖွဲ့ လွတ်၏၊ ၃၀-အကျိုးကား ကိုယ်တွင်ထားမူ သူခပ်သိမ်းတို့ ချစ်ကြည်၏၊ ငြိုဟ်စီး၊ ငြိုဟ်နင်း လွတ်၏၊ ၃၁-ခု၏ အကျိုးကား၊

ကိုယ်တွင်ဆောင်မှု ဟန္တရာယ်ကင်း၏၊ ၃၂-၏အကျိုးကား ကိုယ်တွင်ဆောင်မှု အနှောင်အဖွဲ့မှလွတ်၏၊ ၃၃-ခု၏အကျိုးကား ကိုယ်တွင်ဆောင်မှု ဘေးရန်ကင်း၏၊ ၃၄-ခု၏အကျိုးကား အသီးသီး၏၊ ၃၅-ခုအကျိုးကား ၃၄-ခုအကျိုးနှင့်တကွ မီးဘေး၊ မင်းဘေး၊ ခိုးသူဘေး၊ အနာဘေးတို့မှ ကင်း၏၊ ၃၆-ခုအကျိုးကား သား မရသော မိန်းမဆောင်မှု သားရ၏၊ ရှုးသောသူတို့ဆောင်မှု အရှုး ပျောက်၏၊ ၃၇-ခုအကျိုးကား ဦးခေါင်းထက်ဆောင်မှု အလိုပြည့် စုံ၏၊ ၃၈-ခုအကျိုးကား ကိုယ်တွင်ဆောင်မှု ရတနာ ၇-ပါးနှင့် ပြည့်စုံ၏၊ ၃၉-ခုအကျိုးကား ကိုယ်တွင်ဆောင်မှု အခြံအရံနှင့်ပြည့် စုံ၏၊ ၄၀-အကျိုးကား အိမ်တွင်ထားမှု သူခပ်သိမ်းတို့ ချစ်ကြည် လေးမြတ်၏၊ ၄၁-ခုအကျိုးကား ကိုယ်တွင်ဆောင်မှုကြံတိုင်းပြီး၏၊ ၄၂-ခုအကျိုးကား ကြံတိုင်းအထမြောက်၏၊ ၄၃-ခုအကျိုးကား ကိုယ်တွင်ဆောင်မှု သူပြု၍မဖြစ်နိုင်၊ ၄၄-ခုအကျိုးကား၊ ကိုယ်တွင် ဆောင်မှု အဝဲအယားမျိုးလွတ်၏၊ ၄၅-ခုအကျိုးကား သံပူကိုကိုင် မပူ၊ လည်တွင် ဆောင်မှု အသံ သာယာ၏၊ ၄၆-ခုအကျိုးကား ကျီတွင်ထားမှု ကြွက်မစားဝံ့၊ ၄၇-ခုအကျိုးကား ဖိုတွင်ထားသော် အရေမဖြစ်နိုင်၊ ၄၈-ခုအကျိုးကား နွားခြံတွင်ထားမှု နွားပွား များ၏၊ ၄၉-ခုကား သျှိပြီး၏၊ ၅၀-ကား ရန်ကိုနိုင်၏၊ ၅၁-ခု ကား အိမ်တွင်ထားမှု ရတနာနှင့်ပြည့်စုံ၏၊ ၅၂-ခုကား ပျောက် ပြီးသောဥစ္စာ ပြန်ရတတ်၏၊ သူခပ်သိမ်းတို့ချစ်၏၊ ၅၃-ခု အကျိုး ကား၊ ကိုယ်တွင် ဆောင်မှု ပစ္စယာဂတို့ မဘမ်းစားနိုင်၊ ၅၄-ခု အကျိုးကား သူငယ်လည်တွင်ဆွဲမှု အန္တရာယ်ကင်း၏၊ ၅၅-ခုအကျိုး ကား၊ ကိုယ်တွင်ထားသော် သူခပ်သိမ်းတို့ ချစ်၏၊ ၅၆-က-၇၈-ခု တိုင်အကျိုးကား အတိုင်းမသိ ကြီးကျယ်လှ၏၊ ဤတွင်ကား အခယု ယမိုက်၏အကျိုးကို ဆိုရာဆိုကြောင်း စကားတည်း၊

ကာဝေသာရကျမ်းရင်းကြီး ၉-တွဲ၌ အင်းကိုပြဆိုရာ
ဖြစ်သော အင်္ဂကဝေသာရ ပဌမပိုင်းပြီး၏။
ဤတွင်၍ ပဌမ-ဒုတိယ-တတိယ-စတုတ္ထ-ပဥ္စမ-ငါးပိုင်း၊
ငါးကဏ္ဍကတို့ဖြင့် တန်ဆာဆင်အပ်သော
ကာဝေသာရကျမ်းရင်းကြီး၊ အပြီးသို့
ရောက်သတည်း။

## မှတ်ထားချက်

ဥင်းစာအုပ် ၅-တွဲ၏ အဆက်ဖြစ်သော ဒုတိယစာအုပ် ၄-တွဲတွင်၊

၁။ ပီယသိဒ္ဓိ ဆဋ္ဌမကဏ္ဍ၊

၂။ ကာယသိဒ္ဓိ သတ္တမကဏ္ဍ၊

၃။ နေသိဒ္ဓိ အဋ္ဌမကဏ္ဍ၊

၄။ ဇေယျသိဒ္ဓိ နဝမကဏ္ဍ၊

ဥင်၊ ၄-ပိုင်း၊ ၄-ကဏ္ဍတို့ဖြင့် ပြည့်စုံစွာ ပါရှိပါသဖြင့် ဆက်လက်ကြည့်ရှုရန် သတိပေးနှိုးဆော်လိုက်ပါကြောင်း။

တောင်တွင်းဆရာတော်

ခင်ကြီးဖျော်

၏

ပထမ ဆရာ သင် လက် စွဲ

# ကဝေသာရကျမ်း။

ဒုတိယ တွဲ

ဦးဘဟန်-ဒေါ်သိန်း (တူ) မောင်ဘညွန့်

**ကျားခေါင်းစာအုပ်ဆိုင်**

နံပါတ် ၉၈-၉၉၊ (စိ-ရုံ) ဈေးချို

မန္တလေးမြို့။

F19B

# နိဒါန်း

စတုကပွဲ တွက်ကိန်းနေတွင် သုံးထွေမေဃ နိစ္စလဖြင့် လောကဓမ္မတာ ဖြစ်ပျက်ရာကား ပြဟ္မာပထမ ဒုတိယနှင့် တတိယ မှန် သုံးဘုံချာန်ကို သုံးတန်ဖျက်ချေ မီး-ရေ-လေဟု မသေ့ကတိ ပြဋ္ဌာန်းရှိသော အာဒိပဌမ သံဝဋ္ဋမှ ကပ္ပသုံးတန် ပြုန်းခဲ့တျန်သည် နိယံ့မချွတ် တည်မြဲမှတ်သော ဝိဝဋ္ဋဋ္ဌာ ကပ်ဦးစွာဝယ် အာဘဿရ ဝိမာနဖြင့် ဘုံမှဗြဟ္မာ များဖြင်စွာလျှင် ကြွမ္မာလျှောပြွတ် ဥပပါတ် ရှု လူ့ရပ်ဘုံသူ ကပ်ဦးလူတို့ မှောင်မြူမပြယ် ကိုယ်ရောင်ကွယ်ဆ ထွန်းအယ်ယောင်လု ရဝိန္ဒုကို ရှုလိုကုန်ကြ လင့်မျှော်အသကဲ့သို့ ပထမဒေါ်ပိုင်း အလျှိုင်းမကျယ် ဓိပ္ပါယ်မခက် လွန်နှုန်းနှစ်သက်သဖြင့် နေ့စဉ်ဆက်သေသ လေးကဏ္ဍဟု သာရကာဝေ ကျမ်းမြတ်တော်၏ ရှေးထုံးမှည်းသတ် မှဘတ်ခပ်အောင် ကြည့်မှတ်လိုသူ ခပ်သိမ်း လူတို့၏ ကြည်ဖြူဆန္ဒ အာသီသကြောင့် ဒုတိယ၄ပိုင်း သမိုင်း မော်ကွန်း၊ အစဉ်ထွန်းလျက် ပြည်ညွှန်းသဓေ်ပ နိဒါနဥယျာဉ် သဘောအမြွက် ဖော်ထုတ်ချက်တို့ကား။

(၁) ဆောင်ရွက်သမျှ ကိစ္စသီးသီး လိုဘိုင်းပြီး၍ အံ့ချီး မဆုံး ကြိုးသို့ထုံးလျက် ပန်းကုံးအသွင် ချစ်ခင်ရှေ့စဘိ မြတ်ဘုန်း ရှိဟု သီဝလီမန္တန် စီရင်ရန်နှင့် သဏ္ဍာန်ရုပ်ပွား ဆောင်ထားနံ့သင့် ပုံဖြင့်သေချာ အက္ခရာပြုသ ဒေါင်းမ-ဒေါင်းဖို စိတ်လိုကိုယ်ရောက် ရွှတ်မြောက်ဥဒေ အခပေတယံ ပီယံပီယ သူ့ဝရှေ့ကျေး ချစ်ဆေး တရပ် သူရသတီ ဒေဝီမယ်လျှ သုံဝဏ္ဏဂဟေ ရွှေငွေရောစု သူမနု၏ အောင်ဆုတဖြာ မဟာသုခ လိမ်းသ ဝ-ကွက် ဖနယာင်းချက်နှင့် လဆီဖတ်မှော်မိုး အာရုံအာရမ္မဏ်ဇာ လိုသမျှအရာ လွယ်ကာသိဒ္ဓိ သျှိုတိုင်ဘိသေ ပီယသိဒ္ဓိ ဆင့်မကဏ္ဍ၊

# နိဒါန်း

(၂) နက္ခတ်ထွဏ်ဝင် တွင်းပြင်ဘဏ်ကန်း၊ စန်းယှဉ်မိတ္တူ ကြည့်ရှုသချာ အက္ခရာရေးပြီး စိတ်ပုတီးနှင့် အပြီးတိုင်မြောက် လူခြောက်ရှောမွေ့၊ လေးထောင့်ဆင့်နေ ပဒေသာရ စသည့်အင်းပုံ မန္တန်စုံတို့ဖြင့် " ဥုံသြောင်းသြ " နှိမ်နည်းနင်းနည်း ဖြင့်ပြီးသိပ္ပ ကာယသိဒ္ဓိအခဏ်းကို ပြဆိုအပ်သောသတ္တမကဏ္ဍ၊

(၃) လက်ယာအောင်မြေ သိင်္ဂီရွှေနှင့် ဓာတ်နေဓာတ်ထား၊ ပြဒါးသုတ ပြာကတခဏ်း၊ သံလမ်းတဖြာ မဟာမဖော တက်လေ တိုင်းတို၊ ဖြိုးလေတိုင်းမှောက် ထွက်ရပ်ပေါက်သဖြင့် မြိုင်စအောက် သမိ၊ သူယောင်သီးတို့နှင့် မညီးဖျော်ဖြေ ကမ္ဘာကြွေလည်း မကျေ အာယု ချစ်သက်စုနှင့် လိုဆုဘတူ ပန်ဆင်ယူလျက် နိဗ္ဗုအမတ ရည်ညွှန်း၍သနိုင်သော နေသိဒ္ဓိအခန်း အဋ္ဌမကဏ္ဍ၊

(၄) သုနာပရန် တမ္ဗဒီပ မြန်မာ့ကျွန်းဘော့ ဘူရပ်မြေတွင် ရွှေငွေဇာစတိ နဂ္ဂကျောက်သန် အမှန်ရထိုက် ဗုဒ္ဓသိုက်ဟု သမိုဏ် လမ်းညွှန် တောင်စွန်မခပ် ကျောင်းကင်ရပ်ကို ပြာသာဒ်မစီး၊ သိဒ္ဓိ ပြီးလျက် ကောင်းကြီးကျေညာ ဒေဝါနက်လေ၊ နတ်တို့ပေးသော နတ်ဆေးနတ်ဝါး ပုံမခြားပဲ ပြထားသချာ ဝဲယာဖြန့်ညီ ဂူဒ္ဓိမယ နည်းစုံခသော ဇေယျသိဒ္ဓိအခဏ်း နဝမကဏ္ဍ၊

ဤ ၄-ကဏ္ဍတို့ဖြင့် တန်ဆာဆင်အပ်သော ကဝေသာရ ကျမ်းရင်းကြီး ၉-တွဲ၏ ၄-ပိုင်၊ ဒုတိယစာအုပ်ကို မှူရှင်မောင်ဘဟန် ဈေးချို(စီ-ရုံ) နံပါတ် ၉၀-၉၉မှ ဆက်လက်၍ ပုံနှိပ်လုပ်ဆောင် အပ်သတည်း။

# မာတိကာ

ဏဝေသစရက္ချမ်းရင်းကြီး ၉-တွဲ၏ ၄-ပိုင်း ဒုတိယတွဲ
မှစတီဏာ ကောက်နုတ်ချက်


| ဦးရေနံပါတ် | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၁၇၇ | ဆင်္ဂမဏာဏ္ဍ၏ ဥပဒေသ | ၉ |
| ၁၇၈ | ရှင်သီဝလိ ကိုးကွယ်စီရင်နည်းကိုပြခြင်း | ၁၀ |
| ၁၇၉ | ရှင်သီဝလိမန္တန်တော်ကိုပြခြင်း | ၁၁ |
| ၁၈၀ | ဆင်မဒ္ဒန်စွယ်စီရင်နည်းကိုပြခြင်း | ၁၂ |
| ၁၈၁ | ရှင်သီဝလိ လက်ဖွဲ့ကို နံ့သင့်စီရင်နည်း | ၁၃ |
| ၁၈၂ | ဒေါင်းဖို-ဒေါင်းမစီရင်နည်းကိုပြခြင်း | ၁၄ |
| ၁၈၃ | ကျေးဖို-ကျေးမစီရင်နည်းကိုပြခြင်း | ၁၅ |
| ၁၈၄ | သူရဿတီအစ်အရင်ကိုပြခြင်း | ၁၆ |
| ၁၈၅ | သုဝဏ္ဏဂဟောစီရင်နည်းကိုပြခြင်း | ၁၇ |
| ၁၈၆ | သုမနေမင်း၏ ပီယသျှိစီရင်နည်းကိုပြခြင်း | ၁၈ |
| ၁၈၇ | မဟာသုခုမ အစီအရင်ကိုပြခြင်း | ၁၉ |
| ၁၈၈ | အနုလိမ်းဆေးကိုပြခြင်း | ၁၉ |
| ၁၈၉ | လျှောမွေးလက်ညှိုးစီရင်နည်းကိုပြခြင်း | ၂၀ |
| ၁၉၀ | ဖယောင်းချက်စီရင်နည်းကိုပြခြင်း | ၂၀ |
| ၁၉၁ | နံ့သင့်ပီယသိဒ္ဓိအင်းကိုပြခြင်း | ၂၁ |
| ၁၉၂ | နံ့သာငါးပါးမှော်ကိုပြခြင်း | ၂၂ |
| ၁၉၃ | အနုလက်ဖွဲ့စီရင်နည်းကိုပြခြင်း | ၂၂ |
| ၁၉၄ | အနုဆောင်ဂဝံစီရင်နည်းကိုပြခြင်း | ၂၃ |
| ၁၉၅ | အနုမှန်ကူဆေးစီရင်နည်းကိုပြခြင်း | ၂၃ |
| ၁၉၆ | အနုလိမ်းဆေးစီရင်နည်းကိုပြခြင်း | ၂၃ |
| ၁၉၇ | အနုလက်သတ်ဆေးစီရင်နည်းကိုပြခြင်း | ၂၄ |
| ၁၉၈ | အနုမျက်ကွင်းဆေးစီရင်နည်းကိုပြခြင်း | ၂၄ |
| ၁၉၉ | ယက်ဘက်မှော်သွင်းနည်းကိုပြခြင်း | ၂၅ |

# မာတိကာ


| ဦးရေနံပါတ် | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၂၀၀ | လက်ဘက်မန်းဂါထာကိုပြခြင်း၊ | ၂၅ |
| ၂၀၁ | ထုံးမန်းဂါထာကိုပြခြင်း | ၂၆ |
| ၂၀၂ | ဘုရားမှော်သွင်းနည်းကိုပြခြင်း၊ | ၂၆ |
| ၂၀၃ | ဝ-လေးလုံးပိတ်စီရင်နည်းကိုပြခြင်း၊ | ၂၇ |
| ၂၀၄ | အနုမီးထွန်းစီရင်နည်းကိုပြခြင်း | ၂၈ |
| ၂၀၅ | အနုလက်စွပ်စီရင်နည်းကိုပြခြင်း၊ | ၂၈ |
| ၂၀၆ | အနုမှန်ကူဆေးစီရင်နည်းကိုပြခြင်း | ၂၉ |
| ၂၀၇ | အနုတောဆီဆေးစီရင်နည်းကိုပြခြင်း၊ | ၂၉ |
| ၂၀၈ | အနုသုတ်ဆေးစီရင်နည်းကိုပြခြင်း၊ | ၃၀ |
| ၂၀၉ | အနုနတ်သမီးဆေးစီရင်နည်းကိုပြခြင်း၊ | ၃၀ |
| ၂၁၀ | အနုလွှင့်ဆေးစီရင်နည်းကိုပြခြင်း၊ | ၃၁ |
| ၂၁၁ | အနုရုက္ခစိုးစေနည်း၊ စီရင်နည်းကိုပြခြင်း၊ | ၃၁ |
| ၂၁၂ | အနုမီးတွန်းစီရင်နည်းကိုပြခြင်း၊ | ၃၁ |
| ၂၁၃ | အနုနတ်ရဲတိုက်စီရင်နည်းကိုပြခြင်း၊ | ၃၂ |
| ၂၁၄ | အနုလက်ဝါးပြဆေးစီရင်နည်းကိုပြခြင်း၊ | ၃၂ |
| ၂၁၅ | အနုနတ်တိုက်ဖုဘ်တိုက်စီရင်နည်းကိုပြခြင်း၊ | ၃၂ |
| ၂၁၆ | ဂီရိမင်္ဂလာထုံသင်းစီရင်နည်းကိုပြခြင်း | ၃၃ |
| ၂၁၇ | အနုနဖူးလိမ်းဆေးစီရင်နည်းကိုပြခြင်း | ၃၃ |
| ၂၁၈ | ပေတလူဆေးကြီးကိုပြခြင်း | ၃၄ |
| ၂၁၉ | တနည်းပေတလူဆေးကြီးကို အကျယ်ပြခြင်း | ၃၄ |
| ၂၂၀ | အနုကုန်တိုက်မန္တန်ကိုပြခြင်း၊ | ၃၇ |
| ၂၂၁ | တနည်းပီယပန္တန်ကိုပြခြင်း၊ | ၃၇ |
| ၂၂၂ | ပီယမန်းဆေးလိပ်စီရင်နည်းကိုပြခြင်း၊ | ၃၇ |


ဆဋ္ဌမကဏ္ဍမာတိကာပြီး၏။

| ဦးရေနံပါတ် | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၂၂၃ | နက္ခတ်ထွက်ဝင်စသည်တို့ကိုပြခြင်း၊ | ၃၉ |
| ၂၂၄ | တဘာဏီကာန်းစသော့လက်ကိုပြခြင်း၊ | ၄၂ |
| ၂၂၅ | ဥပါဒ် မိတ္တူ စသည်တို့ကိုရွေးခြင်း | ၄၂ |
| ၂၂၆ | ကာယသိဒ္ဓိပုတီးစီရင်နည်းကိုပြခြင်း၊ | ၄၃ |
| ၂၂၇ | ဒုတ်ဆောင်စီရင်နည်းကိုပြခြင်း၊ | ၄၆ |
| ၂၂၈ | ဂဝံစီရင်နည်းကိုပြခြင်း၊ | ၄၆ |
| ၂၂၉ | ဆောင်ခေါစီရင်နည်းကိုပြခြင်း၊ | ၄၇ |
| ၂၃၀ | တနည်းဂဝံစီရင်နည်းကိုပြခြင်း၊ | ၄၇ |
| ၂၃၁ | လူခြောက်ရှောမွှေးစီရင်နည်းကိုပြခြင်း၊ | ၄၈ |
| ၂၃၂ | လက်ဖျံ ရှီးကိုဂဝံစီရင်နည်းကိုပြခြင်း၊ | ၄၉ |
| ၂၃၃ | ခွေးမဟောင်သောဂါထာကိုပြခြင်း၊ | ၅၀ |
| ၂၃၄ | သိဒ္ဓိလက်ဖွဲ့သုံးပါးစီရင်နည်းကိုပြခြင်း၊ | ၅၀ |
| ၂၃၅ | လေးထောင့်ဆင်နေပဒေသာအင်းကိုပြခြင်း၊ | ၅၁ |
| ၂၃၆ | မွှေရှင်တော်ဂါထာကိုပြခြင်း၊ | ၅၂ |
| ၂၃၇ | သုတ္တန်ကျမ်းလာဂါထာကိုပြခြင်း၊ | ၅၂ |
| ၂၃၈ | ခိုးသူဖမ်းမင်းစီရင်နည်းကိုပြခြင်း၊ | ၅၃ |
| ၂၃၉ | ဘုရားအမိန့်တော်ကြီးကိုပြခြင်း၊ | ၅၄ |
| ၂၄၀ | အကွယ်အကာစစ်ဌာမဏိဂါထာတော်ကြီးကိုပြခြင်း၊ | ၅၅ |
| ၂၄၁ | သက်တန့်နာလူးရန် ရေမန်း၊ ဆီမန်း၊ ဂါထာကိုပြခြင်း၊ | ၅၆ |
| ၂၄၂ | ရင်ဘတ်နာ ဆားမန်းဂါထာကိုပြခြင်း | ၅၆ |
| ၂၄၃ | အပင်ကျ ရေမန်း၊ ဆီမန်းတို့ကိုပြခြင်း၊ | ၅၆ |
| ၂၄၄ | အပင်ကျ ဆီမန်းဂါထာကိုပြခြင်း | ၅၇ |
| ၂၄၅ | စုန်း၊ ဖုတ်၊ တစ္ဆေပူးသော် တိုက်ရန်ရေမန်း ဂါထာကိုပြခြင်း၊ | ၅၇ |
| ၂၄၆ | အစာမန်းဂါထာကိုပြခြင်း၊ | ၅၇ |
| ၂၄၇ | ဝိဇ္ဇာမိုရ်ရှင်ပျံစီရင်နည်းကိုပြခြင်း၊ | ၅၈ |

| ဦးရေနံပါတ် | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၂၄၈ | ကာမယသိဒ္ဓိအင်းညွှန်းစသည်တို့ကိုပြခြင်း | ၅၉ |
| ၂၄၉ | ဝေံအစိန္တိယာ ဂါထာကိုပြခြင်း | ၆၀ |
| ၂၅၀ | စမဂါထာကိုပြခြင်း | ၆၀ |
| ၂၅၁ | ပါပအင်းစီရင်နည်းကိုပြခြင်း | ၆၁ |
| ၂၅၂ | ယဿာနုဘာဝတော စီရင်နည်းကိုပြခြင်း | ၆၂ |
| ၂၅၃ | အဌမုတ်အင်း စီရင်နည်းကိုပြခြင်း | ၆၅ |
| ၂၅၄ | ဇမ္ဗူတုံအင်းစီရင်နည်းကိုပြခြင်း | ၆၈ |
| ၂၅၅ | မိတ်အင်းစီရင်နည်းကိုပြခြင်း | ၆၈ |
| ၂၅၆ | အမင်္ဂလာအင်းစီရင်နည်းကိုပြခြင်း | ၇၀ |
| ၂၅၇ | စမ္ဗာနုဝအင်းစီရင်နည်းကိုပြခြင်း | ၇၃ |

သတ္တမကဏ္ဍ မာတိကာပြီး၏။

| | | |
|---|---|---|
| ၂၅၈ | လက်ယာအရောင်မြေလမ်းကိုပြခြင်း | ၇၈ |
| ၂၅၉ | ဆရာအောင်ကြီးလုပ်ထုံးကိုပြခြင်း | ၈၇ |
| ၂၆၀ | တြိနေတြဲလုပ်ထုံးလမ်းကိုပြခြင်း | ၉၄ |

အဋ္ဌမကဏ္ဍ မာတိကာပြီး၏။

| | | |
|---|---|---|
| ၂၆၁ | ဆေးမျိုးကျောက်မျိုးတို့၏သိုက်ကိုပြခြင်း | ၁၁၁ |

နဝမကဏ္ဍ မာတိကာ ပြီး၏။


ဤတွင် ဓာဝေသာရ ကျမ်းရင်းကြီး ၉-တွဲ၏ ၄-ပိုင်း ဒုတိယတွဲ မာတိကာပြီး၏။

စိရံ တိဋ္ဌတု သဒ္ဓမ္မော

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၇၇။ ဆဋ္ဌမကဏ္ဍ၏ ဥပဒေသ

ဤကဝေသာရကျမ်းကြီး၌ ပဌမ-ဒုတိယ-တတိယ-စတုတ္ထ ပဉ္စမဟူသော ငါးပိုင်း ငါးကဏ္ဍတို့တွင် အနုလောမအစဉ်အားဖြင့် စုန်းတို့အပြား၊ ဆေးဂမုန်းညွန်းအပြား၊ နတ်ဆေးတို့၏အပြား၊ မန္တန် မန္တယားတို့၏အပြား၊ အင်္ဂါဝေသာရဟူသော အင်းအိုင် အစီအရင်အပြားတို့ကို အသီးသီး ဝေဘန်ကန့်သတ်၍ တကန့်စီ တကန့်စီ ပိုင်းခြားစီရင် ရိုက်နှိပ်ပြီးသည့် ၅-ပိုင်း ပထမတွဲအဆုံး၌ ပြဆိုလတ္တံ့သော ဤ ၄-ပိုင်း ဒုတိယတွဲ ဆဋ္ဌမကဏ္ဍတွင် (ပီယသိဒ္ဓိ ကဝေသာရ) မည်သော အနုပီယအခန်းသည် ထင်ရှားလတ္တံ့။

ဏာမ္ဘာတသိန်း ပါရမီဖြည့်ပြီး ဖြစ်တော်မူသော မဟာသာဝတာ အသီတိဝင် အရှင်မထေရ်တို့အနက် ဘဝဂ်တိုင်သူ၊ ကြည်ဖြူရွှင်ပြ၊ ပီယအရာ၊ ပဋ္ဌနာရည်မှတ်၊ ပြည့်စုံလတ်သဖြင့်၊ မြင့်မြတ်သော မဟာလာဘ တေဒဂ္ဂ ရာထူးကိုရတော်မူသော ရှင်သီဝလိပုဂ္ဂိုလ်၏ ပါရမီတော်နှင့် နှိုင်းစာလျှင် ဤဆဋ္ဌမကဏ္ဍ ကာဝေသာရကျမ်းရင်းကြီး ၄-ပိုင်း၊ ဒုတိယတွဲ၌ ပြဆိုလတ္တံ့သော ပီယသိဒ္ဓိ ကာဝေသာရသည် ပန်းကို ထုပ်အပ်သော ပေါက်ဘက်၏ ယန့်ကဲ့သို့ ယန့်မပြယ် ရှိယောင်တကားဟူသော ဥပဒေသကို မှတ်အပ်၏။

---

## ၁၇၈။ ရှင်သီဝလိ-ကိုးကွယ်စီရင်နည်းကိုပြခြင်း

မေတ္တာပေမ, တဏှာပေမ နှစ်ပါးတို့တွင် ဘုန်း၊ ကောင်း၊ လာဘ်ကောင်း၊ ရရှိခြင်း၊ မင်းစိုးရာဇာမှစ၍ သားကဲ့သို့ ချစ်ခြင်း၊ သည် မေတ္တာပေမမည်၏။ ဝိသဘာဂ-သဘာဂတို့၏ ဓမ္မတာဖြင့် တပ်နှစ်သက်သောစိတ် ရွှေရှုလျက် ချစ်ခြင်းသည် တဏှာပေမမည်၏၊ ထိုနှစ်ပါးတို့တွင် မေတ္တာပေမကို အလိုရှိ၍ စီရင်ကုန်မူ ခုနစ်ရက် သား၊ တို့၏ နံသင့်အား၊ လျော်သော သစ်သားတို့ကို ရွေးချယ်စီစစ်၍ စီရင်ကုန်ရာသည်။ နံသင့်သစ်သားတို့ကား တနင်္ဂနွေသား၊ သမီး၊ ဖို့-ကုက္ကို၊ တနင်းလာ သားသမီးဖို့-ပြည်ညောင်၊ အင်္ဂါသားသမီးဖို့-ချယား၊ ဗုဒ္ဓဟူးသား၊ သမီးဖို့-သပြေ၊ ကြာသပတေး သား၊ သမီးဖို့-သဖန်း၊ သောကြာ သား၊ သမီးဖို့-အုတ်နှဲ၊ စနေသား၊ သမီးဖို့-မအူ၊ ဤသစ်တို့ကို နေ့နံအားလျော်စွာ ဆိုလတ္တံ့သော အစီအရင်တို့ဖြင့် စီရင်ကုန်ရာသည်။

တကျော့ပေမကို အလိုရှိ၍ စီရင်ရာ၌ မည်သည့်နေ့သား–နေ့သမီးမဆို ဆင်မာန်စွယ်ကို စီရင်ရာသည်၊ ဆင်မာန်စွယ်တို့၏ ပကတိသဘောကား၊ ပျော်မြူးကုန်သော ဆင်အပေါင်းတို့တွင် စိတ်၏ ခက်ထန်ခြင်းအားဖြင့် တံစုန်းသစ်ငုတ် သစ်ပင်တို့ကို တိုးဝှေ့သောအခါ လတ်ဆတ်စွာ ကျိုးပြက်လေသောအစွယ်ကို ဆင်မာန်စွယ်ဟု သိအပ်၏၊ ထိုမာန်စွယ်သည် ရေ၌ချသည်ရှိသော် သွေးချင်းချင်းနီ သကဲ့သို့ ရေနှင့်တကွ အစွယ်ရောင်တို့သည် နီမြန်းသော အဆင်းရှိကုန်၏၊ ထိုသို့မှလျှင် ဆင်စွယ်ကို ယူသောအခါ ရေပကတိပင် နီမြန်းခြင်းမရှိဘဲတည်၏၊ ဤအစွယ်ကို ဆင်မာန်စွယ်ဟု သမုတ်အပ်၏၊

စီရင်အံ့သောအခါ နံ့သင့်သစ်သားကို အလိုရှိ၍စီရင်မှု မိမိတို့၏ နံ့အားလျော်စွာ သပိတ်၊ သင်္ကန်း၊ ခါးပန်း၊ တောင်ဝှေး စသော ပရိက္ခရာရှစ်ပါးနှင့်တကွ ရပ်တော်မူဟန် ပြုသစွာ ထုလုပ်လေ၊ ထုလုပ်ပြီးသောအခါ နံ့သာငါးပါး ရေတို့ဖြင့် ဆွတ်ဖြန်းဖူးဇော်လျှင် ဆိုလတ္တံ့သော မန္တာန်တို့ဖြင့် ရွတ်ဘတ်သရဇ္ဈာယ်လျက် ပူဇော်ကိုးကွယ်ကုန်ရာ၏၊

## ၁၇၉။ ရှင်သီဝလိမန္တန်တော်ကိုပြခြင်း

၁။ သီဝလိစ မဟာလာဘံ၊ ယပ္ပလာဘံ ဘဝိဿတိ၊ တေရဿ အာနုဘာဝေန၊ သဗ္ဗေ ဟောန္တု ပိယံ မမ၊

၂။ သီဝလိစ မဟာဝိရော၊ ယေစ ပဿန္တု မံပိယံ၊ တေစ ပဿန္တု ပရမံ၊ ဇနပဒံပူဇယန္တု၊

၃။ သီဝလိစ မဟာနာမံ၊ ဣန္ဒာ ဒေဝါ သဗြဟ္မကာ၊ မနုဿပုရိသော ဣတ္ထိ၊ မဟာလာဘံ ဘဝိဿတိ၊

၄။ သီဝလိစ မဟာထေရော၊ မမ သီသေ ဌပေတွာန၊ ဇမ္ဗူဒီပ မဏ္ဍလေ၊ ဇယော မန္တာသုခါဝဟာ၊

၅။ သီဝလိစ မဟာလာဘံ၊ နာနာ ဒေဝီ ဝရံဝရံ၊ ဣဒံပိ ပူဇိတံ မေသီ၊ မဟာသုခံ ဘဝိဿတိ၊

၆၊ ဂဏ္ဍဒတ္တ နရာတိတ္တိ၊ အနာမယ္ဟ ဘဝေစေဝ၊ တဝ ရုက္ခေရာဇဓိတာ၊ သဗ္ဗေကောဓ်ဝိနဿန္တု၊

၇၊ သီဝလိစ မဟာနာမံ၊ သဗ္ဗလာဘံ ဘဝိဿတိ၊ ထေရဿ အစန္နဘာစဝေန သဒါ ဟောန္တု ပိယံ ံမမ၊

၈၊ သီဝလိစ မဟာထေရော၊ ယေယေ ပဿန္တု မံပိယံ၊ တေစ ပဿန္တု ပရမံ၊ ဇနပဒံ ပူဇယန္တု၊

၉၊ သီဝလိစ မဟာလာဘော၊ မမသိသေ ဌပေတွာန၊ မန္တတေဇဗေယော မန္တံ၊ အဟံဝန္ဒာမိ သဗ္ဗဒါ၊

၁၀၊ သီဝလိစ မဟာထေရော၊ ဒေဝမနုဿ ပူဇိတော၊ သောဝမဟော ပစ္စယာဒီနံ၊ ပဟာလာဘံ ဣရော တုမေ၊

၎င်းဆယ်ဂါထာတို့ကို အာဂုံအရကျက်၍ ပူဇော်ကိုးကွယ် သည့်နေ့မှစလျက် နေ့စဉ်မပျက် ရွတ်ဘတ်ရှိခိုး ပူဇော်လေ၊ ဆွမ်း ပန်းပေါက်ပေါက် စသော သက္ကာရတို့ဖြင့်လည်း တတ်အားရှိသမျှ နေ့စဉ်ပူဇော်လေ၊ အကျိုးကား- မကောင်းကျိုးအပေါင်း ပျောက် ၍ ကောင်းကျိုးချမ်းသာမင်္ဂလာ တိုးတက်အံ့၊ ဘုန်းကောင်း လာဘ် ကောင်းပေးအံ့၊ သွားလေရာရာ ရိသေစွာဆောင်၊ အလိုရှိသမျှ ပြီးစီး၏၊ တရားတပေါင် အောင်အောင်အံ့၊ မင်းရွှေစိုးမှောက် ဆောင် သားကဲ့သို့ ချစ်အံ့၊ ကုန်ရောင်း ကုန်ဝယ်ဆောင်၊ အဆွေ ခင်ပွန်းကဲ့သို့ စွဲမြဲစွာ ချစ်အံ့၊ အတိုင်းမသိသော မေတ္တာပေမကို ဖြစ်စေလိမ့်သတည်း။

---

## ၁၇၀။ ဆင်မာန်စွယ်စီရင်နည်းကိုပြခြင်း

ဆင်မာန်စွယ်ကို ဆိုအပ်ခဲ့ပြီးသော အစီအရင်ဖြင့် ရှင်သီဝလိ ရုပ်တုတော်ထု၍ အခါကောင်း နက္ခတ်ကောင်း ရွေးချယ်ပြီးလျှင် သိဒ္ဓိတင်ရမည်၊ သိဒ္ဓိတင်ရန် မန္တာန်ကား- ဥုံသိဒ္ဓိသိဒ္ဓိ မဟာသိဒ္ဓိ [illegible] အရဟန္တာ မြတ်ဆ[illegible] ထက်သရာကတိ၊ ၎င်းမ[illegible] ၁၀၀ [illegible]တ်ပြီး[illegible] သိဒ္ဓိတင်ရမည်၊ သိဒ္ဓိ[illegible]

ရက္ခိပတ်လုံး ငါးပါးသော သီလမတော်မြတ်ကို လုံခြုံစွာ စောင့်ထိန်းလျက် နောက်၌ ပြဆိုခဲ့သော သီဝလိဂါထာ ၁၀-ဂါထာတို့ကို တတ်အားသမျှ ရွတ်ဘတ်သရဇ္ဈာယ်၍ ရှိခိုးပူဇော်ရမည်၊

၄၉-ရက် ပြေ့သောအခါ ထီး တန်ခွန် မျက်နှာကြက် ဆန်ပန်းပေါက်ပေါက် ဆွမ်းတော် ပန်းတော် ရေချမ်း၊မီးတိုင် အစုံအလင်တို့နှင့် တတ်အားသမျှ ဘိတ်မန္တကာပြု၍ အနေကဇာတင်ရမည်၊ (အနေကဇာ ဆိုသော် ဘုရားကဲ့သို့ တင်ရမည်မဟုတ်) ဆိုအပ်ပြီးသော သိဒ္ဓိတင်မန္တာန်ဖြင့် ထပ်မံ၍ ၁၀၀၀-စုတ်ခြင်း၊၊ သီဝလိဂါထာ ၁၀-ဂါထာတို့ကို တတ်အားသမျှ ရွတ်ဘတ်သရဇ္ဈာယ်ခြင်းတို့ကိုပြုလျက် ရှိခိုးပူဇော်ခြင်းသော အပြီးသို့ရောက်၏၊ ဆောင်အံ့သော အစီအရင်မှာ အပါယ် ငရဲဘေးမှ တားမြစ်ခြင်း၊ အကျိုးငှာ (ပေယျာလ) ထားအပ်၏၊ တကျာပေမ အစီအရင်ဖြစ်၍လည်း လွယ်လင့်တကူပြီးမြောက်နိုင်၏၊ ဤသည်လျှင် ဆင်မဒန်စွယ် စီရင်နည်း၊တည်း၊၊

---

## ၁၈၁။ ရှင်သီဝလိဆက်ဘွဲ့ကို နံသင့်စီရင်နည်း



ရှင် သီ ဝ လိ ပုံ တော် ကို ပရိက္ခရာရှစ်ပါးနှင့်တကွ အပြည့်အစုံ ပြီးသစွာရေး၍ လက်ဘွဲ့ထိုးရမည်မှာ တနင်္ဂနွေ-ခဲမ၊ တနင်္လာ- ခဲပုတ်၊ အင်္ဂါ- ခဲမဖြူ၊ ဗုဒ္ဓဟူး-ကြေးဝါ၊ ကြာသပတေး-ကြင် သီး ကြေး၊၊ သောကြာ-ကြေးနီ၊ စနေ-ကြေးဖြူ၊ ၎င်းတို့ကို နံအားလျော်စွာ အပြားခပ်၍ ရုပ်ပုံတော်ကို ရေးရမည်၊ ဘေးပတ်လည် တလည်း ပဌမဂါထာ ဖြစ်သော သီဝလိစ မဟာလာဘံ၊ သဗ္ဗလာဘံ ဘာဝီ ဃတိ ထေရဿ အာနုဘာဝေန၊ သဗ္ဗေ ဟောန္တု ပိယံမမ၊ ၊

F 20 A

ဟူသော မန္တန်တော်ကို ပခုံးတော်စွန်းကစ၍ လက်ျာရစ် တော်မိ အောင်ရေးရမည်၊ ၎င်းရေးပြီးသောအခါ အရံဂါထာနှင့် တထောင် စုတ်၊ စုတ်ရမည့်မှာ ဘုရားတန်ခိုးကြီး၊ နတ်ရဲသစ်ပင်၊ လမ်းလေးခွ၊ နတ်ကွန်း၊ ရေဆိပ်၊ တံတားဦး၊ တောကြီးမျက်မဲ၊ ခုနစ်ဌာန ၁၀၀၀-စီစုတ်လေ့၊ ဆောင်သောအခါ နောက်ဆုံးဖြစ်သော တော ကြီးမျက်မဲ အရပ်မှာပင် အလိုရှိရာ ခဲဘွယ်ဘောဇဉ်တို့ကို တောင့်တ ကြရကုန်၏၊ ရသော်လည်း ၎င်းဘောဇဉ်တို့ကို တောင်စောင့်နတ် တို့အား ပူဇော်ကန်တော့ ကုန်ရာသည်၊ ကန်တော့ပြီးလျှင် မိမိလို အပ်သောဆုကို တောင်းရာ၏၊ အရှင်နတ်မြတ်တို့ အလိုတော်ရှိ သုံးဆောင်ကုန်၊ အကျွန်ုပ်အားလည်း ကြည့်ရှုစောင်မတော်မူကုန်ဟု ဆုတောင်းပြီးလျှင် အောင်ပြီဟူ၍မှတ်၊ သန့်ပြန့်စွာထား အလိုရှိရာ ဆောင်လျှင် သူခပ်သိမ်းတို့ သားကဲ့သို့ ချစ်ခင်ကုန်၏၊ လှူအပ်ရာကို တောင်းသော်လည်း ချစ်ကြည်ညိုစွာ ပေးသနားကုန်၏၊ မည်မျှ မည်၍ အကိုးထိုက် သော်လည်း ပေးလိမ့်မည် ဖြစ်သောကြောင့် ရှောင့်ရဲကုန်သောစိတ်ကို ရှေ့ရှုကုန်ရာသည်၊ ၊ဤကား ရှင်သီဝလိ နံသင့် လက်ဘွဲ့စီရင်နည်းတည်း၊


---

## ၁၈၂၊ ဒေါင်းဖို ဒေါင်းမ စီရင်နည်းကိုပြခြင်း

ဒေါင်းဖို ဒေါင်းမ စီရင်ရန်မှာ စနေဆန်းသောလ လဆန်း၊ တရက် စနေနေ့ နေဝန်းပေါ်သောအခါ ရွှေပြားတွင် နေတခြမ်း ပေါ်သည်နှင့်တပြိုင်နက် ဒေါင်းဖိုရုပ်ကို ရေးရမည်၊ ရေးပြီးလျှင် ဥဒေတယံ ဂါထာကို ဥုံ မထည့်ဘဲ ကဒထောင်စုတ်စေ၊ ဒေါင်းမကို လည်း ၎င်းအတူ ၎င်းနေ့ နေဝင်ခါနီး နေတခြမ်းအဝင်မှာ ရွှေ ပြားတွင် ရေးရမည်၊ ရေးပြီးလျှင် အပေတယံကို ၁၀၀၀-စုတ် စေပြီးကာလ ဒေါင်းဖို လက်ဘွဲ့မှာ ကြိုးနီ၊ ဒေါင်းမ လက်ဘွဲ့မှာ ကြိုးစိမ်းခွဲ၍ထားရမည်၊ အရံဂါထာတို့ကား...ဥုံဟော်ဂစ္ဆနီယျကပ်၊ ဒေါင်းဖိုမှာရံ၊ ဥုံဟော်ဂစ္ဆနီယျကပ်၊ ဒေါင်းမမှာရံ၊ အရပ်ကို ပြီသ လှစွာရေး၍စီရင်၊ အစုတ်မန္တာန်ကို ပြီသစွာရွတ်၍ တထောင်စီစုတ် ရွှေကြုတ်နှင့်ထား၊ ၊မင်းစိုးရာဇာတို့ရှေ့သို့သွားသော် ဒေါင်းဖို

ရုပ်ကို ကြုတ်တွင်ထည့်၍ဆောင်၊ သစ်းကဲ့သို့ချစ်၏။ သဗ္ဗဇူတ္တိကို လိုသော် ဒေါင်းမရုပ်ကိုဆောင် အပြီးတိုင်၏၊ အလိုရှိရာ ခဲ့ထွင်၍ သုံးသော်ကစ၊၊ ၊အဘိုး အဓိုင်းမသိထိုက်၏၊

ဒေါင်းဖိုရုပ် ဒေါင်းမရုပ်




ရှင်းရုပ်ပုံအတိုင်း ပြီသစွာရေးသား၍စီရင်လေ။

---

## ၁၈၃၊ ကျေးဖို ကျေးမ စီရင်နည်းကိုပြခြင်း၊

ကျေးဖို ကျေးမ စီရင်နည်းမှာ တနင်းလာနေ့ တနင်းလာဆန်းသော့လ၊ လဆန်းတရက် တနင်းလာနေ့ ငွေပြားတွင် စီရင်ရာ၏၊ နံနက် နေဝန်းပေါ် နေတခြမ်းထွက်လျှင် ကျေးရုပ်ကိုစီရင်ရာ၏၊ စုတ်အံ့သော မန္တာန်ကား– ဥုံပီယဝါယေ ပိယေယသွားဟုံ ၎င်းမန္တန်နှင့် ၁၀၀၀-စုတ်၊ ထိုအတူ ကျေးမရုပ်ကို စီရင်သောအခါ ညနေ နေဝင်ကာနီး၊ နေတခြမ်း အဝင်တွင် ၎င်းမန္တာန်နှင့်ပင် တထောင်စုတ်၊ ကြိုးသီရန်မှာ ကြေးဖိုကို ကြိုးနီ၊ ကျေးမကို ကြိုးစိမ်း သီ၍ထားရာသည်၊ ကြုတ်တွင်ထည့်၍ထား၊၊ အလိုရှိရာဆောင်၊ ရာဇသဗ္ဗကိုလိုသော် အရုပ် ၂ ခုလုံးကို ရောစပ်၍ဆောင်၊ ဇူတ္တိကို လိုသော် ကျေးဖိုရုပ်ကိုခွဲ၍ သီခြားဆောင် အလိုရှိတိုင်းပြည့်စုံရာ၏၊ ခပ်သိမ်းသော အမျိုးသားတို့သည် ဤသို့သော အစီအရင်ကိုရသဖြင့် ကောင်းမြတ်သော ချမ်းသာသုခနှင့် ပြည့်စုံရာ၏၊




အရံဂါထာနှင့် အစုတ်ဂါထာ နှစ်ဦးလုံးပင် အတူတူပင်ဖြစ်သည်။

---

### ၁၈၄။ သူရဿတီ အစီအရင်ကိုပြခြင်း။

သူရဿတီ အစီအရင်မှာ နက္ခတ်ခပတိ ကောင်းသောနေ့မှာ ဖယောင်း ၂–ဘိုင်၊ ပွဲ ၂–ပွဲ အချိုအချဉ်ထည့်၊ သက်သတ်မပါရ၊ ပန်းမန်–ဆံဆု–ပုတီး–လက်ကောက်၊ ဆံဘီး–ဆံကျင်၊ ထမီအင်္ကျီ၊ ပုဝါ၊ ဘီး–မှန်၊ ကျောက်ပျဉ်–သနပ်ခါး အပြည့်အစုံ ပြင်ဆင်၍ထား၊ ရေမိုးသန့်စင်စွာ ချိုးပြီးလျှင် ဋ္ဌင်းရုပ်ပုံကို အရံနှင့်တကွ ရွှေပြား ငွေပြားတို့တွင် ရေး၍စီရင်ရာသည်၊ သူရဿတီရုပ်ကို ရေးသောအခါ ဆောင့်ကြောင့်ထိုင်မဏ္ဍုတ်၊ ဒူးကိုညွှတ်လျက် ထောက်ထားလေဟန် ဘနောင့်တင်ပါးတို့ကို ထိစေ၍ရေး၊ မြတ်ဘက်ကို လည်ဝယ်သိုင်းဆင်ဟန် ထည့်၍ရေးရမည်။

အရံဂါထာကား–ဥုံ သိရီကြက်သရေ၊ တနွေထဲကို သုံးပါးတွေ့၊ သပြေရာဇာ၊ နတ်ဒေဝါ၊ ဆရာငါသို့မ၊ ဥုံတြ မြတ်ရှင်စော အမိန့်တော် သဗ္ဗသိနေဟံ ပိယံမမ။ ၎င်းဂါထာကို ရံ၍ စီရင်ရမည်၊ ၎င်းဂါထာကိုပင် ၁၀၀၀–ပြည့်အောင်စုတ်၍ စီရင်လေ။ ဆောင်ထားရသော် သေမည့်အမှုကိုပင်ဖြစ်စေ မျက်နှာကိုမြင်က

ချစ်ခင်သနစေးသဖြင့် လွှတ်အံ့၊ မရေတွက်နိုင်သော ပိယသိဒ္ဓိအပေါင်း၊ နှင့် ပြည့်စုံလေအံ့၊ ၃၀-ခုသောအပါ၏ အပြီးတိုင်ခြင်းကိုလည်း၊ ရောက်၏၊




အထက်ပါ အမှုအတိုင်၊ ပြီသစ္စာရေးသစ်း၍ အံရံဂါထာ ကိုလည်း၊ ရံ၍စီရင်လေ၊

---

## ၁၈၅၊ သုဝဏ္ဏဂဟော စီရင်နည်းကိုပြခြင်း၊

ရွှေပြား၊ကိုပြုစ်စေ၊ ငွေပြားကိုပြုစ်စေ အပြား၊ ၂-ခု ခပ်၍ တခုမှာ မိန်းမရုပ် အင်္ဂါအစုံအလင်နှင့် ပြီသစ္စာရေး၊ တခုမှာ ယောကျ်ားရုပ် အင်္ဂါအစုံအလင်နှင့် ပြီသစ္စာရေး၊ ရေးသောအခါ မတ်ရပ်ဟန် ရေးရမည်။ မိမိအရုပ်နှင့်မျှသော နှုံးတံပွကို အလယ် တွင်စိုင်း၍ မတ်တပ်စိုက်၊ အရုပ်၏တပြန်မျှ တချောင်းနှင့်တချောင်း၊ ဝေါးစေ၊ အလယ်ငါးပိုင်းတွင် ရေးသားပြီး၊ အရုပ် ၂-ခုကို ပျား၊ ဘယောင်းနှင့် ကပ်၍သား၊ တဘက်တချက် အမြင့်အနိမ့် ညီညွတ် စေ၊ ပြီးသောအခါ မန္တာန်ကိုစုပ်ရမည်၊ စုပ်အံ့သော မန္တာန်ကား- ဥုံ-သူရဿတီ-မစန္ဒီ စန္ဒိမယ်လျ-နတ်မိန်းမ၊ ငါ၏အာဏာစစေလော့ ပါ၊ ဆရာ့မြတ်၏အာဏာတည်း၊ ဩဇာင်း အသက်တရာ အနာမရှိ

မြင်လိုဘိသည် ပြောင်းအိငါသို့ ညွတ်စေလော။ ၊ငင်းမန္တန်နှင့် ၃၇-အုပ် စုပ်ရမည်၊ အောင်မြင်လျှင် ညွတ်၍လာပြီမှတ်၊ ကပ်လျှင် အောင်မြင်၏၊ မကပ်သေးလျှင် ထပ်၍စုပ်၊ အောင်သောအခါ အရုပ် ၂-ခု ကပ်၍လာလိမ့်မည်၊ ၎င်းအခါ ဆရာကနေရာမပျက် တခါတည်း၊ အဆောတလျှင်ယူ၍ မိန်းမရုပ်ကိုအောက်က ယောကျ်ား ရုပ်ကို အပေါ်ကထားပြီးလျှင် လိပ် အပြီးတိုင်၏၊ ရာဇကိုလိုသော် ၎င်း၊လက်ဘွဲ့ကို ဆီတွင်စိမ်၍ မျက်နှာကိုလိမ်း၊ ဣတ္ထိကိုလိုသော် ရင် တွင်လိမ်း၊ သမ္ဘသျှ ိကိုလိုသော် မောင်း၊ရင်းတွင်လိမ်း၊ ဆောင်သမျှ မှစ အပြီး၊တိုင်၏၊ လက်ဘွဲ့ကိုကား အထူးဆိုဖွယ်မရှိ၊ သျှ ိ-၃၀ တိုင်မြောက်၏၊

---

## ၁၈၆၊ သုခနုမင်း၏ ဝီယသျှ ိစီရင်နည်းကိုပြခြင်း၊

မိုးကြိုး၊ပစ် သစ်သား၊ကိုယူ၍ ဒူ၊လေ၊လှုပ်၊ မိုးကြိုး၊ပစ်ဝါး၊ ကို လေး၊ကိုင်း၊လုပ်ပြီး၊လျှင် ပရိတ်တော်ချည်ကို ကြိုး၊ကျစ်၍စီရင်၊ ယောကျ်ားဘက်ကြိုး၊ထိပ်တွင် ဥုံဇုံကွပကွာ ဒေဝါမှိုင်း၊ဟူသော အက္ခရာ ကို မိုင်း၊ကိုင်စက္ကူတွင် ရေး၍ဆွဲ၊ လက်ဝဲဘက်ကြိုး၊ထိပ်တွင် ဥုံ-ကွကွပက္ခဒေဝါမှိုင်း ဟူသော အက္ခရာကို မိုင်းကိုင်စက္ကူတွင် ရေး၍ ဆွဲရမည်၊ ၎င်း၊လေး၊ကို သိဒ္ဓိတင်ရန်မန္တာန်ကား၊ ဩောင်း သိဒ္ဓိ သိဒ္ဓိ ဇေယျသိဒ္ဓိ၊ မဟာခနေ ထဟိဆရာထက်၊ သိဒ္ဓိရာကျော် သက် ဆရာသတ်၊ ၎င်း၊မန္တာန်နှင့် သိဒ္ဓိတင်ပြီးသောအခါ စုပ်အုံသေ၊မန္တန် တာ၊ ဥုံပထဝီဇေယျသုန္ဒြိ၊ သဗ္ဗခနု မဟာခနေ၊ ဇေယျာ ဇေယျ သုခနုံ၊ ၊၎င်း၊ဂါထာနှင့် ခရီးဆုံ၊ ရေဆိပ်၊ သုသာန်မြေ ၃ ဌာန စေ့အောင် တထောင်စီစုပ်လေ၊ ပြီးသောအခါ တန်ခိုးကြီးသော နတ်ကွန်း၊ကိုသွား၍ အရှင်နတ်မြတ်၊ သုခနုဟူသည် အကျွန်ုပ်တည်း၊ အကျွန်ုပ်၏လေးကို ပူဇော်ပါ၏တုဆို၍ ပေးအပ်ထေ၊ ပွဲနတ်ယကာ အချို့အချဉ်တို့ကိုလည်း ဆက်သလေ၊ အလိုရှိရာဆုကိုလည်း တောင်း ဆိုလေ၊ လေးကိုတင်၍ မန္တာန်ကို ရွတ်လိုက်လျှင် အလိုအလျောက် ပြုတ်၍ကျလိမ့်မည်၊ ဤမျှတည်းဖြင့် ဆောင်ရွက်အပ်သော အစီ အရင်သည် အောင်ပြီဟူ၍မှတ်၊ နတ်မြတ်သည် ငါအား လေးကို ပြန်၍ပေးတော်မူသည်ဟု အမှတ်ထား၊ပြီးလျှင် ရိုသေစွာ တောင်း၊ပန် ၍ လေးကိုယူခဲ့၊ ၊အလိုရှိသောအခါ သုခနုငါ၊ ဘုန်း၊ရောင်ပြာ၊

ရာဇစကေရာင့် အာကာသသောဝ်၊ ၎င်းကဲ့သို့ ရွတ်ဆို ကြိမ်းပပြီးလျှင် အလိုရှိရာကိုပစ်လေ၊ အပြီးတိုင်၏၊ ရန်ကိုပြေလိုသော်၎င်း၊ ပီယကို လိုသော်၎င်း၊ အလိုရှိရာကို ရည်မှတ်၍ ပစ်အပ်လေ၏။

## ၁၈၇။ မဟာသုခုမအစီအရင်ကိုပြခြင်း

ကျီးရှပ်သဏ္ဍာန်တကြောင်းဆွဲ အင်းလိမ်ရေးပြီးလျှင် ရွှေပြား ငွေပြား၊ သတ္တုမျှားတို့တွင် စီရင်ရာသည်၊ အင်းဆံ သွတ်ရန်မှာ က ယ-ဏ-ဋ ကြီး ၄-လုံး၊ အက္ခရာပင် ဖြစ်၏၊ ဦးခေါင်းကစ၍ လက်ဝဲ ယက်၍ အတောင်ပံ အမြီး ဤ ၄-ဌာနတို့၌ ကြီး ၄-လုံး၊ အက္ခရာကို သွတ်၍ စီရင်ရာသည်။ စုပ်အံ့သော မန္တန်ကား၊ ဥုံ မင်းမြတ်ပွဲတော်— စားတော်ခေါ်၊ စားတော်ငါသို့ ရောက်စေသောဝ်၊ ။ဤမန္တန်ဖြင့် ၁၀၀၀-စုပ်၊ စုပ်ပြီးလျှင် ဦးခေါင်းက စ၍လိပ်၊ လိပ်ပြီးသောအခါ ၎င်းမန္တန်နှင့်ပင် ၁၀၀၀- စုပ်ပြန် အပြီးတိုင်၏၊ ထမင်းစားသောအခါ စားဦးကိုယူ၍ ထမင်းချွန်စ်ဆုပ် ယူ၊ ၎င်းလက်ဖွဲ့နှင့် တပွဲသန့်သန့် ပြင်၍ထား၊ နတ်သုဒ္ဓါတို့သည် ရောက်ကုန်၏၊ ၎င်းအနံ့ကို မွှေးကာမျှဖြင့် မည်သူမဆို မနေနိုင် အောင် တောင့်တ၊ တောင်းရမ်းကုန်၏၊ အလိုအတိုင်း ပြည့်စုံ၏၊ ပီယသိဒ္ဓိ အပြီးတိုင်၏။

## ၁၈၈။ အနုလိမ်းဆေးကိုပြခြင်း၊

ကတိုးစစ်၊ ကြောင်ဏကို၊၊ တွင်းနက်ကတိုး၊ သက်ရင်းကတိုး ကွမ်းကတို၊၊ ကတိုးငါးပါးကို အမျှစီစု၊ ကန်တော့ပွဲ၊ ထမင်းပွဲ၊ ဆီမီးလေးတိုင်၊ ဝင်းရာဇမတ်၊ မိန်းမထဘီ အင်္ကျီ၊ လက်ကောက် လက်ကျပ်၊ သနပ်ခါးကျောက်ပျဉ်၊ အပြည့်အစုံ ခင်းကျင်း၍ ရေမိုး သန့်စင်စွာ ချိုးပြီးလျှင် စုပ်ရခည့်မန္တန်ကား၊— ဥုံသူရဿတီ ပီယံ မမ၊ ဩြောင်းသူရဿတီ၊ အလွန်လှဘိ၊ သိရိမြတ်လှ၊ ထွန်းပညီစင်- မှဲ့သခင်၊ သက်ပေဆရာ သက်ပေ၊ ပြပေဆရာ ပြပေ၊ ဥုံ ငါက စေလျှင်၊ နှုတ်ချေသံသာ၊ ဆောင်လျှင်းပါ၊ လူပင်ဖျက်လည်း၊ မပျက်

စေနှင့်၊ ကြိုး၍ဆောင်၊ အောင်စေသတည်း။ ။ရင်းမန္တန်နှင့် ၃၇-အုပ်စုတ်၊ ဆေးညှက်သောအခါ အန္တိုးမန္တန်ကား ဥုံ နှုတ်ခမ်းဖြူစင် ဖယောင်းထင်သည်၊ ရှင်လှည့်သော၊ နှမဖြူစင် တို့ကိုမြင်၊ ရှင်လှည့်သော၊ ချစ်ခင်သနား၊ မဆိုအားလည်း၊ စကားတုံ့ပြန်ဆိုလှည့်သော။ ။ရင်းမန္တန်နှင့် ၃၇-အုပ် နှိုးလေ၊ အလိုရှိရာသို့သွားလျှင် နဖူးဆံစကို လိမ်၍သုတ်လျက် သွားလေ၊ လေညာကစကားပြောလျှင် အပြီးတိုင်၏။

## ၁၈၉။ လျှော့မွှေးလက်ညှိုး စီရင်နည်းကိုပြခြင်း

လျှော့မွှေးလက်ညှိုးကို ပုဆိုးဖြူ ၇ ထပ်နှင့်ထုပ်၊ သွားနှင့်ကိုက်၍ယူပြီးလျှင် အမွှေးအကြိုင် ပန်းနံ့သာရည်နှင့်လူး၍ နတ်ကြီးရှေ့တွင် မန္တန်ကို စုပ်ရမည်။ စုပ်ရမည့်မန္တန်ကား ဥုံ စန္ဒီ မဟာစန္ဒီဒေဝီ သတ္တက္ကု ဟာရှကီ။ ။ရင်းမန္တန်နှင့် တထောင်စုပ်၊ ပြီးလျှင်အသက်သွင်းလေ၊ အသက်သွင်း မန္တန်ကား- ဥုံ ငမူငမူ ဝင်ဆရာခင် ဥုံရက္ခဆဲဒေဝတာ၊ ဝင်ဆရာဝင် အက္ကဘယ် ဝင်ကုန်ဆရာဝင်ကုန်။ ။ရင်းမန္တန်နှင့် အသက်သွင်း၊ ဝင်သောအခါ စေတိုင်းရ၏၊ ရင်းပွဲအတွင်းပင် လက်ညှိုးညွှန်၍စမ်းလေ၊ အသက်ဝင်လျှင် အပြီးတိုင်၏၊ အသက်မဝင်သေးလျှင် ထပ်မံ၍ အသက် သွင်းရမည်၊ လက်ညှိုးညွှန်တိုင်း ပြီးစီး၏။

## ၁၉၀။ ဖယောင်းချက်စီရင်နည်းကိုပြခြင်း

နံ့သာမျိုးငါးပါး၊ ကတိုး၊ ဖုံးမသိန်၊ ဆေးကင်းဖိုမ၊ ကာလကဏ္ဍီရိမ၊ သမီစံပါဖိုမ၊ထိကရုံး ၃ ပါး၊ ဂမုံးလမိုင်း၊ ဂမုံးသိုက်ညွှန်း၊ ပန်းပေါင်း၊ မင်းပေါင်း၊ ဂမုံးပေါင်း၊ ကိုးကုမံ၊ အန်ဘတ်၊ ကက္ကူကမျည်း၊ ကြက်စာကောတ်၊ လျှော့မွှေးလက်ညှိုး၊ စမွယ်ဆီ၊ နှင်းဆီ၊ နံ့သာဆီ၊ မဆစ်ဆီ၊ ဂမုံးကတိုး၊ ကန့်ဘလူ၊ သည့်ဆေးစုကို အမျှစီပေါင်း၊ မြေဖယောင်း၊မစုတ်ဖယောင်း၊ ဘုရားတန်ခိုးကြီးတွင် ထွန်းသည့်ဖယောင်း၊ ဖယောင်းအစုံးလုံးကို ရော၍စ... လျှင် အိုးထိန်... မြကို ခွက်လုပ်၍ချက်၊ သမလျှင် အဖေး...

ဝေံအစိန္တိယာ အင်းကို ဖ ယောင်းတွင်ချချက်ပြန်၊ဤသို့ သမရုံသမ္မရုံ ၃၇-ကြိမ်ခေစ့အောင် အင်းကိုချ၊ မီးပြု၍ အရည်ဖြစ်လျှင် အအေးခံ၍ အင်းချလေ၊ ပြီးလျှင် ခုနစ်ရက်သားနို့ လောင်းဆေးကား၊ ပန်းအိ၊ ပန်းမှောက်ခုံ၊ ပန်းညို၊ ပန်းရင်း၊ ပန်းမ၊ ပန်းသွန်၊ပန်းနု၊ ဤပန်းတို့ကိုလောင်း၊ ကတိုး၊ ဖုံးမသိမ်လည်း ထပ်၍လောင်းပြန်း နံ့သာရေပက်၊ ထပ်၍ချက်၊ ပြီးလျှင် စုပ်အုံခသာမန္တန်ကား– ဥုံ လေးကျွန်းပတ်လည်၊ ရောင်ခြည်ထွန်း၏၊ ရှင်နေမင်းနှင့် ရှင်လမင်းကား၊ မင်းစေစေပါတည်း၊ လေမုန်တိုင်း ပြိုင်မျှနိုင်းလည်း၊ မနိုင်း အောင်မြင်၊ အောင်မြင်သော်၊ မင်းလုချစ်မြဲ ချစ်စေသော်၊ မင်းလှ အောင်မြဲ အောင်စေသော်၊ ၎င်းမန္တန်နှင့် ဘုရား၊တန်ခိုးကြီး၊ရှေ့မှာ ၃၇-အုပ်စုပ်လေ၊ ပြီးသောအခါ ရွှေကြုတ် ငွေကြုတ်တို့တွင်ထား၊ အလိုရှိသောအခါ နဖူးဆံစတွင် လိမ်းသ၍သွား၊ ရာဇသဗ္ဗလ္လတ္ထိ အပြီးတိုင်၏။

---

## ၁၉၁။ နို့သင့် ပီယသိဒ္ဓိအင်းကိုပြခြင်း

နန္ဒစ်ပါးကိုရော၍တည်၊ တနင်္ဂနွေရှိရာလှ စ၍ ချရမည်။ ချပုံအား တနင်္ဂနွေနှင့် တနင်္လာကိုပြအံ့၊ တနင်္ဂနွေဂြိုဟ်သက် ၆-နှစ် တနင်္လာ ဂြိုဟ်သက် ၁၅-နှစ်၊ ၂-ခုပေါင်းသော် ၂၁-ဖြစ်၏။ ၎င်းတွင် ၂-ခုတိုး ၂၃၊ ၎င်းတွင် ၂-ခုတိုး ၂၅။ ၎င်းတွင် ၂-ခုတိုး ၂၇၊ ၎င်းတွင် ၂-ခုတိုး ၂၉၊ ၎င်းတွင် ၂-ခုဘိုး ၃၁၊ ၎င်းတွင် ၂-ခုတိုး ၃၃၊ ၎င်းတွင် ၂-ခုတိုး ၃၅ ကိုးကွက်အင်း ပွတ်မိ၏၊ ရထားသွားသွားလေ အလယ်ကွက်မှာ ၁-၆၊ ၎င်းအတိုင်း နို့ကိုသွတ်၊ ၎င်းတနင်္ဂနွေနှင့် တနင်္လာချပုံ အစီအရင်ကား ဤသို့တည်း။

| | | |
|---|---|---|
| ၂၁ | ၂၃ | ၂၅ |
| ၃၆ | ၁-၆ | ၂၇ |
| ၃၃ | ၃၁ | ၂၉ |

ဤ ပြအပ်သော ပုံမှာ တနင်္ဂနွေနှင့် တနင်္လာ၏ ပုံဖြစ်သည်၊ ဤနည်းနည်းနှင့် တနင်္ဂနွေနှင့် အင်္ဂါဖြစ်လျှင် တနင်္ဂနွေ ၆-နှစ်၊ အင်္ဂါ ၈-နှစ်၊ ပေါင်း ၁၄ ရ၏၊ ၁၄-ကစ၍ လကျာ်ရစ် အင်းဆံပြု၍ နေ့-လ ၂-ပါး ၂ခုတိုးလျက်သွားလေ၊

အလယ်ကွက်မှစ တနင်္ဂနွေနံ ၁၊ တနင်္လာ ၂၊ ၎င်းဂဏန်း ၂ ပါးကိုထည့်လေ၊ ၊ထို့အတူ တနင်္လာနှင့် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ မည်သည့် နေ့သာ၊ နေ့သမီးမဆို နံနှစ်ပါးကိုရော၍ ပဌမကွက်မှာချ၊ လက်ျာရစ်ရထား သွားချည်းသွားလေ၊ အလယ်ကွက်မှာ နံနှစ်ပါးကို ထည့်လေ၊ ၊အိုးထိန်းလထီ စက်မြေကို ဆီမီးခွက်လုပ်၍ချ၊ လိုသူ၏အဝကီစ၊ မိမိ၏ အဝတ်စ ၂ ခု ကို ပေါင်းစင်၍ မီးစာလုပ် မီးထွန်းလေ၊ မြစ်ကူး ချောင်းခြားမနေနိုင်၊ လာရောက်သောဟူ၏။

## ၁၉၂။ နံ့သာငါးပါးမှော်ကိုပြခြင်း၊

နံ့သာငါးပါးရေကို တလာမယ်ခန့် အရေရအောင် မပြစ်မကျဲယူ၊ ဦးဇမ္ဗူပါ၊ ကျွန်းသာယာကလာသည့်နတ်ကြီး၊ နတ်မင်းကြီး၊ မင်းဆရာ၊ အလျဉ်းလာ၏၊ ရတနာဆင်မြင်း၊ ဗိုလ်သင်းပင်း၊ နတ်မင်းမနေ၊ ငါ့နှုတ်ခမ်းတွင်နေနှင့်စေ။ ဦး ဒေဝါဒေဝါ မှိုင်းဆရာမှိုင်း။ ၊၎င်းမန္တန်နှင့် ၃၇ အုပ်စုပ်၊ ရက်ပေါင်း ၄၀ အတွင်း နေ့စဉ် မန္တန်ကိုစုပ်၍ နေ့စဉ်လျက်ရမည်၊ ရက်ပေါင်း ၄၀ စေ့သောအခါ၊ ၎င်းနံ့သာကို ကုန်စေရမည်၊ ၊ နံ့သာမှော်ကို အောင်၏၊ အလိုရှိတိုင်းပြောဆိုက ချစ်မြတ်နိုး၍ အကျိုးခပ်သိမ်း ပြီးစီးတုန်၏၊ ၊

## ၁၉၃၊ အနုလက်ဘွဲ့စီရင်နည်းကိုပြခြင်း

ထူမသေတွင်ထည့်သည့် ကာတ့်ခင္ဝေကို အပြားခပ်၍ ဦး အိပ်ပျော် ရာဇာ၊ မာတာပီတုမနုံသမနုက်၊ ကတေ့တော့ထမထုတ့် သွားဟာ၊ ၎င်းဂါထာကို သုံးကြောင်းရေး၊ ရေးသောအခါ နတ်ရဲသော ညောင်ပင်အောက်တွင် ရေးလေ၊ စုပ်သောအခါကာလလည်း ၎င်းသစ်ပင်အောက်တွင်စုပ်၊ စုပ်သောအခါကာလလည်း ပွဲနတ်ယကာ စုံစေရမည်၊ နေ့ကောင်းရက်သာ ရွေး၍စုပ်၊ ဖါးထောင်ပြည့်သော

အခါ နတ်သစ်ပင့်ပေါ်က ဆင်း၍လာလိမ့်မည်၊ အကျိုးကိုဆိုသော်၊ ရှိန်းဆာဇယာ အိပ်မွေ့ အပြီးတိုင်၏၊ ထပ်မံ၍ ငါးထောင်ပြည့်အောင် ပင် ခေါင်းမြီးခြုံ၍ စုပ်လေ၊ ရာဇသတ္တအပြီးတိုင်၏၊ ဉာဏ်ရှိ သလောက် အကျယ်သုံးလေ၊ ။

---

## ၁၉၄၊ အနုဆောင် ဂဝံစီရင်နည်းကိုပြခြင်း၊

ဥုံ ဗုဒ္ဓံမမွံသံဃံ၊နမောကုရုကာဘုံသွားဟယျကပ်၊ ကိုယ်ဝန် ရှိသော မိန်းမသေအရိုးကိုယူ၍ ဂဝံသားပိုက်နို့ စို့ဟန်ထု၍ ၎င်း မန္တန်နှင့် တထောင်စုပ်လေ၊ အနှိုးဂါထာဤ။ ဥုံ ရှုသေ ရှစ်သောင်း၊ ဆရာကောင်းပညာ၊ ထဆရာထ၊ ကြွဆရာကြွ ၎င်း မန္တန်နှင့် ခုနစ်ဆုပ် မန်း၍ စီရင်လေ၊ ဂဝံရုပ် ထိပ်ပေါ်မှာ တနင်္ဂနွေနံ့ရေး၊ လက်နှစ်ဘက်ပေါ်မှာ တနင်းလာနံ့ရေး၊နှာခေါင်း ပေါ်မှာ အင်္ဂါနံ့ရေး၊ ရင်ပေါ်မှာ ဗုဒ္ဓဟူးနံ့ရေး၊ ဝမ်းပေါ်မှာ ကြာသပတေးနံ့ရေး၊ ဖမိုးမှာ သောကြာနံ့ရေး၊ မီးညှောင်းမှာ စနေနံ့ရေး၊ နတ်ရဲသောသစ်ပင်မှာစုပ်လေ၊ အဝတ်ပုဆိုး ဝုဝါ များတွင်ချည်၍ ဆောင်လေ၊ သျှုံသုံးပါးကိုလည်းကောင်းသည်၊ ပုဆိုးစတွင်ထုပ်၍ မင်းဆိမ်ပေါ်သို့သွားသော်၊ မျက်နှာကို မြင်လျှင် မြင်ခြင်း၊ ဆီး၍နှုတ်ဆက်၏၊ ငုံ၍ဟာစ်အော် ကြိမ်းမောင်းသော အခါလည်း၊ ကြားသမျှရန်သူ ထိတ်လန့်လေ၏၊ အပါး ၃၀ ကောင်း လှ၏၊ အရေးကြီးလျှင်ငုံ၊ သေနတ်၊ ဒါး၊ လေး၊ ခဲ၊ မြှားမမှန်နိုင် အလိုရှိတိုင်းသုံးလေ၊ အပြီးတိုင်ကောင်းလှ၏။

---

## ၁၉၅၊ အနုမှန်ကူဆေးစီရင်နည်းကိုပြခြင်း၊

မိကျောင်းသည်းခြေ၊ နွားနက်သည်းခြေ၊ ဆိတ်သည်းခြေ၊ ကြွက်မနက်မသည်းခြေ၊ ဘားဘောင်းစေ့၊ သပွတ်ခါးသီး၊ ဘူး ခါးသီး၊ ၎င်းဆေးများကို စုပေါင်း၍ဖျော်လေ၊ ဖျော်၍ပြီးလျှင် အဝတ်ပုဆိုးတွင်လူး၍ နေပူမှာလှန်း၊ ပျားရည်နှင့်ရောသော ဆီခွက်

တွင်ထည့်၍ မင်ခံလေ၊ အလိုရှိသောအခါ လက်နှင့်ယူ၍ နဖူးတွင် မှန်ကူလေ၊ အလိုရှိသောအခါ စေ့စေ့ကြည့်လေ၊ အမိနှင့်နှစ်မသာ လွတ်စေရမည်၊ ကောင်းလှ၏၊ ဋ္ဌတ္တိသျှိ၊

---

## ၁၉၆၊ အနုလိမ်းဆေး စီရင်နည်းကိုပြခြင်း

အင်္ဂိရသ နမတ္ထု၊ သဗ္ဗဓညော ရညော မနုဿဒေဝ ါနံ ပီယံ ဟောန္တုပီယံမမ၊ ၊သရဖီဝစ္ဆံ၊ ကံ့ကော်ဝစ္ဆံ၊ ကြာမျိုး ငါးပါး ဝစ္ဆံ၊ မြတ်လေးပွင့်၊ အကျော်၊ ဂံ့ဂမံ၊ နံ့သာဖြူ၊ ကရမက်၊ တန့်ဘလူ၊ ကတိုး၊ နနွင်းနက်၊ ကာလတက္ကူ ဝင်းဆေးများပေါင်း၍ ကြိတ်ပြီး လျှင် တောင့်၍ထား၊ အပေါ်ကပြခဲ့သော မန္တန်တော်နှင့် တထောင် စုပ်လေ၊ စုပ်၍ပြီးလျှင် သန့်ရှင်းစင်ကြယ်သော ရေချမ်းနှင့်ဖျော်၍ လိမ်းလေ၊ လူကြီး လူငယ် ယောကျ်ား မိန်းမ မြင်မြင်သမျှ ချစ်ခင် ကြင်နာ ဂရုဏာရှိ၏၊ ၊ဋ္ဌတ္တိသဗ္ဗသျှု၊

---

## ၁၉၇၊ အနုလက်သတ်ဆေးစီရင်နည်းကိုပြခြင်း

မဟာဂီရိစင်တွင်ရေးသည့် ဆေးဒါန်း၊ ရေမျောသည့်သစ်စုံ၊ မသာဆိုင်၊တီးရာ ကွာ၍ကျသော ပတ်စာ၊ လေပွေဘွင် သွင့်၍ သွားသော သစ်ရွက် ဝင်းဆေးများကိုကြိတ်၍ တံခွန်ဖျားပေါ်မှာ လွှိုလည့် မိန်းမရုပ်ကိုရေး၍ အမည်နံကိုသွင်း၍ ညကို ငါ့ထံသို့ လာ၍ယူ၊ လက်သတ်၍ သုံးခွန်းစေ့အောင်မှာ အလိုရှိသောမိန်းမ အိမ်သို့လာလိမ့်မည်၊ မိမိအလိုဆန္ဒပြည့်စုံလျှင် ဗောဓိညောင်မြစ်နှင့် ဖျက်လေ၊ အပြီးတိုင်ကောင်း၏၊

---

## ၁၉၈၊ အနုမျက်ကွင်းဆေး စီရင်နည်းကိုပြခြင်း

စရည်းခုနစ်ညွန့်၊ ဇီးခုနစ်ညွန့်၊ မယားကြီးခုနစ်ညွန့်၊ မယား သိန် ခုနစ်ညွန့်၊ ကတိုး၊ ဘုံးမယိမ်၊ ပန်းဆွဲလဲ ဝင်းဆေး ၇ မျိုးကို ညကိစ္စာ ကျောက်ပျဉ်ပေါ်မှာ တင်၍ကြိတ်၊ နတ်ရဲသောယစ်ပင်တွင်

ဖြစ်စေ၊ နှုတ်ဝင်ကွင်ဖြစ်စေ ဂုင်းမန္တန်နှင့်စုတ်၊ စုတ်ရမည့်မန္တန်ကား ဥုံ ပြုစ်ပြစ် သဗ္ဗစဲ တထ ယံ တာလုပညာယန္တ ရက္ခရာဇာ မှိုင်း ဆရာမှိုင်း၊ ဥုံ ဗြဟ္မာ စိတ္တရာယ ဗဟုန် ဗဟုန် သွားဟယ်ကျပ်၊ ဂုင်းမန္တန်နှင့် တထောင်စုတ်ခလ အလိုရှိသောအခါ ညာကမိုးရေနှင့် သွေးပြီးလျှင် မျက်စိနှစ်ဘက်မှ ကွယ်ဆိ၍ထား အပြီးတိုင်ကေစင်း၏။

## ၁၉၉။ လာဘ်မှော်သွင်းနည်းကိုပြခြင်း

ဥုံ အစိန္တေယျ အဇိန္တေယျ ကောဏ္ဍသန် ကောဏဂုံ ကဿပ ဂေါတမ အရိမေတ္တယျ ဘုရားငါးဆူ သတ္တော်ပင် ဇော်ဝင် ဈာန် ဝင်၊ မဟာဝဿဝရော ဗောဓိကတံ၊ ဉာဏ်တော် ခြောက်ပါး အိုဘုရား အိုတရား၊ အိုသံဃာ အရေတော်ဆား၊ ရွှေစင်အလား၊ ဦးခေါင်းတော်ကား မြင့်မိုရ်တောင်၊ မျက်လုံးတော်ထား ပုလဲ အဆင်၊၊ သွားတော်ကား ဝရဇိန်၊ လည်ပင်းတော်ကား သံခဲ၊ ခြေတော်နှစ်ချောင်းကား ဗောဓိညောင်တော် အမြစ်တည်း၊ အို ဘုရားရှင့် ပညာတော် ထိုး၍မပေါက် စုတ်၍မပြဲ ဆွဲ၍မနိုင် ကိုင်၍ မဖြစ် ပစ်၍မမှန် အရဟံ ခံဆရာခံ ကွယ်ဆရာကွယ်၊ ဤဂါထာနှင့် လာဘ် ၂၅ ကျပ်၊ ၁၅ ကျပ်ကို ဘုရားတင်၊ ကျန် ၁၀ ကို မိမိ သက်စေ ဘုရားရှေ့တော်တွင်စုတ်၍ ၇ ရက်အတွင်း ကုန်အောင် စားသောက်ရမည်၊ လာဘ်မှော်အောင်လျှင် ရာဇသဗ္ဗဂုဏ္ဍသျှုံ ပြီး၏၊

## ၂၀၀။ လာဘ်မန်း ဂါထာကိုပြခြင်း

ဥုံ ဗုဒ္ဓေါ ဇာတရူပေါချုပ်၊ ဥုံ ဓမ္မော ဇာတရူပေါချုပ်၊ ဥုံ သံဃော ဇာတရူပေါချုပ်၊ ချုပ်ဆရာချုပ် သွားဟ၊ ၊လာဘ် ကို ၇ အုပ်မှန်း၍စား။ ပီယသျှုံ၊

## ၂၀၁။ ထုံးမနိုးဂါထာကိုပြခြင်း၊

ဥုံ သြေ့သြေ့ဘတ် သနပ်ပတ် သြေ့သွစ်းဟ၊ ထုံးရွှေမတ် နှမ်းဆိတမတ် ဖျော်ပြီးလျှင် အထက်ဂါထာနှင့်မန်း၍ လက်ဝါးတွင် ပွတ်ပြီးလျှင် ဥုံဗုဒ္ဓါနစတော ဝင်ဆရာဝင်၊ ဥုံခမ္မောနာထော ဝပ်ဆရာဝပ် ပွတ်၍သွင်း လက်ဝါးပြပီယည်း၊

---

## ၂၀၂။ ဘုရားမှော်သွင်းနည်းကိုပြခြင်း၊

၁။ ဣတိပိ သော၁ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာ စရဏ ဿမ္ပန္နော သုဂတော လောကဏ၊

၂။ ဣဘဒ္ဒေါမ္ပိတိ ရဝိန္ဒော၁ပိ ဟံဇ္ဇာဒ သူသော သစ ဂဘမ္မာရတော ဂသဏဃော၁စ ါမ္ဗုသတ္တ၊

၃။ ဣန္ဒော၁စသဘပိ ဂဏဒ္ဓေါဟံ ဘလော၁မ္ပဇ္ဇာ၁မ္ပဝဝါထိသု ရမ္ဗုရသော၁တော သဝိသက၊

၄။ ဣဏမ္မာသော၁ဒန္နော၁ဒ္ဓေါ ဝါတော၁စဟံ တိသသဘသုံ ဝိဘ ဃော၁ရ သပိမ္ပမ္ဗုဂ ဂဇ္ဇာ၁ရဏ၊

၅။ ဣခတာ၁သုမ္ပဏစ ဝမ္ဗုဟံ ဘဂသော၁တိလော ဂန္ဒော၁သ ရဇ္ဇာ၁ဒ္ဓေါသ သရဝါဘပိတ္တ၊

၆။ ဣမ္ဗုလွှာ၁သတောမ္မာဂ ဘုသုဟံန္ဒော၁ ရမ္ဗဘသဝါဏ ဂရဘစသော၁ဇ္ဇာ၁ပိ ဝိတိဒ္ဓေါက၊

၇။ ဣသသလော၁မ္ဗုသု ဝဇ္ဇာ၁လော၁ဟံ ဏပိသန္နော၁ ဂဝိ တော ရရတိမ္မာ၁မ္ဗုဘဒ္ဒေါဂဘစက၊

၈။ ဣဇ္ဇာ၁ဂမ္ပသလော ဝိဘုသဟံ တောဒ္ဓါသော၁ဏရ ဂမ္ဗုပိရ ဘုသစ ဝါန္နော၁မာက၊

၉။ ဣဘရသဇ္ဇာ၁သဂတိ ဂဟုံမ္ဗုစမ္ပဘော၁ ပိဝါသဒ္ဓေါ ရန္ဒော၁ လော၁သော၁သမ္မာ၁ဝိဏသုက၊

၁၀။ ဣတိပိသော၁ ဿဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာ စရဏ သမ္ပန္နော သုဂတော လော၁ဏ၊

ငှင်းအကွက်ရှုတော်မြတ်ကို မှိုင်းခိုင်စက္ကူတွင် ခဲတံနှင့် ၁၀-ချောင်းရေး၍ ပြာချ၊ ဇက်သား၊ သုံးဆယ်သားကို ဆီငါးကျပ်၊ ငြုတ်၊ ကြက်သွန် သင့်အောင်ထည့်၍ ဆီပြန်ချက်ပါ၊ ဇီးသား၊ ထင်းကို စားမည့်သူ တခေတာင်ခတောင်၍ သုံးချောင်းဖြတ်၊ သုံးတောင် ဖြစ်၏၊ ငှင်းသုံးတောင်တွင် တတောင်လျှင် သုံးစိတ်စီခွဲ၍ ဆိုက်၊ ဆိုခဲ့ပြီးသော ဝက်သားကိုမြင်ပြီးလျှင် အိုးသစ်မှာထည့်၊ ဂါထာပြာကိုလည်းထည့်၊ ဇီးသားရောင်းမနှင့်မွှေ၊ ဂါထာ ၉ ပုဒ်ကို မိမိသတိစေ ရွတ်ပြီးလျှင် ရာဇမတ်အတွင်း၌ချက်၊ ကျက်သော အခါ ထမင်းလွတ် ကုန်အောင် စားပါလေ၊ ငှင်းမှော်ကိုသုံးစားရသော အကျိုးကား၊ ပထဝီဥဒ္ဓ ဘာဏသဒ္ဒေ၀ါ ရာဇာ ရတ္တိ အနုရှိန်းနှင့်တကွ ဆာယာများကိုပင် ကေစင်းလှ၏၊ ရာဇကို လိုသော် မိမိကိုယ်ကို ငုံ့လျှိုးဟန်ပြု၍သွား၊ ရတ္တိကိုလိုသော် ပြုံးရယ်၍သွား၊ သဗ္ဗကိုလိုသော် လက်ပိုက်ဟန်ပြု၍သွား၊ အလိုခပ်သိမ်းကို ပြည့်စုံစေ၏၊ ရန်အောင်၏၊ ခရီးလျှင်၏၊ ရေမနစ်နိုင်၊ ကောင်းကင်သို့ပင် ဆောင်နိုင်၏၊ နတ်မြတ်အပေါင်းတို့ ချစ်ခင်၏၊ ငါးပါးသီလ မြဲစေရမည်၊ သီလမတည်လျှင် မှော်ပေါက်၏၊ သတိပြု၍ဆင်ခြင်း

## ၂၀၃။ ဝလေးလုံးပိတ်စီရင်နည်းကိုပြခြင်း

၁။ ဝဏ္ဏတေန၊ ဝဏ္ဏတော ဘာသိပရော၊ ရှဘောနဝ၊ ပထမ၊
၂။ ဝဏ္ဏဇော၀ရံ ဌာနေ ခေနတော၀ရံ သပ္ပနဝ၊ ဒုတိယ၊
၃။ ဝံပဏ္ဏာနိနေန ဘဟိသပ္ပနဝ။ တတိယ၊
၄။ ဝကပ္ပိတော၊ နုလိမ္ပခန္ဓာ၊ ဝသိဘသိနဝ၊ စတုတ္ထ၊

ဝ-၄ လုံးပိတ်၊ တံဆိပ်တော်အကွက်ရာ၊ ကမ္မည်းစာကို မကွာ ရှည်လျက်၊ ညှနံနက်လျှင်၊ ရွတ်တို့ချင်က၊ လူဘွင်ထင်ရှား၊ စည်းစိမ်များ၏၊ လေး၊ မြား၊ သေနတ်၊ ပစ်ခတ်သောခါ၊ လက်နှင့်သာ လျှင်၊ လျှင်စွာရစ်ဦး၊ မီးမကူးဘည်း၊ အထူးဘို့ပြင်၊ ပန်းသစ်ပင်ကို လက်တွင်ကိုင်ဆုပ်၊ ၇-အုပ်ပင်၊ ရွတ်တို့ချင်လျက်၊ ၃-ချဏီဖနောင့်၊ ခြေဖြင့်ဆောင့်က၊ ညှိုး၍ကျလိမ့်၊ နောက်မှတဖန်၊ လမ်းခွဲပြန်မူ၊

ပန်သောသူမှာ၊ ရန်ဟူသမျှ၊ ရှောင်ရှားရ၏။ ထိုမှတချက်၊ တံခါး၊ ရွက်ကို၊ ရွတ်လျက် ပုတ်ခါ၊ သော့သေတ္တာနှင့်၊ မှတ်ပါမယွင်း။ ခြေကျင်းကြိုးထိပ်၊ လက်ဖြင့်နှိပ်က၊ ပွင့်ကြစမြဲ၊ အိမ်ထဲတည့်တည့်၊ မီးထွန်းရှိမူ၊ ကြည့်၍ရွတ်လေ၊ မီးငြိမ်းပေလိမ့်၊ တတွေငြုပ်၊ ရှေ့ငုပ် မှန်ငြား။ မန်း၍စားက၊ သေနတ်မှားလို့၊ တန္တေခံသည်၊ ရှင်ပျို ရသေ့ဝညာတည်း။

ပျားရှေ့ ၇-ကျပ်၊ နှမ်းဆီ ၇-ကျပ်၊ ပေါက်ပေါက် ၃၇-ပွင့်၊ ဆောင်းစွစရောစပ်၍ ဘုရားရှေ့တော်တွင် အထထိပြုထားသော မန္တရားနှင့် ခြေစင်းထပ်၍ ၃၇-အုပ်စုတ်ပြီးလျှင် လိုရာဆုကိုတောင်း၊ စိဋ္ဌာန်သစ္စာပြု၍ စားလေ။ အကျိုးကား လက်ာ၌ပါဝင်သော စကားတို့သည် ထင်ရှားကုန်၏။

---

## ၂၀၄။ အနုမီးထွန်းစီရင်နည်းကိုပြခြင်း

ဥုံ နယေပရုံယုတ္တေ၊ နယေပရုံယုတ္တေ။ ငင်းဂါထာကိုပင် ဖယောင်းတိုင်အပေါ်ထ တစ်ကြောင်းတည်းရေး၍ နံ့ပီတ်ပြီးလျှင် ငင်းဂါထာကိုပင် သလူ၊ စက္ကူ၊ ကျီးမနား ထန်းရွက်တွင် လုပ်၊ မီးစာမှစ ကိုယ်အဝတ်စ၊ လိုသူအဝတ်စ ထည့်ပြီးလျှင် နံတဘက် တချက် ပိတ်၍လိပ်၊ နတ်စင်ရှေ့မှာ ၃၇-အုပ်စုတ်၊ လဘက် ဆီ ဆန် နှင့်တိုင်ကြခလေ၊ တန်ခိုးကြီးသော ဘုရားမှာ ထီးကို လက်ယာ၊ ယမာကို လက်ဝဲတင်၍ထွန်း။ ဂါထာကိုပင် သုံးဆယ့်ခုနစ်အုပ် ထပ်၍စုတ်၊ စုတ်၍ပြီးလျှင် ဘုရားရှေ့မှာပင် ပူဇော်လေ၊ အလိုရှိ၍ ခေါ်လျှင် အိမ်သို့လာရသောဟူ၏။

---

## ၂၀၅။ အနုလက်ဝွပ်စီရင်နည်းကိုပြခြင်း

ဥုံမဂ္ဂတစု မဂ္ဂရာဇာသွားဟဲ့ ယျကပ်၊ မျောက်မတန်ဆောကို လှီး၍ လက်နှင့်တန်ရုံ တုတ်ကိုလုပ်၊ တုတ်တွင်စွပ်၊ နေပူလှမ်းပြီးလျှင် အောင်ချဉ်ရစ်၍ ရွှေခုနစ်ထပ်ချ၊ ပွဲနတ်ယာ ခင်းကျင်း၍ အပေါ်

က ပြခဲ့သော မန္တန်နှင့် တထောင်စုံဟ်။ ။ဥုံမက္ကဋပိစိတ် သွားဟဲ့ ယျကပ်။ ။ငင်းမန္တန်နှင့်လည်း တထောင်စုတ်လေ့၊ မင်းအိမ်ကို တဏ်၍သွားသော် လက်ညှိုးတွင်ဝတ် အလျင်မန္တန်ကို ခုနစ်အုပ်နှိုး၍ လက်ညှိုးညွှန်ဟန် အမှတ်မထင်ပြု၊ မိန်းမကို လိုသော် အပါးသို့ ရောဏ်လျှင် နောက်ကမန္တန်ကို ခုနစ်အုပ်နှိုး၍ လက်ညှိုးညွှန်ပြီး စကားပြောလေ။ ရာဇဗ္လတ္တိသို့သုံးပါး ကောင်း၏။

## ၂၀၆။ အနုမှန်ကူလို့မိးဆေးစီရင်နည်းကိုပြခြင်း။

ကတိုး၊ ပရုပ်၊ ဘုံးမသိမ်၊ ပန်းဥ၊ ကုံကုမံ၊ ဥပသကာ၊ ကန့်ပလူ၊ သည်ဆေးခုနစ်ပါးလုံးကို အမျှစီစုံ၊ အားလုံး အလေး ပင်လယ် ရေမြှုပ်ကဲလေ၊ အားလုံး အလေး ကျောက်သလင်းစစ်ကဲ၊ စမွှါယိ ဆီနှင့်ကြိတ်၊ မရလျှင် ဆီမွှေးနှင့် ကြိတ်လေ၊ ပြီးလျှင် ထမင်း မုန့် ငါး အကျော်အလှော် ငှက်ပျော အုန်း ခင်းကျင်းပြီးလျှင် ဆွမ်းသင်ပုတ်တင်၍ တန်ခိုးကြီးသော ဘုရားရှေ့မှာ တထောင်စုတ်၊ စုတ်အံ့သောမန္တန်ကား ဥုံ သဗ္ဗဒေဝါသရက္ခာစ၊ ဘူတာပရိတ္တာစ၊ ဇော်ဂနီပရိတ္တာစ၊ ဥုံ ဒေဝါဒေဝါကညာ၊ နာနာဒေဝါဝရှာရုံ၊ သဗ္ဗသဗ္ဗမံသာသိန္ဒေသိန္ဒေ၊ ။ငင်းမန္တန်နှင့် တထောင် စုတ်လေ၊ သန့်ရှင်းသော နေရာမှာထား လို့သောအခါ ဆေးကို ငင်းမန္တန်နှင့် ခုနစ်အုပ်နှိုး၍ နဖူးမှာမှန်ကူ၊ ကိုယ်မှာလည်း လိမ်း၍ထား၊ အလို အတိုင်း ပြည့်စုံ၏။

## ၂၀၇၊ အနံ့တောက်ဆေးစီရင်နည်းကိုပြခြင်း

နတ်ဝင်ပန်သောပန်း၊ ပြည့်တန်ဆာမပန်သောပန်း၊ အရှုး ဝန်သောပန်း၊ အရူးဆုံပင်၊ အရူးစားသောအနံဖတ်၊ ဆင်အထက်မုန့် အောက်မုန့်၊ ဂမုန်းကြက်လာ၊ မြင်းမုန်၊ လူမုန့်၊ လူကာလကဏ္ဍ သံလိုဏ်ကြီး၊ ပဒိုင်းခတ္တာ၊ အရှေ့သို့သွားသောအမြစ်ကို တန်ဆူးဝါး လဏ်နှစ်သစ်တိုင်း၍ တစ်ချက်တည်းပြတ်အောင်ဖြတ်၊ ဆေးမြစ်နေရာ

ကို တံစူးဝါးဆက်ခဲ့ အဖေပါမြေအထဲ အထဲမြေကိုအပေါ်ဖို့ခဲ့ ပဒိုင်၊ ခတ္တာမြစ်ကို တံစူးဝါး ကျည်ဘောက်ပြု၍ထည့်၊ ကျင်ငယ် ရေနှင့်စိမ်၊ ခုနစ်ရက်လည်လျှင် ဖော်၍ကြိတ်၊ ကျောက်ပျဉ် လေး ထောင့်တွင် စမွှန်ဝအင်းကိုချ၊ ပိတန်မှာလည်း ငုင်းအင်းကိုချ၊ ကျောက်ပျဉ်လေးထောင့်တွင် ငွေငါးကျပ်တင် အုန်းငှက်ပျောပွဲ နတ်ယကာ စုံလင်စွာနှင့် သူရဿတီကို ပူဇော်လေ၊ တနင်းလာနေ့ကို တိုင်ကြားလေ၊ အင်္ဂါနေ့ နေဝန်းပေါ်ကို အရှေ့စူးစူးကို မျက်နှာ လှည့်၍ နှင်းရေနှင့်ဆွတ်ဖျန်း၍ ကြိတ်လေ၊ အစုတ်မန္တန်ကား ။ ဥုံသဗ္ဗော ရာဇာ ဒေဝါ နမိန္ဒော၊ ။ငုင်းမန္တန်နှင့် တထောင် စုတ်လေ၊ ကတိုး ယင်ဖိုတကောင် ယင်မတကောင် အမှုန့်ပြု၍ ထားပြီးလျှင် နှောလေ၊ ဆေးစုတ်၍ပြီးသောအခါကာလ လူမေး လျှင် စကားမပြောနှင့်၊ ပြောချင်လျှင် ဆေးကိုချ၍ပြော၊ လိုသော အခါ လက်ညှိုးဖျားတွင် တင်၍ဆောင်၊ တံထွေးနှင့်နယ် လက်ပြန် တောက်၊ ကိုယ်အလိုရှိသောအခါခေါ်လေ လိုက်၍လာသောဟူ၏၊

## ၂၀၈။ အနုသုတ်ဆေးစီရင်နည်းကိုပြခြင်း

ချိုးလည်ပြေကိသည်းခြေ၊ တင်ကျည်းသည်းခြေ၊ ဗျိုင်း သည်းခြေ၊ ကြက်အနီသည်းခြေ၊ ကြက်မကိုခေါ်သည့်အစာ၊ နွား နက်တွင်တွယ်သည့် မှားသွေး၊ ပန်းပေါင်း၊ မင်းပေါင်း၊ ဂမုန်း ပေါင်း၊ အကျော်စံပါအရမက် အမျှစီစု၍ကြိတ်၊ အမှုန့်ပြု၍ထား၊ အစုတ်မန္တန်ကား၊ ။ဥုံနေဂင်၊ လမင်၊ သိကြားမင်း၊ ဟေိဟေိ တပ်၊ ။ငုင်းမန္တန်နှင့် တထောင်စုတ်လေ၊ ရာဇာကိုအလိုရှိလျှင် နှာခေါင်းပေါ်ကိုသုတ်၊ မင်းအိမ်သို့သွားသောအခါ နှုတ်ခမ်းတွင် သုတ်၍သွား၊ ဣတ္ထိကို အလိုရှိလျှင် လက်ဖဝါးတွင် သုတ်၍ပွတ်၊ အံ့ဩဖွယ်သုံးပါးကောင်း၏၊ ။

## ၂၀၉၊ အနုနတ်သမီးနှာဆေး စီရင်နည်းကိုပြခြင်း၊

ဥုံကွမ်းရိုးကားမကျ ဖော့ကဲရေကကျ၊ တဟဟ၊ ထဆရာထ ကြွဆရာကြွ၊ နံ့သာနီ၊ နံ့သာဖြူ၊ ကတိုး၊ ဆေးကမျဉ်း၊ ဝတ်ဆံ

ထင်းကလာ၊မှို့ ကြောင်နံ့သာသို့ ဖျံသို့ ငင်းဆေးခုနစ်ပါးကိုညက် စွာကြိတ်၍ အလိုကြ၍ ကျည်တောက်တွင် ထည့်ပြီးလျှင် အပေါ်က ပြခဲ့သည့် မန္တန်နှင့် ခုနစ်အုပ်နှိုး၍ နှစရှုံ့ဒလ၊ အနံ့သွားသလေစက် ချစ်ကြ၏။

## ၂၁၀။ အနုလွှင့်ဆေးစီရင်နည်းကိုပြခြင်း။

ဆောင်သူ၏ရင်သွေး၊ သံလိုက်၊ ပိတုန်းလုသည်ပန်း၊ ဆင် အထတ်မုန့် အစက်မုန့်၊ ကြက်ကောက်စာ၊ သမားစန္ဒာ၊ အရှေ့သို့ သွားသော ပဒိုင်းခတ္တာမြစ်ကို စနေ၊ အင်္ဂါနေ့ကို ဆန် ပန်း ပေါက်ပေါက်နှစ့် ပူဇော်ပြီးလျှင် အင်္ဂါဆစ်နှင့်တိုင်း၍ ဖြတ်ပြီးယူ၊ ငင်းဆေးကိုအမှုစီ ပြု၍စု ပြီးလျှင် စုတ်ရမည့်မန္တန်ကား၊ ။ ဥုံ အမိသည့်ရသာရုံ၊ ။ဘုရားတပွဲ၊ နတ်တပွဲ၊ ဇော်ဂျီတပွဲ၊ သူရဿတီဘပွဲ၊ ဆရာလုပ်သည့်ရှုဏ ပွဲတင်၍ မြောက်မျက်နှာ၀ကို တန်ခိုးကြီးသော ဘုရားကိုသွား၍ ဖိုတ်လေးဂူတ္တိမှာဇသဗ္ဗ အပြီး တိုင်၏။

## ၂၁၁။ အနုရက္ခရိုးစေနည်းစီရင်နည်းကိုပြခြင်း။

ဥုံယက္ခနီ ယက္ခနီဏကွာ ဟေိဟေိ၊ ။ခေါ်တွင် ထမင်း တင်၍ အကြော်အလျော် ထည့်ပြီးလျှင် အထိကရ နတ်ရဲသေး သစ်ပင်တွင် ခေါ်ကိုထား၊ ။ခေါ်အစက် ငွေငါးမတ်မြှုပ်ခဲ့၍ သစ်ပင် ကို ခြေနှင့်ကျော်ပြီးလျှင် အပေါ်ကပြခဲ့သော မန္တန်နှင့် ခုနစ်အုပ် မန်း၍ခေါ်၊ ။ဥုံရက္ခတဒေ၀တာ သွားဟား ။ငင်းမန္တန်နှင့် ခုနစ်အုပ်မန်း၍ ချုပ်ပြီးလျှင် လိုရာဆုကိုတောင်းစေ၊ ဆရာ့ နတ် မြတ် ရက္ခစီ၊ တန်ခိုးတို့ပါသည် ဆို၍သာ၊ ညအခါကာဏ လု သောသူ အိမ်ကိုသွား၍ ခေါ်လေ၊ လိုက်၍လာသောဟူ၏။

## ၂၁၂။ အနုမိုးထွန်းစီရင်နည်းကိုပြခြင်း။

သဘော်စက္ကူပေါ်တွင် ပန်းပေါင်း၊ မှင်ပေါင်းနှင့်ရေး ရေးရမည့် ဂါထာကား၊ ။ဥုံဗုဒ္ဓါဂုဏ်ပီယံဟောတုံဥုံမိမ္မဂုဏ်ပီပ


ဟောတု၊ ဥုံသံဃံဂုဏ္ဏံပီယံဟောတု၊ ဖေဟိဖေဟိ၊ ၊ရေး၍ပြီးလျှင် ဘုန်း၊ကြီးမျတ်နှာလွှမ်း၊ ဖခယောင်းငါးမတ်မန်း၍ ၎င်းဂါထာနှင့်ပင် တထောင်စုတ်လေ။ နတ်စင်ရှေ့မှာ လိုသူအဝတ်စကိုယူ၍ မီးစာပြု၊ မီးထွန်း၊လေ၊ ကိုယ်ကြံသမျှအောင်၏၊ ။

## ၂၁၃၊ အန္နနတ်ရဲတိုက်စီရင်နည်းကိုပြခြင်း

တစ္ဆူ၊ဝါးကိုယူ၊ လိုသူနံအမည်ကိုရေး၊ ဝါးခြမ်း၊ တထွာသာ ယူလေ၊ ၊စုတ်ရမည့်မန္တန်ကား၊ ၊ဥုံတတ္တကပ်၊ သိခ်ံသကပ်၊ မရယိုင်ဆပ်၊ သီရိသဘ်ရာဇာ ဣစက္ကတောလေ၊ ဥစက္ကတောလေ၊ ဥုံ ဆေးစုပတ္တအတ္တိသွာ၊ဟ၊ ၊၎င်းမန္တန်နှင့်မန်း၍ နတ်ရဲသော သစ်ပင်မှာ ထမင်းတဆုပ် ရေတမှုတ်တင်၊ သွန်း၍ ညဉ်း၊ကထား၊ မည်သူကို ငါ့အိမ်သို့ ပို့လာရမည် ဆို၍မှာ၊ မိုးသင်းသောအခါ ထားခဲ့သော ဝါးကိုယူ၍ တခြားသစ်ပင်မှာပြောင်း၍ သုံး၊ရက် စေ့အောင်ထား၊ သုံး၊ရက်စေ့သောအခါ ကိုယ်မှာခဲ့သော မိန်း၊မ အိမ်သို့လာလိမ့်သော ဟူ၏၊ ။

## ၂၁၄၊ အနုထက်ဝါးပြွ ဆေးစီရင်နည်းကိုပြခြင်း

အခါကောင်း၊ နက္ခတ်ခါးပတ်အဝင်ကြိမ်သည့်နေ့ကို ဆင်း၊တ အူခမှ၊၊ ရွှေမွှေးသည်းခြေ၊ စခနမီးသွေး၊ ၎င်းဆေးသုံး၊ပါ၊ကို




ရော၍ကြိတ်၊ ပြီးသောအခါ ၎င်း၊ဆေး၊ကို ရေနှင့်ဖျော်၍ စက်ဝန်း၊ကို လက်ဝါး၊တွင် သုတ်၊ ပြီးသောအခါ ကိုယ်အလိုရှိလျှင် ဟေ ဆို၍ လိုသူကိုပြ၊ လိုက်၍လာသော ဟူ၏၊ ။

## ၂၁၅၊ အနုနတ်တိုက်ဖုတ်တိုက်စီရင်နည်းကိုပြခြင်း

ခေါသုံးခွက်ကိုလုပ်၊ အခွက်တခါမန်း၊၊ သုံးခွက်စေ့အောင် မန်း၊၊ မန်း၊ရမည့်ဂါထာကား၊၊ ၊ဥုံဖုတ္တဖုတ္တ မဟာဖုတ္တ သရုပ္ပဖုတ္တ၊

ဖွတ်ဖုတ္တာ ဟောဟော အာဂန္တုကြ၊ ဒေဝတာ ဟောဟော မန်း၍ပြီးလျှင် ထမင်းကိုယူ၍ သုံးဆုပ် ဆုပ်၊ တဆုပ် တထောင်မန်း သုံးဆုပ် သုံးထောင်စေ အောင်မန်း၊ ခေါက်ကြည့်၍မန်း၊ နတ်နှင့် ဖုတ်ကို လက်နှင့်တီး၍ နတ်ရဲ့သော သစ်ပင်မှာ ခေါ်၍တိုက်၊ နတ်တိုက် ဖုတ်တိုက် ကြိုက်သောသူ၊ ဥစ္စာကို ခိုးသောသူ၊ တရားဘက်ပြိုင် သောသူ တို့ကို ငါဖြေမှုပြေ ဆို၍ စိတ်ရှိတိုင်းတိုက်၊ အမှုကိစ္စ မပြတ်သေးလျှင် အစာကျွေးထားလေး ။

## ၂၁၆။ ဂိရိမဂ်လှာထုံသင်း စီရင်နည်းကိုပြခြင်း

လှ၏ထွက်၏၊ ပြက်ပြက်မြင်ယူ စပ်ပူခါးရား ဆေးလေးပါးလည်း ထွက်ငြားတူလှ စ-က-ဗ-လ-ယ ကျမ်းလည်း တမျှခြင်းရာ ကမ္ဘာလက်ာရ ဆရာပြုသည် တသံညင်းချိတ် ကြောင်းဟိတ်ထုံးစံ နည်းယူကြံလှစ် တဆယ့်ရှစ်တည်း၊ စင်စစ်ဂြိုဟ်သတ် ယူ၍တွက်လျှင် ပေါ်ထွက်သဘော ဇောပညာသ ပြန်၍ချလျှင် ပဉ္စစာလီ ပေါင်းညီနဝ ရှယ်၍ပြသည် ကေနှင့်အဌ လည်၍ပတ်၏၊ မှတ်လေခုနံသေ့ ဉာဏ်ဖြင့်တွေ့လေ၊ ခြသေ့နှင့်ကျား၊ ပေါင်း၍ထားပြီး ရေ့လားဆိုချက် ကြက်နှင့်ပိုင်းမင်း အတူသွင်းက ထွက်ခြင်းတဝ အစ်ကိုချ၍ သုည နှင့်အဌ ပူးပွတ်ယှဉ်က နာမ်ရုပ်မ၏၊ သုညအကွာရာ ပဉ္စလာ၍ ကောနှင့်ကေ မိတ်ရက်အောင်ပ ကျမ်းရင်းပြသည် မုချပုံထို ကောင်း စေလို့သော် ကိုးကိုဂဠုန် ဖက်ပါကုန်တူ ခုနှ်ကာလွားကာ သီဟာ မြူးယောင် ပုံဆောင်မရှေ့ ခြသေ့ထီးဆောင်း အပေါင်းနိမိတ် ဟစိတ်အဖြစ် အဌာရသ ဂဏန်းရကို ပြသည်ထွေထွေ ပင်လယ်ရေသို့ တထွေထိုမှ ဒသကိုချေ ကြံလေအဌ သင်္ချာရကို စမ-ခလလုံး စသည်ထုံးဖြင့် သုံးခုငါးဘက် ခြောယ်ခုတွက်တွင် စွက်သည့်နှစ်ခု ပုံစံပြု၍ အတုမဲ့စွာ သင်္ချာအရ ဂဏန်းပြနှင့် အဌယူရန် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပုဗ္ဗန်ပုဗ္ဗာ ပညာဥဒေါင်း မှတ်ကြောင်းလူစံ အကြံ မပေါက် ဝ-လေးထောက်နှင့် မြေပေါက်ဆပ်ပြာ ဝံစွာယမ်းထူ စိန်ဖြူယုန်သား ဆယ့်ရှစ်ပါးကို နှောထားတသီး ပေါင်းပြီး အုန်းရည် ယစ်သည့်အရက် စက်ဆုပ်ရှုံဘွယ် ရေအိမ်လယ်နှင့် မှတ်ဖွယ်အရိုး အမျိုးမျိုးကို ပိုးကပြဟွာ ရေတွက်လှာလည်း နည်းနာ မဆုံး ဂဏန်းကျုံးသည့် အုံ့လုံးကွဲဖွယ် အတိတည်း။

အတိုင်အဖေစတ် ပုံထောက်ခတ်ပြ အမအထွေ၊ ခတ်ကြီး ဘက်ထား၊ ယောကျ်ားမိန်းမ ခတ်ရမီးခရ လေမြေနေလ နေ့နှင့် ညှက ရွှေမြရောင်ဖြာ မြတ်စွာဘုရား တရားသင်္ချာ ပုံတူရကို သင်္ချာ ရေတွက် လိုက်ဘက်ပြန်ပြန် ယူရန်ထွေထွေ ဆေးပင်တွေ၏ ပေါင်း လေဂဏန်း၊ ဉာဏ်ဖြင့်မှန်း၍ ဥဒါန်းတွင်ဘိ ပရိဟာသာ ဥခါဟ ရက် ဆောင်ကုန်သိုးသီး ရှေးအတီးက ဉာဏ်ကြီးသူများ ရေးမှတ်ထားသည် ပွားခါပွားငါ စမ္ပာနဝ အင်းပုံချ၍ ပြသည်ခြားခြား ၁၂-ပါးနှင့် ၉-ပါး ၈-ပါး တက်ပွားသတ္တဝိ စဉ်ဖီနက္ခတ် ဆတ္တိ

တြဲင်း နဝင်းကိုးဆစ် တရာ့ရှစ်တွင် ဆေးမြစ်ခေါတ်စုံ အကျဉ်းငုံ၍၊ ယုံကြည်သောသူ ခေါတ်ကိုယူ၍ မူလဆိုလျှင် ကိုးခုမြင်၏၊ ချချင်ရေထွေး ငါးဆယ့်လေးနှင့် လေးဆယ့်ငါးမှန် နှော့ပြန်နဝ -ထိုနဝကို ဆနှင့်ပူးမြှောက် ကိုးဆယ့်ခြောက်တည်း၊ ထိုနောက်တခြား ငါးဆယ်နှစ်တစ် ခြောက်ခုဖြစ်၏၊ တလစ်မှတ်ထု ံး သုံးဆယ့်ငါးနှင့် ဘုရားဖြစ်နှစ် ရှစ်ဆယ်သက်တော် ဝါတော်ဆိုရေး လေးဆယ့်ငါးဝါ ကုသိနာမှာ မလ္လာမင်းတို့ အင်ကြင်းပင်စုံ ရွှေဘုံနိဗ္ဗာန် ယူဟန်ထွေထွေ ဂဏန်းဓေခြဖြင့် ခွဲ့ဝေစစ် တရာ့ရှစ်က ဖြစ်လေသည်ချည်၊ ဖြစ်ပေါ်ပြီး၏၊ နည်းသစ်အထူး ဆိုသော်မူးမျှ ဆေးကျူးနှစ်ပါး ပေါင်းရုံးထား၍ နဂါးနှင့်မ သုံးပါးရ၏၊ ဤမျှအကျဉ်း အကုန်ချဉ်းသည် အစဉ်းလူတိုင်း မသိတည်း။

ဘုရားဖြစ်မှန် ပြည်နိဗ္ဗာန်ကို အမှန်ယူပြီး ခေါက်မီးတေဇော လေစင်သောအဆုံး သုံးပါးသမ္ဗိန္န ပမာဏနှင့် ဝဏ္ဏသုံးထွေ ရွှေငွေ ခိုးကြိုး မှတ်ရွယ်ကိုး၍ အမျိုးခုနစ်တန် ကျမ်းညွှန်အသမ္ဘိန် ပြင်းရှိန်တေဇာ သတ္တာတြိန္န ကိန်းဒသဖြင့် အများစီးပွား မြတ်ကိုယ်စားတော် ရုပ်ပွားခေါတ်မွေ့ တည်စေတော်မူ ဉာဏ်ရှိသူတို့ မှတ်ယူကိုးကွယ် ပင်လယ်သံသရ အဏ္ဏဝမှ ဒုက္ခကုန်ရာ ကမ်းပမာဖြင့် ခန္ဓာကွယ်ချုပ် နာမ်ရုပ်ငြိမ်းရာ နိဗ္ဗူတာဟု ခေမဒအဘယ ရသဝိမုတ် လောကုတ္တရာ ရတနာ ပြည့်စုံရာဟု အင်္ဂါကိုးပါး ငါးပါးနိကာယ် မကွယ်ကြာမြင့် ၅ဝဝဝ-တင့်၍ ရှင်ပင့်ကိုယ်စား ဘုရားအပေါင်း ရှစ်သောင်းလေးထောင် ရုပ်ဆောင်ရုပ်ပွား အခြားခြားနှင့် ထူးခြားထွေထွေ စေတီပုံပုံ စည်းခုံဆူဆူ ကျွန်းဇမ္ဗူတွင် သူတော်သူမြတ် ရှိခသည့်တတ်၍ ခေါတ်မွေ့ကိန်းအောင်း ရွှေကျောင်းပုထိုး ကိုးကိုးကွယ်ကွယ် အပါယ်မလား ခြောက်ပါးနတ်ရွာ လူချမ်းသာနှင့် ဗြဟ္မာနှစ်ဆယ် မင်္ဂလေးသွယ်ဖြင့် ဖိုဝယ်လေးတန် မြတ်နိဗ္ဗာန်နှင့် နဝလောကုတ် ဝိမုတ်ရသ အဆုံးကျသည် ဖလသမာပတ္တိထိတည်း။

အုံ့ဖွယ်သရဲ ကြိမ်တောင်းဘဲကို ကြိမ်ခဲလှစွာ ကြိမ်သည်မှာလည်း တရာနှင့်ရှစ် စက်ကြဖြစ်သား စံနစ်စနာ အဖြာဖြာတွင်

ပညာရှိများ ရေးမှတ်ထားသည့် ပြဒါးသေကြောင်း ဆေးပေါင်း ဆေးစု အတုပတိ နည်းအရှိကို မသိတန်ရာ သိခဲလပါသား ဣန္ဒာစရိယ မြတ်ဉာဏလျှင် ဘုရားအလျာ သုခေမာသည် ပါရမ်ဆယ်ပါး အပြားသုံးဆယ် အကျယ်ဉာဏ်မြင် ထင်သည့်ကာလ ပြသည့်နိမိတ် အကြောင်းဟိတ်သို့ တိုးလိမ့်အုပ်အာ ထင်လာစမှတ် နတ်ဗြဟ္မာများ ကြားသည်စနည်း ကြီးသည့်မြေကြီး ဟီးသည်ပွဲဘင် လှုပ်ချင်ပထဝီ ဤသည်များကျယ် သုံးဆယ့်နှစ်ပါး နိမိတ်များကို ပြထားမမွှာ ထိုခြင်းရာကြောင့် ထင်လှာပြက်ပြက် မဖမ့်ရက်အောင် ပြချက်တွေ့ထူး မကြိမ်ဘူးကို ချီးကျူးကြားပြီး ကြားပြီး ပဌမ ရောက်ကာလတည်း။ နယထွေထွေ ပြဒါးသေအောင် မွှေမွှ နှောက်နှောက် စိုင်စက်နှောက်မျှ အောက်နှင့်အထက် အချက်ချက်ပင် ခွဲဝက်ပြထား ဆေးပေါင်းများတွင် ဘုရားရှေ့စက် ရာရှစ်ကွက်၌ သက်ဝင်သချာ တူမောစွာကို ကမ္ဘာဦးက ဥဒယဟု ပြောကြဥဒါန်း အစဉ်ထွန်း၍ ပုံညွှန်းသချာ ဤခြင်းရာကို ဣန္ဒာစရိယ သရုပဖြင့် တွေးဆနှောင်လှာ သိလွယ်သာအောင် လက်ာထပ်လောင်း စကားဟောစင်းတွင် မြင်ကြောင်းကေနို လင်းလင်းပြန်ပိမ့် ဉာဏ်စုံ ထင်ကြ နှံ့ကျယ်တည်း။

နှံ့ကျယ်မလွဲ ဉာဏ်နက်နဲသော် ကျော်မြဲဥဒါန်း ကမ္ဘာ ကျွမ်းလည်း မယွင်းမယိမ်း လှုခပ်သိမ်းသို့ စိတ်ငြိမ်းရှင်ကြည် ဖြောင့်မတ်တည်သား၊ နာမည်ထူးလှ ဥဒယတု ညြည်ထသညာ အမည်မှာတား တရာနှင့်ရှစ် စက်တော်ဖြစ်၏ စံနစ်အနက် ဥဒည်သက်သည် နေထွက်တခြား တံခါးဦးတည် ၊ တနည်းဝမ်းစာ အနက်လာ၏၊ ဆရာအရှင် အိပ်ပျော်ချင်သည် ထန်းပင်ထက်က မီးစရဲရဲ မြင့်စွာဆွဲပြီး ကျောင်းကြီးဆရာ ထပါဘုရား ဆွမ်းခံသွားဟု နိုးကြားလျှင်မြန် လျှောက်ထားဟန်ကြောင့် ဖောက်ပြန်အမှတ် မချွတ်လတ်ဘိ အယူရှိ၍ တစိမကြာ ကျောင်းခမ်းဝါသို့ ဆရာအပ်ထား ဆွမ်းခံသွားသော် မျက်ဝါးလင်းစင် မမြင်အရှက် ယုန်မင်းလမင်း မထွန်းမပ စောသေးလှ၏ ခဏခိုဝင် အိမ်ဦးစင် ဝယ် နေချင်ရှည်ကြာ မလင်းပေါ၍ ဆရာပြန်ရောက် တံခါးပေါက်က စောင့်ရှောက်နေပြီး ရှင်ကြီးလစလည်း ရိုက်ပါမှာထား သည်

စကားကြောင့် တံခါးပိတ်ပြီး ဆီး၍ရိုက်ဟန် ခြင်းရာပြန်သော် တန်ဘန်ဆိုမှ ဆရာကလည်း ခ-ယ-ငါးပါး တေခင်းပန်ကြွားသော် နှစ်းမှာမကြာ၊ ငါးဖြစ်အိုင်ဆင်း ဆိုခြင်းပေါ်တန် တစ်ပန်သစ်ကိုင်း ရှိတိုင်းရေတွက် ဖွတ်ရှင့်တက်၍ ရိုက်နှက်ချက်ထစ်း အသားကုန်အောင် စားပြီးလျှောင်သာ၊ အရိုးမျှားကို ပြကြွားအတွတ် ဆောက်ပုတ်ကိုင်ခါ ဆရာကိုရိုက် ရင်မိုက်လွန့်ဟန် တဟန်နေညီ၊ အတီးရှေးထုံ၊ စရုံးသိမ်းထား စာစောင်မျှားတွင် ရှားမီးခဲကို ရေထဲချသော် မြည်၍အော်၏၊ ဖျော်သည့်နနွင်း ထုံးနှင့်ကျင်းက အဆင်းသွေးဖြင့် စင်စစ်မှန်စွာ ပန်းမှစသခွပ် ဟင်းကြွပ်ကသစ် ပန်လှစ်ပြီးခါ ဒေါင်းဆပ်ပြာနှင့် ညောင်ပြာလိမ်းလျှင် ခပ်သိမ်းလူရှင် မမြင်ပျောက်သော စကောနှစ်ချပ် အတောင်ညှပ်က မိုးရပ်ပျံကြောင်း၊ ထုံးတောင်းတွေ့ပြား စာတွက်မျှားနှင့် မမှားစေရ ခြင်းရာပြ၍ ပြုကြပြီးလျှင် သက်နံးချတ်ထား တုရင်ဖျှားဝယ် ပုန်းကွယ်ပျောက်သော မြှောက်၍ပြောလျှင် အဆောတလျင် ခုန်ပြန်ချင်သော် ကျွဲဝင်ခြေစုံ ကလိမ်ခြုံ၍ မှောက်ခုန်ပက်လက် လွန့်ရက်မလွှတ် အဝတ်သက်နံ၊ အမှန်းမသိ မူးမော်ဘိ၍ မချိပန်းပမာ အဆောလျင်စွာ လှာဘာစဒယ ဟစ်အော်မှလျှင် ဒယဓပြာခါ ကပ်မည်လာသော် ရုပ်ဝါမထင် ထိုအရှင်သည် ဆယ်ခွင်ကဟစ် မမြင်လစ်သို့ ရစ်ခါပတ်ခါ ရှာဖွေလေဟန် ခြင်းရာပြန်ပြီး တစ်ဖန်ကျောင်းဘက် ကျားမတက်၍ ကြောက်မက်စရာ နေလှည့်ရာကို လျင်စွာမြဲမြဲ အမြီးဆွဲတူ ဖက်လှဲတကင်း ကျောင်းကြီးမင်းကို ချက်ချင်းဖမ်းမည် လျှောက်ပြန်သည်တွင် မရှည်တိုတို ကျားမိကိုလျှင် ထိုဘုန်းကြီးဆွဲ အားကုန်နှဲ့သော် မြဲစေမြဲစေ ဆိုသောထွေဖြင့် မထေလေးစား လှန်ကန်ဖျှားဖြင့် ကျားမကိုထို၊ အားကုန်ကျုံး၍ ဂြိုးဂြိုးဂျုံးဂျုံး တတုတ္တုနှင့် ဒုံဒုံးဒိတ်ဒိတ် ဘုန်းကြီးထိပ်ကို နှိပ်ခါကြိတ်ခါ ကိုက်ခဲရှာ၍ ဆရာထိပ်ပြဲ ကျားမြီးဆွဲလျှော် ရဲရဲတီးတီး သွေးစီးသံယို အညိုအမည်း အူးသည်းပြောင်းပြန် လန်၍သေရှာ ကျားလွှတ်ခါလည်း မာန်ပါခဏ စုန်းခါထ၍ ဒယကိုခဲ တောကျောင်းထဲမှ ဖောက်လွှဲတုတု ကြမ္မာကုန်သော် ဝသုန္ဒရာ မြေမဟာအောက် စုတိရွေ့ကျလျှင် ဈောက်မြေသိလာ ပထဗျာတို့ ထမ်းခါခံရ ဝင့်ကြီးလှ၍ ကဇာလရှည်ကြာ ပုန်းကြွားရှာသော် ဘယ်ညာ

ပြောင်းလဲ မြေကြီးထဲက သဲသဲမြည်တုန် လျှောင်ခုန်၍ တုန်တုန် ဆတ်ဆတ် ခံသည်ဝင့်မှ မလွတ်ကြာလှ ဥဒယသည်။ ။ ဏာဏကမ္ဗာ ခန့်ရှယ်တည်။

ဟမ္ဗာပတ်လုံး မဆုံးသမျှ ဥဒယသည် ကာလရှည်စွာ မဟာပထဝီ သီလာမြေရှတ် ခံရချက်ကို အမြွက်စကား ခြင်းရာများကို ပြဒါးချုပ်ရန် သတ်ဟန်သကြောင်း ရစကောင်း၍ ထုံးဟောင်းအကျ ဥဒယတွင် တရစ့ရှစ်ကွက် ရွှေစက်ထင်မြင် ထန်းဝင်မီးစဂဏန်းချသော် ရသည်ရှစ်ဆယ် သဏ္ဌာန်ရှယ်ခတ်ရှိ အသီတိတည့် နိဘ့်ပ္ပူးစင် ရှစ်ခုမြင်၏ ရိုက်ချင်ပိတ်ဆီး ရှင်ကြီးရှင်ငယ် မှတ်ဖွယ်ဒွါရ ခရတ်နှစ်ပါး ကြေပျောက်သွား၏ ငါးလျှင်အိုင်ဆင် ဆိုထခြင်းမှ ပဉ္စကာန် အောင်ပမှန်ငြား ဖွတ်သစ်းရှည့် သစထာ သည်အရိုး ယင်မျိုးယင်မ ရှာမီးရှာ၏ ရဲကြဆောက်ပုတ် ရှစ်ရုထုတ်သော် အတုတ်မှတ်စွဲ ရှာမီးခဲကို ရေထဲမှာချ ရှစ်ဆယ်ရ၏ အဋ္ဌပဉ္စ ရှစ်းမီးလာ၏ မှတ်ရာမယွှင်း ထုံးနည်းမှာ မည်ရင်သုတ နှစမပြဒါ နားဖြင့်ကြားသော် နဂါးနှစ်ကောင် ပန်ဆောင်ဆသစ် ဟင်းခွက်စစ်လည်း ရှစ်ရမှန်စွာ ညောင်ပြာတရှပ် ရှစ်ခုတပ်၍ ဒေါင့်ဆပ်ပြာလည်း သုညာရာမ ပဋ္ဌပေါင်းထွက် ရှစ်ဆယ်တွက်၍ သတ်တော်နှစ်ယွယ် ထင်ဖွယ်နာမ်ရှပ် ချုပ်ဆေးသတ်ဆေး ပေါ်၍ပြေးလိမ့် ဆိုရေးသက်နှံ ဂဏန်းရှာ့ရှစ် စင်စစ်တုရင် ရှစ်ခွပင်တည့် တို့ပြင်မှန်ဟော စကောနှစ်ချပ် ယှဉ်ခါစပ်လျှင် ဝညတ်မှည်ကြူ ထ-ဆင်ထူးသို့ ပူခါအောက်ထက် နဂါးတက်၍ ဟိုင်းထက်ခွေဟန် ကြိမ်အဖန်မှာ ယူရန်မတိမ် ကလိန်နှင့်ပြ ဇာဝဝိသဏနယကျယ်ဝန်း ပဋ္ဌာန်းပစ္စည်း မှတ်ဖွယ်ချည်းတည်း နောတ်နည်း ကျားမြီး ဆွဲကုန်ပြီးသော် သေကြီးသေကြ သေပြန်ကလည်း ဒယဖြစ်ထွေ သေလစပထဝီ ရွက်ချိထမ်းခါ တကမ္ဘာလုံး ကြာဆုံးကြီးကြာ သည်ခြင်းရာမှာ သေလာပထဝီ ရောင်နိန်နီဖြင့် လေးလီသေသ အဆုံးကျသော် လေးဝသချေ် ကပ်ကြီးကျေ၍ ခေါ်ထွေကမ္ဘာ မတာတပ်တျ ထုပြီးရ၏ နေလနှစ်ပါး ထင်ရှားပေါ်ထွက် ဥဒည်ထက်၌ နံနက်ကိုတစ် ညကိုနှစ်နှင့် လည်ရစ်ချာချာ ဆယ့်နှစ်ရာဝယ် သုံးဖြာတြင်း ကိုးနဝင်းတွင် ခေါ်ခြင်းစဉ်စီ သတ္တာဗီဖြင့်

ကြိမ်လည်ဖန်ဖန် အနန္တရောက် ထပ်ခါတပ်ခါ ကြွေပေလာ၏၊ ကမ္ဘာ ကုန်မှ ကိန်းဆုံးကျသည်၊ သုညာဝဇ္ဇည်း သဖွယ်တည်း၊ ပြောခဲ့ကြ ခက်ခဲလေစွ။

ပုဂ္ဂမရ အေးမှရသည် ဝ-ဇ္ဇည်းနက်ကျယ် သုညငယ်ကို အလွယ်မမှတ် ဆင်ခြင်ဟတ်လျှင် ဉာဏ်မြတ်ပိုင်းခြား ဘုရားအတူ ကျွန်းဇမ္ဗူတွင် ရှင်လူအံ့ဩ လုန်ကျော်စောလိမ့်၊ သဘောအရ ထို သုညကို ဝ-အက္ခရာ ရေးပြီးခါလျှင် ဝ-မှာထက်ဝက် အောက်ကိုဖျက် လျှင် တင်စအဋ္ဌ ဂ-ငယ်ရ၏၊ ထိုဂ-ငယ်ကိုလှန် ခေါ်ပြန် (ပ)စောက် ရှစ်ခုရောက်၏၊ ပ-စောက်နှစ်ရပ် ပက်လက်စပ်က ယ-အက္ခရာ ဖြစ် ပြန်လာ၏၊ မှောက်ခါရေးက က-ကြီးရ၏၊ ပ-စောက်အထက် ဟောက်ပက်ပိတ်လိုက် ဗ-ထက်ခြိုက်ရ မှောက်ပြန်ကလည်း ခ- အောက်ချိုက်သာ ထင်ပြန်လာ၏၊ နည်းနည်းကျယ်လှ ထိုသုညကို နေလထွက်ဝင် ထင်ပြန်သည်က ပြည့်ဝန်းပလည်း သုည(ဝ)ပုံ ထင်တုံရှောင်ဖြာ မျက်စိမှာလည်း ညီစွာနက်ဝန်း စွမ်းသည့်ရင်ဝယ် ဝ-ငယ်အရေး မျှော်ဆခတွေးလော၊ တွေးတွေးနီတိ ငါးမျက်စိနှင့် မြီးကိုယှဉ်ဝံ ဘာတန်ကြက် ထက်ဝက်မှောက်စုန် တင်တုံ ဂ-ငယ် ဥဒေါင်းငယ်လည်း မှတ်ဖွယ်ဘာတန် ပုဇွန်ကျောက်ထက် ထင်ပြက် ပြက်နှင့် ရေတွက်သင်္ချာ နာမည်အရ အင္ဂနှင့်ပင် သစ်ပင်ပိန္နဲ အညှာ ထဲဝယ် ဂ-ငယ်နှင့်ပါ၊ သုညဝန်းဝန်း အစဉ်ထွန်း၏၊ ချွန်းသော သမ္ဗ-စတ်မကျတည့် ဝန်းကစက်ဝင် ကျေးဇူးအင်မှာ ရှင်ပင်ဘုရား ဉာဏ်ပိုင်းခြားမှ ကုန်ကြွားဖွယ်ပင် ထင်သည့်အက္ခရာ ဝ-ကျယ်စွာ သည်၊ စကြာဝဠာ တောင်ကြီး နှန်းဆွယ်တည်း၊ ပြော နက်နဲလေစွ။

စကြာဝဠာ ဝန်းကိုက်ကာသို့ အက္ခရာဝ ထိုသုညကို ရှေးလ စံနှစ် ဉာဏ်ဖြင့်လှစ်ပိမ့် ဆန်းသစ်ရွှေလ နန္ဒာကလျှင် စ၍ဘဖြာ ဇေယျာရိက္ခာ ပုဏ္ဏာပဥ္စ သုံးပြန်ကျတွင် ဆန်းစနှစ်ရက် သုံးရက် ကစ ဂ-ငယ်ပြ၍ ၁-ပြီးသေး အရောင်ရေးလည်း ဖွေးဖွေးရွှေရွှေ အောက်ကနေ၍ ညိုဖွေ့ထွက်က ဗထက်ခြိုက်ဟန် ထိုပြန်တိထိ အစဉ်မှီ၍ အညီအလာ ပွားကာကာဖြင့် ငါးဖြာတိထိ သုံးခါ

ချိုသော် ပုဏ္ဏမိဏ္ဍ သုဏ္ဍမဏ္ဍ ဆယ့်ငါးရှင်၊ သောဠသကာလ ပြည့်သောခါလျှင် ထွန်းဖြာအရောင် ညှဥ့်လုံးပြောင်၍ တန်းဆောင်ကြီးသို့ ရောင်ဝါပြို၏၊ ထိုမြို့တချက် ကန္တစ်ဖက်သို့ လျှောသက်ပြန်ခါ ရောင်ဝါကွယ်ပ ပန္နရရက် ငါးချက်တိုက် သုံးပြန်လီသော် စဉ်စီ ထာလ ထိုက္ခအရေး၊ ညိုရှောင်ပြေး၍ ရေးဆန်းခဲ့ရ ပမာဏသို့ ဂ-ငယ်ရှစ်ရောင် ထင်ပြီးနေဝင်ဝယ် မိုက်မှောင်ဖုံးခါ ခြောက်လ ကြာလျှင် ရာဟုဂြိုဟ်မင်း ဖမ်းတုံလျှင်း၍ ဝင်းဝင်းထွန်းစင် မမြင် ရှောင်ဝါ ညိုမှိုင်းပြာ၍ အုံ့အာသရဲ ကျော်သံသဲတည့် ခေါ်မြ ထုံးတမ်း ငပုပ်ဖမ်းဟု ခွဲခြမ်းသရုပ် ခွေးငပုပ်တို့ အတ္ထုပ္ပတ္တိ နေစင် လာသိအောင် ပရိဘောသာ ဥဒါန်းလာသား ကမ္ဘာဇကာ၊ ဘိုးဘွား မိဘ ပြောဆိုကြသည့် ရှေ့လစ်နှစ် ခွေးညှစ်ငပုပ် သည်အရုပ်ကို အထုပ်ဖြေဏ ရတနာစုံ ပြသည့်ပုံသို့ ဆိုဘု လဿဇ နည်းတဖြာ ဖြင့် ဋ္ဌာန္တာစရိယ တထူးပြပိမ့်၊ ၊ကြုံကြုံညက်သွား၊ ညက်စွယ်ထည့်း၊

ညက်စွယ်ညက်သွား၊ ညက်စဉ်းစား၍ ပြဒါးသတ်သွေ့ မှတ်စေ ဟူသို့ ပုံထူစရာ ရှေးအခါက မြို့သစ်ကျက်စား၊ မှုဆိုးသားသည် သားငါးရှာမည် တောသို့လည့်သော် ကျောက်ရှည်မျိုးခြား မြွေ ငယ်များကို ရှေ့ဖျားအလျင် ရှေ့လေချင်၍ ဝင်ခါဆွဲခါ ရိုက်ပြီး ခါလျှင် နောက်ပါငယ်သား၊ တပည့်အားကို လျင်လျားအိမ်ရောက် ပြန်လေမြောက်ကာ စားသောက်ရန်ပြုတ် တမတ်ဖြင့် သုတ်သုတ် ပြီးစေ မှာလိုက်ထွေဖြင့် ပြန်လေပြုတ်ထား၊ မြွေငယ်များကို မေ့ ဘွားသည့်မိ တစ်ဘာမြင် ထိုခါတွင်နိုက် ထင်သည့်ခြေရာ လိုဆ်၍ လာပြီး ကျက်စွာပြုတ်ထား မြွေငယ်များကို မစားသေးဘဲ အိုးကြီး ထဲ၌ အုံ့အုံ့စရာ ဩဇာနက်လေ၊ ဆေးမြစ်ကိုခပ် လျင်ရှပ်ရှပ်ဖြင့် စွပ်ခါစွပ်ခါ ထွက်ခါလိုက်ကျ တခဏနှင့် မြွေမခေါ်သွား မြွေငယ် များကို တောဖျားဝင်မြောက် ပျောက်လေသည်ဖြစ် အိုးကိုလှစ် သော် ဆေးမြစ်ရသည့် ထိုတပည့်ကို လာသည့်မှုဆိုး စားမည်ကျိုး ၍၊ မြွေအိုးယူချေ ဆိုလေသောခါ မြွေများစွာကို ယောမြွေကြီး လာပြီးခေါ်သွား အကြောင်းကြားက မုသားပျက်ကွယ် ယုံဘွယ် မဆို စားလိုသမျှ ငါ့အလျင်စား ကုန်လေငြား၍ လှည့်စားလေ့လူ သွားလေ့ဟူသော် ထိုသူတပည့် လှည့်ပတ်ရပ်ခြား၊ နှာ၍သွားက

သမားစိတ်ဝင် နှလုံးရှင်နှင့် တွေ့ချင်လမ်းပေါင် ခွေးသေကောင်ကို ဆောင်သည့် ဆေးငွေ နှာခေါင်းဟောသော် ဆေ့ဆေ့တုလတ် ခြေဆပ်ဆပ်ဖြင့် မဏ်တတ်ခွေးပုပ် ရုပ်နာမ်အစုံ ရှင်လာကုန်၍ စုံစုံမက်မက် ခေါ်လျက်သွားလေ ဝေးနေရပ်သီး သေဋ္ဌေးကြီး၏ သမီးပျိုငယ် တင့်တယ်စွာလှ ဆင်းရုပနှင့် သေစဆဲဆဲ ဝန်းအုံပွဲသို့ သဲသဲ သံ ထိုအသံကို နာခံမေးက သေဋ္ဌေးသမီး ပျက်စီးသေစ နှစ်မြော ဂြ၍ ထိုမျှသူငါ ဆေးတကာတို့ ကောလဟာလ ငိုကြွေးကြတူ ခြင်း တစကား တုတ်တိုင်းကြားက သမားလုလင် ခြသော့သွင်ဖြင့် ပြုံးရှင် ရယ်ကာ ချိုမှုက်နှာနှင့် သေရှာလေငြား သမီးအားကို ပေးစား အလျင် အသက်ရှင်စိမ့် ဆိုချင်လေက မောင်သူလှသည် ငါသမီး အား ကုရှင်ငြားက မယားဖြစ်စေ ထိမ်းမြားပေအံ့။

ဆိုထွေစာချုပ် သေကောင်ရုပ်ကို တုံးအုပ်ရိပ်ငြိမ် ကာတင်း တိမ်ဖြင့် ငြိမ်စေဆေးလေး နှာနှပ်ဆေးဖြင့် မွှေးမွှေးနှာဝ လှွင့်မှုတ် ကာလျှင် ဇီဝအသက် ဆက်ကာရှင်ပြန် စောင်းဘိလှုန်၍ သေလွန်သူ ကျက် ရှင်ပြန်ချက်ကြောင့် သမက်ဖမ်းပြီး သေဋ္ဌေးကြီးသည် သမီး ကိုရ သမက်ရဟု သုခပီတ် ပြည့်လျှမ်းရှိလျက် သိလေကျော်ကြား ထိုဆေးသားကို ရှည်လျားအောင်ကို ဆောင်စေလို၍ ထိုဆေးသမား အိမ်တိုင်ဖျားဝယ် တင်ထားလှမ်းကာ လနတ်လာ၍ ရုပ်ဝါစွန်ဟန် လျင်မြန်ချီလေ စောင့်ရှေ့နေသား ခွေးသားပုပ် ထိုစွန်ကုပ်လည်၊ ဆေးထုပ်ကိုတ မရ့ရအောင် ပြင်းစွာဟောင်၍ မိုးခေါင်ကိုလိုက် လဝန်းတိုက်သို့ ဆိုက်ရောက်ဝင်ငြား လ-နတ်သားကို ဆေးဝါ ပးကြောင်း မည်ဟိန်းမောင်းလျက် ဆေးတောင်းလေတုံ လကိုငုံ၍ မိုင်းမှုံအရောင် မပြောင်မလင်း လမင်းညိုရုပ် ခွေးငပုပ်ကြောင့် ဂုန်လှုပ်ဆေ့ဆဲ့ အပုပ်ငွေ့ဖြင့် တွေ့ကြုံရရှာ သည့်ခြင်းရာကို ကမ္ဘာဥဒါန်း၊၊ အစဦးညွှန်း၍ လဝန်းကွယ်ချုပ် ငပုပ်ဖမ်းကြောင်း ဤထုံးဟောင်းကို တသောင်းဇမ္ဗူ မြကျွန်းသူတို့ မှတ်ဟူပြောကြ ရှည်ကြာလှသည်။ ။ရွှေလငပုပ်ဖမ်းကွယ်တည်း။

ငပုပ်ဖမ်းကွယ် ရွှေလဝယ်လျှင် မှတ်ဘွယ်ထူးခြား ဤ စကားနိုက် ပြဒါးသတ်သူ နည်းတူယူစိမ့် လူညစ်အမျိုး မုဆိုး

ဆေးမြစ် သင်္ချာစစ်သော် ရှင်ခုနှင်နှင် ဂ–ငယ်မြင်လိမ့် အလျှင်မြွေ
ငယ် အသွယ်သွယ်ကို ရှင်လွှယ်စေတတ် ဆေးမြတ်ခပ်သော် ရှုပ်ရှုပ်
အလျှင် တောသို့ဝင်နှင့် သေချင်ပုပ်ပြီ၊ ခွေးကြီးအရ ခွေးစမ္မဖြင့်
ပြသည့်ချင်းရာ နောက်ပါငယ်သား တပါးခွေးသေ ယူလေသေ
ကောင် ထွက်ဆောင်အဋ္ဌာ မှတ်အပ်စွာ၏၊ စန္ဒာလနတ် စွန်အမှတ်
ဖြင့် ချီလတ်လေဟန် အကြောင်းပြန်သော် ရွှေစွန်ဘယ်မှ ဝဲသည်
မှဟု တန္တုဆိုရေး နောက်ဆုံးမွေးသည့် ခွေးကိုလိုလှ ဝဲသည်ပဟု
ဆိုကြတခြား၊ ဝါတ်သုံးပါးကို စွဲငှားစွန်ခေါ် မြွော်လေငတရေး
ခွေးအသားလည်း ခါးကြီးခါး၏။

မစားကောင်းပေ ခါးပစေတော့ ရေနှင့်ဆေးမည် ဆိုရေး
တည်၏၊ ရေသည်စစ်စစ် ဆေးမျှဝဇ်က အညစ်ဒေါသ ဖြူဆွဆွဟု
ဆိုကြမှတ်ရေ၊ ခွေးကိုသုည ရေအင်္ဂဖြင့် ဤမျှထုံးဟောင်း နည်း
သိကေ်ာင်းဟု အောင်းဈေးဈာဏ်ဓါတ် ဗြဟ္မာနတ်တို့ မပြတ်ကိစ္စ
လူကိုမ–သား လောကပါလ နတ်တကာအာ၊ ဆင့်ဆင့်ကြား၍
သားမြေးစဉ်ဆက် အုပ်ကျတ်မည် စနည်းသံဖြင့် နာခံတတ်သူ မှတ်
စေဟုဆို မှတ်ယူဘွယ်ချည်း အနည်းနည်းဖြင့် (မန်ကျည်းခုနစ်စဉ်
ဟည်ပါလှသည့် ရပ်ကယ်က ကိုကြီးမြတ်ကယ်စေဆိုလာ ဈာနည်
နောင်မှာ ကြေစင်နှစ်ကျင်းကြောင့် ပျိမငြင်းသာ ထမိ ဖာလိုပါ
သေး၏၊ တဘတ်ဖာလိုပါသေး၏၊ ဘီးနှင့်မှန် ကျန်ပါသေး၏၊
ကိုကြီးမြတ်ကယ်ဏ ရေလိုအေးနှင့်လိုက်ပါတော့မယ်လေ၊) ဆိုရေး
ပတ်ကုံး ဇမ္ဗူလုံးပင် ထုံးတမ်းတွင်၍ ထင်ထင်ရှားရှား ဆိုစကား
လည်း နတ်မျစ်ပြသ လူထိုမျှအာ၊ နဂါးသေနည်း၊ မန်းကျည်း
သင်္ချာ ဝဋ္ဋဗီသ ကြောင်ကြက်ရ၏။

ပဋ္ဌကြက်ကို အမျိုမှန်းထစ၊ ဈာသည်းညီနောင် ကြောင်
လည်းရှောထွေ၊ ဓသွးဆောင်အညီ ထမီတဘက် ဖာနှစ်ချက်မှာ
ကြွက်ကိုပြပေ တဆယ်နေ၏၊ ဆိုထွေပြီးမှန် မာရ်ဆယ်ထွေ ရေလို
အေးဓာတ် ကိုကြီးမြတ်မှာ ကြွက်ခေတ်ဟိုင်းမင်း ယဉ်ပါသွင်း၍
ထွက်ခြင်းမှန်ပြီ၊ ရှားမီးတွင်ဘျ မရဏဆည့် ပုံချယူလေ အထွေထွေ

ကို စာပေလင်္ကာ ချီသာယာဖြင့် ဠာန္တာစရိယ နည်းစုံပြသည်။ ။ ရှေးကထုံးဟောင်း အကျွယ်တည်း။ ။သြော်သိမည်ခဲခလစ္စ။

အကျယ် အကျယ် မှတ်သားဘွယ်ကို ဆန်းကြယ် ဉာဏ်ရှိ တထုံးသိလော့၊ မိဘဆိုးတွား သူဟောင်းများတို့ ရှေ့ကျွားရှေ့ယုန် ပြောကြတုံသား ရှေးစကားတည်း။ ပြဒါးသတ်လမ်း ကုံးတမ်း ထင်ထင် ဂဏန်းမြင်လိမ့် သည့်ပြင် မှတ်ဆောင် ဒိန့်ဒိန့် ချောင်ဟု ကြောင်နှင့်ကြွက်ရုပ် ခုတ်ခြင်းစကား တပြားနှစ်ပြား လင်ပန်းပြား က စသည်ထုံးတွင် ရှင်မထိက္က သိသူဖော်စေ ဂဏန်းချေဖြင့် ပုံဒသ နည်းပြ က-ခ-ဂ-ဃ-င ယူကြလင်္ကာ မှတ်ပါတ ၀ စ-ဆ-ဈ-ဇ-ည ယူကြလင်္ကာဝဲ ရိပ်ခါစွဲ၍ အမြဲမြှောက်ကိန်း ဒွေးတြိန်းဖြင့် ထွက်ကိန်းကိုပြ ပ-ဖ-ဗ-ဘ-မ ပဉ္စသင်္ချာ မြှောက်ပါသနည်း။

ဗျည်းနှင့်ဒွယ ပြသည့်အချက် ကြွက်လည်း ငါးကောင် ကြောင်လည်းနှစ်ခု ယူမှုစုံစေ ခြသေ့်ဟိုင်းကို မရှိင်းယူဟု ဆိုမှု ထွေထွေ မှတ်စေဘရေ၊ ခြသေ့်ဆေးကို ယုံရေးမုချ ခြသေ့်ကမူ နေလအထက် အောက်သက်နဂါး လဆန်းလားသို့ အောက်ကား ပြောင်ပြောင် ထက်ခေါင်မှိုင်းညို ရာဟုမျိုးသို့ တို့ကိုပုံကြ ပုဂံရှင်ကြီး ထီးဆောင်း၍ပျော်ကို ဝလေးထောက်နှင့် နှော့နှောက်ယူဘိ ကရ ကိယ ဂဏန်းပြ၍ ပေါင်းကြသောခါ ပဉ္စာဒသ သုံဒသနှင့် ပဉ္စပီသာ၊ ခတ်ကားမှန်ပြ က-ခ-ဂ-ဃ-ဒ နည်းအရနှင့် စ-ဆ-ဇ-ဈ-ည၊ ပ-ဖ-ဗ-ဘ-မ ကြောင်းခြင်းရာကို မြင်ပါလိမ့်မည် နှလုံးရည်၍ ဆန်းသည်ရွှေသ သုက္ကရက်မှာ ပုဏ္ဏာတိထိ သုံးခါလည်သော် အညီ ပဉ္စ ဒသတဖြာ ပဉ္စာဒသ ပုဏ္ဏမတွင် လဝန်းပြည့်ပြောင် အရောင် ဝန်းဝင်၊ ညဉ့်လုံးလင်း၏၊ နေမင်း လမင်း ပြခြင်းအနက် အချက် ချက်ကို ပြက်ပြက်ထင်စွာ ကြောင်းခြင်းရာသည်။ ။စကြာလည်သော နယ်တည်း။ ။သြော်အံ့ဘွယ်သရဲ၊

နေမင်းတက်စ ဥဒယနှင့် လမင်းသရုပ် ခွေးငပုပ်တို့ အထုပတ္တိ တွင်ဘိနိဒါန်း၊ အစဉ်ညွှန်းပြီး၊ တစန်းမှတ်ရန် ဆဒ္ဒန်

ဆင်မင် မွေ့ရှဲဆင်၊ ဝယိ ဆင်မင်၊ မှာရှစ် စိန်ဖြူဖြစ်၍ စင်စစ် ဆန္ဒန် ဆေးဒါန်းမှန်၏၊ စာတန်ပေါက်စပ် မှတ်လေဖိပ်ဘန် မှန်သည် ပင်စိန်၊ ဆေးခပ်သိမ်းကို မတိမ်းစေရ ဂဏန်းချဖြင့် ပြသည်ခတွေ့ထွေ မရေနိုင်ပါ မှတ်ရာတမျိုး အဘိုးအိုမှာ ပဥ္စစဋ္ဌသ အဒေါ်မှမှ ဒသသချိ ရင့်မာလတ်ပံ မလုံတကိ၊ ဆီမီးတောတ်ဥ မှတ်မှု တကြောင်း၊ မြင်းခေါင်း၊ နှာရောင်၊ လျော်အောင်ယူရလ တထွေ ဒေါ်ရင်း၊ ပြင်းနှစ်ရှင်းနှစ် စင်စစ်ခပေါင်း၊ ကြွက်ငယ်ခြောင်း၍ တကြောင်းကြောင်းပ မှန်းသည့် ကြက်သွန် ဆေးထွန်ကျဲဘဲ ငမွဲ နံရိုင်း ဒန်းရှိင်းတစာန် ပုဇွန်ဆေးမျိုး အဆိုးအကောင်း ဆေးသိန်း သော်င်းဝယ် အပေါင်းလျော်ရာ သညာဝိညာဉ် ပညာကျွတ်စား သုံးပါးအမှတ် အကြောင်းခံတက်ကို ထောပတ်ဆီမှာ နာနစနှတ်ကြောင်း နို့ပေါင်းစုနှင့် ရှု၍တေမြောဇာ ဂဏန်းကောတ်သော် ထောတ် လေစွတေမှာ သုညလာ၏၊ အင်္ဂါပတ်ဆီ ရှစ်ဆယ်ညီ၏၊

ပတ်ဆီနီဖြူ ပေါင်းစုအင်္ဂါ နို့သုညဖြင့် နယတခြေ၊ ကြံတိုင်၊ ပွား၍ ဘုရားဒေသနာ ဘိဓမ္မာခုနစ်စည်၊ ဝိနည်းငါးရပ် သုံးထုပ် သုတ္တန် ပေါင်းပြန်သုံးငါ၊ ရှစ်ခုထားပြီး အဘိဓမ္မ ကျန်သုတ္တကို သုညချလေ ရှစ်ဆယ်နေ၏၊ တထွေခုနစ် ချလစ်သဘော သုံးခုရော သော် ဝေါ်၏ဒသ အနွေရ၏၊ ပဥ္စတြိန်း နေ့စကိန်းပေါင်းအ အင်္ဂါသတ် ဖြစ်ပြန်ရိုလာ ကိန်းပဥ္စာကို မြှောက်တြိန်း သုတ္တကိန်းပင် တြိန်းပဥ္စ ပြန်၍ချလည် ကဏ္ဍပကျ ဆယ့်ငါးရ၏၊ အောင်ပမိတ် ဘော် ခေါ်လေအုံမှန်၊ အမြစ်ညွန်းလေစွ အုံမှန်းကိုရှင် ကြံပြန် လစ်သော် ဥသျှစ် အရွက် ၁၈ ထွက်၏၊ ရွှတ်ကိုသည ရေးပြန်က လည်း ရဆည်အနှစ် တဆယ်ဖြစ်၏၊

အနှစ်အနှစ် မာချက်ချက်ကို ဆတ်ဆက်ရမှု ညက်ဘော်ရှု၍ ဥဒယဗ္ဗယ ပြသည့်ကမ္မဋ္ဌာန်း အမှတ်ရှမ်း၍ တစန်းဥဒက ဗထလွဲသွေ ရေနှင့်ဥဗျိုင်၊ ကသိုဏ်းမကျ သည်ခြင်းတကြောင့် ဘုရားသဘော ထပ်၍မောသည့် အတွေ့အနှစ် အချက်ချက်ဖြင့် အကျွမ်းပြ ဆေ

စာလီ အညီပေါင်းက ပဉ္စကွန္တာ ထိုခန္ဓာသည် ရှည်စွာဒီဃ ငါးလုံး ရ၏၊ ရဿမှာသုံး ပေါင်းရုံးသရ အလေးသဒ်ျာ ဏျာမ်းလာမျည်း ဝယ် သုံးဆယ်နှင့်သုံး အဆုံးဂဠုန် ပြင်းဟုန်နိဂ္ဂဟိတ် ခွဲစိတ်ခြမ်းက ဗျာဉ္ဇီ သရာ ရသည့်လက္ခဏာ လောင်းလျာအစစ် ဘုရားဖြစ်လိမ့်၊

ရှစ်ရှသရ သုညနိဂ္ဂဟိတ် ယှဉ်၍ကြိတ်သော် ပေါ်၏လက္ခဏာ အငယ်သာတည့် မှန်စွာသတ်ထော် ခေါ်သည့်နှစ်ရပ် အချုပ် သတ်ဆေ၊ မျှော်တွေးအပြီး ကကြီးကာမ ပဥ္စဝီသာ ဝဂ္ဂ ပဉ္စ ဝဂ္ဂန္တတွင် သုညသေးသေး၊ နှိပ်၍ရေးသော် ရှေးအမည်မှ မည်ထူး ရ၍ ပရဿပညာ ယှဉ်ပါလေလော လျော်ရာခွင်းကြ ပုဗ္ဗမဓော သဘောဒဏ္ဍပ်ထွေ နဓေယမရုံ ကြံလေသဒ္ဒိ ကျမ်းရင်းရှိသည့်၊ ၊ အဇ္ဈိအစ ရုပ်ဝယ်တည်း၊၊ ၊၊အဟောဝတ အစ္စရိယံ၊ ၊

တတြာယမာဒိ ပုဒ်ဖြတ်မိသော် အဇ္ဈိအရ ဒသာသဘော ကတ္တွာအန္တော တေဇောခတ်ရ ဓာတ်မူလတည်၊ တတြမှာ နဂုနှစ်ဖြာ အရုံမှာလည်၊ အင်္ဂါရသ ကျသည်သဘော သောတာ ပန်များ ဘုရားအလို ဓာတ်ကိုသိလျှင် တွေ့တွေ့မြင်လိမ့် ထင်သည့် နိဗ္ဗာန် မြတ်တုံမှန်ကို သောတာပန်ကစ တေဇောပြု၏၊

နောက်ကထပ်ခါ တတြာဘိရတိ မိစ္ဆေယျံ ရှိ ဤပါဠိဖြင့် အဘိရတိ ရွှေနန်းဆီမ့်သို့ စည်းစိမ်ကြီးကျယ် အံ့ဖွယ်ဘွယ်ကို ညာဏ် ကျယ်ဆရာ မဟာကစ္စည်၊ နည်းအစုံပြ လောကဓမ္မ အဟ္ဝနှစ် ချက် အနက်ပြီးစေ အနေကဇာ ဒေသနာအစ အဇ္ဈိချ၍ အန္တ ဝသန် နိဗ္ဗာန်ဝင်နီး ရှင်ကြီးရှင်ငယ် အသွယ်သွယ်အဇ၊ သနာ တော်မူ ဘိက္ခူ-ဘိက္ခူနီ ဥပါသက်-ဥပါသကာ ဓပ္ပံမာဒေန သမ္ပာဒေထ အန္တိမဖြင့် ဘိက္ခုဥပါ ပဉ္စဒသ ပဉ္စဝီသာ ဂဏန်းလာ ဖြင့် ထမှာဆင်ထူး ၀-ကိုပူး၍ လူ့မူးဘုရား အဆုံးကြားသည်၊ ၊ စကားပန်းနှယ် ကုံးသွယ်တည်း၊၊

ပုအလုံးနှင့် ပန်းကုံးသဘွယ် အသွယ်သွယ်ဖြင့် ဝ-ကျယ်သည် နိဗ္ဗာနကို ထ-ဆင်ထူးဖြင့် လူ့မှာဘုရား အဆုံးထား၍ ဟောကြား ခြင်းရာ ဘုရားမှာလည်း အဋ္ဌဝီသ ရှေးကာဘုရား ပွင့်ပြားထွန်းဖြစ် နှစ်ကျိပ်ရှစ်ကို ချလစ်ဂဏန်း ရှေ့ငွေမှန်းလော့ နှစ်ခန်းရှေ့ငွေ ပေါင်းနှောရေလည်း တေဇောအာဒိ ဆေးရင်းသိလိမ့် ခေါ်ဘိ ့ည် တွင် တကျက်ရာ အနက်မှာလည်း ဘကျာလောဘ တတ်စွမ်းကြ သည် လောကဘုရား နှစ်ပါးရှေ့ငွေ ပြည့်စုံပေက မေဓက်ရာ သရဏာနှင့် ဝီပါအလား အမျုးမှီရာ သာရကပ်က စသည့်ထင် ပေါ် လေးမည်ကျော်သဒ်း ရေသော်ကမ္ဘာ ဆယ့်တခါကို နှော ပါကုန်ကြ။

ဒွေးစမှစစ် ကျားကြောင်ဖြစ်၍ ရောင်တစ်နေလ ဒွေးကော တွင် ရဇတသဘော ဖြူသောဥစ္စာ ဒွေးကလာသည် ငွေသား အဟုတ် သုဒ္ဓေါဓန ဘုရင့်ခမည်း သိမ်းထည်းဥစ္စာ ရှိသည်မှာလည်း များစွာကိစ္စ ပြီးနေကျ၍ သုဒ္ဓသည်းမှတ် သိဒ္ဓတ်သားတော် သတင်း ကျော်၍ ယသော်ဓယာ များစွာခြံရံ အမေ့မွခံသား ဘွားသည်သား ဟု ရှေ့နိဉသို့ ရှုချင်စဘွယ် အသွယ်သွယ်ပင် မိုးကြယ်ပြင်သို့ သိမြင် တတ်က အဿာဏီ ဘရဏီဘ သတ္တဗိသာ နက္ခတ္တာနှင့် ကာက ဟံသ ကက္ကဋတို့ နဝတရော တွေတွေဖြာ၍ မိုးမှုကြယ်စု ဘရ မကျန် ကျမ်းကြေပြွန်လျှင် လင်းလင်းမြင်၍ ကောင်းကင်ကိုလျှာ ဥာဏ်တော်စက်ဖြင့် ချင့်တွက်စာနာ စက္ကဝါဠကွင်း တိုက်အတွင်း ဝယ် ရှိခြင်းရတနာ များပြားစွာတို့ စကြာမင်းဖျား ပတ္တမြားတွ ထွေပြားထင်သို့ မြင်လိမ့်ဆောန် အဆုံးစွန်သည်၊ ။နိဗ္ဗာန့်ရှေ့နန်း ပျော်ဘွယ်တည်း။

နိဗ္ဗာန့်ရှောက်ကြောင်း လူအပေါင်းအား နည်းဆောင်း ဟောခဲ့ အကျဉ်းဘွဲ၍ နှစ်ဆယ့်လေးလုံး ချသုံးအက္ခရာ အရဏာရှ ဦးစွာရှတ်ဘိ သာဝတ္ထိဖြင့် မည်ရှိဆန်းမှာ မည်သည့်ာဝယ် စမ္ပယ် စည်းစိမ် ရိုင်ငြိမ့်မကွာ ဝိတ္ထိမှာလည်း သဗ္ဗာဝိတျာ နာဘူယဘော

ကြုံလေမူချ အင်္ဂုတ္တိုရ်၊ မြောက်ကိုင်းဖြင့်ပြု ဇော်ဘိုသည့် သဗ္ဗ ဝိတျ္ဂ ပြီးစီးရာဟု အနုဘူယတေး ခံစားရေးကို မျှော်တွေးသိစေ ဥဇ္ဇက်တော်တွေ၍ ရှေ့ပြည်နိဗ္ဗာန် ခရီးညွှန်သည် နှစ်တန်ကောင်း ကျိုး ရည်ရွယ်တည်း။

ကဝေသာရကျမ်းရင်းကြီး ၉-တွဲ၏ အင်္ဂမကာလ မ်နသိဒ္ဓိအခက်၊ ဤတွင်ပြီး၏။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## နဝမကဏ္ဍ—ဇေယျသိဒ္ဓိအခန်း

### ၂၆၁။ ဆေးကျောက်မျိုးတို့၏ သိုက်ကိုပြဆိုခြင်း။

သုနာပရန္တတိုင်း၊ တမ္ပဒီပတိုင်းတို့၌ မြန်မာဦးစွန်းထွန်းသော မဟာ ဘုမ်မည်သော သရေခေတ္တရာ အရိမဒ္ဒနာ ဝိဇယပူရ ဇေယျာပူရ သုနာပရန္တတိုင်း၊ တမ္ပဒီပတိုင်းဟု သမုတ်အပ်သော နိုင်ငံအတွင်း မြတ်စွာဘုရား ကြွတော်မူလာသည်။ ဘိုးဦး တောင်ဈ နေ၍ သရေခေတ္တရာပြည် တည်မည့်အကြောင်း၊ ယင်းမှသည် တန့်၍ ကြွသည့် တော်မူသော် တန့်ကြည့်တောင်ထိပ်ထက်နေ၍ အရိမဒ္ဒနာ ပေါက္ကရာမ မည်သော ပုဂံပြည် တည်မည့်အကြောင်း၊ ထင်းကသည် အညာသို့ ရောက်လျှင် တောင်ထိပ်ထက်ဝယ် အသံတော်ဖြင့် မြွက်တော်မူသော ကြောင့် သံတော်မြွက် တောင်ထိပ်က ရပ်တော်မူ၍ မြင်းစိုင်းမြို့၊ မကွဲရာမြို့၊ ပင်းယမြို့ စသော ပြည်ဖြစ်မည့်အကြောင်း၊ ဝိဇယပူရ စသောမြို့၊ ထီးနန်းဆောက်တည်လိမ့်မည့်အကြောင်း၊ ဗျာဒိတ် ရွှေ နှုန်း ညွှန်းတော်မူသည်။

ယင်းမှသည် မင်းဝံတောင်ရိုးသို့ ရောက်တော်မူလျှင် ဇေယျာ ပူရ၊ ရတနာပူရ၊ အင်းဝ စသောမြို့တို့၌ ထီးနန်းဆောက်တည်လိမ့် မည်ဖြစ်ကြောင်းကို မိန့်တော်မူသည်။ ယင်းမှ မြန်မာ ဦးစွန်းထွန်း မည့် သာသနာတော်တည်ရာ ပြည်ကြီးဖြစ်အံ့ဘာ အစ ဆနဦး၊ဓ

ဘ၀ါးတော်ဦးစွာ ရောက်တော်မူ၍ ဘ၀ါးဦးတော်တောင်သည် နစမ် ရွှေ့သောကြောင့် ဘိုးဦးတောင် တွင်ပြန်သည်၊ ပေါက္ကံမြို့ ထီးနန်းဆောက်တည်မည့် အကြောင်းကို ဗျာဒိတ် ထားတော်မူသည်၊ စိုင်သုံးစီးတို့သည် မြေပေါက်ပေါက်တို့ဖြင့် ပူဇော်လျှင် အသံတော်ဖြင့် မြွက်၍ မြင်စိုင်း မကွာရာ့ ပင်သယ်စသော မင်း ညီနောင် သုံးယောက်တို့ကို ဗျာဒိတ်ထားတော်မူသည်၊ ထို့ကြောင့် သံတော်မြွက်တောင် တွင်သည်၊

စစ်ကိုင်းမြို့ ရွှေတောင်ဦးမော်ကိုလည်း ရွှေခေါင်ဦးမော် ဆိုသည်၊ မြတ်စွာဘုရား ရေမွတ်သိပ်တော်မူသောကြောင့် ဦးခေါင်းတော်ဖြင့် မျှော်တော်မူလျှင် တောင်စောင့်သော သမ္မာဒေဝနတ်သည် ရောက်တော်မူ၏၊ ထိုသမ္မာဒေဝနတ်ကိုလည်း ဗျာဒိတ်ထားတော်မူသည်၊ ဤသန်လျက်ကျွန်းဝယ် အစအဆုံးပင် ဖြစ်လိမ့်မည်၊ မိုးညှင်းမင်းတရား၊ သား-မင်းရဲကျော်စွာ၊ ညီ-ထူပါရုံ ဒါယကာစ နရပတိကြီးကို ဗျာဒိတ်ပေးတော်မူသည်၊

ရွှေကြက်ယက်၌ ရွှေကြက် ဆိုသော စကားသည် မှန်၏၊ ဘုရားလောင်းအစစ် ကြက်ဖြစ်သောကာလ မောင်နှံနှစ်ပါး နေဖူးသော တောင်တည်း၊ ရွှေကြက်တောင်မှာလည်း ရွှေကြက်နေသည်၊ သီဟတော ဘုရားရှိသော ကျွန်းသည် အစဦးက သီဟဂီရိကျွန်း ဟု ခေါ်သည်၊ ၎င်းသီဟဂီရိကျွန်းတောင်ကို သီဟဂီရိတောင် တွင်သတည်း၊ ၎င်းတောင်တွင် ခြင်္သေ့မင်းအစစ် ဖြစ်တော်မူသော ကာလ မောင်နှံနှစ်ပါး အရှင်ါးရာနှင့် ပျော်ပါးနေဖူး၏၊ ၎င်း သီဟဂီရိတောင်၌ ဗဟန်းဖြူ-ဗဟန်းနတ်ရှိသည်၊ ရပ်မိ၊ ငါးခတာစ ခန့် ခြောက်တောင်ခန့်ရှိသည်၊ မုနိရာဇရဲဒေသ၊ ဂန္ဓတရားဇော်ဂျီတို့ နှင့် များစွာသော ဝိဇ္ဇာဓိုရ် လုလင်တို့ ခိုသော တောင်ကြီးတည်း၊

ထိုတောင်၏ အနောက် ချောက်ကမ်း ကြီးစွာရှိ၏၊ ၎င်း ချောက်အတွင်း ကျောက်ဖျာ ရှိ၏၊ ကျောက်ဖျာ အောက်တွင် ကျောက်ဖစ်ရှိ၏၊ ၎င်းအောက် ရပ်မိးရှိ၏၊ ယင်းမှသည် မြောက် ဝယ် တောင်ပူစာရှိ၏၊ ၎င်းအနောက်မှာ ရာဇရသေ့ဂူပျက် ရှိ၏၊ ဂူပျက်တခေါ်ခန့်တွင် တောင်ကမ်းပါး ရှိ၏၊ အဆင်းတွင် ၉၂- တောင်ခန့် ရိုးနီရှိ၏၊ အရှည် ဝန်း၏၊ အပင်ဘစ်တောင်ခန့် ရှိ၏၊

အပွင့်ဖြူ၏၊ အသီးမသီး၊ ထိုဆေးပင်ကို ဇော်ရန်းပင် ဆိုသည်၊ နှာသေ၏၊ ယင်းအနောက်တွင် ဂန္ဓာရမည်သော တောင်ကြီးရှိ၏၊

ထိုတောင်ထိပ်ဝယ် ကျောက်ငူတောင့်ရှိ၏၊ ကျောက်ငူတောင် ကမ်းပါးအလယ်တွင် တစ်တွင်းခန့် တူးသော်_ရုပ်နီ ရုပ်ဖြူလည်း ရှိ၏၊ ဗဟန်းဖြူ ဗဟန်းပြာလည်း ရှိ၏၊ ရုပ်ဖြူကား သုံတသေ၏၊ ရုပ်နီကား သံသေ၏၊ ၎င်းအရှေ့ချောက်၊ ပုလဲဆိုင် ပုလဲပွင့်မည် သော ဆေးမျိုးရှိ၏၊ ဂန္ဓာလရှင်ရသေ လက်ဝဲ-လက်ယာ ပျော်ဖူး သောလမ်းတည်း။ ဆေးမျိုးကို သိလိုသော သူတို့သည် ကြည့်၍ ယူကုန်ရာသည်၊ ပုဂံမြို့ ထီးနန်းဆောက်တည်သော နရပတိသီဟ မည်သော မင်းလက်ထက်၊ ဘုန်းကြီးပညာကျော် အရှင်စိတ္တရုံသိ တို့နေ၍ လုပ်ရပ်အဆိုအတိုင်း ဝိဇ္ဇာဓိုရ်လမ်းသို့ ရောက်ဖူး၏၊ သိဗ္ဗာ ဂီရိ မည်သောတောင်၊ ဂန္ဓာလ မည်သောတောင် ၂-လုံး အညွန်း တည်း။ ။

ယင်းကသည် စုန်ခဲ့လျှင်၊ ရွှေကျွန်းရွာဝယ် အနောက် တောင်တန်းကို ယက္ခကောလာတောင်ဟူ တွင်သတည်း။ ထိုတောင် တွင် ရှုသေ့ဇော်ဂျီ တမသီတို့ မနေ၊ ယက္ခိုက်တို့ များစွာနေ၏၊ သစ်ကျော၊ ပြောင်ဆင် သမင် ချေငယ် စိုင်ဆတ် စသော သတ္တဝါ တို့ နေ၏၊ ရွှေကျွန်းရွာငယ်၏ အထူးပွတ္တိကား၊ ဇေယျာဝဍ္ဎနတိုင်း ဏေတုမတီ မည်သော ပြည်ကို မဟာသိရိဇေယျသူသား၊ တေဝရှင် မင်းတရား ရွှေထီးလက်ထက် တိုင်းနိုင်ငံ ကျယ်ဝန်းသည်၊ ဘုန်း လက်ရုံးကြီးသည်ဖြစ်၍ ရာမညတိုင်း တလိုင်းနိုင်ငံ လုပ်ကြံတော်မူ၍ ဟံသာဝတီပြည်ကြီး၌ ထီးနန်းစိုက် ဆောက်တည်၍ မင်းပြု၏၊ နှာ၊မတွင်ရ၍ အလွန်အဆင်းလှပမြတ်နိုး ဒေမနော်မည်သော မိန်းမ ငယ်နှင့် ပျော်ပါး၍ သောက်စားမွေ့လျော်ရှိလျှင် တလိုင်းအမတ် စစ်တောင်မြို့စား စက္ကဒေါတို့ လှည့်ပတ်၍ အနိစ္စရောက်လျှင် အထိန်းတော်ကြီး မင်းရဲသိင်္ခသူသား၊ သားတော်အကြီး ယောတ်ဖ တော် ဘုရင့်နောင်ကျော်ထင်နော်ရတာနန်းကို သိမ်းမြန်း၍ မင်း ပြု၏၊

တလိုင်းမင်းမျိုး သမိန်ဓောရာဇာ ဟံသာဝတီမြို့နန်းကို လုပ်ကြံ၍ ရွှေပန်းကိုပန်စေလျက် ပန်းအမှုထမ်းသမုတ်၍ အစိုး ဖွဲ့ လေ၏၊ သားတော်ညောင်ရမ်းမင်းလက်ထက် ခမည်းတော်အရိပ်

အရာဖြစ်သော တိုင်းနိုင်ငံကိုရ၍ ၎င်းရလျှင် သေလာမည်သော တောင်ခြေရင်းဝယ်ရွာဖွဲ့ပြီးလျှင် စမို၊စမြေချထား၍ အမှုထမ်းစေ၏၊ ရွှေပန်းပန်အမှုထမ်း တလိုင်းတို့ နေသောကြောင့် ညောင်ရမ်းမင်း၊ ယက်ဆက် ရွှေကျွန်းဟု တွင်သည်၊၎င်းတောင်တန်းကသည် ပတ္တမြား တောင်တန်းထိ ယက္ခသေလှာတွင်သတည်း။

ဘီလူးယက္ခိုဏ်တို့သည် မန္တလေးတောင်နှင့် တစပ်တည်း ကူးသန်းကြသည်။ တောင်လုံး၊ တောင်ပြုံး တောင်မြင့် တောင်ကြီး စသော ဘီလူး (၄၀၀၀)တို့ နေရာ သေတာပန်ဆိပ် စသော ဘီလူး(၅၀၀) တို့နေရာ တောင်ဘီလူး၊ စသော တကျိပ်သော ဘီလူးတို့နေရာ ဘုရားမြတ်စွာသည် သေတာပန်ဆိပ်ဝယ် ဘီလူး (၅၀၀)တို့ကိုဓမ္မာဒေသနာ တိုက်ကျွေးတော်မူ၍ သောတာပန် တည်သောကြောင့် သေတာပန်တွင်သည်။

စစ်ကိုင်းမြို့ ဇေတဝန်ဆိပ်ဝယ် ဇေတဘီလူးနှင့် မိတ်ဆောင် အစုံ (၇၀၀) သော ဘီလူးတို့ကို ချွတ်တော်မူသည်၊ ထို့ကြောင့် ဇေတဝန်ဆိပ်တွင်၏။ နံကိုင်းဘုရားရှင်ရှိသောတောင်ကို နံကိုင်း တောင်တွင်သည်၊ ၎င်းတောင်မြောက်-တောင်ကို ပြာပုံတောင် တွင်သည်။အဝိဘဇော်ဂျီ၊ သိဒ္ဓိဗလဇော်ဂျီ၊ ပရဘိဇ္ဇမည်သောဇော်ဂျီ စသော(၅၀၀) တို့လည်းကောင်း ဇာနလက္ခဏာမည်သောရသေ့၊ အညကိစ္စမည်သော ရသေ့၊ ဝိတိနာရသေ့၊ နန္ဒာသုခ ရသေ့ စသော ဘာဂီယရသေ့တို့ ဘုရားမြတ်စွာ ပြာပုံတောင်ကိုယူ၍ စေတီတည်သောကြောင့် ပြာပုံတောင်တွင်သည်၊ ၎င်းပြာပုံတောင် အနေစဉ်တောင်ထောင့်တွင် လေးလုံးသောတောင်ဝယ် ဝိသာဂီရိ တောင် ခေါ်သတည်း။

နွယ်ငန်းပင်လည်းရှိ၏၊ နွယ်ရွှေစင်မည်သော ဆေးပင်လည်း ရှိ၏၊ နဂါနွယ်မည်သော ဆေးပင်လည်းရှိ၏၊ နောက်ရွှေ့လျော လျှင် ဘီလူးတောင်တွင်သည်၊ ဘီလူးတို့သည် များစွာရှိ၏၊ နောက်ဆီ ကြာလျှင် တောင်ဘီလူးတွင်သည်၊ ဂူဟောင်း ဂူပျက်များစွာရှိသည်၊ ၎င်းတောင်ဘီလူး မည်သော တောင်မြောက်၊ ဣစ္ဆာသယမည်သော တောင်ကြီး ရှိ၏၊ ထိုတောင်အရှေ့ ဂူပျက်များရှိ၏၊ ဣစ္ဆာသယ မည်သော ရသေ့အမ်ဦး နေပူး၏၊ ထိုတောင်တွင် ဂူပျက်မြောက် မှန်းကျည်းမောင်နှံ ရှိ၏၊ မန်ကျည်းမောင်နှံအနောက် ခြသေ့ဂူ

တောင်၊ ၃၀ ရှိ၏၊ ထိုဂူမြောက် ၁၂-တောင်ခန့် အရပ်တွင် တောင်ကမ်းပါးဝယ် ဆယ်တာခန့်တူးသော် ပြဒါးသေ၍ အိုးဖြင့် ၁၂ လုံးရှိ၏၊ နေ့ခင်းလာသော ဘုန်းတန်ခိုးကြီးသောသူတို့ စားစေခြင်းငှာ ဣဿာသယရသေ့ ထားတော်မူ၏၊

၎င်းတောင်အထောင့်ရှုန်းတွင် ချောက်ဝယ် ဗဟန်းပြူ ဗဟန်းနက်ရှိ၏၊ ကန့်ချုပ်နက်, သမန်းနက် မဟာဂါနက်ရှိ၏၊ ဂဇော်နက်, ကြောင်ပန်းနက်ရှိ၏၊ ၎င်းတောင်ထိပ်ဝယ် နာဂရစ်-မည်သော ဆေးပင်လည်း အရွက်ဝန်း၏၊ အသီးခရမ်းသီးခန့်ရှိ၏၊ ၎င်းအစေ့ကို နမ်းသော်-မူးမေ့ခြင်းသို့ ရောက်၏၊ အစေ့ဝါ၏၊ ထိုနာဂရစ်မည်သော ဆေးပင်သည် ကြေးနီ-ခဲမတို့ကို မြစ်ချင်း ရ၏၊ ကြက်မောက်ရွက်ကဲ့သို့ အလယ်တွင် နီ၏၊ သီခြင်း, ပွင့်ခြင်း မရှိ၊ ခါးရိုးခန့်ပင် အလုံးရှိ၏၊ ၎င်းပဒ္ဒနှင့် သံကိုထိုးသော် ပြင်း၏၊ ငါးမိထိုးသော် ပန်းသေ၏၊ ၁၂-မီးထိုးသော် လမ်းပေါက်၏၊ မီး ၂၀-ထိုးသော် ဣဒ္ဓိမယပြီး၏၊ ဆီဦးထောပတ်ကျွေးလေ၊

ဣဿာပယကျမ်းညွှန်း ဥစ္စာထားသည့် ဘုမ္မိအရပ်ကို လိုက်လိုသော် ပုဂံမြို့ သိုက်ဟောင်းများတွင် ဣဿသယကျမ်းတွင် ကြည့်လေ၊ ဣဿာသယတောင် ၃-လုံးရှိ၏၊ အရှေ့တောင်ကို ဆိုသည်၊ အလယ်တောင်ကား ဝရုဏဟာရီ မည်သော ဇော်ဂျီဘစ်ဦးသည် ခေတ် ၄-လုံးနှင့်တကွ လမ်းအဆုံးသို့ ရောက်၏၊ ထိုဝယ် ကျောက်ဂူလိုဏ်ကြီးနှင့် နေ၏၊ တရံရောအခါ ဘိန္နရာဇ် တိုင်းပြည်တွင် တပိုရန်ပင်နန်းမြင့်စိုက် ဆောက်ထားသော ဘိန္နရာမင်း၏ သမီးတော် စိတ္တရဲသီ အမည်ရှိသော မင်းသမီးကို ၎င်းဝရုဏဇော်ဂျီသည် ဆေးတန်ခိုးနှင့် ကောင်းကင်ခရီးဖြင့် ယူဆောင်၍ ကျောက်ဂူတွင် ထားလေ၏၊ ဝရုဏဇော်ဂျီလည်း စိတ္တရဲသီမင်းသမီးကို နှစ်သက်စေခြင်းငှာ ဆေးတန်ခိုးဖြင့် ၎င်းတောင်မြောက် တလုံးသော တောင်ထိပ်ဝယ် နတ်ဗိမာန်တည်သကဲ့သို့ စိတ္တရဲသီ အမည်ရှိသော မင်းသမီးနှင့် ဝရုဏဇော်ဂျီနေသောကြောင့် နတ်ဘုံတောင် တွင်သတည်း။

နတ်သားတျတောင်၌ ဆေးမျိုး, ကျောက်မျိုး၊ အလွန်များ၏။ ၎င်းတောင်အရှေ့ ရေကန်ရှိ၏။ ထိုနတ်ရေကန်အောက် ၃-တောင်, ၄-တောင်ခန့်တွင် ကျောက်ယောက်သွား၊ ရွှေရောင် ငွေရောင်ရှိ၏။ ၎င်းနတ်ရေကန်တောင် တခင်းခန့်တွင် ၅-တောင်, ၆-

တောင် တူးသော် အောက်ဘွင် နွယ်၍ သီးသော ကျောက်ဖရုံ များစွာရှိ၏။ ၎င်းတောင်မြောက်က တောင်သည် ပုညရှင်တောင် ကည်း။ ရှေးသောအခါ ဓမ္မိကတောင် တွင်သည်။ ဓမ္မိကတောင် အကြောင်းကိုကား ငါတို့ မြတ်စွာဘုရားမပွင့်မီ ရတနာပုရ အင်းဝ မြို့သည် မိတ္ထီလာတံခါးဖြစ်သည်။ ၎င်းမှ ရှေ့လျော၍ နာရာဝတီ ရဌကမ္မနိမည်သော တိုင်းကြီးပြည်ကြီး ဖြစ်သည်။ မဂ္ဂစိုးမင်းအဖြစ် ၆ သက် (၇၄၀၀) နေသည်။

၎င်းနောက် နေမိမင်း ဆက်သည်။ ထိုမင်းတို့လက်ထက် ၎င်း ကျွန်း၌ ထီးနန်းဆောက်တည်၍ အဘိသိက်ခံကုန်သည်။ ၎င်းနောက် ထိုတိုင်းပြည်တို့သည် တောအတိဖြစ်လျှင် နာဝတီ အမည်ရှိသော ကြီးစွာသော နတ်နဂါးကြီးတို့ ပျော်ပါး၍ နေဖူး၏။ ထိုအခါ အဘိသူရိသေနတိုင်း အာဒိစ္စပူရ မည်သောပြည်၊ အသမ္ဘိန္န စသော မင်း ၆-ဆက်၊ ထိုနောက်ဆုံးစွန်ဖြစ်သော မဟာပဝဿရာဇာ မည်သော စကြာမင်းသည် စကြာ လှည့်လည်တော်မူ၍ ကောင်းကင် ခရီးဖြင့်လာရာ ဤသံလျက်ခုံကျွန်း၌ ရောဝတီမည်သော နဂါးကို [illegible]သေ၏။ စကြာမင်းလည်း ညီတော် ဥပရာန္တ ညီတော် အနုရာဇ မင်း စသော သူတို့ကို မေး၏။ ငါယခုလာရာ အဘယ်မည်သော အသံနည်းမေးရာ ရောဝတီနဂါးတို့ ကြွေးကြော်သော အသံတည်း ဟု လျှောက်၏။ မင်းကြီးလည်း နဂါးတို့ကို ကောင်းကင်ခရီးတွ စက္ကာဇိရ မည်သော လက်နက်နှင့် ပစ်ခသလျှင် အခေါင်မကာ များကုန်သော နဂါးတို့သည် ဟစ်ကြော်ပြီးလျှင် နာကျင်ကိုယ်ရှိ၍ တောင်ခြေရင်းသို့ ဝင်လျှိုးပြေးကုန်၏။

၎င်းနှံကိုင်းတောင် မြောက်-တောင့်ကို နဂါးရှိတောင် တွင်၏။ ထိုတောင်ဝယ် ငါတို့ဘုရား မရှိသည့်နောက် အနှစ် ၁၀၀ ကျော်ခန့်တွင် အရှင်ဓမ္မဒိန္န၊ အရှင်နာဂပုည၊ အရှင်သဒ္ဓမ္မပါလ၊ အရှင်စိတ္တမုနိ စသော လေးဦးသော ရဟန်းတို့နှင့်တကွ များစွာသော အရှင်တို့သည် သီတင်းသုံးနေဖူး၏။ ထိုအရှင်လေးဦးကား ငါတို့ဘုရား မရှိသည့်နောက်တည်း။ မဟာပဝရဿခိရာဇာ ဟူသော အမည်ရှိသဖြင့် ၎င်းစကြာမင်းသည် ကဿပဘုရားရှင် သာသနာ အဆုံးကာလတည်း။ ထိုစကြာမင်းသည် သီရိဓမ္မာရ ဟူသောပြည်

သမုတ်၍ သာ၊တော် ဥပရာဇ စသော (၈၄၀၀၀) သော မင်းတို့နှင့် အဘိသိက်ခံ၍ မင်းပြုကြကုန်သည်။ မနောမယမင်းတွင် ဆုံး၏။

ထိုမနောမယမင်းမှစ၍ ၉၅ ယောက်သော မင်းတို့သည် သံလျက်ခုံကျွန်းကို ရောဝတီရဋ္ဌကမ္ဘနိမည်သော တိုင်းကြီးဟု သမုတ်၍ ရှမည်တိုင်အောင် အဘိသိက်ခံကုန်၏။ ရောဝတီရဋ္ဌကမ္ဘနိကို မြန်မာတို့ ဘာသာပြန်သော် ရောဝတီ နဂါးကြီးတို့၏ နေရာဟူ ဆိုလိုသည်။ သီရိမ္မာရ ဟူသော မြန်မာတို့ ဘာသာဆိုသော် ဘုန်းကျက်သရေတို့ဖြင့် ထွန်းပသောပြည် ဆိုလိုသည်။ ထိုမင်းလက်ထက်ဝယ် ပုညရှင်ရှိသောတောင်ကို ဓမ္မိအတောင် တွင်သတည်း။

ရတနာပူရ သန်လျက်ခုံ ကျွန်းကြီးသည် သီရိမ္မာရပြည်ဖြစ်သောကာလ၌ အတိကရာဇာမည်သောမင်း၊ ကုမုဒ္ဒရာဇာမင်းသား၊ အပရေဒေဝမင်းသား၊ မဟာသကျမင်းသား၊ ဒေဝရာဇမင်းသား၊ မဟာစရာဇမင်းသား၊ အတိဥပရာဇ်မင်း၊ အဘိသေကသုမ္မရာဇာမင်းသား၊ ဇေယျနန္ဒနမင်းသား၊ ကောသိနန္ဒမင်းသား၊ သုန္ဒရမင်း၊ သခ်မာရမင်းသား၊ သူရဒေဝမင်း၊ ဥတ္တမဝိရာဇမင်း၊ သူရာမင်း၊ အန္တရာဇ်မင်း၊ သီဟကမ္ဗုမင်း၊ အနုက္ခပုညမင်း၊ သမုတိမင်း၊ မဟိန္ဒရာဇာမင်း၊ စက္ကသဟရာဇာမင်း၊ မင်္ဂလဇေယျမင်း၊ သောဏာပဝရမင်း၊ ဥပရပါကမင်း၊ အသောင်းမကမင်း၊ တို့သည် လည်းကောင်း၊ ၎င်းဓမ္မိကတောင်၌ ရသေ့ရဟန်း ပြုကြကုန်၏၊ ကသိုဏ်းပရိကံကို လေ့လာပျော်မွေ့လျက် လောကီချမ်းသာကို ရကြကုန်သည်ချည်း ဖြစ်ကြကုန်၏။

ထိုဓမ္မိကတောင်ဝယ် ဝဏ္ဏရူပ မင်းသမီးညီမ ဝဏ္ဏဒါရီ၊ တူမ နာဂစန္ဒီ၊ အသက်ာမိတ္တာ၊ ပေါင်းလေးယောက် မနောမယမင်း၏ သမီးတို့သည် တောထွက်၍ ရသေ့အဖြစ်ဖြင့် ကျင့်နေဖူး၏၊ ၎င်းနောက် မဒ္ဒုကာလျာဏီမင်းသမီး၊ ရူပဝတီမင်းသမီး၊ မဏိမယာစန္ဒာဒေဝီမိဖုရား၊ စိတ္တသုန္ဒာ၊ ခေမာ၊ စက္ကုနာ၊ သုဏောသာ၊ သုမာလာ၊ သုပီယာ စသော ရာဇညတိုင်းတို့မှ မင်းသမီးတို့သည် အခြွေအရံ များစွာနှင့် သစ်သီးစား၍ တရားအလှိုင်ဂှာ မုနိသာရီ အမှုးရှိသော ရသေ့မတို့နှင့်တကွ ရသေ့ပြုလုပ်၍ အများရှေ့၌ နေဖူး၊ ကျင့်ဖူး၏။

ထိုမှတပါး ပုဏ္ဏား၊ ပုဏ္ဏေး၊ လူ့ဌေးသူကြွယ် အစရှိသော အမျိုးလေးပါးတို့သည် သာသနာပတ္တာလဖြစ်၍ ရသေ့ ရဟန်း မိမိတို့ အသီးသီးပြုကြကုန်၏၊ ထိုနောက် အမည်ရွှေလျောကြီးလျှင် ရင်းမြို့ဘုတောင်သည် ငါတို့ဘုရားရှိသည်နောက် ၉၀-ကျော်ခန့်တွင် ရဟန္တာအရှင် နာဂဒတ္တ မထေရ်သည် ထိုတောင်၌ သီတင်းသုံး၍ နတ်ဆွမ်း ဘုန်းပေးတော်မူ၏၊ ထို့ကြောင့် နောက် နာဂဒတ္တတောင်တွင်သည်၊ ထိုနောက်ကြီးလျှင် ထိုတောင်သည် ဖားသဏ္ဌာန်နှင့်တူသောကြောင့် ဖားဦးတောင် ခေါ်သတည်း။

ရင်းနောက်ကြာလျှင် သက္ကရာဇ် ၄၀၈-တွင် ပုညရှင်တွင် ပြန့်သည်၊ အကြောင်းကား ဝိဇယပုရမြို့တည် သိဟသူသည် စမုန်းရိုးမှမျောလာသော ကိုယ်လုံးဖြူသော ဆင်ဖြူမကို ကြည်းထက်သို့တင်၍ ရွှေချည်ဦးအောင်းတန်ဆာတို့ကို ဆင်၍ ခြေတော်တင် ပြီးလျှင် တစီးရှင် သိဟသူတော့ ခေါ်တော်မူသည်၊ ထိုမင်း ပြည်ရွာ ဖျက်စေခြင်းငှာ သိပိုင်ကုလားတို့သည် ကွမ်းလေခင်း ကွမ်းခွက် တွင် မွေတော်ဓာတ်တော်တို့ကို ဌာပနာပြီးလျှင် ဆက်သလိုက်၏၊ သိဟသူလည်း ပညာရှိတို့ကို တိုင်ပင်၍ မယုံမနာ ရှိသောကြောင့် ကွမ်းလေခင်း ကွမ်းခွက်တို့ကို ပန်းတိမ်သည် ငစိန်သင်ကိုဖျက်စေ၏၊ ညဉ့် ငစိန်သင်အိမ်တွင် တူတွင်တစ်ဆူ ပေတွင်တစ်ဆူ ကွမ်းလေခင်း မှထွက်၍ ကိန်းစပ်တော် မူပြီးလျှင် အရောင် ၆-ပါးနှင့် တကွ တထိန်ထိန် ပြာဋိဟာကို ပြုတော်မူ၍ တစ်အိမ်လုံး လင်းသော် ပန်းတိမ်သည် ငစိန်သင် ကြောက်ရွံ့သောကြောင့် တူပေတန်ဆာ တို့ကိုယူပြီးလျှင် ညဉ့်ခြင်း စစ်ကိုင်းဘယ်သို့ကူး၍ အသင်္ချာရှစေယျင်း အမတ်ကြီးပုညအား မွေတော်ဓာတ်မြတ် အကြောင်းကို ငစိန်သင် ပြန့်ပြောလေ၏။

ပုညအမတ်ကြီး ပန်းတိမ်သည် ငစိန်သင်တို့သည် အခြားလူတို့ထို မသိစေရ၊ နာဂဒတ္တတောင် သီရိခေမ္မာသေဏမင်း တည်သော စေတီနာမဝယ် တည်ထား၏၊ နတ်တို့သည် ကူညီ၍တည်သောကြောင့် စေတီသည် နေ့ချင်းပြီး ပြည့်စုံလျှင် ပုညအမတ်၊ ငစိန်သင်တို့သည်လည်း ရေစက်သွန်းချသောကြောင့် ခပ်သိမ်းသော

လူ နတ်တို့ သာခု ဟနုဓမာဒနာ ပြုကုန်၏၊ ဇေယျပူရ စစ်ကိုင်းမြို့ ထီးနန်းတည် ဘုရင်အသခ်ရာစောယွမ်း ကြားလျှင် ငါဘုရင်ဖြစ်လျှက်ကို မတင်မထား ငါလည်းမသိ၊ ငါမတည်ရလေလောဟု အမျက်ကြီးစွာထွက်၍ ပုညအမတ် ပန်းတိမ်သည် ငစိန်သင်တို့ကို ရေတွင်စိမ်ခလေ၏။ ကိုယ်၌ ရေမစွတ်၊ ရေဝိုင်း၍ နေသောကြောင့် ယခုထက်တိုင် ရေဝန်းအရပ်ဟု တွင်၏၊

ထိုပုညအမတ် ငစိန်သင်တို့ စေတီသည် ပုညရှင်တောင်တွင်သည်၊ ၎င်းပုညရှင်တောင်ကို ကကုသန်ဘုရားလက်ထက် ဒေသလာပဗ္ဗတတောင်တွင်သည်၊ ကောဏာဂုံဘုရားလက်ထက် ဝက်စာရတောင် တွင်သည်၊ ကဿပဘုရားလက်ထက် ဓမ္မိကတောင် တွင်သည်၊ ငါတို့ဘုရားလက်ထက် နာဂဒတ္တမထေရ် နေဖူးသောကြောင့် နာဂဇတ္တထေစင် တွင်သည်၊ ထိုနေဇက် ငဖားတောင် တွင်သည်၊ ရွှေ့လျောကြာလျှင် ပုညအမတ်အစွဲပြု၍ ပုညရှင်တောင် တွင်သည်၊ ၎င်းပုညရှင်တောင်ဝယ် သီရိဓမ္မာသောကမင်းတည်သော စေတီတစ်ဆူ၊ မခုသခ်ရာဇာတည်သော စေတီတစ်ဆူ၊ ပုညရှင်တစ်ဆူ သုံးဆူသော ဘုရားစေတီရှိ၏၊ တောင်ဘီလာပုဂ္ဂိုလ်ခကျော်တို့ ငယ်ရွယ်စဉ်ကာလ ပုညရှင်ခြေသို့ အမောက်မှ အရောင်ခြောက်ဖြာနှင့် အနောက်မြောက်ထောင့်က တန်ခိုးပြာဋိဟာ ထွက်၍ပြနေသည်ကို ဆရာတော်ကြီးပြ၍ ဖူးမြင်လိုက်ရ၏၊ သီရိဓမ္မာသောက တည်သော ဘုရားကဖြစ်မည်၊ မခုသခ်ရာဇာတည်သော စေတီကဖြစ်မည်၊ ပုညရှင် စေတီကထွက်ဝင်သည် ဖြစ်မည်မသိ၊ တဆူမှတဆူ ပြောင်းသွားရှိသည်၊ အဘယ်စေတီက မွေတော်၊ ဓာတ်မြတ်ဖြစ်မည်မသိပါ၊ ၎င်းပုညရှင်တောင်၏ အရှေ့တောင်က တလုံးသောဘောင်ကို ဝတ်ရုံတော်တောင် တွင်သည်၊

ဘုရားသခင်အာ၊ ထိုဝတ်တောင်စောင့်သော သမ္မာဒေဝနတ်သည် ရေကပ်လှူ၍ ရေသပ္ပါယ်တော်မူရာ တစ်ဦးသောဘီလူးသည် ဘုရားမြတ်စွာကို စားမည်လိုက်၏၊ ဘုရားသခင်လည်း ထိုဘီလူးကို ချွတ်တော်မူ၍ သရဏဂုံဘည်လေ၏၊ အတွင်းနေသော ဘီလူးငယ်တစ်ယောက်လည်း ရှိသေးစွာ ရှိခိုး၍နေ၏၊ ဘီလူးကြီး

ဆည်း ဘုရားသခင် ရေသနုပ်တော်ကို ယူပြီးလျှင် ခြေဖြင့်နင်း၍ ညှစ်၏၊ ဘုရားသခင်ဆည်း နောင်သောအခါ မြန်မာဦးစွန်းထွန်းရာ ငါဘုရားသာသနာတော်မြတ်တည်ရာ သုနာပရန္တ၊ တမ္ဗဒီပ စသော မြို့ရွာဖြစ်သည်ကာလ ထိုဘီလူးသည် ဘုန်းကြီးသောမင်း ဖြစ်လိမ့်မည်၊ ထိုအခါ ငါဘုရားသာသနာတော်မြတ်ကို ကောင်းမွန်စွာ ပြုစုလိမ့်မည်၊ နောက်တဖန် သာသနာတော်မြတ်ကို နှိမ့်ချလိမ့်မည်ဟူ၍ ဗျာဒိတ်ထားတော်မူသည်ကို ရည်၍ စကီချည်လျှံဝေ လှည့်ခဲ့ပေသော၊ သရေခေတ္တ ပုဂံစသည် ပင်းယမြင်စိုင်း စစ်ကိုင်းရော သာသနာလည်း အညာဆန်ကြ ပြည်အင်းဝဝယ် ထွန်းပတည်မည် ထိုသည့်အမှန် အညာဆန်ဟူ မျက်ပျံ့သုံးလူ့ သုနာပရန် ရန်မာန် နှိမ့်ခြုံ ဝတ်ရုံတောင်ထိပ် ခတ်တံဆိပ်ကြောင့် တောင်ဗ္ဗာဿရ တော ယက္ခကို လူ့ဘဘုရား ဗျာဒိတ်ထားသည့် နောင်လာ၊ ဓာန်ခိုးကြီး အံ့တည်း၊ ဟူ၍ ပညာရှိတို့စပ်ဆိုလေသည်၊

မှဝုသခ်ရာဇာမည်သော ဘုန်းကြီးအား၊ ရတနာပူရ အင်းဝ မြို့တည် သတိုးမင်းဖျား လက်ထက်တည်း၊ ပိဋကတ်ဗေဒင် ဟတ် မြောက်သည်၊ ဗဟုသုတ အကြားအမြင်များသည်၊ ပညာရှိသည်၊ နက်နဲသိမ်မွေ့စွာ ကြံနိုင်သည်ဖြစ်၍ လောကဓမ္မတတ်ပွန်လိမ်မာ သည်ဖြစ်၍ လောကီကျမ်းများ၌လာသော ဆေးမျိုး ကျောက်မျိုး လုပ်ရပ်မျိုးတို့ကို အပြီးတိုင်၍ ၎င်းတောင်တို့၌အပြီး လက်ဝဲ လက် ယာ ပေါက်သည်၊ ဥမင်-၃၀ ဆောင်ထိပ်ဝယ ဥမင် ၃၀-ကို မခုံသခ်ရာဇာ တည်သည်၊ ဥမင်-၃၀ တောင်ကို သုဝဏ္ဏဂိရိတောင် တွင်သတည်း၊ ၎င်းတောင်ဝယ် သုဝဏ္ဏမာချိတ် ကျောက်ရှိ၏၊ သုဝဏ္ဏဘုမ္မိမည်သော ကျောက်များလည်းရှိ၏၊ ၎င်းကို သုဝဏ္ဏဂိရိ တောင် အနောက်မြောက် နှစ်လုံးသောတော၀် အညွန်းခေါ် သတည်း။

အဿနရာသီကျောက်စုလျှံ သုံးတောင်ရှိ၏၊ ၎င်းတောင် မြောက် တစ်လုံးသော တောင်ကို မဏိသေဏတောင် ခေါ် သတည်း။ ထိုတောင်ထိပ်ဝယ် ကျောက်သီလာ ကျောက်ဟိတ္ထင်၊ လည်းရှိ၏၊ ကျောက်ပွင့်ကျောက်ယားလည်းရှိ၏၊ မင်းဝွဲတောင်၏

အတ္ထုပ္ပတ္တိကျမ်း၊ ဝံ့သူကျော်ကောင်းသည် ဘုရားမြတ်စွာကြွတော်မူလာလျှင် အမြိန်အရသာနှင့်ပြည့်စုံသော သစ်သီးကို ကပ်လှူလေ၏၊ ဘုရားသခင်လည်း ဗျာဒိတ်ထားတော်မူ၏၊ သံလျက်ခုံကျွန်း၌ မင်းပြု၍ ကြီးစွာသော စည်းစိမ်တော်ကို တည်လိမ့်မည်၊ သာသနာတော်ကိုလည်း ချီးမြှင့်လိမ့်မည်ဟု ဗျာဒိတ်ရှိသည့်အတိုင်း မင်းကြီးစွာစော်ကဲဆိုသူတွင် အင်းဝမြို့ ရွှေစည်းခုံ ဒါယကာကြီးတည်း၊ ထိုမင်းဝံတော်၌ ပွက်ဖြူကျောက်ရှိ၏၊ ဘော်ဖြူကျောက်လည်းရှိ၏၊ သေလရာဇာမည်သော ကျောက်လည်းရှိ၏၊ တရုတ်ဆေးနှင့်ချွတ်သော် ရဇတဖြစ်၏၊ မင်းဝံတော်အညွန့် ပြီး၏၊

တောင်ဘီလာကိုနာဂဝိသပဗ္ဗတဟုရှေးကလည်းတွင်၏၊ နာဂဓမ္မ နာဂရဋ္ဌဝသော နဂါးကြီးတို့ ရှေးကနေဖူး၏၊ ထိုနေစက်-၂၀ သောနဂါးတို့ နေဖူး၏၊ ထိုကြောင့် နာဂဝိသတောင် တွင်သည်၊ ရှေးသရောအခါ ဇော်ဂျီဝိဇ္ဇာဓိုရ်တို့ နေဖူး၏၊ ၎င်းတောင်ဝယ် မြစ်ချင်းရသောဆေးကား တပင်ရွှေထီးပင်ရှိ၏၊ တပင်ရွှေထီးဆိုသည်ကား အရွက်ထီးကဲ့သို့ဝန်း၏၊ အရိုးနီ၏၊ အပင်တစ်တောင်ခန့်ရှိ၏၊ အသီး ချည်ဝင်ကဲ့သို့ရစ်၍သီး၏၊ ၎င်းအရှေ့ ချောက်ဝယ်ရှိ၏၊ ၎င်းပဥ္စငါးပါးနှင့် ဘင်နာတို့ကို တမီးချင်း အပြီးသို့တိုင်၏၊ ၎င်းတောင်ဘီလာဘုရားကို မဓုသင်္ချာဇာ တည်၏၊ ၎င်းတောင်အဆင်း အရှေ့ဘက်တွင် ဂူပျက် ဂူဟောင်းရှိ၏၊ ၎င်းတောင်အပေါ်တွင် တတောင်ခန့်ရှာတ်လျှင် ကျောက်နဂါး တွေ့လိမ့်မည်၊

၎င်းကျောက်နဂါးကို ယူပြီးလျှင် တတောင်ခန့် တူးသော် ကျောက်ဖျာကြီးထိ၍ ၎င်းကျောက်ဖျာအောက်ကို တူးသော် ကျောက်ဖားကြီး မြည်သံကြားလိမ့်မည်၊ ဖားသံကိုလျှောက်၍ တူးသော် ကောင်းကင်သွားခြင်း၊ မြေလျှိုးခြင်း၊ အထူးထူးသောတန်ခိုး ပန်ဆင်းနိုင်ခြင်း၊ အဝတ်ပုဆိုး ထီးနန်းကိုပြီးစေနိုင်ခြင်း၊ ရေ၌သွားလာနိုင်ခြင်း၊ ယောက်ျား မိန်းမ ဖြစ်စေနိုင်ခြင်း၊ ရွှေငွေကျောက်သံ ပတ္တမြားတို့ကို ဖြစ်စေနိုင်ခြင်း၊ အတိုင်းမသိသော ဗိုလ်ပုံအလယ်၌ ကိုယ်ပျောက်နိုင်ခြင်း၊ စိန္တာညဏ် သူတပါးတို့ကို သိနိုင်ခြင်း၊ ဆေးဝါး၏ အထူးထူးသော ဣဒ္ဓိမယကို ပြီးစေနိုင်ခြင်း၊ ဆေးပါးသော

ဓာတ်ဖြင့် ဝေဖန်အပ်သော လေးလုံးသောဗျည်းအက္ခရာတို့ကို လုပ်နည်းနှင့်တကွ ကြေးနီပုရပိုက်နှင့် ရေး၍ သိတဿရသော ဂဝံ၂တော တို့နှင့် မဟာစရာသီ ရှင့်ရသေ ဓာတုနိဒ္ဒ ဇော်ဂျီ၊ စိတ္တမဏိ ဇော်ဂျီ၊ စေတီ မဟီရမည်သော ဇော်ဂျီ၊ အရိန္ဒဝိပ မည်သော ဇော်ဂျီ၊ လေ့လာဒသော ကိုးဆယ့်ရှစ်ထပ်သော ကြေးနီပုရပိုက်တွင် ကြည့်၍ စီရင်၊ ထိုတောင်ဝယ် နတ်တို့ကွယ်ဝှက်ထားသောစေတီ၊ မဟူရာ ဇော်ဂျီ ထားခဲ့သော နာနာမယမည်သော ပဥ္စရူပ ဆေးမြင်းရှိ၏၊ ၎င်းပုံရပိုဖိတွင် ဘီလူးမန္တရားရှိ၏၊ ထိုဆေးမြင်းကို ဘုန်းကြီးသော သူတို့ ရရှာသတည်း။

ထိုဂူဝယ် ဿံခသခြေနင်း၊ သံခသဦးထုပ်၊ သံခသဓား၊ သံသေ ဆေးရုပ်၊ သံသေတောင်ဝှေး၊ ပလ္လင်နှင့်ထာေး၏၊ လျောင်းလျက်နေဟန် မဟူရာဇော်ဂျီရုပ်လှည်း ရှိ၏၊ အထဲ၌ ဘီလူးဆောင့်ကြောင့်ထိုင်ရုပ် ရှိ၏၊ ခံတွင်းဝဝယ် သံသေတစ်လုံး ဦးခေါင်းဝဝယ် သံသေတစ်လုံး လက်ဝဲ၌တစ်လုံး ထားခဲ့၏။ ထိုတောင်တွင်းဝယ် ညဥ့်ဓနမသိ တလင်းတည်း ဖြစ်သတည်း။ ဂဝံ၂တော၊ ရသေ့၊ ဇော်ဂျီ၊ ဘပဿိ၊ ဝိဇ္ဇာဓိုရ်တို့နေသည့် တောင်တည်း။

တောင်ဘီလာတောင်ကား သုံးလုံးရှိ၏၊ အလယ်တောင်ကို ဆိုသည်၊ ၎င်းတောင် အရှေ့မြောက်ထောင့်က ဆင်း၍သွား၊ သော် ချပ်ထဲသို့ရောက်၏၊ ၎င်းအနေပ်သို့ရောက်သော် အမြိန်အရသာ အနံ့ မွှေးလှ၏၊ ၎င်းအနံ့ ထားကျောက်သြဇာအနံ့တည်း၊ ထိုကျောက်ဝယ် အဆီရှိ၏၊ ၅၀ ၆၀ ခန့်ရှိ၏၊ ခွဲ၍ကြည့်သော် အဆီငွေ့ငွေ့ရှိ၏တူ ဆိုသည်၊ ၎င်းတောင်ဘီလာ အနောက်မြောက်တွင် မဓုသခ်ရာဓာစ ငွေ လုပ်သော ကျောက်တွင်းရှိ၏၊ ထိုအနီးအနားဝယ် တပင်တိုင်မည် သော ဆေးပင်ရှိ၏၊ အရွက် ကျီးလျှာကဲ့သို့ တစ်ပင်တည်းပေါက်၏၊ အရွက်တစ်ရွက်တည်း၊ အရိုးမရှိ၊ ၎င်းအနီးတွင် ဆေးဆပ်ပင်လည်း ရှိ၏၊ စပ်လည်းစပ်၏။ ၎င်းလွှက်ဝဲလှမ်း တစ်ခန်းတည်း။ ၎င်းတောင် ဘီလာတောင်၏ မြောက်ကိုမျက်ရှုတောင်ခေါ်သည်၊ ထိုတောင်ဝယ် ဆေးကမြင်း-ကာလခန္တီရှိ၏၊ တရော်နက် တရော်ဖြူ နက်ဝဲကြီး ရှိ၏၊ ၎င်းမျက်ရှုတောင် မြောက်သို့ သွားသော် နတ်သမီးတောင် တွင်သတည်း။

ထိုနတ်သမီးတောင်ဝယ် ကျောက်ကတိုး ရှိ၏၊ အိမ်ဝယ်ထားသော် တအိမ်လုံးမွှေး၏၊ သတ္တုရပျောက်၏၊ ဘုန်းကျက်သရေတိုးတက်၏၊ နတ်၏အဆင်းကဲ့သို့ ဟိုးတက်၏၊ နတ်ချစ်၏၊ထို့ကြောင့် ရှေးသောအခါ နတ်သမီးတို့ ပျော်မွေ့သော တောင်တည်း၊ ထို့ကြောင့် နတ်သမီးတောင် တွင်သတည်း။

ထိုတောင်ဝယ် မောရဂီဝါကျောက်လည်း ရှိ၏၊ စိတ္တရဂီဝါမည်သော ကျောက်လည်းရှိ၏။ ကျောက်သင်းတွဲ ကျောက်သလဲလည်း ရှိ၏၊ နာဂမိမှိုင်းကျောက်လည်း ရှိ၏၊ ဆီမီးတောက်ပွင့်အပြုအနီလည်း ရှိ၏၊ မဟောရာ ကျွဲသဲလည်း ရှိ၏၊ ငှင်းတောင်မြောက်ချပ်ဝယ် သလာဖြူလည်း ရှိ၏၊ မုခုစရဏရသေ့နေ၏၊ နတ်ရဲ၏၊ ပ့သ၍ ရှစလေ၊ ဂဝံပတေ ရသေ့ ဇော်ဂျီတို့နေခက်၌ဖြစ်သောသူတို့ စာရစ်စေခြင်းငှာ အရိုးဒေါင်းပေါင်၊ အရွက်ဒေါင်းတောင်၊ တိုင်းလုံးဝအောင် ကျောက်နဂါးရုပ်ကို ခပ်သိမ်းသောသူများ၊ ဝေငှကြ၊ သုဝဏ္ဏစစ်ပင်လုံးဖြစ်၏၊ ထိုအပင်ကိုရှာ၍ သခ်ီရာဇာတွေ့လျှင် ငှင်းချပ်တွင် လှက်ဝဲ့လက်ယာ ပျော်ဖူးသောလမ်းတည်း။ နတ်သမီးတောင်အညွှန်း၊ ပြီး၏။

တေဇင်ဘီလာ အရှေ့တောင်ကြီးကို ပတ္တမြားဇေတီတောင်ခေါ်သည်၊ ရှေးသောအခါက မဏိကဏ္ဍနာ ခေါ်သည်၊ ပတ္တမြားတို့ဖြင့် ပြီး၏၊ လူတို့ တရားမစောင့်သောကြောင့် နတ်တို့ ကွယ်ဝှက်ထားသည်၊ ထိုပတ္တမြားတောင်ဝယ် ဝရုဏနတ်မင်းကြီး ရှိ၏၊ သမီးရတနာ ဖြစ်သောကြောင့် ပတ္တမြားတောင် ခေါ်သတည်း။

ဣရဏ္ဏသီ နဂါးမင်းသမီးသည် မယ်တော်ဝိမလာဒေဝီမိဖုရား၌ ဣန္ဒပထနဂရပြည်ဝယ် ဝိဓူရဘုရားအလောင်း အမတ်၏ သည်းပွတ်နှလုံးသားနှင့်တူသော တရားဓမ္မဒေသနာကို နာချင်သော စေတနာအလွန်ရှိသောကြောင့် တောင့်တသောစေတနာ ပျောက်စေခြင်းငှာ စိတ္တရသိပ္ပမည်သော တနိဆာအထူးကို ဆင်ယင်၍ ထိုမဏိကဏ္ဍနာတောင်ထိပ်၌ နေပြီးလျှင် သာယာစွာ သီချင်းကိုဆိုသော် ဘီလူး

ပုဏ္ဏကာဘိုလူးသည် မြဝ်းပျံစီးလျှဏီ ဣရဏ္ဍသီ မည်သော နဂါး မင်းသမီးနှင့် အတိသစ္စာပြု၍ ငါတို့ဘုရှားလောင်း ဝိဓူရသုခမိန်ကို ယူဆောင်လေ၏။

ဤသို့ ဝိဓူရဇာတ် အတ္ထုပ္ပတ္တိ၌ ဖုနီကဒ္ဒနတောင်ဆိုသည် ထိုပတ္တမြားတောင် ဖြစ်ရာသည်။ ထိုတောင်ထိပ်၌ရှိသော စေတီကို အချို့သော ဆရာတို့က သီရိဓမ္မာသောကမင်းတည်သော ဘုရား စေတီ ဆိုသည်၊ နောက်ကြာလျှင် မခုသဓ်ရာဇာ ထပ်မံ၍ တည်ပြန် သည် ဆိုသည်။ ထိုတောင်၌ ဂဝံပတေ့ ရသေ့တို့သည် မိမိတို့ အတတ်ဖြင့် ဆေးဝါး အင်းအိုင် ယန္တရား အနွံအထား ပြုကြသည်၊ ထိုတောင်အဆင်း၌ အမျှားသော ဆိုရစ်စေခြင်းငှာ ရာဇမုနိမည်သော ရသေ့သည် ဆေးတန်ခိုးဖြင့် ကျောက်အစီအနွံအသားပြု၍ ရေ တွင်းတူး၏၊ နတ်တို့ ရေသွန်း၍၏။ ထိုတွင်းကို ယခု သိကြားရေ တွင်း ခေါ်သတည်း။

ပတ္တမြားတောင်ရံမြောက်တွင်း ချပ်ဝယ် အသီး ဆင့်ရှေ့ခန့် ရှိ၏၊ အပွင့်နှစ်ထပ်ပွင့်၏၊ အရွက်မှာ အမွေးဖွားဖွား ရှိ၏၊ အဖင် တစ်တောင်ရှိ၏။ ၎င်းအပင်ကို ဏမ္မသာနီတူ ခေါ်သတည်း။ သံသမ်း ကိုပြီး၏၊ ၎င်းအနီး၌ ကြက်မအုပ်ပင် များစွာရှိ၏၊ ကျောက်ချဉ် လည်းရှိ၏၊ ထိုအရှေ့မြောက်တောင်ကို ဆေးဒန်းတောင် ခေါ် သတည်း၊ ထိုတောင်ဝယ်တူးသော် ဆေးဒန်း များစွာရှိ၏၊ ထို တောင်၏ အရှေ့တောင်ကို မြေဖြူတောင် ခေါ်သတည်း၊ ၎င်း မြေဖြူတောင်ဝယ် တွင်းကျင်း များစွာ ရှိ၏၊ ထိုပတ္တမြားစေတီ တောင်ဝယ် သိကြားရေတွင်း ရှိ၏၊ ၎င်းအနောက် ဂူပျက်တခု လည်းရှိ၏၊ ဂူပျက်အနောက် မန်ကျည်းမောင်နှံလည်း ရှိ၏၊ ၎င်း အရှေ့ ကျောက်ကြီး အိမ်လုံးခန့် ရှိ၏၊ ထိုကျောက်ကြီးကို ခွာ၍ တူးသော် ရှစ်တောင်ခန့်ရောက်လျှင် ကြေးကျောက် အချင်းများစွာ တွေ့လိမ့်မည်။

ထိုကျောက်ကိုခွာသော် ကျောက်မောင်းကျောက်စည် ရှိ၏၊ ရေငွေကြေး ဒီဒန် စသော နန်လေဖကာ စသော ပရပိကီ လောကီ

ဝိဇ္ဇာ စသော ရသေ့ ကျမ်းပုရပိုက်ရေးလျက် တွေ့ရလိမ့်မည်။ အချိန် ၁၀၀-ကျော်ခန့် ရွှေဖားကြီးရှိ၏။ ပတ္တမြား စသော ပုလဲတို့လည်း အိုးနှင့် များစွာရှိ၏။ ရွှေကြိုက်ဥ သုံးတင်းခန့်ရှိသည်ဟု ရသေ့တို့ မှာသည်။ ၎င်းကိုတူးလျှင် အစ ရှေတွေ့လိမ့်မည်။

ရတနာပူရ အင်းဝစသောပြည်ကို သတိုးမင်းကျော၊ ထီးနန်း စိုးစံ ဆောက်သည့်နောက် မင်းကြီးစွာစော်ကဲ လက်ထက် ဆော ဇော်ဂျီတယောက် နေဖူး၏။ မိန်းမ ယောကျ်ား ဖန်ဆင်းခြင်း၊ မြင်းယောင် ဆင်ယောင် ဖန်ဆင်းခြင်းဖြင့် ပျော်ပါး၍နေ၏။

ဟံသာဝတီ ဆင်ဖြူရှင်ညီ အင်းဝမြို့ သတိုးမင်းစော်ကြွ လက်ထက် ၎င်း စိတ္တကျော်ခေါင် ဘုန်းတော်ကြီး ဆေးဝါးလုပ်ရန် အပြီးဖြင့် ထိုတောင်ဝယ် ပျော်ဖူး၏။ ညောင်ရမ်းမင်းတရား လက် ထက် ဖားမဲ့ ဖားကြီးကြီး ဖားတမှတ် ဖားတမေ မှုန်ခင်ကြီး၊ ခင်ကြီးမုန်တို့တောင်၌ ဆေးဝါးစီရင်ဖူး၏။ ၎င်းတိဝရဇောတိပါလ ရှင်ဝရဇောတိတို့ သီတင်းသုံးနေ၍ ၎င်းတောင်တို့၌ အရည်ကစ် မူဆင်ဆောက်တည်ဖူး၏။ ဝတ်ချက်ရှာကို အမှီပြု၍နေဖူး၏။

ညောင်ရမ်းမင်းတရားလည်း ထိုအရပ်၌ ရဟန်းပုဂ္ဂိုလ်တို့ သွမ်းအကျိုးငှာ ဝတ်ချက်ရွာကိုပြုစု၍ စမိုးစမြေချထား၏။ အမှု ထမ်းစေ၏။ ဇေကုသန္ဓိဘုရားလက်ထက် ဂန္ဓာစန္ဒနတောင်၊ ဓော ဏာဂုံ ဘုရားလက်ထက် သီဒါရိတောင်၊ ကဿပဘုရားလက်ထက် မုနိကုဋ္ဌနတောင်၊ ဂေါတမဘုရားလက်ထက် ပတ္တမြားတောင် တွင် သတည်း။ ၎င်းမခုသဒ်ရာဇာကို အစွဲတည်သောစေတီကို ပတ္တမြား စေတီခေါင် တွင်သတည်း။ ဤကား ပတ္တမြား စေတီတောင် အညွှန်းတည်း။

ဇာဝေသာရ ကျမ်းရင်းကြီး ၄-တွဲ၏ တောင်ညွှန်း၊
ဆေးညွှန်းတို့ကိုပြဆိုရာ ဇေယျာသိဒ္ဓိ-နဝမကဏ္ဍ
ဤတွင် ပြီး၏။

# နိဂုံး

သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက တည်းဟူသော လောကသုံးပါးတို့၏ ဖြစ်ပွားရေး၊ ချမ်းသာရေးကို ရည်မှတ်၍ လောကီ လောကုတ္တရာတို့အကျိုးငှာ ရည်သန်ပြုဆိုအပ်သော နှိပ်စဏ်ဏာလူ ပြုတတ်ကုန်သော ၁- စုန်းတို့၏ အပြားကို လည်းကောင်း၊ ဖော်ထုတ်သုံးဆောင်ရာဖြစ်သော ၂-ဆေးဂမုန်းညွန့်တို့၏ အပြားကို လည်းကောင်း၊ ၃- စီရင်ထုံးမြိုက်အပ်သော နတ်ဆေးတို့၏ အပြားကိုလည်းကောင်း၊ ၄- ဖတ်အုံရွတ်ဆို မန်းမှုတ်အပ်ကုန်သော မန္တန်မန္တရားတို့၏ အပြားကိုလည်းကောင်း၊ ရေးသွင်းစီရင်အပ်ကုန်သော ၅- အင်းအိုင်တို့၏ အပြားကိုလည်းကောင်း၊ ၆-အနုချစ်ဆေးဟူ ဆိုအပ်သော ပီယသိဒ္ဓိအပြားကိုလည်းကောင်း၊ ၇- အဆောင်အရှက်ဟူ ဆိုအပ်သော ကာယသိဒ္ဓိအပိုင်းကို လည်းကောင်း၊ ၈- ရွှေငွေအစီအရင်ဟူ ဆိုအပ်သော ဓနသိဒ္ဓိအပိုင်းကို လည်းကောင်း၊ ၉- ဝိဇ္ဇာမဲယလမ်းဟူ ဆိုအပ်သော ဇေယျသိဒ္ဓိအပိုင်းကိုလည်းကောင်း၊ တစ်စွန်းတစ်စ ခြားနားစွာဝေဖန်လျက် ကိုးပိုင်း ကိုးအင်္ဂါတို့ဖြင့် တန်ဆာဆင်အပ်သော ဤသည့် (ကဝေသာရကျမ်းရင်းကြီး ၉-တွဲ) ကို ၁၂၀၃-ခု၊ နှစ်စင်းတန်ခူးလပြည့်ကျော် (၂)ရက်၊ တနင်္ဂနွေနေ့ နံနက် တစ်ချက်တီးကျော် အခါကောင်းသမယတွင် စီရင်ရေးသား ပြုစုအပ်သဖြင့် အပြီးသို့ရောက်၏။

ကဝေသာရ ကျမ်းရင်းကြီး ၉-တွဲ၏ ၄-ပိုင်း၊

ဒုတိယတွဲ ဤတွင်ပြီး၏။